The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .17, NO . 8 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | February 20 , 2017

## Fully Online Licensing စနစ်ဖြင့် ကုန်ပစ္စည်းအမယ်များကို တိုးချဲ့ထုတ်ပေးမည်

စာမျက်နှာ - ၃ ➢

## ဆားလင်းကြီးမြို့နယ်တွင် ဆောင်းမြေပဲစိုက်ခင်းများတွင် ပိုးများကျရောက်၍ အထွက်နှုန်း လျော့နည်းနိုင်

စာမျက်နှာ - ၆ ➢

## ရောပုသိမ်ဖွံ့ဖြိုးမှု အများနှင့်သက်ဆိုင်သော ကုမ္ပဏီမှ ပုသိမ်မြို့နယ်အတွင်းရှိ နွေစပါးစိုက်တောင်သူများကို သွင်းအားစုများ ပံ့ပိုးပေးလျက်ရှိ

စာမျက်နှာ - ၂၄ ➢

# ပဲစင်းငုံက ပြောတယ် .....
# ကျွန်တော်တာဝန်ကျေပါတယ်



သီးနှံစတင်ပေါ်ခဲ့သည်မှ ယနေ့အထိ ပခုက္ကူကုန်စည်ဒိုင်မှာ ပဲစင်းငုံတစ်တင်းအနိမ့်ဆုံး ကျပ် ၂၄၀၀၀၊ အမြင့်ဆုံး ကျပ် ၂၇၀၀၀ ဈေးနဲ့ အရောင်းအဝယ်ဖြစ်နေတာကို လေ့လာတွေ့ရှိ ရပါတယ်။ ယခင်နှစ်အလားတူကာလဖြစ်တဲ့ ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှာ အနိမ့်ဆုံး တစ်တင်း ၄၆၉၀၀ ကျပ်၊ အမြင့်ဆုံး တစ်တင်း ကျပ် ၅၁၀၀၀၊ ဖေဖော်ဝါရီလမှာ အနိမ့်ဆုံးတစ်တင်း ၄၁၅၀၀ ကျပ်၊ အမြင့်ဆုံးတစ်တင်း ကျပ် ၄၆၀၀၀ ဈေးတွေဆိုတော့ ယခုနှစ်အနေနဲ့ယှဉ်ကြည့်ရင် တော်တော်ကွာဟနေတာကို တွေ့ရပါတယ်။

စာမျက်နှာ - ၁၂ ➢

## ကုန်သွယ်မှုနှင့် စားသုံးသူ အကာအကွယ်ပေးရေး နှိုင်းယှဉ်လေ့လာသုံးသပ်ရာဝယ်

ဖိုးသာအောင်သည် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး၊ ကုန်သွယ်မှုမြှင့်တင်ရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာ၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ၊ စားသုံးသူရေးရာစသည်ဖြင့် အဆင့်ဆင့် ပြောင်းလဲသွားသော သဘောသဘာဝများကို အနီးကပ် လေ့လာခွင့်ရခဲ့သည်။ ကုန်သွယ်ရေးကတော့ ဖိုးသာအောင်တို့ မမွေးခင်ကတည်းက သန္ဓေတည်ခဲ့သော်လည်း စားသုံးသူအကာအကွယ်ပေးရေးကတော့ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်ပြီးတဲ့ နောက်ပိုင်းမှ မြန်မာနိုင်ငံတွင် သန္ဓေတည်ခဲ့သည်ဟု ဆိုရပါမည်။ သမိုင်းကြောင်းကိုတော့ ဒီလောက်ပဲ တင်ပြလိုပါသည်။ မြင်လွယ်အောင်ပြောရရင်တော့ အတွေ့အကြုံရင့်ကျက်သော အဖိုးနဲ့ဆယ်နှစ်သားခန့်ရှိတဲ့မြေးကို မျက်လုံးထဲမှာ မြင်ရင် လုံလောက်ပါပြီ။

စာမျက်နှာ - ၁၅ ➢



## မြန်မာ-ဂျပန်နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးအတွက် ကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးကိစ္စရပ်များဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲများ တက်ရောက်ရန်

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဂျပန်နိုင်ငံသို့ထွက်ခွာ



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မြန်မာနှင့် ဂျပန်နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ အထူးစီးပွားရေးဇုန်ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးကိစ္စရပ်များဆွေးနွေးနိုင်ရန်အတွက် ဖေဖော်ဝါရီ ၁၂ ရက်ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ဂျပန်နိုင်ငံတိုကျိုမြို့သို့ ထွက်ခွာခဲ့ရာ ဖေဖော်ဝါရီ ၁၃ ရက်ဒေသစံတော်ချိန် နံနက် ၀၆:၄၅ နာရီအချိန်တွင် ရောက်ရှိပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၁၃ ရက် ၁၃:၀၀ နာရီအချိန်တွင် တိုကျိုမြို့ရှိ ဂျပန်နိုင်ငံကုန်သည်များအသင်းရုံးသို့ သွားရောက်ကာ ဂျပန်-မဲခေါင်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီဥက္ကဋ္ဌဖြစ်သူ Mr. Yoichi Kobayashi ၊ ဂျပန်နိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌဖြစ်သူ Mr. Toru Ishida နှင့် အထွေထွေမန်နေဂျာ Takeshi Akagi တို့နှင့် တွေ့ဆုံကာ နှစ်နိုင်ငံကုန်သွယ်မှုတိုးမြှင့်ရေးနှင့် စီးပွားရေးဇုန်များ အထူးသဖြင့်ထားဝယ်အထူးစီးပွားရေးဇုန်တွင် ဂျပန်နိုင်ငံမှလုပ်ငန်းရှင်များလာရောက် ရင်းနှီးမြှုပ်နှံနိုင်ရေးအတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဂျပန်နိုင်ငံ စံတော်ချိန် မွန်းလွဲ ၁၆:၀၀ နာရီအချိန်တွင် တိုကျိုမြို့ရှိ ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ အကြံပေးဖြစ်သူ Mr.Izumi နှင့် တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ အထူးစီးပွားရေးဇုန်ဖွံ့ဖြိုးတိုးတက်ရေး၊ ထားဝယ်အထူးစီးပွားရေးဇုန်တွင် ဂျပန်လုပ်ငန်းရှင်များလာရောက် ရင်းနှီးမြှုပ်နှံရေးဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဖေဖော်ဝါရီလ ၁၄ ရက်နေ့ ၁၀:၀၀ နာရီအချိန်တွင် တိုကျိုမြို့အရှေ့မြောက်ဖက် ကီလိုမီတာ ၈၀ ခန့်ဝေးသော Ibaraki စီရင်စုတွင် တည်ရှိသည့် ကားရှီးမားကမ်းခြေစက်မှုဇုန် (Kashima Coastal Industrial Zone) သို့ သွားရောက်လေ့လာခဲ့သည်။ မြန်မာကိုယ်စားလှယ်အဖွဲ့အား Kanto Regional Development Bureau မှ ဒုတိယညွှန်ကြားရေးမှူးချုပ်ဖြစ်သူ Mr. Takada နှင့်တာဝန်ရှိသူများက ကားရှီးမားကမ်းခြေစက်မှုဇုန် (Kashima Coastal Industrial Zone) တည်ဆောက်မှုအခြေအနေအား ပါဝါပွိုင့်ဖြင့်ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါနေ့ မွန်းလွဲပိုင်း ၁၃:၃၀ နာရီအချိန်တွင် Nippon Steel & Sumitomo Metal Corporation သို့သွားရောက်လေ့လာခဲ့ပြီး ၁၉:၀၀ နာရီအချိန်တွင် Japan-Myanmar Association မှ တည်ခင်းဧည့်ခံသော ညစာစားပွဲသို့တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**MOC (IR)**

# Fully Online Licensing စနစ်ဖြင့် ကုန်ပစ္စည်းအမယ်များကို တိုးချဲ့ထုတ်ပေးမည်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် ပို့ကုန် သွင်းကုန်လိုင်စင် ထုတ်ပေးမှုအတွက် အွန်လိုင်းကို အပြည့်အဝအသုံးပြုနိုင်သည့် ပို့ကုန်/သွင်းကုန်လိုင်စင်စနစ် (Fully Online Licensing System) ဖြင့်သတ်မှတ်ကုန်ပစ္စည်းအမယ်အချို့ကို ၂၀၁၆ခုနှစ် ဇွန်လမှ စတင်ခွင့်ပြုထုတ်ပေးခဲ့ပြီး CMP (အထည်ချုပ်)သွင်းကုန်လိုင်စင်များအား မြန်မာနိုင်ငံ အထည်ချုပ်အသင်းနှင့်ချိတ်ဆက်၍ (Fully Online Licensing) စနစ်ဖြင့် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ ၂၃ ရက်မှစတင်ကာ စမ်းသပ်ထုတ်ပေးလျက်ရှိသည်။

သွင်းကုန်လိုင်စင်လျှောက်ထားမှု အပိုင်းတွင်လည်း နိုင်ငံတကာတွင်ကျင့် သုံးနေသည့် လုပ်ထုံးလုပ်နည်းများနှင့်လိုက်လျောညီထွေရှိစေရန် လိုင်စင်လျှောက်ထားရန် မလိုအပ်သည့် ကုန်ပစ္စည်းအမယ်များအဖြစ် အဆင့်လိုက် ဖြေလျှော့ပေးခဲ့သည်။

ယင်းကဲ့သို့ ဖြေလျှော့ပေးရာတွင် ဖြေလျှော့ပေးခဲ့သည့် Negative List HS Line များမှထောက်ခံချက်များ ပူးတွဲတင်ပြရန် မလိုအပ်သည့် ပို့ကုန်သွင်းကုန်ပစ္စည်း HS Line ၃၅၂ လိုင်းအား Fully Online စနစ်တွင် တိုးချဲ့ထုတ်ပေးနိုင်ရန်အတွက် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ယင်းကဲ့သို့ ပြင်ဆင်ဆောင်ရွက်လျက်ရှိရာတွင် ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်များဘက်မှ ဖြည့်စွက်အကြံပြုမှုများ၊ ထပ်မံထည့်သွင်းလိုသည့် ကုန်ပစ္စည်း HS Line များအား အကြံပြုသွားရန် ညှိနှိုင်းထားကြောင်း သိရသည်။

**မယ်သီတာ**


Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်အေးအေးမော်

**စာတည်းအဖွဲ့**
ချိုသက်မူ
ဖြူဖြူဝင်း

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ကျိန်သျှံနွမ်း

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်

**ကွန်ပျူတာ**
ပြည့်ဟိန်းဇော်
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# တောင်အာဖရိကနိုင်ငံသို့ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဆန်တင်ပို့ပြီ

ဖေဖော်ဝါရီ ၄ ရက်မှ ၁၁ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၈ ဒသမ ၄၂၆ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၂၇၅၇၂တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ဆန်တန်ချိန် ၂၅၈၈၇ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၆၈၅တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန်တန် ၁၇၀၀၊ ဧည့်မထဆန်၁၁၈၉၂ တန်ခန့်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှငစိန်ဆန်၁၆၁ တန်ကျော်၊ ဧည့်မထဆန် ၂၇၈ တန် ခန့်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၁၃၅၄၁ တန်ကျော် တင်ပို့ခဲ့ပါတယ်။

ဆန်အပြင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၇၂သန်းတန်ဖိုးရှိ ဆန်ကွဲ ၄၇၉၅ တန်ကို တင်ပို့ခဲ့ရာ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ၂၇၀၂ တန်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ၂၀၉၃ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ဆန်ကွဲ ၄၆၇၈တန်ကျော်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ဆန်ကွဲ ၁၁၇တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ကုန်သွယ်ရေးစခန်းများမှ သီတင်းတစ်ပတ်အတွင်းဆန်ရော၊ ဆန်ကွဲပါ ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဖေဖော်ဝါရီ ၅ ရက်မှ ၁၁ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၂၁၈ သန်းတန်ဖိုးရှိ ဆန်ဖြူနဲ့ပေါင်းဆန် ၁၀၇၀၅ တန်တင်ပို့ခဲ့ရာ တရုတ်နိုင်ငံသို့ ဧည့်မထဆန် ၂၁၂၅တန်နဲ့ ငစိန်ဆန် ၇၅ တန်၊ သီရိလင်္ကာနိုင်ငံသို့ဧည့်မထဆန် တန် ၁၇၃၀၊ ဂျပန်နိုင်ငံသို့ဧည့်မထဆန်တန် ၅၀၀၊ စင်ကာပူနိုင်ငံသို့ ဧည့်မထဆန် ၁၂၅တန်၊ အီးယူနိုင်ငံများသို့ ဧည့်မထဆန် တန် ၅၈၀၀နဲ့ ပေါင်းဆန်တန် ၁၀၀အပြင် ယခုတစ်ပတ်မှာ တောင်အာဖရိကနိုင်ငံသို့ပါ ဧည့်မထဆန်တန် ၂၅၀ တင်ပို့နိုင်ခဲ့ပါတယ်။

ယခင်တစ်ပတ်က ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဆန်တန်ချိန် ၁၁၃၈၃ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၆၇၈ တန်လျော့နည်းတင်ပို့ခဲ့ပါတယ်။ ဆန်တင်ပို့မှုလျော့နည်းသော်လည်း တောင်အာဖရိကနိုင်ငံသို့ဆန်ဈေးကွက်အသစ် ရရှိခဲ့ပါတယ်။

ယခုတစ်ပတ် ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဆန်ကွဲတင်ပို့မှုမှာ တန်ဖိုးအမေရိကန်ဒေါ်လာ ၂ ဒသမ ၂၆၁သန်းနဲ့ တန်ချိန် ၈၄၂၅ ဖြစ်ပါတယ်။ ယခင်တစ်ပတ်က ဆန်ကွဲတန်ချိန် ၈၂၂၅ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တန် ၂၀၀ပိုမိုတင်ပို့နိုင်တာတွေ့ရပါတယ်။ ဆန်ကွဲကို ယခုတစ်ပတ်မှာ စင်ကာပူနိုင်ငံသို့ တန် ၁၀၀၊ တရုတ်နိုင်ငံသို့ တန် ၅၀၀၊ သီရိလင်္ကာနိုင်ငံသို့ တန် ၂၁၆၀နဲ့ အီးယူနိုင်ငံသို့ ၅၆၆၅တန် တင်ပို့ခဲ့တာဖြစ်ပါတယ်။ **ယဉ်ယဉ်အေး**

## ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ စပါးဆန်ဈေးနှုန်းများ ဖေဖော်ဝါရီလဆန်းပိုင်းဈေးဖြင့် ပုံမှန်ရောင်းဝယ်လျက်ရှိ

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဆန်စပါးဈေးကွက်မှာ ယခုလက်ရှိအချိန်တွင် ဖေဖော်ဝါရီလဆန်းပိုင်းဈေးဖြင့် သာဈေးကွက်၌ ပုံမှန်ရောင်းဝယ်လျက်ရှိပြီး စပါးဈေးနှုန်းမှာ ဧည့်မထစပါး ၄၆ ပေါင် တင်း ၁၀၀ ကို ပုသိမ်၊ ကန်ကြီးထောင့်၊ သာပေါင်း၊ ငပုတော၊ ကျုံပျော်၊ ရေကြည်၊ ကျောင်းကုန်း၊ လေးမျက်နှာ၊ မြန်အောင်၊ အင်္ဂပူ၊ လပွတ္တာ၊ မော်ကျွန်း၊ ကျိုက်လတ်မြို့နယ်များတွင် ကျပ် ၄၂၀၀၀၀၊ ၄၃၀၀၀၀ ဝန်းကျင်၊ ဟင်္သာတ၊ ဇလွန်၊ ဖျာပုံ၊ ဘိုကလေး၊ မော်ကျွန်း၊မအူပင်၊ ပန်းတနော်၊ ညောင်တုန်းမြို့နယ်များတွင် ၄၆ ပေါင် တင်း ၁၀၀ ကို ကျပ် ၄၆၀၀၀၀ ဝန်းကျင်နှင့် ဈေးကွက်မှာ ပုံမှန် ရောင်းဝယ်လျက်ရှိပြီး မြို့နယ်အလိုက် စပါးဈေးနှုန်းမှာ တူညီမှုမရှိဘဲ စပါး အရည်အသွေး၊ ဈေးကွက်အခြေအနေအရ ကွာခြားမှုရှိပြီး ရန်ကုန်ဈေးကွက် အဝယ်လိုက်သော မြို့နယ်အချို့မှာစပါးဈေးနှုန်းအနည်းငယ်မြင့်တက်မှုရှိကြောင်း ဆန်စပါးဈေးကွက်များမှသိရပါသည်။ **မင်းမင်းဦး (ပုသိမ်)**

# ဆန်သစ်အဝယ်လိုက်လို့ အရောင်းအဝယ်သွက်

ယခုတစ်ပတ်ရန်ကုန်မြို့ ဝါးတန်းကုန်စည်ဒိုင်မှာ ရွှေဘိုပေါ်ဆန်းဆန် အသစ်(ရှယ်) အရောင်းအဝယ်သွက်ပြီး ဈေးအနည်းငယ်တက်လာကြောင်းသိရပါတယ်။ ဖျာပုံ၊ ပုသိမ်၊ မြောင်းမြနဲ့ကျိုက်လတ်ပေါ်ဆန်းဆန်တွေကတော့ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပါတယ်။ ဖျာပုံပေါ်ဆန်း ဆန်ထိပ်စတစ်အိတ် ကျပ်၃၀၀၀၀နဲ့ လတ်စတစ်အိတ် ကျပ် ၂၉၀၀၀၊ ပုသိမ်မြောင်းမြ ပေါ်ဆန်းဆန်ထိပ်စ တစ်အိတ်ကျပ် ၃၂၀၀၀နဲ့ လတ်စတစ်အိတ် ကျပ် ၃၁၀၀၀၊ နယ်စုံကျိုက်လတ်ထိပ်စတစ်အိတ်ကျပ် ၂၈၀၀၀၊လတ်စတစ်အိတ် ကျပ်၂၇၀၀၀ နဲ့ဈေးငြိမ်နေသော်လည်း ရွှေဘိုပေါ်ဆန်းအသစ်(ရှယ်)ကတော့ တစ်အိတ် ကျပ် ၃၅၀၀၀မှ ကျပ် ၃၇၀၀၀အထိဖြစ်ပြီး ယခင်တစ်ပတ်ထက် တစ်အိတ်ကို ကျပ် ၁၀၀၀ ခန့်ဈေးတက်လာကြောင်းသိရပါတယ်။ ရွှေဘိုပေါ်ဆန်းက လူကြိုက်များပြီး အဝယ်သွက်တာကြောင့် ဈေးကွက်လည်းရှိ ဈေးလည်းမာကြောင်း ဝါးတန်းဆန်ကုန်စည်ဒိုင်မှသိရပါတယ်။

ဆန်ဈေးတက်ပေမယ့် ဆန်ကြမ်းဈေးကတော့ ယခင်တစ်ပတ်အတိုင်းရှိနေပါတယ်။ ဧည့်မထထိပ်စ တစ်အိတ်ကျပ် ၁၈၀၀၀ နဲ့ လတ်စတစ်အိတ် ကျပ် ၁၇၀၀၀၊ နွေသီးထပ်(ရှယ်) တစ်အိတ်ကျပ် ၁၉၀၀၀ မှ ကျပ် ၂၀၀၀၀ အထိ၊ နွေဆန်ရက်၉၀ တစ်အိတ်ကျပ် ၁၉၅၀၀မှ ကျပ် ၂၁၀၀၀၊ မနောသုခ တစ်အိတ်ကျပ် ၂၄၀၀၀မှ ကျပ် ၂၅၀၀၀၊ အိတ်စပို့ ၂၅ မှတ် တစ်အိတ်ကျပ် ၁၆၀၀၀ မှ ကျပ် ၁၆၈၀၀၊ ဆန်ကြမ်းအသစ် (ရှယ်)တစ်အိတ်ကျပ် ၁၇၅၀၀မှ ကျပ် ၁၈၀၀၀ ဖြစ်ပြီး ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပါတယ်။



ဆန်အဝင် ပုံမှန်ရှိပြီး အရောင်းအဝယ်လည်း ပုံမှန်ရှိကြောင်း ဆန်ကြမ်းအသစ် (ရှယ်) အရောင်းအဝယ်သွက်ကြောင်း ဆန်ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

မူဆယ်ဆန်ဈေးကွက်မှာ ယခုတစ်ပတ် ဆန်အရောင်းအဝယ်ကောင်းပြီး ဆန်ဈေးနှုန်း အတက်အကျသိပ်မရှိဘဲ ဈေးငြိမ်နေကြောင်း သိရှိရပါတယ်။ ဧည့်မထ မော်ဘီနဲ့ စူပါ ၅မှတ်တစ်အိတ် ၁၂၅ ယွမ်မှ ၁၂၇ ယွမ်၊ ၁၀ မှတ်တစ်အိတ် ၁၂၁ယွမ်မှ ၁၂၄ ယွမ်၊ ၁၅ မှတ်တစ်အိတ် ၁၁၇ ယွမ်မှ ၁၁၉ ယွမ်၊ ၂၅ မှတ် တစ်အိတ် ၁၁၄ ယွမ်မှ ၁၁၆ ယွမ်၊ ၃၅ မှတ် တစ်အိတ် ၁၀၉ယွမ်မှ ယွမ် ၁၁၀၊ ငစိန် ၅ မှတ် တစ်အိတ်၁၂၁ ယွမ်မှ ၁၂၃ ယွမ်၊ ငစိန် ၁၅ မှတ် တစ်အိတ် ၁၁၇ ယွမ်မှ ယွမ် ၁၂၀၊ ငစိန် ၂၅ မှတ်တစ်အိတ် ၁၁၅ ယွမ် မှ ၁၁၆ယွမ်ရှိပါတယ်။ ပြည်တွင်းနယ်စုံမှ မူဆယ်သို့ ဆန်အဝင်မှာ ဖေဖော်ဝါရီ ၉ ရက်မှ ၁၅ ရက်အထိ ဆန် တန်ချိန် ၁၁၈၄၃ ရှိပြီး အရောင်းအဝယ်ကောင်းကြောင်း၊ တစ်ခါတစ်ရံ တစ်ဖက်နိုင်ငံမှာ အစစ်အဆေးရှိကြောင်း သိရ ပါတယ်။ ဖေဖော်ဝါရီ ၁၆ရက်ငွေလဲနှုန်းအရ တစ်ယွမ်ကို ၁၉၅ ကျပ် ဈေးပေါက်ကြောင်းသိရှိရပါတယ်။ **ယဉ်ယဉ်အေး**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၇-၂-၂၀၁၇ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၃၇၃ | ၃၇၇ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၆၀ | ၃၆၃ | △ | ၃၅၀ | - | - | ၃၅၅ | - | - | ၃၃၅ | - | - |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | ၃၄၅ | - | - | - | - | - | ၃၃၅ | - | - |
| ဆန်ဖြူ ၂၅% | ၃၅၆ | ၃၅၀ | △ | ၃၃၅ | - | - | ၃၄၀ | - | - | ၃၂၅ | - | - |
| ပေါင်းဆန် | ၃၉၂ | ၃၉၂ | □ | - | - | - | ၃၄၀ | - | - | ၃၆၅ | - | - |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၁၇-၂-၂၀၁၇)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| ဆန်ပိုဒေသများ | | | | | | | | |
| ပြည် | ၄၄၀၀ | □ | ၁၆၅၀၀ | ▽ | ၆၉၀၀ | ▽ | ၃၂၀၀၀ | ▽ |
| ပုသိမ် | ၄၄၂၀ | △ | ၁၇၅၀၀ | □ | ၇၀၁၀ | △ | ၂၉၀၀၀ | △ |
| ပဲခူး | ၄၁၀၀ | □ | ၁၆၅၀၀ | △ | ၆၁၅၀ | □ | ၂၈၀၀၀ | □ |
| ရွှေဘို | ၅၃၀၀ | ▽ | ၂၁၀၀၀ | △ | ၉၅၇၀ | ▽ | ၃၃၅၀၀ | △ |
| စစ်တွေ | ၃၇၅၀ | □ | ၁၆၀၀၀ | □ | ၇၂၀၀ | □ | ၂၉၀၀၀ | □ |
| ဆန်လိုဒေသများ | | | | | | | | |
| နေပြည်တော် | ၄၆၀၀ | ▽ | ၁၈၀၀၀ | □ | - | - | ၃၂၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၃၉၀၀ | ▽ | ၁၇၀၀၀ | □ | - | - | ၂၇၀၀၀ | □ |
| မန္တလေး | ၅၇၀၀ | △ | ၂၂၀၀၀ | △ | - | - | ၃၃၀၀၀ | △ |
| မကွေး | ၆၅၀၀ | △ | ၁၉၅၀၀ | △ | - | - | ၄၅၀၀၀ | □ |
| မော်လမြိုင် | ၄၆၀၀ | □ | ၁၆၅၀၀ | □ | ၆၄၀၀ | □ | ၂၄၀၀၀ | □ |
| လှိုင်ကော် | ၇၀၀၀ | ▽ | ၂၈၀၀၀ | □ | - | - | ၄၆၀၀၀ | △ |
| မြိတ် | ၄၀၀၀ | △ | ၂၀၀၀၀ | △ | - | - | ၃၂၀၀၀ | □ |
| ဘားအံ | ၄၇၀၀ | △ | ၁၇၀၀၀ | ▽ | - | - | ၃၄၀၀၀ | △ |
| တောင်ကြီး | - | - | ၂၁၅၀၀ | ▽ | - | - | ၃၇၀၀၀ | ▽ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၁၃-၂-၂၀၁၇ မှ ၁၇-၂-၂၀၁၇ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 677 | 35,574,044.761 |
| 2 | Form D | 60 | 2,893,583.633 |
| 3 | Form E | 114 | 2,909,034.110 |
| 4 | Korea GSP | 13 | 354,023.630 |
| 5 | Form AK | 81 | 8,747,631.318 |
| 6 | Form AJ | 12 | 659,722.500 |
| 7 | Form AI | 52 | 1,534,448.512 |
| 8 | Form AANZ | 25 | 241,078.525 |
| 9 | Form DFTP | - | - |
| **Grand Total** | | **1034** | **52,913,566.989** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၇-၂-၂၀၁၇ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၁၀/၂ | ၁၇/၂ | ပြောင်းလဲမှု | ၁၀/၂ | ၁၇/၂ | ပြောင်းလဲမှု | ၁၀/၂ | ၁၇/၂ | ပြောင်းလဲမှု | ၁၀/၂ | ၁၇/၂ | ပြောင်းလဲမှု |
| ၁ မတ်ပဲ | ၁၅၆၅ | ၁၅၆၁ | ▼ | ၁၅၀၀ | ၁၅၃၃ | ▲ | ၁၃၅၀ | ၁၅၃၀ | ▲ | ၁၄၇၅ | ၁၅၁၀ | ▲ |
| ၂ ပဲစင်းငုံ | ၁၂၉၃ | ၁၂၄၃ | ▼ | | ၁၁၈၃ | - | - | ၁၁၈၅ | - | ၁၂၃၅ | ၁၁၈၀ | ▼ |
| ၃ ပဲတီစိမ်း | ၁၃၀၀ | ၁၃၃၀ | ▲ | ၁၇၀၇ | ၁၉၉၁ | ▲ | ၁၂၆၃ | ၁၃၅၃ | ▲ | ၁၅၀၀ | ၁၅၀၀ | ■ |
| ၄ ကုလားပဲရိုးရိုး | ၁၃၀၀ | ၂၇၀၀ | ▼ | - | ၁၉၅၆ | - | ၂၁၀၅ | ၁၉၇၄ | ▼ | ၂၁၃၅ | ၁၉၀၅ | ▼ |
| ၅ ပဲလွန်းဖြူ | ၁၄၅၀ | ၁၄၆၅ | ▲ | ၁၄၁၇ | ၁၄၁၇ | ■ | - | - | - | ၁၇၁၀ | ၁၇၉၀ | ▲ |
| ၆ ထောပတ်ပဲ | ၆၉၅ | ၉၅၅ | ▲ | ၁၇၇၀ | ၁၆၀၉ | ▼ | ၉၄၇ | ၀၉၅ | ▼ | ၇၉၀ | ၇၉၀ | ■ |

✳ မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၁၇-၂-၂၀၁၇ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | ၁၀/၂ | ၁၇/၂ | ပြောင်းလဲမှု | ၉/၂ | ၁၆/၂ | ပြောင်းလဲမှု | ၉/၂ | ၁၆/၂ | ပြောင်းလဲမှု |
| ၁ မတ်ပဲ | ၇၀၀ | ၇၂၀ | ▲ | ၇၆၁ | ၇၆၉ | ▲ | ၈၂၁ | ၈၂၂ | ▲ |
| ၂ ပဲစင်းငုံ | ၅၆၅ | ၅၆၅ | ■ | ၆၄၂ | ၆၃၅ | ▼ | ၆၇၉ | ၆၇၂ | ▼ |
| ၃ ပဲတီစိမ်း | ၆၁၀ | ၆၁၀ | ■ | ၆၇၂ | ၆၈၇ | ▲ | ၆၇၂ | ၆၅၇ | ▼ |
| ၄ ကုလားပဲဖြူလုံးကြီး | ၉၅၀ | ၉၅၀ | ■ | ၇၃၉ | ၇၇၄ | ▲ | ၇၆၁ | ၇၉၁ | ▲ |

✳ မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၄.၂.၁၇)ထိ | ယခုတစ်ပတ် (၁၁.၂.၁၇)ထိ | (၁.၁.၁၇) မှ (၁၁.၂.၁၇) ထိ |
| မတ်ပဲ | ၃၈၉၁၁ | ၉၆၇၂ | ၄၈၅၈၃ |
| ပဲတီစိမ်း | ၁၁၉၆၅ | ၂၂၉၀ | ၁၄၂၅၅ |
| ပဲစင်းငုံ | ၆၂၄၂ | ၂၀၂၇ | ၈၂၆၉ |
| ကုလားပဲ | ၁၉၆ | ၂ | ၁၉၈ |
| ပဲလွန်းဖြူ | ၁၆၇၉ | ၁၀၆ | ၁၇၈၅ |
| မြေထောက်ပဲ | ၈၂၅ | ၂၀၆ | ၁၀၃၁ |

## ပြည်ဈေးကွက်တွင် မြေပဲလုံးဆန်ဈေးပြန်မြင့်လာပြီး ဆီဆန်ဈေးအနည်းငယ်ပြန်ကျ

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် မြေပဲဆန်အဝင်နည်းလာသဖြင့် လုံးဆန်ဈေးပြန်မြင့်လာတာတွေ့ရပါတယ်။ ကံမမြို့နယ်နဲ့ တောင်ကုတ်မြို့ဘက်မှ တစ်နေ့လျှင် အိတ် ၁၀၀၀ခန့်သာ ဝင်ရောက်မှုရှိသဖြင့် ယခင်တစ်ပတ်နဲ့နှိုင်းယှဉ်ရင် ဝင်ရောက်မှုနည်းသွားတာတွေ့ရပါတယ်။ ရန်ကုန်၊ မန္တလေးဝယ်လက်များက အဝယ်ရှိသဖြင့် လုံးဆန်ဈေးမြင့်လာတာဖြစ်ပါတယ်။ ဆီကြိတ်မြေပဲဆန်ကတော့ မြို့တွင်းဆီစက်များက အဝယ်သိပ်မရှိသဖြင့် ယခင်တစ်ပတ်ထက်ဈေးကျလာတာတွေ့ရပါတယ်။မြေပဲဆီဆန်ဈေးမှာ တစ်ပိဿာလျှင် ကျပ် ၁၆၀၀၊ လုံးဆန် (အနီ) တစ်ပိဿာလျှင် ကျပ် ၂၄၀၀နဲ့လုံးဆန်(အဖြူ) တစ်ပိဿာလျှင် ကျပ် ၂၅၀၀ ဖြင့် ပြည်ဈေးကွက်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ မြေပဲဆီ(ရိုးရိုး) တစ်ပိဿာလျှင် ကျပ် ၄၅၀၀ ဖြစ်ပြီး ပဲဆီစစ်စစ်တစ်ပိဿာလျှင် ကျပ် ၆၀၀၀ ဖြင့် ပြည်ဈေးကွက်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

**ဝေဝေမင်း**

## ဖေဖော်ဝါရီလလယ် ပြည်ပဲမျိုးစုံဈေးကွက်မှာဆောင်းပဲသစ်များ အဝင်လှိုင်၊ မတ်ပဲ၊ ပဲတီစိမ်း၊ ကုလားပဲသီးနှံများ ဈေးပိုရ

ပဲခူးတိုင်းဒေသကြီး ပြည်ပဲမျိုးစုံဈေးကွက်အတွင်း ဖေဖော်ဝါရီလလယ်မှာ ဆောင်းပဲများအဝင်စုံသလောက်ဖြစ်ခဲ့တာကြောင့် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံသီးနှံများအပြင် ကုလားပဲ၊ ပဲကြီး၊ ပဲပုပ်အသစ်များ နယ်စုံမှဝင်ရောက်လျက်ရှိပါတယ်။ ပြည်ပဝယ်လက်ရှိတဲ့ ပဲများထဲမှာ ပဲစင်းငုံသီးနှံက အရောင်းအဝယ်အသွက်ဆုံးဖြစ်နေပြီး တစ်ရက်ကို အိတ် ၁၀၀၀ကျော်အထိ ရန်ကုန်ဝယ်လက်က ရသလောက် ဝယ်ယူခဲ့တာကို တွေ့ရပါတယ်။ ပြည်၊ ပေါက်ခေါင်း၊ ပေါင်းတလည်၊ ပန်းတောင်းမြို့နယ်များအပြင် ကံမဖက်မှလည်း ဝင်ရောက်လျက်ရှိပါတယ်။ ပဲအထွက်လှိုင်လာချိန်ဖြစ်လို့ ပဲဝင်ရောက်မှုများလာခြင်းဖြစ်ပြီး ပဲဈေးကတော့ ဈေးငြိမ်ကာ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

မတ်ပဲသီးနှံမှာ ယခုတစ်ပတ်အတွင်း ပန်းတောင်း၊ ပေါက်ခေါင်း၊ ပေါင်းတလည်၊ ပြည်အနီးတဝိုက်နဲ့ ကံမမြို့နယ်များမှ အိတ် ၄၀၀ ကျော် ၅၀၀ ခန့် နေ့စဉ်ဝင်ရောက်လျက်ရှိခဲ့ပါတယ်။ အရောင်းအဝယ်ဖြစ်မှုမှာလည်း ရန်ကုန်ဝယ်လက်မှ အဝင်ရှိခဲ့သလောက် ဝယ်ယူနေပြီး ပဲဈေးမှာ ယခင်တစ်ပတ်ကထက် ဈေးအနည်းငယ်မြင့်လာခဲ့တာကို တွေ့ရပါတယ်။ ယခင်တစ်ပတ်က ပဲဈေးနှုန်းများ ကျဆင်းလို့ ကျပ်သုံးသောင်းအောက်လျော့နည်းကျဆင်းသွားခဲ့ကာ ယခုတစ်ပတ်မှာတော့ တစ်တင်း ကျပ် ၃၁၄၀၀ ဖြင့်ဈေးပြန်မြင့်လာခဲ့ပါတယ်။ ဒါပေမယ့် ဇန်နဝါရီလဆန်း ပဲသစ်ပေါ်စအဖွင့်ဈေးကိုတော့ မမီဘဲဈေးအေးနေသေးတယ်လို့သိရပြီး ပဲသစ်ပေါ်စဈေးမှာ တစ်တင်းလျှင် ကျပ် ၃၇၅၀၀ ရရှိခဲ့ပါတယ်။ ယခင်နှစ် ဖေဖော်ဝါရီလအတွင်းက မတ်ပဲသစ်ဈေးမှာတစ်တင်း ကျပ် ၅၁၀၀၀ ရရှိခဲ့တဲ့အတွက်လည်း ယခုနှစ်ဈေးကတော့ ပဲသစ်ပေါ်ချိန်မှစ၍ ပဲဈေးအေးနေခဲ့ကြောင်းသိရပါတယ်။

ပဲတီစိမ်းသီးနှံမှာ ယခုကာလတွင် ပဲထွက်ရှိမှုပါးလာပြီဖြစ်လို့ တစ်ရက်အိတ် ၁၅၀ မှ ၂၀၀ ခန့်သာ ပန်းတောင်းနှင့် ပြည်မြို့နယ်အတွင်းမှ ဝင်ရောက်ခဲ့ကြပါတယ်။ ဒါကြောင့် မတ်ပဲ၊ ပဲစင်းငုံသီးနှံများထက် အရောင်းအဝယ်ဖြစ်မှုနည်းသွားကာ ပဲတီစိမ်းသီးနှံမှာ နိုဝင်ဘာ၊ ဒီဇင်ဘာလများတွင်သာ အထွက်လှိုင်ချိန်ဖြစ်လို့ ယင်းလများအတွင်း ဈေးကွက်မှာ အရောင်းအဝယ်သွက်ခဲ့တဲ့ပဲဖြစ်ခဲ့ပြီး မန္တလေးဝယ်လက်က အဓိကထားဝယ်ယူနေခဲ့ပါတယ်။ ပဲဈေးနှုန်းအနေဖြင့် ပဲသစ်ပေါ်စတွင် ကျပ်သုံးသောင်းအောက်သာရရှိခဲ့ပေမယ့်တဖြည်းဖြည်းပဲဈေးမြင့်လာခဲ့လို့ ယခုအချိန်မှာတော့ တစ်တင်းကျပ် ၃၂၅၀၀ ဖြင့် အရည်အသွေးလိုက်၍ ဈေးကွာခြားမှုရှိခဲ့တယ်လို့ သိရပါတယ်။

ဇန်နဝါရီလကုန်ပတ်မှစ၍ ကုလားပဲသစ်များလည်း ဈေးကွက်သို့စတင်ဝင်ရောက်လာပြီး ယခုဖေဖော်ဝါရီလလယ်မှာ တစ်ရက်အိတ် ၁၅၀ မှ ၂၀၀ အထိ ပန်းတောင်း၊ မင်းတုန်းနဲ့ကံမမြို့နယ်တို့မှ နေ့စဉ်ဝင်ရောက်လျက်ရှိပါတယ်။ ခွဲစက်သမားများနှင့်လှော်လက်များက ဝယ်ယူနေတာကြောင့် ဝင်လာသမျှ ပဲသစ်ရော၊ ပဲဟောင်းလက်ကျန်များပါ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲဈေးမှာ တစ်တင်း ကျပ် ၄၁၀၀၀ ဖြင့် ယခင်တစ်ပတ်ကဈေးထက် ဈေးပိုရလာသလို ပဲဈေးကွက်အတွင်းမှာ ဈေးအမြင့်ဆုံးရလျက်ရှိခဲ့ပါတယ်။ ပဲလွန်းဖြူနှင့်ပဲပုပ်သစ်များအဝင်ရှိခဲ့ပြီး ပေါက်ခေါင်း၊ ပန်းတောင်းဖက်မှ ဝင်ရောက်ခြင်းဖြစ်ကာ လက်လီသာ အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ ပဲဈေးမှာ ပဲလွန်းဖြူ တစ်တင်းကျပ် ၂၅၀၀၀၊ ပဲပုပ်တစ်တင်းကျပ် ၂၂၅၀၀ ရှိခဲ့ပါတယ်။ ပဲပုပ်အသစ်ဈေးမှာ ယခင်တစ်ပတ်ထက် ဈေးပိုလာခဲ့ပေမယ့် ပဲလွန်းဖြူသီးနှံကတော့ ဈေးငြိမ်နေခဲ့တယ်လို့ သိရပါတယ်။ ထောပတ်ပဲသီးနှံမှာလည်း ပဲသစ်များဝင်ရောက်မှုမရှိသေးဘဲ ပဲဟောင်းသာ လက်လီသမားအချို့နဲ့ အိတ်အနည်းငယ်ရောင်းချရမှုရှိခဲ့ကာ တစ်တင်း ကျပ် ၁၆၀၀၀ ဖြင့် ဈေးငြိမ်လျက်ရှိကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း**



## ပြည်ပဲဈေးကွက်သို့ ပဲကြီးသီးနှံသစ်အချို့ဝင်ရောက်ပြီး ဈေးပိုရ

ဖေဖော်ဝါရီလလယ်တွင် ပြည်ပဲဈေးကွက်သို့ ပဲကြီးသီးနှံသစ်များစတင်ဝင်ရောက်လာခဲ့ပြီး ပဲသစ်ဈေးက ပဲဟောင်းဈေးထက်ဈေးကောင်းရခဲ့တာကို တွေ့ရပါတယ်။ ပေါက်ခေါင်း၊ ပန်းတောင်းမြို့နယ်နဲ့ ပြည်အနီးတစ်ဝိုက်မှ တစ်ရက်အိတ် ၅၀ ကျော် ဝင်ရောက်ခဲ့ပါတယ်။ ဒါပေမယ့် (ရွှေကျွန်း) ပဲသာဝင်ရောက်ခဲ့ပြီး (ကမ်းနား) ပဲကတော့ ပဲဟောင်းလက်ကျန်အိတ် ၁၀၀မှ၁၅၀ ကျော်ကို ပဲကြော်ဖိုသမားများက ဝယ်ယူ ခဲ့ကြပါတယ်။ ပဲဈေးမှာ ရွှေကျွန်းပဲသစ် တစ်တင်း ကျပ်၃၀၅၀၀ ဖြင့်ယခင်တစ်ပတ်က ပဲဟောင်းဈေးထက်ဈေးပိုလာခဲ့သလို ပဲဟောင်းများနဲ့အရောင်းအဝယ်ဖြစ်နေခဲ့တဲ့ (ကမ်းနား)ဈေးအနေဖြင့် တစ်တင်းကျပ် ၂၇၅၀၀ ဖြင့် ယခင်တစ်ပတ်ကထက် ဈေးပိုရလာခဲ့တာကိုလည်း တွေ့ရပါတယ်။

**ခင်ဆွေဝင်း**

## လက်လီပဲဈေးကွက်မှာ ပြည်စားတော်ပဲ ဈေးကောင်းရလျက်ရှိ

ဖေဖော်ဝါရီလလယ် ပြည်ပဲဈေးကွက်မှာ အခြားဆောင်းပဲသစ်များ ဝင်ရောက်မှုရှိလာပေမယ့် စားတော်ပဲသီးနှံကတော့ ပဲလက်ကျန်များဖြင့်သာ လက်လီသမားများနဲ့ အရောင်းအဝယ်ဖြစ်နေခဲ့ပါတယ်။ စားတော်ပဲသီးနှံအား ပြည်ခရိုင်အတွင်း စိုက်ပျိုးမှုနည်းလို့ ပဲပေါ်ချိန်တွင်လည်း အခြားပဲများကဲ့သို့ အမြောက်အမြား ဝင်ရောက်ခြင်းမရှိခဲ့ဘူးလို့ သိရပါတယ်။ ပဲဈေးအနေဖြင့် နှစ်စဉ်ဈေးကောင်းရတဲ့ပဲဖြစ်ပါတယ်။ ယခုတစ်ပတ်အတွင်း ပဲတစ်တင်း ကျပ် ၄၀၀၀ဖြင့် ပြည်ပဝယ်လိုအားရှိတဲ့ မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်းသီးနှံတို့ထက်ပင် ဈေးပိုရခဲ့ပါတယ်။ ပြည်တွင်းဝယ်လက်ပဲများအနက် လက်လီအရောင်းအဝယ်ဖြစ်မှုများတဲ့ ပဲလွန်းဖြူ ဘိုကိတ်ပဲသီးနှံတို့ထက်ပင် ဈေးပိုရခဲ့ကြောင်း ပဲဈေးကွက်အတွင်း ဈေးကောင်းရလျက်ရှိတဲ့ပဲဖြစ်ခဲ့ပါတယ်။ **ခင်ဆွေဝင်း**

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကြယ်ပဲများ စတင်စိုက်ပျိုး

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကန့်ဘလူ၊ ကျွန်းလှ၊ မုံရွာ၊ ဗန်းမောက်၊ ပုလဲ၊ ဟုမ္မလင်းမြို့နယ်တို့တွင် ကြယ်ပဲကို တစ်ပိုင်တစ်နိုင် စမ်းသပ်စိုက်ပျိုးလာကြောင်း၊ စိုက်ဧက ၂၅ ဧကခန့်ရှိနိုင်ကြောင်း မုံရွာမြို့ရှိ ခြံရှင်တစ်ဦးထံမှသိရပါတယ်။ မုံရွာမြို့နယ်တွင် စိုက်ပျိုးသက် နှစ်နှစ်ခန့်ရှိခြံတစ်ခြံမှာ အသီးများစတင်ထွက်ပေါ်နေပြီဖြစ်ရာ အသီးကိုလှော်၍ စားသောက်ကုန်ပစ္စည်းအဖြစ် ဈေးကွက်တင်ရောင်းချနေပြီလို့သိရပါတယ်။ ပလပ်စတစ်ဗူးတစ်ဗူး (နို့ဆီဗူးတစ်ဗူး ဝင်ဆံ့သည့်)လျှင် ကျပ် ၂၀၀၀ ဈေးရှိပြီး အရောင်းအဝယ်သွက်ကြောင်း လည်းသိရပါတယ်။ ဒေသတွင်းကြယ်ပဲဈေးကွက်မှာ အရည်အသွေး ကောင်းပြီး၊ အတွင်းဆန် မှိုမကပ်ပါက ကြယ်ပဲတစ်ကီလိုလျှင် ကျပ် ၃၀၀၀ ဈေးရှိကြောင်းသိရပါတယ်။

**အောင်မင်း(တန့်ဆည်)**

# ဖေဖော်ဝါရီ တတိယပတ်မှာ မုံရွာကုန်စည်ဒိုင်သို့ ပဲမျိုးစုံအသစ် ဝင်ရောက်မှုများလာ



ဖေဖော်ဝါရီ တတိယပတ်မှာ မုံရွာကုန်စည်ဒိုင်သို့ ပဲမျိုးစုံအသစ်များ ဝင်ရောက်လျက်ရှိရာ ပြည်ပဝယ်လက်ပဲများဖြစ်သော မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်းသီးနှံများ အဝင်ရှိသလောက် အရောင်းအဝယ်သွက်နေကြောင်း သိရပါတယ်။

ယခုတစ်ပတ် ပဲစင်းငုံသီးနှံ ဝင်ရောက်မှုများလာပြီး ဈေးနှုန်းမှာလည်း အနည်းငယ်ကျဆင်းလာတာ တွေ့ရပါတယ်။ ပဲစင်းငုံသီးနှံ တစ်တင်း(သစ်) ပေါက်ဈေးနှုန်းမှာကျပ် ၂၃၈၀၀ ပေါက်လျက်နေ့စဉ် အိတ် ၅၀၀၀ ခန့်၊ မတ်ပဲသီးနှံမှာ ယခင်တစ်ပတ်ပေါက်ဈေးထက် အနည်းငယ်ဈေးတက်လာကာ ယခင်နှစ်ကာလတူအချိန်နှင့် နှိုင်းယှဉ်ပါက ဈေးနိမ့်နေကြောင်း သိရပါတယ်။ ယခုတစ်ပတ် မတ်ပဲတစ်တင်းပေါက်ဈေးမှာ (အထွက်တိုး) ကျပ် ၂၇၅၀၀၊ (ကုန်း) ကျပ် ၃၀၆၀၀ နှုန်းပေါက်ပြီး နေ့စဉ်အိတ် ၁၅၀၀ခန့်၊ ပဲတီစိမ်းသီးနှံကတော့ အဝင်လျော့နည်းလာပြီး တစ်တင်းပေါက်ဈေးမှာ(ကြီး)ကျပ် ၃၀၀၀၀၊ (သေး)ကျပ် ၂၅၇၀၀ရှိပြီး နေ့စဉ် (ကြီး၊ သေး)အိတ်၅၀၀ခန့်အသီးသီးနဲ့အရောင်းအဝယ်အသွက်ဆုံးသီးနှံများဖြစ်ကြောင်း သိရပါတယ်။

ဒေသတွင်းသုံးပဲဖြစ်သော ပဲလွန်းဖြူ/ပြာအသစ်များလည်း ဝင်ရောက်လျက်ရှိရာ နေ့စဉ်အိတ် ၃၀၀ ခန့်အဝင်ရှိပြီး ယခုတစ်ပတ်ပေါက်ဈေးမှာပဲလွန်းဖြူ ကျပ် ၂၈၀၀၀၊ ပဲလွန်းပြာ ကျပ် ၂၅၀၀၀နှုန်းပေါက်ပြီး ဒေသတွင်းသုံးအနေနဲ့ နေ့စဉ်အိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ် လျက်ရှိကြောင်း သိရပါတယ်။ ဒေသတွင်းသုံးပဲများဖြစ်သော ပဲကြီး၊ ကုလားပဲမျိုးစုံ၊ စွန်တာနီ၊ ပဲနီလုံးကြား၊ ပဲယင်း၊ ထောပတ်ပဲများမှာလည်း ဒေသတွင်းလုပ်ငန်းသုံးအနေနဲ့ ပုံမှန်ဝယ်ယူမှုရှိလို့ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။

ကုန်စည်ဒိုင်သို့ ပဲကြီးအသစ် အနည်းငယ် စတင်ဝင်လာပြီး ယခုတစ်ပတ် ပဲကြီး (ဟောင်း) တစ်တင်းပေါက်ဈေးမှာ ကျပ် ၂၈၀၀၀၊ (သစ်)ကျပ် ၂၀၅၀၀ နှုန်းပေါက်ပြီး ကုလားပဲမျိုးစုံအသစ်များလည်း ဝင်ရောက်လျက်ရှိရာ ဈေးအနည်း ငယ်ကျလာပြီး V2 တစ်တင်းကျပ် ၃၇၅၀၀၊ 929 ကျပ်၃၈၀၀၀၊ ထိုင်ဝမ်ကျပ် ၃၈၅၀၀ နှုန်းပေါက်လျက် သုံးမျိုးပေါင်းအိတ်၁၀၀၀ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ စွန်တာနီ တစ်တင်း ကျပ် ၂၁၅၀၀၀ နှုန်းနဲ့ အိတ် ၂၀၀ခန့်၊ ပဲလုံးကြားတစ်တင်းကျပ် ၂၃၀၀၀ နှုန်းနှင့် အိတ် ၁၀၀ ခန့်၊ ပဲယင်းတစ်တင်း ကျပ် ၁၆၀၀၀ နှုန်းနှင့် အိတ် ၈၀၀ ခန့်၊ ထောပတ်ပဲတစ်တင်း ကျပ် ၁၈၀၀၀ နဲ့ အိတ် ၄၀၀ ခန့်၊ မြေထောက်ပဲတစ်တင်း ကျပ် ၃၁၀၀၀ နှုန်းနှင့် အိတ် ၃၀၀ ခန့် အသီးသီးအရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

ဆီထွက်သီးနှံဈေးကွက်မှာ မြေပဲလုံးဆန်ဈေးကွက်ကတော့ ဝယ်လက်အဆွဲရှိလို့ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ နေ့စဉ် အိတ် ၅၀၀ခန့်ဝင်ရောက်လျက်ရှိပြီး ယခုတစ်ပတ်မြေပဲဆန်ဈေးနှုန်း အနည်းငယ်တက်လာပြီး မြေပဲလုံးဆန်တစ်ပိဿာဈေးနှုန်းမှာ လုံးဆန်ဖြူ ၂၄၇၅ ကျပ်၊ ဆီဆန်ဖြူ ကျပ် ၂၀၀၀၊ လုံးဆန်နီ ၂၅၇၅ကျပ် အသီးသီးဈေးနှုန်းဖြစ်ပေါ်လျက်ရှိရာ ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက ဈေးအနည်းငယ်မြင့်နေကြောင်း သိရှိပါတယ်။ နှမ်းမျိုးစုံဈေးကွက်မှာ နှမ်းဖြူ တစ်ပိဿာ ၂၂၃၃ ကျပ်နဲ့ တစ်ရက်အိတ် ၂၀၀ ခန့်၊ နှမ်းနက်တစ်ပိဿာကျပ် ၂၈၀၀နဲ့ အိတ် ၁၀၀ ခန့်၊ နှမ်းညိုတစ်ပိဿာ ၁၅၆၇ ကျပ်နှုန်းနဲ့ ယခင်တစ်ပတ်ဈေးနှုန်းထက် အနည်းငယ်တက်ပြီး အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိကြောင်း မုံရွာကုန်စည်ဒိုင်သတင်းရပ်ကွက်မှ သိရှိရပါတယ်။

**ကြည်ကြည်နွယ်(မုံရွာ)**

## မုံရွာကုန်စည်ဒိုင်သို့ ကုလားပဲဖြူလုံးကြီးသစ်များ စတင်ဝင်ရောက်

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဆောင်းကုလားပဲသီးနှံ စိုက်ပျိုးရန်လျာထားဧကလေးသိန်းသုံးသောင်းကျော်ရှိသည့်အနက် ဧကသုံးသိန်းနှစ်သောင်းကျော်စိုက်ပျိုးပြီး ရာခိုင်နှုန်းအားဖြင့် ၉၈ ရာခိုင်နှုန်း ကျော်စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ယခုအချိန်မှာ ကုလားပဲဖြူလုံးကြီးသစ်များကို ဝက်လက်မြို့နယ်မှ အများဆုံးစိုက်ပျိုးထွက်ရှိပြီး မုံရွာ၊ ချောင်းဦး၊ ဘုတလင်၊ ပုလဲ၊ ဆားလင်းကြီး၊ ယင်းမာပင်စသည့်မြို့နယ်များမှာလည်း စိုက်ပျိုးလျက်ရှိပြီး မုံရွာကုန်စည်ဒိုင်ဈေးကွက်အတွင်းသို့ တစ်ရက်အိတ် ၅၀၀ ခန့် စတင်ဝင်ရောက်လျက်ရှိကြောင်းသိရှိရပါတယ်။ ကုလားပဲဖြူလုံးကြီးသစ် ထွက်ပေါ်၍ ဈေးအနည်းငယ်ကျခဲ့ပြီး ယခုတစ်ပတ်ပေါက်ဈေးနှုန်းမှာ ကုလားပဲဖြူလုံးကြီး တစ်တင်း ကျပ် ၃၇၅၀၀ နှုန်းဖြစ်ပြီးယခင်နှစ်ကာလတူကဈေးဖြစ်တဲ့ ကျပ် ၂၉၀၀၀နှင့်နှိုင်းယှဉ်ပါက ဈေးမြင့်နေကြောင်းသိရပါတယ်။ ကုလားပဲဖြူ လုံးကြီးဈေးကွက်မှာ ဒေသတွင်းသုံးဝယ်လက်အနေနဲ့ အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိကြောင်း မုံရွာကုန်စည်ဒိုင်သတင်းရပ်ကွက်မှသိရပါတယ်။

**ကြည်ကြည်နွယ်(မုံရွာ)**

## ဆားလင်းကြီးမြို့နယ်တွင် ဆောင်းမြေပဲစိုက်ခင်းများတွင် ပိုးများကျရောက်၍ အထွက်နှုန်းလျော့နည်းနိုင်

ယင်းမာပင်ခရိုင်၊ ဆားလင်းကြီးမြို့နယ်၊ လက်ပံတောင်းဒေသ၌ ဆောင်းမြေပဲ စတင်စိုက်ပျိုးချိန်တွင် မိုးသည်းထန်စွာရွာသွန်းသဖြင့် အစိုဓာတ်များခြင်းတို့ကြောင့် စိုက်ပျိုးပြီး နှစ်ပတ်သုံးပတ်အကြာတွင် ရွက်ပြောက်ရောဂါပိုးများ ကျရောက်ခဲ့ပါသည်။ အပွင့်ပွင့်ချိန်တွင် ရောဂါပိုများကျရောက်သဖြင့် မြေပဲအုချိန်တွင်ဥများနည်းခြင်း၊ အတောင့်များ ဖွံ့ဖြိုးမှုနည်းပါးခြင်းတို့ကြောင့် အထွက်နှုန်း လျော့နည်းနိုင်ကြောင်း ဒေသခံတောင်သူတစ်ဦးထံမှ သိရှိရပါသည်။

မြေပဲသီးနှံသည် ပျမ်းမျှအားဖြင့် တစ်ဧကလျှင် မြေပဲတောင့်တင်း ၆၀ မှ ၇၀ အထိ ထွက်ရှိရာ ယခုကဲ့သို့ အဖျက်ပိုးကျရောက်ပါက အထွက်နှုန်းလျော့နည်းနိုင်သော်လည်း ဈေးဆက်လက်ကောင်းမွန်လျှင် တောင်သူများအတွက် အဆင်ပြေမည်ဟု တုံကျေးရွာမှ မြေပဲစိုက်တောင်သူတစ်ဦးက ပြောပြပါသည်။

လက်ရှိတွင် မုံရွာကုန်စည်ဒိုင်မြေပဲဆန်ပေါက်ဈေးမှာ မြေပဲလုံးဆန်ဖြူ တစ်ပိဿာလျှင် ၂၄၇၅ကျပ်နှင့် မြေပဲလုံးဆန်နီ တစ်ပိဿာလျှင် ၂၅၇၅ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရှိရသည်။

**လင်းလင်းသန့်**

## ပြည်ပဲနီပြား လက်လီသမားနဲ့ ပဲလက်ကျန်များ အရောင်းအဝယ်ဖြစ်

ပြည်ပဲဈေးကွက်အတွင်းသို့ ပဲနီပြားသီးနှံများ ပဲသစ်ဝင်ရောက်ခြင်းမရှိသေးဘဲ ပဲဟောင်းလက်ကျန်များနဲ့ အရောင်းအဝယ်ဖြစ်နေခဲ့တယ်လို့ သိရပါတယ်။ ပဲဈေးမှာ တစ်တင်းကျပ် ၂၀၀၀၀ ဖြင့် ဘိုကိတ်၊ ပဲလွန်းဖြူ သီးနှံတို့ထက် ဈေးလျော့နည်းပြီး လဆန်းရက်ကအတိုင်း ဈေးဆက်ငြိမ်နေခဲ့ပါတယ်။ ယခင်နှစ်က ဖေဖော်ဝါရီလအတွင်း ပဲနီပြားသီးနှံဈေးမှာ တစ်တင်းကျပ် ၃၅၀၀၀ရရှိခဲ့လို့ ဈေးကောင်းခဲ့တယ်လို့ ဆိုရပေမယ့် ယခုနှစ်မှာတော့ နှစ်ဆန်းပိုင်းကတည်းက ဈေးအေးနေတာကြောင့် တစ်တင်းကျပ် ၂၀၀၀၀ တစ်ပတ်လည်သာ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ လက်ကျန်သာလက်လီသမားအချို့ ရောင်းဝယ်ခဲ့ကြလို့ အိတ်အနည်းငယ်သာ အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်ဘိုကိတ်ပဲကို လက်လီထက် လက်ကားသမားပိုမိုဝယ်ယူ

ယခုတစ်ပတ် ပြည်ပဲဈေးကွက်မှာ ဘိုကိတ်ပဲသစ်ဝင်ရောက်မှုအနေဖြင့် နှစ်ဆန်းပိုင်းကာလကထက် အဝင်ပိုများလာခဲ့ပါတယ်။ ရွှေတောင်၊ ပန်းတောင်း၊ ပြည်မြို့နယ်တို့မှ ဝင်ရောက်လာပြီး တစ်ရက်အိတ် ၁၀၀ ကျော်ဝင်ရောက်လာသလို လက်လီ၊ လက်ကားအရောင်းအဝယ်ဖြစ်ခဲ့တယ်လို့လည်း သိရပါတယ်။ လက်လီသမားထက် ရန်ကုန်ဝယ်လက်က အဓိကထားဝယ်ယူခဲ့ပြီး ပဲဈေးမှာ တစ်တင်း ကျပ်၂၄၅၀၀ဖြင့် ဈေးငြိမ်နေခဲ့တာကို တွေ့ရပါတယ်။ ဇန်နဝါရီလဆန်းပဲသစ်ပေါ်ချိန်မှာတစ်တင်း ကျပ် ၂၇၂၀၀ ဖြင့် ဈေးဖွင့်ရောင်းဝယ်ခဲ့ကြပေမယ့် ပဲအထွက်လှိုင်လာချိန်မှာတော့ ပဲဈေးလျော့နည်းလာခဲ့ပါတယ်။ ယခုအချိန်မှာ ဈေးငြိမ်နေတာကြောင့် ယခင်နှစ်ကထက် ဈေးလျော့နည်းခဲ့ပြီး ယခင်နှစ်ကာလတူက တစ်တင်းကျပ် ၃၅၀၀၀ ရရှိခဲ့တာကို တွေ့ရပါတယ်။

**ခင်ဆွေဝင်း**

## ပခုက္ကူဈေးကွက်၌ ဖေဖော်ဝါရီဒုတိယပတ်တွင် ကြက်သွန်နီဈေးကျဆင်း

**စားဖိုဆောင်သုံးသီးနှံဖြစ်တဲ့ ကြက်သွန်နီဟာ ဖေဖော်ဝါရီလ ဒုတိယပတ်မှာ ဈေးကျလာတာကိုတွေ့ရပါတယ်။ ဈေးနှုန်းကျနေသော်လည်း ကြက်သွန်နီအဝင် နည်းမသွားဘဲ များလာတာကို အောက်ပါဇယားအရ တွေ့ရပါတယ်-**

| ရက်စွဲ | ကြက် သွန် နီ တစ် ပိ သာ ဈေး | | | အဝင်ပိဿာချိန် | မှတ်ချက် |
|---|---|---|---|---|---|
| | အောက်စ | အလတ်စ | ထိပ်စ | | |
| ၇. ၂. ၂၀၁၇ | ၇၀၀ | ၁၁၀၀ | ၁၄၀၀ | ၁၅၀၀၀ | |
| ၈. ၂. ၂၀၁၇ | ၇၀၀ | ၁၁၀၀ | ၁၄၀၀ | ၁၁၀၀၀ | |
| ၉. ၂. ၂၀၁၇ | ၇၀၀ | ၁၁၀၀ | ၁၄၀၀ | ၇၀၀၀ | |
| ၁၀. ၂. ၂၀၁၇ | ၇၀၀ | ၁၀၀၀ | ၁၃၀၀ | ၁၀၀၀၀ | |
| ၁၂. ၂. ၂၀၁၇ | ၆၀၀ | ၁၀၀၀ | ၁၃၅၀ | ၁၂၀၀၀ | |
| ၁၃. ၂. ၂၀၁၇ | ၅၀၀ | ၈၀၀ | ၁၂၀၀ | ၂၁၀၀၀ | |
| ၁၄. ၂. ၂၀၁၇ | ၅၀၀ | ၈၀၀ | ၁၂၀၀ | ၃၂၀၀၀ | |

ယခင်တစ်ပတ်က တင်ပြခဲ့သလို မိုးရွာခဲ့လို့ နောက်ကျစိုက်တဲ့ ကြက်သွန်တွေ အထွက်လှိုင်လို့ အဝင်မြိုင်လာတာလားဆိုတာ စဉ်းစားစရာပါ။ ဒါပေမယ့် ပခုက္ကူကြက်သွန်နီဈေးကွက်အတွင်းသို့ တရုတ်နိုင်ငံရဲ့ကြက်သွန်နီ ၁၂ ဘီးကား ၁၀ စီးကျော် တင်သွင်းလာတယ်လို့လည်း သိရှိရပါတယ်။ တန်ချိန် ၃၀ နဲ့ ၃၅ တန်ကြားဝင်မယ်လို့ခန့် မှန်းကြပြီး ပိဿာချိန်အနေနဲ့ ပိဿာ ၂၀၀၀၀ နဲ့ပိဿာ ၂၅၀၀၀ ကြားရှိမယ် ခန့်မှန်းရပါတယ်။ တရုတ်ကြက်သွန်တွေကို ဈေးကွက်ကမကြိုက်ကြလို့ အရောင်းအဝယ်အေးတယ်ဆိုတဲ့ သတင်းများလည်းကြားရပါတယ်။ ပြည်ပက ကြက်သွန် ပြည်တွင်းသို့တင်သွင်းတယ်၊ကိုယ့်ပြည်တွင်းမှာ မလုံလောက်လို့လား စိုက်တယ်၊ ပျက်တယ် မထွက်လိုလား၊ ဒါမှမဟုတ် ပြည်တွင်းဈေးမြင့်လို့ ပြည်ပက သွင်းတာလား စဉ်းစားကြစေလိုပါတယ်။ ပြည်ပက သွင်းလာတဲ့ ကြက်သွန်နီကိုပြည်တွင်းစားသုံးသူက မကြိုက်လို့ ရှုံးရင်ရော မဖြစ်မနေတင်သွင်းရမယ့် အနေအထားဖြစ်သလားဆိုတာ စဉ်းစားကြစေလိုပါတယ်။ ဘာပဲပြောပြော ကြက်သွန်ဆိုတာ စိုက်သူ၊စားသူ၊ရောင်းသူ၊ ဝယ်သူအားလုံးကို မျှန်စေသော သတ္တိရှိတယ်ဆိုတာ သတိထားကြစေလိုကြောင်းပါ။

**မြင့်ဦး(ပခုက္ကူ)**

## ကြက်သွန်နီ

### ဆောင်းကြက်သွန်နီကို ကုန်သည်များက ကြိုပွဲ့ငွေဖြင့် စတင်ဝယ်ယူ

မုံရွာ၊ ယင်းမာပင်နှင့်ဆားလင်းကြီးမြို့နယ်အတွင်းရှိ ဆောင်းကြက်သွန် စိုက်ပျိုးသည့် ကျေးရွာများသို့ကုန်သည်များက ကြိုပွဲ့ငွေစနစ်ဖြင့် တစ်ပိဿာလျှင် ကွင်းအရောက် ကျပ် ၅၀၀ ဈေးဖြင့် စတင်ဝယ်ယူလျက်ရှိကြောင်း ကြက်သွန်နီစိုက်ပျိုးသည့် ခြံရှင်တစ်ဦးထံမှသိရပါသည်။ ယခင်နှစ်ဆောင်းကြက်သွန်နီ (အဟောင်း) လက်ကျန်နည်းပါးခြင်း၊ မိုးစိုက်ကြက်သွန်နီအထွက်နည်းပါးခြင်းတို့ကြောင့် ဈေးကွက်လက်ကျန်နည်းလာသဖြင့် ကြက်သွန်နီဈေးမှာ ဇန်နဝါရီလ၊ ဖေဖော်ဝါရီလများတွင် ဈေးအနည်းငယ် မြင့်တက်ခဲ့ပါသည်။

ယခင်နှစ်က ဆောင်းကြက်သွန်နီထွက်ပေါ်ချိန် တစ်ပိဿာ ကျပ် ၃၀၀ မှ ကျပ်၃၅၀သာရှိခဲ့ပြီး ယခုနှစ်မှာ ဒေသတွင်းကြက်သွန်ရှားပါးမှုကြောင့် ကြက်သွန်နီထွက်ပေါ်ချိန်တွင် ဈေးတက်နိုင်မည့်မျှော်လင့်ချက်များဖြင့် ကုန်သည်များက ကြက်သွန်မထွက်သေးမီ ယခုအချိန်ကစ၍ကြိုပွဲ့ငွေဖြင့် စတင်ဝယ်ယူလာကြောင်းသိရပါသည်။

**အောင်မင်း(တန့်ဆည်)**

### မုံရွာကြက်သွန်နီဈေးနှုန်း ဆက်လက်ကျဆင်း

မုံရွာ(ပွဲရုံ) စားဖိုဆောင်သီးနှံရောင်းဝယ်ရေးတွင် ဖေဖော်ဝါရီတတိယပတ်မှာ ကြက်သွန်နီဈေးနှုန်း ဆက်လက်ကျဆင်းလာတာတွေ့ရပါတယ်။ မိုးကြက်သွန်နီအသစ်များ ဈေးကွက်အတွင်းသို့ ဝင်ရောက်မှုများလာကာ နေ့စဉ်ပိဿာ ၂၀၀၀၀ ကျော်အဝင်ရှိပြီး ဈေးဆက်လက်ကျဆင်းသွားကြောင်း ကြက်သွန်နီပွဲရုံမှ သိရှိရပါတယ်။ ယခုတစ်ပတ် ကြက်သွန်နီဈေးနှုန်းမှာ မုံရွာပွဲရုံများ၌ လက်ကားတစ်ပိဿာ(ကြီး)ကျပ်၁၁၀၀၊ (လတ်)ကျပ် ၁၀၀၀၊ (သေး) ကျပ် ၉၀၀ နှုန်းရှိပြီး လက်လီဈေးနှုန်းတစ်ပိဿာ(ကြီး) ကျပ် ၁၄၀၀၊ (လတ်)ကျပ်၁၃၀၀၊ (သေး)ကျပ် ၁၂၀၀နှုန်းဖြစ်ပြီး ယခင်တစ်ပတ်ပွဲရုံပေါက်ဈေးမှာတစ်ပိဿာ(ကြီး)ကျပ် ၁၄၀၀၊(လတ်) ကျပ် ၁၃၀၀၊(သေး)ကျပ် ၁၂၀၀၊လက်လီဈေးနှုန်း တစ်ပိဿာ(ကြီး) ကျပ် ၁၆၀၀၊ (လတ်) ကျပ် ၁၅၀၀၊ (သေး) ကျပ် ၁၄၀၀ အသီးသီးရောင်းဝယ်လျက်ရှိပြီး ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက ပျမ်းမျှတစ်ပိဿာဈေးနှုန်းကျပ် ၂၀၀ ဝန်းကျင်ကျဆင်းသွားကြောင်း သိရှိရပါတယ်။

ကြက်သွန်ဖြူဈေးကွက်တွင် ကြက်သွန်ဖြူအသစ်များကို ရွှေဘို၊ ဆားလင်းကြီး၊ ယင်းမာပင်မြို့နယ်တို့မှ နေ့စဉ်ပိဿာ ၁၅၀၀၀ ခန့်ဝင်ရောက်လာကြောင်း သိရပါတယ်။ ယခုတစ်ပတ်ကြက်သွန်ဖြူ(ဟောင်း) တစ်ပိဿာဈေးနှုန်းမှာ ပွဲရုံဈေး(ဗမာ)ကျပ် ၅၅၀၀၊ (ရှမ်း) ကျပ် ၄၈၀၀၊ လက်လီကတော့ တစ်ပိဿာ(ဗမာ)ကျပ် ၆၀၀၀၊ (ရှမ်း)ကျပ် ၅၅၀၀ဖြစ်ပြီးအသစ်လက်ကားဈေးနှုန်းမှာ (ဗမာ) ကျပ် ၄၅၀၀၊ လက်လီဈေးနှုန်း (ဗမာ) ကျပ် ၄၈၀၀၊ (ရှမ်း) ကျပ် ၄၀၀၀ နှုန်းပေါက်လျက်အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိကြောင်း မုံရွာကြက်သွန်နီပွဲရုံမှ သိရပါတယ်။

**ကြည်ကြည်နွယ်(မုံရွာ)**

### ပြည်ကြက်သွန်နီ ဆက်လက်ဈေးကျ၍ ယခင်တစ်ပတ်ထက် အရောင်းအဝယ်သွက်

ပြည်မြို့ ကြက်သွန်နီဈေးကွက်တွင် ယခုတစ်ပတ်မှာ ကြက်သွန်နီ တစ်ပိဿာလျှင် ပျမ်းမျှ ကျပ် ၂၀၀ ခန့်ဈေးကျသွားကြောင်းတွေ့ရပါတယ်။ ရေနံချောင်း၊ ပခုက္ကူဘက်မှ ကြက်သွန်နီအစများ ဆက်တိုက်ဝင်ရောက်နေတဲ့အတွက် ကုန်ပစ္စည်းများကာ စားသုံးသူအကြိုက် ဈေးနှုန်းများဖြစ်နေကြောင်း သိရပါတယ်။ အရောင်းအဝယ်မှာလည်း စားသုံးသူများ အဝယ်လိုက်လာတဲ့အတွက် အရောင်းအဝယ် ပုံမှန်ပြန်ဖြစ်နေကြောင်းသိရပါတယ်။ ဒေသတွင်း ဝယ်လက်သမားများ၊ အိတ်ဆွဲသမားများနဲ့ ဧရာဝတီ၊ ရခိုင်ပြည်နယ်တို့သို့ တင်ပို့မှုအပါအဝင် တစ်နေ့ကို ပိဿာ၃၀ ဝင်အိတ် ၃၅၀ ခန့်ရှိပြီး ယခင်တစ်ပတ်နဲ့နှိုင်းယှဉ်ပါက အရောင်းအဝယ် အနည်းငယ်သွက်လာကြောင်းသိရပါတယ်။ ကြက်သွန်နီ အလတ်စများသာ ဈေးကွက်အတွင်း အရောင်းအဝယ်ပိုဖြစ်တာ တွေ့ရပါတယ်။ ဈေးနှုန်းအနေနဲ့ကတော့ ပြည်ပွဲရုံများနဲ့ မြို့မဈေးကြီး အတွင်းလက်ကား တစ်ပိဿာလျှင်(ကြီး) ကျပ် ၁၅၀၀-၁၆၀၀၊ (လတ်) ကျပ် ၁၃၅၀-၁၄၀၀-၁၄၅၀၊(သေး)ကျပ်၁၁၅၀-၁၂၀၀တို့နှင့် ရောင်းဝယ်လျက်ရှိနေပြီး လက်လီဈေးများမှာတော့ (ကြီး) ကျပ် ၁၇၀၀-၁၈၀၀၊ (လတ်) ကျပ် ၁၅၀၀-၁၆၀၀၊ (သေး) ကျပ် ၁၃၀၀-၁၄၀၀ တို့နှင့် အသီးသီး အရောင်းအဝယ်ဖြစ်လျက်ရှိနေကြောင်းသိရပါတယ်။ ဈေးကွက်အတွင်း ဟိုတယ်စလို့ခေါ်တဲ့ အရွယ်အစားညီ အလုံးကြီးကြီး တရုတ်ကြက်သွန်နီများလည်း တွေ့ရပြီး စားသောက်ဆိုင်များက အဓိကထား ဝယ်ယူကြကာ တစ်ပိဿာလျှင် ပွဲရုံဈေးကျပ် ၁၄၀၀၊လက်လီဈေးကျပ်၁၆၀၀တို့ဖြင့်ရောင်းဝယ်လျက်ရှိနေတာ တွေ့ရပါတယ်။

**ဝင်းလဲ့ဝါ**

## မန်ကျည်း

### မန်ကျည်းမှည့်များ အဝင်လှိုင်ပြီး ဈေးထပ်မံကျလျက်ရှိ

ပြည် မန်ကျည်းမှည့်ပွဲရုံများတွင် ရွှေတောင်၊ ကျီးသဲ၊ အောင်လံ၊ ဆင်တဲ၊ ကြံခင်း၊ မြန်အောင်အစရှိတဲ့ဒေသများမှ မန်ကျည်းမှည့်များ လှိုင်လှိုင်ဝင်ရောက်နေတာတွေ့ရပါတယ်။ တစ်ပတ်ထက်တစ်ပတ် အဝင်များလာပြီး အစေ့ပါရော၊ အစေ့အနည်းငယ်ပါနှစ်မျိုးစလုံး ဝင်ရောက်လျက်ရှိနေတာတွေ့ရပါတယ်။ ပွဲရုံဈေးတစ်ပိဿာလျှင်(အစေ့ပါ)ကျပ် ၁၄၀၀နှင့် (အစေ့မပါ)ကျပ် ၂၂၀၀ တို့ဖြစ်ပါတယ်။ ဒေသတွင်း တစ်ပိဿာဈေးနှုန်းကတော့ မန်ကျည်းမှည့် (အစေ့မပါ) ကျပ် ၂၅၀၀ နှင့်(အစေ့ပါ)ကတော့ ကျပ် ၁၈၀၀တို့ဖြင့် ရောင်းဝယ်လျက်ရှိပါတယ်။ ရခိုင်ဘက်သို့ ရက်ခြားပိဿာ ၃၀ ဝင်အိတ် ၂၀ ကျော် တင်ပို့နေကြောင်းလည်း သိရပါတယ်။ ယခုတစ်ပတ်တွင် မန်ကျည်းမှည့်တစ်ပိဿာလျှင် ကျပ် ၃၀၀-၄၀၀ နီးပါး ထပ်မံဈေးကျလျက် ရှိနေတာတွေ့ရပါတယ်။

**နီနီဝင်း**

### မန်ကျည်းတန်ချိန် ၄၀၀နီးပါး တင်ပို့

ဖေဖော်ဝါရီ ၅ရက်မှ ၁၁ ရက်အထိ သီတင်းပတ်အတွင်း မန်ကျည်း ၃၉၅တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှတင်ပို့ခဲ့ပါတယ်။ဒီတစ်ပတ်မှာ မလေးရှားနိုင်ငံသို့ ၄၈တန်၊ ပါကစ္စတန်နိုင်ငံသို့ ၂၂၅တန်၊ စင်ကာပူနိုင်ငံသို့ ၇၂တန်နဲ့ ဗီယက်နမ်နိုင်ငံသို့ တန်၅၀တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် တင်ပို့တန်ချိန် ၅၀နဲ့နှိုင်းယှဉ်ရင်တန်ချိန်၃၄၀ကျော်ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ မန်ကျည်းတင်ပို့မှုမှ ကန်ဒေါ်လာ ၁၄၇၉၆၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း** (DOT)

## နှမ်း

### မူဆယ်မှ နှမ်းတက် ပိုမိုတင်ပို့

ဖေဖော်ဝါရီ ၄ ရက်မှ ၁၀ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၆၂၅၀၅ တန်ဖိုးရှိ နှမ်းတက် (ရှမ်းစ) ၉၂ တန်ကျော် တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၆၄တန်ကျော်နဲ့နှိုင်းယှဉ်ပါက ယခုတစ်ပတ်မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့နှမ်းတက် ၂၈တန်ခန့် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ကာလတူဖြစ်တဲ့ ၂၀၁၆ဖေဖော်ဝါရီလက နှမ်းတက် တစ်တန်ဈေးမှာ(ငွေလဲနှုန်းအရ) ၈၄၇၀၀၀ ကျပ်ရှိခဲ့ပြီး ၂၀၁၇ ဖေဖော်ဝါရီလမှာတော့ ၉၂၄၇၅၀ ကျပ်ဈေးခန့်ရှိတယ်လို့ မူဆယ်ကုန်စည်ဒိုင်မှသိရပါတယ်။မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်ကတော့ ယခင်တစ်ပတ်က နှမ်းတင်ပို့မှုမရှိဘဲ ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ ၁၆၁၂၆ တန်ဖိုးရှိ နှမ်းတက် (ကျောက်ဆည်) ၂၄တန်ကျော်ကို တင်ပို့ခဲ့ပါတယ်။

**မော်မော်အောင်**

### ပင်လယ်ရေကြောင်းမှ နှမ်းဆက်တိုက်ဆိုသလို တင်ပို့လာ

ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှဖေဖော်ဝါရီ ၅ရက်မှ ၁၁ရက်အထိ သီတင်းပတ်အတွင်း နှမ်း၁၆၇ဒသမ၉၉တန်ကိုတင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် နှမ်း(ရှမ်းစ) ၆၁တန်ကို စင်ကာပူနိုင်ငံသို့လည်းကောင်း၊ နှမ်း၃၁ဒသမ ၉၉ တန်ကို ယူအေအီးနိုင်ငံသို့လည်းကောင်း၊ နှမ်း(ရှမ်းစ)၇၅တန်ကို မလေးရှားနိုင်ငံသို့ လည်းကောင်းတင်ပို့ခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့တန်ချိန် ၁၃၀ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၃၀ကျော်ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဇန်နဝါရီတတိယ သီတင်းပတ်မှစပြီးတင်ပို့ခဲ့တဲ့နှမ်းက ဒီတစ်ပတ်အထိ ဆက်တိုက်တင်ပို့နေတယ်လို့ သိရပါတယ်။ နှမ်းတစ်တန်ကို ပျမ်းမျှအမေရိကန် ဒေါ်လာ ၆၇၀-၆၇၅ရရှိခဲ့တာကြောင့် စုစုပေါင်း ကန်ဒေါ်လာ ၁၁၃၃၉၃ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း** (DOT)

### မြဝတီမှ ကြက်သွန်နီ ပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီ ကုန်သွယ်ရေးဇုန်မှ ဖေဖော်ဝါရီ ၄ ရက်မှ ၁၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၄၁၈၀တန်ဖိုးရှိ ကြက်သွန်နီ ၃၁တန်တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က ၂၄တန်ကျော်သာ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ကြက်သွန်နီ ၆ တန်ကျော် ပိုမိုတင်ပို့ခဲ့ပါတယ်။

ပြည်တွင်းကြက်သွန်နီဈေးမှာ ပြည်ပကြက်သွန်နီဈေးထက်များစွာ မြင့်တက်ခဲ့ပေမယ့် မတ်လဆန်းလောက်တွင် ပုံမှန်ဈေးသို့ ပြန်ရောက်နိုင်ကြောင်း၊ ဖေဖော်ဝါရီ၁၀ရက်နေ့တွင် ကြက်သွန်နီတစ်ပိဿာ ကျပ် ၁၅၀၀-၁၆၀၀ ဈေးရှိပြီး လက်လီဈေးကျပ်၁၆၀၀-၁၈၀၀ရှိကြောင်းဘုရင့်နောင်ကုန်စည်ဒိုင်မှသတင်းရရှိပါတယ်။

**မော်မော်အောင်**

## ချင်း

### ပြည်ချင်းပုံမှန်အဝင်ရှိပြီး အရောင်းအဝယ်ဖြစ်

ပြည်ချင်းဈေးကွက်ပွဲရုံများတွင် ချင်းအိတ်တွေ ပုံမှန်အဝင်ရှိနေပြီး အရောင်း အဝယ်ပုံမှန်ဖြစ်နေပါတယ်။ ယခုတစ်ပတ်အတွင်း ချင်းပိဿာ ၃၀ ဝင်အိတ် ၅၀ ခန့် နေ့စဉ်ပုံမှန်အဝင်ရှိနေပါတယ်။ ဈေးနှုန်းမှာ ယခင်တစ်ပတ်ကစ၍ တစ်ပိဿာကိုကျပ် ၁၀၀ ဈေးတက်သွားပါတယ်။ ယခုတစ်ပတ်ချင်းဈေးကတော့ တစ်ပိဿာလျှင် (ရှယ်) ကျပ် ၈၀၀ မှ ကျပ် ၁၀၀၀၊ (ဂွန်) ကျပ် ၅၀၀ မှ ကျပ် ၇၀၀ နဲ့ ရောင်းဝယ်လျက်ရှိပါတယ်။ ပြည်ချင်းဈေးကွက်မှတစ်ဆင့် ရခိုင်ပြည်နယ်နဲ့ ဧရာဝတီတိုင်းဒေသကြီးဘက်သို့ စားသုံးမှုအဖြစ် တစ်နေ့ကို ပိဿာချိန် ၂၀၀ခန့် အရောင်းအဝယ်ဖြစ်သော်လည်း ယခင်တစ်ပတ်ထက် အရောင်းအဝယ်ပါးကြောင်း သိရပါတယ်။

**ဝင်းဝင်းခိုင်**

## ကြက်သွန်ဖြူ

### ပြည်ဈေးကွက်သို့ အသစ်မဝင်တဲ့အတွက် ကြက်သွန်ဖြူ(ရှမ်း) ဈေးတက်

ဖေဖော်ဝါရီ တတိယပတ်ရဲ့ ပြည်စားဖိုဆောင်သီးနှံ (ပွဲရုံ) များတွင် တရုတ်ပြည်မှ ဝင်ရောက်လျက်ရှိသော ကြူကုတ်စ ကြက်သွန်ဖြူများ ပုံမှန်ဝင်ရောက်လျက်ရှိနေပြီး ရှမ်းပြည်နယ်ကထွက်သော ကြက်သွန်ဖြူများအသစ်ရော အဟောင်းပါ မရှိတော့တာကြောင့် ရှမ်းစများ ဈေးအတက်မှာသာ ရှိနေကြောင်း တွေ့ရပါတယ်။

ဈေးနှုန်းထပ်မံတက်နေသော်လည်း အရောင်းအဝယ်မှာ လုံးဝ အေးလျက်ရှိနေပါတယ်။ ကြက်သွန်ဖြူ ကြူကုတ်စများသာ အရောင်းအဝယ်ရှိနေကြောင်း တွေ့ရပါတယ်။ ယခုတစ်ပတ် ကြက်သွန်ဖြူဈေးနှုန်းများကတော့ (ပွဲရုံဈေး) တစ်ပိဿာလျှင် (ရှမ်းစ) ကျပ် ၆၅၀၀ နှင့် (ကြူကုတ်စ) ကျပ် ၅၀၀၀ ဖြင့် ရောင်းဝယ်လျက်ရှိပါတယ်။ ဒေသတွင်း လက်လီဈေးများတွင် (ရှမ်းစ) ကျပ် ၇၀၀၀ နှင့် (ကြူကုတ်စ) ကျပ် ၅၃၀၀တို့ဖြင့် ရောင်းချလျက်ရှိပါတယ်။ ရှမ်းစရဲ့ ပွဲရုံဈေးတစ်ပိဿာပေါ်တွင် ကျပ် ၁၀၀ဈေးထပ် တက်လာပြီး လက်လီအရောင်းသမားများကတော့ အရောင်းအေးနေတာကြောင့် ဈေးငြိမ်လျက်ရှိနေပါတယ်။ ယခုတစ်ပတ် ကြက်သွန်ဖြူ အိတ် ၃၀၀ ခန့် ပုံမှန်အရောင်းအဝယ်ဖြစ်ကြောင်းလည်း သိရပါတယ်။

**နီနီဝင်း**

# နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးအတွက် ထိုင်း-မြန်မာ စီးပွားရေးကောင်စီ၏ ပထမအကြိမ် အစည်းအဝေးကျင်းပ

ထိုင်းစီးပွားရေး လုပ်ငန်းစုများ အနေဖြင့် ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းကောင်းများရှိနေသော အိမ်နီးချင်း မြန်မာနိုင်ငံနှင့် လုပ်ငန်းဌာနတူချင်းပူးပေါင်း၍ အဓိကလုပ်ငန်းကဏ္ဍငါးခုဖြစ်သော လယ်ယာ စိုက်ပျိုးရေးကဏ္ဍ၊ နယ်စပ်ကုန်သွယ်ရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရီးသွားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ဖေဖော်ဝါရီလ ၃ ရက်နေ့က ရန်ကုန်မြို့တွင် ကျင်းပခဲ့သည့် ပထမအကြိမ်စီးပွားရေးကောင်စီ အစည်းအဝေးတွင် အဆိုပါကဏ္ဍငါးရပ်အားအဓိကထား ဆွေးနွေးခဲ့ပြီး၊ ၎င်းဆွေးနွေးပွဲတွင် ဖွဲ့စည်းထားသည့် ဆွေးနွေးပွဲအစုအဖွဲ့အလိုက် တွေ့ကြုံရမည့်အခက်အခဲ အတားအဆီးများအား မည်ကဲ့သို့အတူတကွ အောင်အောင်မြင်မြင်နှင့် ကျော်လွှားဆောင်ရွက်နိုင်မည်ကို အဓိကထား ဆွေးနွေးခဲ့ကြောင်း ထိုင်း-မြန်မာ စီးပွားရေးကောင်စီဥက္ကဋ္ဌ Panitarn Pavarolavidya က ပြောကြားခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် လယ်ယာထွက်ကုန် ဈေးနှုန်းအတက်အကျ မြန်ဆန်မှုများကို ထိန်းချုပ်နိုင်ရန် ဗဟိုအဖွဲ့အစည်းတစ်ခုကို တရားဝင်ဖွဲ့စည်းသင့်ကြောင်း၊ ပို့ကုန်သွင်းကုန် လုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ရာတွင် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဖြစ်သော ဆိပ်ကမ်းများနှင့် မီးရထားလမ်းများ အဆင်ပြေ လွယ်ကူချောမွေ့မှုရှိရန်လည်း လိုအပ်ကြောင်း၊ ထို့အပြင် ထောက်ပံ့ပို့ဆောင်ရေး ဥပဒေ ပြုပြင်ပြောင်းလဲခြင်းနှင့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် one stop services များ ထူထောင်ထားရှိခြင်းကလည်း လုပ်ငန်းများ အဆင်ပြေ ချောမွေ့စေရေးအတွက် တစ်စိတ်တစ်ဒေသအဖြစ် ပါဝင်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမေရိကန်ဒေါ်လာ၊ ယူရိုနှင့် စင်ကာပူဒေါ်လာအပြင် ထိုင်းဘတ်ငွေ အသုံးပြုနိုင်ရေးကိုလည်း ထိုင်းနိုင်ငံက အဆိုပြုထားကြောင်း၊ မြန်မာနိုင်ငံ၏ငွေကြေးဈေးကွက်သည် အတက်အကျမြန်ဆန်သည့်အတွက် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့မှုမရှိကြောင်း၊ လျှပ်စစ်မီးအသုံးပြုနိုင်မှု အပိုင်းတွင် မြန်မာပြည်သူလူထု၏ ၃၅ ရာခိုင်နှုန်းသာ လျှပ်စစ်မီးသုံးစွဲနိုင်သေးသည့်အတွက် မြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးကို အထောက်အကူပြုရန်လုံလောက်မှု မရှိကြောင်းလည်း Mr.Panitarn က ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံခရီးသွားများ မြန်မာနိုင်ငံသို့ နယ်စပ်ဝင်ထွက်ပေါက်များမှ ဝင်ရောက်ရာတွင် ဗီဇာ လိုအပ်ချက်အနည်းဆုံးဖြစ်ရေးနှင့် လေဆိပ်အဆင့်မြှင့်တင်ခြင်းများပြုလုပ်ခြင်းက ဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်ကြောင်း၊ မတ်လတွင် နောက်တစ်ကြိမ် ကျင်းပမည့်အစည်းအဝေးတွင် လုပ်ငန်းအစုအဖွဲ့အလိုက် ကဏ္ဍငါးရပ်ကို အပြီးသတ်ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးနိုင်လိမ့်မည်ဟုလည်း ၎င်းက ထပ်မံပြောကြားခဲ့သည်။

ထိုင်းစတော့အိတ်ချိန်းစာရင်းဝင်ကုမ္ပဏီ Ch. Karnchang Plc ၏ဥက္ကဋ္ဌဖြစ်သူ Plew Trivisvavet က ၎င်းတို့ကုမ္ပဏီအနေဖြင့်မြန်မာနိုင်ငံနှင့် အခြေခံအဆောက်အဦစီမံကိန်းများတွင် ပိုမိုရင်းနှီးမြှုပ်နှံလိုကြောင်း ပြောကြားခဲ့သည်။ ထိုကဲ့သို့ အခြေခံအဆောက်အဦစီမံကိန်းများတွင် ပိုမိုရင်းနှီးမြှုပ်နှံလိုခြင်းမှာ မြန်မာနိုင်ငံအနေဖြင့် လမ်းများ၊ ဆိပ်ကမ်းများနှင့် လျှပ်စစ်မီးသုံးစွဲနိုင်မှုတွင် ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်လျက်ရှိနေခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။ ၎င်းတို့ကုမ္ပဏီအနေဖြင့် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုနည်းဥပဒေပြင်ဆင် ဖြည့်စွက်ချက်ကို စောင့်ဆိုင်းနေခြင်းကြောင့် ရင်းနှီးမြှုပ်နှံရန် ဆုံးဖြတ်ချက်မချနိုင်သေးကြောင်းလည်း သိရသည်။

ပြင်ဆင်ဖြည့်စွက်မည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနည်းဥပဒေသစ်တွင် လယ်ယာစိုက်ပျိုးရေးနှင့် စက်မှုလုပ်ငန်းများတွင် စီးပွားရေးပိုမိုအားကောင်းလာစေရန် အလုပ်အကိုင် အခွင့်အလမ်းသစ်များကို ပိုမိုဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း၊ ပြည်တွင်း ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးခြင်းတို့ကို ပိုမို လုပ်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်းနှင့် အဆိုပါရင်းနှီးမြှုပ်နှံမှု နည်းဥပဒေသစ်ကို လာမည့်လအနည်းငယ်အတွင်း ထုတ်ပြန်ကြေညာနိုင်လိမ့်မည်ဖြစ်ကြောင်း ဗန်ကောက်ပို့စ်သတင်းတွင် ဖော်ပြထားသည်။

**ခင်စုစုလှိုင် (CJ)**

■

# ကမ္ဘာလုံးဆိုင်ရာ ခရီးသွားလုပ်ငန်းကောင်စီ (WTTC) ထိပ်သီးဆွေးနွေးပွဲကို ထိုင်းနိုင်ငံ၌ ဧပြီလအတွင်းကျင်းပမည်

ထိုင်းခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့ အစည်း (Tourism Authority of Thailand-TAT) ကကြီးမှူး၍ World Travel and Tourism Council (WTTC) ထိပ်သီးအစည်းအဝေးကို ဧပြီလ ၂၆ နှင့် ၂၇ ရက်တို့တွင် ဗန်ကောက်မြို့၌ ကျင်းပမည်ဖြစ်ရာ ထိုင်းနိုင်ငံ၏ ခရီးသွားလုပ်ငန်း အလားအလာများကိုသာမက အာဆီယံဒေသတွင်းရှိ ခရီးသွား လုပ်ငန်းအလားအလာများကိုလည်း မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

အာဆီယံဒေသတွင်းနိုင်ငံများသို့ အပြည်ပြည်ဆိုင်ရာခရီးသည် ဝင်ရောက်မှုသည် လွန်ခဲ့သည့်နှစ် အနည်းငယ်ကတည်းက မြင့်တက်လာခဲ့ပြီး အာဆီယံဒေသ၏ ခရီးသွားလုပ်ငန်းသည် ပုံမှန်တိုးတက်မှုများ ရရှိလာပါသည်။ ဈေးနှုန်း သက်သာသော လေကြောင်းလိုင်းများလည်း တိုးတက်လာပြီး ဒေသတွင်းနိုင်ငံအချင်းချင်း ချိတ်ဆက်သွားလာမှုများလည်း ပိုမိုလွယ်ကူလာပါသည်။

ထိုင်းနိုင်ငံအနေဖြင့် အာဆီယံဒေသတွင်း၌ ခရီးသွားလုပ်ငန်းနှင့် ပတ်သက်၍ အဓိကအချက်အခြာနိုင်ငံ တစ်နိုင်ငံဖြစ်လာစေရန် လိုအပ်သည်များကို အဘက်ဘက်မှဖြည့်ဆည်းလျက်ရှိသည်။ ၂၀၁၆ ခုနှစ်တွင် ထိုင်းနိုင်ငံသို့ အပြည်ပြည်ဆိုင်ရာ ခရီးသည် ၃၂ ဒသမ ၆ သန်းဝင်ရောက်ခဲ့ရာ ၂၀၁၅ ခုနှစ်ထက် ကိုးရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

WTTC ထိပ်သီးအစည်းအဝေးသို့ ဗြိတိန် ဝန်ကြီးချုပ်ဟောင်း ဒေးဗစ်ကင်မရွန်း တက်ရောက်မည်ဖြစ်ကြောင်း၊ ကမ္ဘာတစ်ဝန်း ခရီးသွားလာမှုများမြင့်တက်နေချိန်တွင် WTTC ထိပ်သီးဆွေးနွေးပွဲကို လက်ခံကျင်းပခြင်းသည် နိုင်ငံ၏ ခရီးသွားလုပ်ငန်းကို အလွန် အကျိုးရှိစေမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ခရီးသွားစုစုပေါင်း ၁ ဒသမ ၂ ဘီလီယံရှိသည့်အနက် ၅၈ ရာခိုင်နှုန်းသည် ဗီဇာ ရရှိရေးအတွက် အခက်အခဲမျိုးစုံနှင့်ရင် ဆိုင်နေရဆဲဖြစ်ကြောင်း၊ ထိုင်းနိုင်ငံသည် အီးဗီဇာစနစ်ကို ၂၀၁၈ ခုနှစ်တွင် စတင်ကျင့်သုံးမည်ဖြစ်သော်လည်း ၎င်း၏ဗီဇာစနစ်သည် ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ရန် လိုအပ်နေဆဲဖြစ်ကြောင်း၊ CLMV နိုင်ငံများ၏ ခရီးသွားဆိုင်ရာ အခြေခံအဆောက်အအုံကို အဆင့်မြှင့်တင်ရန် လိုအပ်ကြောင်း WTTC ၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် Mr. David Scowsill က ပြောကြားခဲ့ပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ၂၀၁၇ ခုနှစ်တွင် ပြည်ပပို့ကုန်မှ အမေရိကန်ဒေါ်လာ ၁၈၈ ဘီလီယံရရှိရန် ဗီယက်နမ်နိုင်ငံလျာထား

ဗီယက်နမ်နိုင်ငံ အနေဖြင့် ၂၀၁၇ ခုနှစ်အတွက် ပြည်ပပို့ကုန်မှ အမေရိကန်ဒေါ်လာ ၁၈၈ ဘီလီယံ ရရှိရန် လျာထားကြောင်း ဗီယက်နမ်နိုင်ငံစက်မှုနှင့် ကုန်သွယ်ရေး ဝန်ကြီးဌာနမှ ပြောကြားချက်အရ သိရှိရသည်။

အာဆီယံစီးပွားရေး အသိုက်အဝန်းတွင် ပါဝင်မှုကြောင့် ဗီယက်နမ်နိုင်ငံသည် ပို့ကုန်ဈေးကွက်များ တိုးချဲ့ခြင်းနှင့် ယှဉ်ပြိုင်မှုများမြင့်တက်ခြင်းစသည့် အခွင့်အလမ်းများနှင့် အတူ လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက်များအား အကောင်အထည်ဖော်မှုနှင့် အခြားနိုင်ငံများမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဗီယက်နမ်နိုင်ငံသို့ ရွှေ့ပြောင်းလာမှုကြောင့် ၂၀၁၇ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၏ ပို့ကုန်သွင်းကုန် ကုန်သွယ်မှုပမာဏ ဆက်လက် မြင့်တက်နေမည်ဟု ဗီယက်နမ်နိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၁၇ ခုနှစ်၌ အမျိုးသား ပို့ကုန်မြှင့်တင်ရေး အစီအစဉ်အရ ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာ စီမံချက် ၁၉၉ ခုအတွက် အမေရိကန်ဒေါ်လာ ၄ ဒသမ ၁ သန်းဖိုး သုံးစွဲသွားမည်ဖြစ်ကြောင်း၊ အဆိုပါအစီအစဉ်သည် ဗီယက်နမ်နိုင်ငံနှင့် လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်များ လက်မှတ်ရေးထိုးထားသည့် နိုင်ငံများနှင့် ပို့ကုန်ဈေးကွက်တိုးချဲ့သွားရန်နှင့် ပြည်တွင်းဈေးကွက်များ (အထူးသဖြင့် ကျေးလက်နှင့် တောင်ထူထပ်သည့် ဒေသများ)တွင် “ဗီယက်နမ်နိုင်ငံသားများ ဗီယက်နမ်နိုင်ငံ ထုတ်ကုန် ပစ္စည်းများအသုံးပြုမှု (Vietnamese use made in Vietnam goods) အစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန် ရည်ရွယ်ထားကြောင်း သိရှိရသည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၁၆ ခုနှစ်တွင် ကုန်သွယ်မှုပို့ငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၈ ဘီလီယံ ရရှိခဲ့ကြောင်း သိရှိရသည်။

**စန္ဒာထွန်း (TTI)**

## မြန်မာမှုဂိမ်းများကို လူငယ်များ ကြိုက်နှစ်သက်မှု မြင့်တက်လာ

MyPlay ကုမ္ပဏီမှတီထွင်ထုတ်လုပ်လျက်ရှိသော မြန်မာမှုဂိမ်းများကို ကစားသူများလာကြောင်း MyPlay ကုမ္ပဏီ၏ စစ်တမ်းထုတ်ပြန်ချက်အရ သိရသည်။ မြန်မာမှုဂိမ်းများကို ၂၀၁၇ ခုနှစ်အတွင်း အသက် ၂၀မှ ၃၀ကြား လူငယ်အများစု၏စိတ်ဝင်စားမှု မြင့်တက်လာခြင်းဖြစ်သည်။

ဂိမ်းကစားသူ ကိုဝေလင်းအောင်က “ကျွန်တော်ကတော့ နိုင်ငံခြားဂိမ်းတွေလည်းကစားဖြစ်ပါတယ်။ နောက်ပိုင်းဇာတ်လမ်းသွားပုံစံပါတဲ့ မြန်မာဂိမ်းတွေကို ကစားဖြစ်လာတယ်။ မြန်မာဂိမ်းတွေ အခုထက်ပိုပြီးတော့ တိုးတက်လာမယ်လို့ မျှော်လင့်ထားပါတယ်” ဟု ပြောကြားခဲ့သည်။

မြန်မာမှုဂိမ်းကိုအများစုက ကြိုက်နှစ်သက်ခဲ့ပြီး တစ်ဦးထဲရှိနေချိန် ၆နာရီအထက်ကစားခဲ့ကြောင်း သိရသည်။

MyPlay မှ တီထွင်ထုတ်လုပ်ထားသည့် ဂိမ်းများအားလုံး၏ user အရေအတွက်မှာ ကိုးသိန်းကျော်အထိရှိခဲ့ပြီး တစ်ရက်လျှင် ပုံမှန်ကစားသူ user အရေအတွက်မှာ နှစ်သောင်းကျော်ရှိလာခဲ့ကြောင်း သိရသည်။

“Online ကစားသူတွေက ၂၀၁၇ မှာ သိသိသာသာ တိုးတက်လာတယ်။ MyPlay အနေနဲ့ ၂၀၁၇အတွင်း Rage of Rama full version ကို ထုတ်မှာပါ။ လမ်းမတော်ဖိုးတုတ်ဆိုတဲ့ ဂိမ်းကိုလည်း ထုတ်ဖို့ရှိပါတယ်။ ဂိမ်းကို အကောင်းဆုံးဖြစ်အောင်လုပ်ဆောင်နေပါတယ်။ ရုပ်ထွက်ပိုင်းနဲ့မြေပုံကို ကိုလိုနီခေတ် ရန်ကုန်၊ မန္တလေးပုံစံပြုလုပ်သွားမှာ ဖြစ်ပါတယ်”ဟု MyPlay ကုမ္ပဏီမှ Operation Manager ကိုစိုင်းပြည့်ဖြိုးဟန်က ပြောကြားသည်။

MyPlay မှ ထုတ်လုပ်ထားသော ဆိုက်ကားဆရာငပိန်မှာ လူသိများခဲ့ပြီး ဂျပန်နိုင်ငံတွင် ပြုလုပ်ခဲ့သော 2016 Tokyo Show တွင် ဆုရရှိခဲ့သည်။ မြန်မာလူငယ်များဖြင့် ဖွဲ့စည်းထားသည့် MyPlayကုမ္ပဏီသည် ရာမဇာတ်တော်ကို အခြေခံထားသော Rage of Rama နှင့် လမ်းမတော်ဖိုးတုတ်ဂိမ်းများကို ဆက်လက်၍ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **မယ်သီတာ**

# ခါတ်ဆီ/ဒီဇယ်

## ဓာတ်ဆီ၊ ဒီဇယ် တန်ချိန်စုစုပေါင်း ၆၀၀၀၀ နီးပါးဝင်

ဖေဖော်ဝါရီ ၅ ရက်မှ ၁၁ ရက်အထိသီတင်းပတ်အတွင်း ကန်ဒေါ်လာ ၂၁၀၁၃၇၉၉ တန်ဖိုးရှိ ဒီဇယ်၄၄၄၄၂ဒသမ ၄၉၂ တန်နဲ့ ကန်ဒေါ်လာ၆၇၇၅၅၈၀ တန်ဖိုးရှိဓာတ်ဆီ ၁၂၆၄၄ ဒသမ ၀၆၇ တန်၊ စုစုပေါင်း ၅၇၀၈၆ ဒသမ ၅၅၉ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ် ဒီဇယ်တင်သွင်းတန်ချိန် ၇၉၀၀၀ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၃၄၆၀၀ ကျော်အဝင် လျော့ခဲ့ပြီး ယခင်သီတင်းပတ်ဓာတ်ဆီ တင်သွင်းတန်ချိန် ၁၂၅၀၀ ကျော်နဲ့နှိုင်း ယှဉ်ရင် ဓာတ်ဆီတန်ချိန်၁၄၀ကျော် အဝင်ပိုခဲ့ပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဓာတ်ဆီအဝင်ပိုပြီး ဒီဇယ်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

နယ်စပ်စခန်းများဖြစ်တဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဒီဇယ်တန်ချိန် ၂၀၀၀ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ မြိတ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၈၆၉၁၃၀ တန်ဖိုးရှိ ဒီဇယ်၁၇၄၀တန်၊ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၈၅၁၄၉၉ တန်ဖိုးရှိ ဒီဇယ်၁၇၅၉ ဒသမ ၀၃၆တန်နဲ့ ကန်ဒေါ်လာ ၇၈၄၈၀၂ တန်ဖိုးရှိ ဓာတ်ဆီ ၁၃၆၀ တန်၊ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၁၂၈၇၀ တန်ဖိုးရှိ ဓာတ်ဆီ ၂၁တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဓာတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ အောက်တိန်း (95)နဲ့ (92)ဈေးအနည်းငယ် မြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ဒီဇယ် ၇၂၅ကျပ်၊ အောက်တိန်း (92) ၇၃၅ကျပ်၊ အောက်တိန်း (95) ၇၇၅ ကျပ်၊ အဆင့်မြင့် ဒီဇယ် ၇၄၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဖေဖော်ဝါရီ ၁၃ရက်မှာ ဒီဇယ် ဝယ်ဈေး ကျပ် ၁၄၀၀၀၀၊ ရောင်းဈေး ကျပ် ၁၄၅၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ၁၅ ရက်တွင် ဝယ်ဈေး ကျပ် ၁၄၂၀၀၀၊ ရောင်းဈေး ကျပ် ၁၄၇၀၀၀ နဲ့ အရောင်း အဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။ ဖေဖော်ဝါရီ ၁၃ ရက်မှာ ဓာတ်ဆီဝယ်ဈေး ကျပ် ၁၄၈၀၀၀၊ ရောင်းဈေး ကျပ်၁၅၃၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ဖေဖော်ဝါရီ ၁၆ ရက်တွင် ဝယ်ဈေး ကျပ်၁၅၁၀၀၀၊ ရောင်းဈေး ကျပ် ၁၅၆၀၀၀နဲ့ အရောင်း အဝယ် ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့နှိုင်းယှဉ်ရင် ဒီဇယ်ရောဓာတ်ဆီပါ ဈေးအနည်းငယ်မြင့်ခဲ့တယ်လို့ သိရပါတယ်။ပြင်ပလက်လီ တစ်ဂါလံဈေးများမှာ ဒီဇယ်တစ်ဂါလံ ကျပ်၃၁၀၀၊ ဓာတ်ဆီတစ်ဂါလံကျပ်၃၂၀၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် ဓာတ်ဆီ၊ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးငြိမ်ခဲ့တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ဓာတ်ဆီ တစ်လီတာ ၆၄၅ကျပ်၊ ဒီဇယ် ကျပ် ၇၁၀၊အဆင့်မြင့်ဒီဇယ် ၇၅၅ကျပ်၊ အောက်တိန်း (92) ၇၅၅ကျပ် နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ပီပါ ဈေးများမှာ ဖေဖော်ဝါရီ ၁၃ရက် မှာ ဒီဇယ် ဝယ်ဈေး ကျပ်၁၄၇၀၀၀၊ ရောင်းဈေး ကျပ် ၁၅၀၀၀၀နဲ့ အရောင်း အဝယ်ဖြစ်ခဲ့ရာ ၁၄ ရက်တွင် ဝယ်ဈေး ကျပ်၁၄၈၀၀၀၊ ရောင်းဈေးကျပ် ၁၅၂၀၀၀ နဲ့ အရောင်း အဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေးမှာ ဖေဖော်ဝါရီ ၁၃ ရက်တွင် ဝယ်ဈေး ကျပ် ၁၃၈၀၀၀၊ ရောင်းဈေးကျပ် ၁၄၃၀၀၀ နဲ့အရောင်းအဝယ် ဖြစ်ခဲ့ရာ တစ်ပတ်လုံးဒီဈေးနဲ့အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ပြင်ပ လက်လီဆိုင်များရဲ့ တစ်ဂါလံဈေးမှာ ဒီဇယ် ကျပ်၃၂၀၀၊ ဓာတ်ဆီ ကျပ်၃၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ် ဓာတ်ဆီ၊ ဒီဇယ်နဲ့အောက်တိန်းမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကဆိုင်မှာ ရောင်းချ နေတဲ့ တစ်ဂါလံ ဈေးများမှာ ဓာတ်ဆီ ကျပ် ၃၃၀၀၊ ဒီဇယ် ၃၃၇၅ ကျပ်၊ အောက်တိန်း ကျပ် ၃၄၂၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပ လက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလံ ကျပ် ၃၃၀၀၊ ဒီဇယ် တစ်ဂါလံ ကျပ်၃၄၀၀၊ အောက်တိန်း တစ်ဂါလံကျပ် ၃၄၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**MIRT-DOT**

## အတက်အကျများဖြင့် ပြည်တွင်း ငွေလဲနှုန်းများ မငြိမ်မသက်ဖြစ်နေ

ယခုရက်သတ္တပတ်အတွင်း ပြည်တွင်းငွေလဲနှုန်းများသည် အတက်အကျများ ရှိခဲ့ကာ မငြိမ်မသက်ဖြစ်နေခဲ့ကြောင်း ငွေလဲဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ပြီးခဲ့သည့်ရက်သတ္တပတ်က ပြန်လည်မြင့်တက်ခဲ့သည့် ပြည်တွင်းငွေလဲနှုန်းများသည် ယခုတစ်ပတ်တွင်မူ အတက်အကျများ ရှိနေခဲ့ခြင်းကြောင့် အရောင်း အဝယ် အနည်းငယ်အေးသွားခဲ့ကြောင်း သိရသည်။

"ဒီတစ်ပတ်ထဲမှာ ငွေလဲနှုန်းက ကျမလိုလိုနဲ့ ပြန်တက်လာတာ။ ပိုဆိုးတာက အတက်အကျတွေ များနေတာပါ။ အဲဒီလို အတက်အကျတွေ များနေတော့ ဈေးကွက်ထဲမှာ အရောင်းအဝယ်ကအေးသွားတယ်။ တစ်ဒေါ်လာကို ရောင်းဈေး၁၃၆၁ ကျပ်အထိကျသွားပြီးမှ ၁၃၆၅ ကျပ်အထိ ပြန်ပြီးတက်လာတယ်။ ဈေးမငြိမ်တဲ့ အတွက် အရောင်းအဝယ်လုပ်ရတာ မကောင်းဘူး"ဟု ငွေလဲစင်တာတစ်ခုတွင် အရောင်းအဝယ်ပြုလုပ်နေသူတစ်ဦးက ပြောကြားခဲ့သည်။

ငွေလဲစင်တာများတွင် ဖေဖော်ဝါရီ ၁၃ ရက်က အမေရိကန်တစ်ဒေါ်လာလျှင် ရောင်းဈေး ၁၃၆၉ ကျပ်၊ ဝယ်ဈေး ၁၃၆၅ ကျပ်ရှိခဲ့ပြီး ဖေဖော်ဝါရီ ၁၅ရက်တွင် ရောင်းဈေး ၁၃၆၁ ကျပ်၊ ဝယ်ဈေး ၁၃၅၈ ကျပ်သို့ ကျဆင်းခဲ့သည်။ ဖေဖော်ဝါရီ ၁၇ ရက်တွင် ရောင်းဈေး ၁၃၆၅ ကျပ်၊ ဝယ်ဈေး ၁၃၆၂ကျပ်သို့ ပြန်လည်မြင့်တက်လာခဲ့သည်။

**မယ်သီတာ**

## ပြည်တွင်းရွှေဈေး ကျပ်ကိုးသိန်းနားအထိ ရောက်ရှိလာသော်လည်း အရောင်းအဝယ်အေး

ယခုတစ်ပတ်တွင် ပြည်တွင်းရွှေဈေးသည် ကျပ်ကိုးသိန်းနားအထိရောက်ရှိလာသော်လည်း အရောင်းအဝယ်မှာ အေးနေကြောင်း ရွှေကုန်သည်များထံမှ သိရသည်။ ကမ္ဘာ့ရွှေဈေးမြင့်တက်မှုများကြောင့် ပြည်တွင်းရွှေဈေးမြင့်တက်လာရခြင်း ဖြစ်သော်လည်း ပြည်တွင်းရွှေကုန်သည်များအနေဖြင့် အခွန်ကိစ္စကြောင့် ဈေးမြင့် တက်မည်ကို မျှော်လင့်နေကြသဖြင့် အရောင်းအဝယ်များအေးနေခြင်းဖြစ်ကြောင်း သိရသည်။

"ဈေးကွက်ထဲမှာ ရွှေဈေးက တစ်နေ့တစ်နေ့ အတက်ပဲမြင်နေရတယ်။ ကမ္ဘာ့ရွှေဈေးက တက်လိုက်၊ ပြည်တွင်းငွေလဲနှုန်းက တက်လိုက်နဲ့၊ ရွှေဈေးက အတက်ဘက်ကိုပဲ ဦးတည်နေတယ်။ ရွှေ ဈေးက တစ်နေ့တစ်နေ့ မြင့်တက်နေတဲ့ အတွက်ရွှေစုသူတွေအနေနဲ့ဈေးကောင်းရဖို့ပဲ မျှော်နေကြတယ်။ ဈေးကောင်း ရမှ ထုတ်ရောင်းကြမှာဖြစ်တဲ့အတွက် ဈေးကောင်းကို စောင့်နေပြီး ထုတ်မရောင်းကြတော့ဘူး။ ဒါကြောင့် ဈေးသာတက်နေတာ အရောင်းအဝယ်က အရင်လိုမကောင်းတော့ဘူး"ဟု ရွှေကုန်သည် ဦးစံမြင့်က ဆိုသည်။

ပြည်တွင်းရွှေဈေးသည် ဖေဖော်ဝါရီ ၁၃ ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၈၉၀၀၀၀ ရှိခဲ့ရာမှ ဖေဖော်ဝါရီ ၁၇ ရက်တွင် ကျပ် ၈၉၄၀၀၀သို့ မြင့်တက်ခဲ့သည်။ ကမ္ဘာ့ရွှေဈေးသည် ဖေဖော်ဝါရီ၁၃ ရက်က ၁၂၃၁ ဒေါ်လာ ရှိခဲ့ပြီး ဖေဖော်ဝါရီ ၁၇ ရက်တွင် ၁၂၃၈ ဒေါ်လာသို့ မြင့်တက်ခဲ့သည်။

**မယ်သီတာ**

## အစုရှယ်ယာဈေးနှုန်းများ ငြိမ်သက်လျက်ရှိ

ယခုတစ်ပတ်တွင် အစုရှယ်ယာ ဈေးနှုန်းများ ငြိမ်သက်လျက်ရှိနေကြောင်း YSX ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

YSX တွင် စာရင်းတင်ထားသည့် ကုမ္ပဏီလေးခုအနက် FMI ၏အစုရှယ်ယာတစ်စုသာလျှင် ကျပ် ၁၅၀၀၀ သို့ ရောက်ရှိခဲ့ပြီး အရောင်းအဝယ်ပမာဏလည်း များပြားခဲ့သည်။

ကျန်အစုရှယ်ယာများ၏ဈေးနှုန်းများမှာ ဈေးငြိမ်ပြီး အရောင်းအဝယ် ဖြစ်လျက်ရှိသည်။

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက ရှယ်ယာများကို ငွေမလိုပါက ရောင်းချခြင်း မပြုရန် ပထမပုဂ္ဂလိကဘဏ်ကကြေညာချက်တစ်ရပ်ထုတ်ပြန်ပြီးနောက် ပထမပုဂ္ဂလိကဘဏ်၏အစုရှယ်ယာဈေးနှုန်း ကျပ် ၃၁၀၀၀ ဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း သိရသည်။

ယခုတစ်ပတ်တွင် MTSH ၏ အစုရှယ်ယာတစ်စုလျှင် ကျပ် ၄၁၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

MCB ၏ အစုရှယ်ယာများမှာ အရောင်းအဝယ်မဖြစ်သည့် နေ့များပင် ရှိခဲ့ပြီး ရှယ်ယာဈေးနှုန်းမှာလည်း အစုရှယ်ယာတစ်စုလျှင် ကျပ် ၉၀၀၀ ရှိခဲ့သည်။

**မယ်သီတာ**

## Currency Exchange Rate

February 17, 2017
Base Currency is
United States Dollar - USD

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.30 |
| BDT Bangladesh Taka | 80.09 |
| CAD Canada Dollars | 1.31 |
| CNY China Yuan Renminbi | 6.87 |
| EUR Euro | 0.94 |
| H KDHong Kong Dollars | 7.76 |
| I NR India Rupees | 67.05 |
| I DR Indonesia Rupiahs | 13331.02 |
| JPY Japan Yen | 113.41 |
| MYR Malaysia | 4.46 |
| PKR Pakistan Rupees | 104.72 |
| PHP Philippines Pesos | 49.98 |
| RUB Russia Rubles | 57.60 |
| SGD Singapore Dollars | 1.42 |
| KRWSouth Korea Won | 1145.46 |
| LKR Sri Lanka Rupe | 150.47 |
| THB Thailand Baht | 34.99 |
| GBP United Kingdom Pounds | 0.79 |
| VND VietnamDon | 22764.00 |

*Source:xe.com*

## World Gold Price

February, 2017 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 13 | 1227 | 1229 | 1229 |
| 14 | 1226 | 1228 | 1228 |
| 15 | 1223 | 1224 | 1224 |
| 16 | 1230 | 1232 | 1233 |
| 17 | 1236 | 1236 | 1238 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 13-2- 2017 | 887.50 | 887.70 |
| 14- 2-2017 | 890.00 | 887.60 |
| 15-2- 2017 | 886.50 | 886.40 |
| 16-2 -2017 | 890.50 | 890.10 |
| 17-2- 2017 | 894.00 | 893.50 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဖေဖော်ဝါရီလ ၂၀၁၇ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 13 | 6 .88 | 35.11 | 80.05 | 66.99 |
| 14 | 6. 87 | 35.00 | 79.11 | 66.94 |
| 15 | 6 .87 | 35.03 | 80.10 | 66.95 |
| 16 | 6 .86 | 35.00 | 79.79 | 66.94 |
| 17 | 6.87 | 34.99 | 80.09 | 67.05 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 13- February | 17.93 | 3008.77 | 1888.54 | 6256.10 | 1006.00 |
| 14- February | 17.77 | 3015.26 | 1912.51 | 6225.86 | 998.00 |
| 15- February | 17.83 | 2976.74 | 1918.11 | 6114.98 | 994.00 |
| 16- February | 17.92 | 2933.28 | 1930.66 | 6099.07 | 1009.00 |
| 17- February | 18.00 | 2881.98 | 1906.69 | 6056.96 | 1010.00 |

Source:kitco.com

## Energy NYMEX 17-2-2017

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 53.44 | 0.09 | 0.15 |
| Brent Crude Futr (USD/bbl) | 55.76 | 0.11 | 0.20 |
| Gasoline Rbob Fut (Cent/gal) | 152.03 | -0.44 | -0.29 |
| Natural Gas Futr (USD/MMBtu) | 2.85 | -0.00 | -0.11 |
| Heating Oil Futr (Cent/gal) | 162.89 | -0.02 | -0.01 |

## ဘိလပ်မြေ

### ဘိလပ်မြေတန်ချိန် ၆၀၀ နီးပါးသာဝင်

ဖေဖော်ဝါရီ ၅ ရက်မှ ၁၁ရက်အထိ သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၉၆၈၆၈ တန်ဖိုးရှိဘိလပ်မြေ ၅၉၃ ဒသမ ၆၀၄ တန်ကိုပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ကိုရီးယားနိုင်ငံမှ သုည ဒသမ ၁၀ တန်၊ မလေးရှားနိုင်ငံမှ သုည ဒသမ ၅၀တန်နဲ့ ထိုင်းနိုင်ငံမှ ၅၉၃ ဒသမ၀၀၄ တန် တင်သွင်းခဲ့ပါတယ်။ တင်သွင်းခဲ့တဲ့ တံဆိပ်များမှာ တီပီအိုင်၊ အက်စ်စီဂျီ၊ စိန်နဲ့အခြားတံဆိပ်များဖြစ်တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် တင်သွင်းခဲ့တဲ့တန်ချိန် ၁၅၉၃၀ ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၁၅၄၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

### ဘိလပ်မြေဈေးကွက်အရောင်းသွက်

ဖေဖော်ဝါရီ ၅ ရက်မှ ၁၁ ရက် အထိ သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေတန်ချိန် ၅၉၀ ကျော် ဝင်ရောက်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်က ဝင်ရောက်ခဲ့တဲ့ တန်ချိန် ၁၅၉၀၀ နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၁၅၄၀၀ ကျော် အဝင်လျော့ခဲ့ပါတယ်။ ဒီတစ်ပတ် နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၂၉၂၅၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၂၅၆၅၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၃၆၀၀ ကျော် အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှအဝင်လျော့ခဲ့ပြီး နယ်စပ်လမ်းမှ ဘိလပ်မြေ အဝင်ပိုခဲ့ပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဘိလပ်မြေ အရောင်းအဝယ်သွက်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဆင်တံဆိပ်ဘိလပ်မြေက ဈေးအနည်းငယ်မြင့်ပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်း အဝယ်ဖြစ်နေတဲ့ အထိုင်ဈေးမှာ ဆင်(ထိုင်း)ကျပ် ၅၉၀၀၊ စိန်(ထိုင်း) ကျပ်၅၇၀၀၊ မော်လမြိုင် ဆင် ကျပ် ၅၄၀၀၊ ကြံ့နှစ်ကောင်(နီ) ကျပ် ၅၃၀၀၊ ကြံ့နှစ်ကောင်(စိမ်း) ကျပ် ၅၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘုရင့်နောင်ပွဲရုံတန်းအိမ်ဆောက် ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်ခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင် (ထိုင်း) ၅၃၇၅ ကျပ်၊ စိန်(ထိုင်း)၅၃၇၅ ကျပ် ၊ ကြံ့(မြိုင်ကလေး) ကျပ် ၄၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**တောင်ကြီးဘိလပ်မြေဈေးကွက်မှာ** ပွင့်လင်းရာသီဥတုကြောင့် အရောင်းအဝယ်သွက်ပြီး ဒီတစ်ပတ်မှာလည်း ဈေးငြိမ်နေတယ်လို့သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း) ကျပ်၆၄၀၀၊ အပါချီ ကျပ် ၄၂၀၀၊ ကမ္ဘောဇ ကျပ် ၄၂၀၀၊ နဂါး ကျပ် ၄၅၀၀၊ ဆင်(ထိုင်း) ကျပ် ၆၃၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အပါချီကဈေးအနည်းငယ်မြင့်ခဲ့ပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ဈေးကွက်ထဲအရောင်းအဝယ် ဖြစ်နေတဲ့ ဈေးမှာ အပါချီ ကျပ်၄၇၅၀၊ ဆင်(ထိုင်း) ကျပ် ၅၆၀၀၊ ကြံ့ ကျပ်၄၇၅၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

သီတာဝင်း (DOT) စုစည်းသည်

## ဓာတ်မြေသြဇာ

### မြေသြဇာတန်ချိန် ၃၀၀၀ နီးပါးဝင်

ဖေဖော်ဝါရီ ၅ ရက်မှ ၁၁ ရက်အထိ သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၈၃၄၃၆၃ တန်ဖိုးရှိ မြေသြဇာ ၂၈၈၇ဒသမ၅၆၇တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် မလေးရှားနိုင်ငံမှ ၇၅တန်၊ ထိုင်းနိုင်ငံမှ ၉၀၅ ဒသမ ၈၀ တန်၊ အစ္စရေးနိုင်ငံမှ ၁၀၅တန်၊ တရုတ်နိုင်ငံမှ ၅၈၀ ဒသမ ၁၈၃ တန်၊ ဂျာမနီနိုင်ငံမှ ၂ ဒသမ ၀၈ တန်၊ အီရန်နိုင်ငံမှ ၂၁၁ တန်၊ ဂျပန်နိုင်ငံမှ ၈ ဒသမ ၅၀၄ တန်နဲ့ အင်ဒိုနီးရှားနိုင်ငံမှ တန်ချိန် ၁၀၀၀ မှာယူတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ ကွန်ပေါင်း၊ ဓာတ်ဆား၊ ဖလော်ရာ၊ ယူရီးယားနဲ့ နိုက်ထြိုဂျင်တို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်တင်သွင်း တန်ချိန် ၃၁၆၀ ကျော်နဲ့နှိုင်းယှဉ်ရင် ယခုတစ်ပတ်မှာ တန်ချိန် ၂၇၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

### မြေသြဇာဈေးကွက် အရောင်းအေး

ဖေဖော်ဝါရီ ၅ ရက်မှ ၁၁ ရက် အထိသီတင်းပတ်အတွင်း ပြည်တွင်းသို့ ရေလမ်းမှ မြေသြဇာ တန်ချိန် ၂၈၈၀ ကျော် အဝင်ရှိခဲ့ပြီး ယခင်သီတင်းပတ်က တန်ချိန် ၃၁၆၀ ကျော်ဝင်ခဲ့တာကြောင့် ဒီတစ်ပတ် မှာ တန်ချိန် ၂၇၀ ကျော်တင်သွင်းမှုလျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ် မြေသြဇာအဝင်မှာ တန်ချိန် ၁၆၁၁၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၇၈၅၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၈၂၆၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေကြောင်းလမ်းမှ အဝင်လျော့ခဲ့ပြီး နယ်စပ်လမ်းမှမြေသြဇာ အဝင်ပိုခဲ့ပါတယ်။

ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်နဲ့ မန္တလေးမှာ အရောင်းအေးပြီး ရန်ကုန်နဲ့ တောင်ကြီးမှာ အရောင်းပုံမှန်ရှိတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ် အရောင်းအဝယ်အေးသလို ဈေးလည်းငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာပုလဲ-အသေး ၄၆%(ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်-တရုတ်) ကျပ် ၂၁၂၀၀၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ကျပ် ၃၅၀၀၀၊ ကွန်ပေါင်း (ပန်းရောင်) ကျပ်၃၀၀၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ် ၂၁၀၀၀၊ တီစူပါ ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၀၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** ဒီတစ်ပတ်အရောင်းအေးပြီး ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား(ရွှေတောင်-တရုတ်) ကျပ် ၂၂၃၀၀၊ ယူရီးယား(ပန်းဖူး-တရုတ်) ကျပ် ၂၃၀၀၀၊ တီစူပါ(၄၆%-တရုတ်) ကျပ် ၂၀၀၀၀၊ မြှားသီးစုံ ကျပ်၁၄၃၀၀၊ ပန်းသီးစုံကျပ်၁၅၀၀၀၊ ကွန်ပေါင်း ၁၀း၁၀း၅ ကျပ် ၁၄၂၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဒီတစ်ပတ် အရောင်းအေးပြီးဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၂၃၀၀၀၊ ယူရီးယား(ရွှေတောင်-တရုတ်) ကျပ် ၂၃၀၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၄၅၀၀၊ တီစူပါ ၂၀% (တရုတ်) ကျပ် ၁၃၀၀၀ ၊ ပိုးသတ်ဆေး ကျပ် ၁၉၀၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၇၅၀၀ ၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၆၀၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၄၀၀၀၊ ပိုတက်(တရုတ်) ကျပ် ၂၃၅၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၁၈၅၀၀ ၊ မြှားကမ္ဘာ ကျပ် ၁၆၀၀၀ ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** မြေသြဇာ အရောင်းအဝယ်အေးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ယူရီးယားနဲ့ တီစူပါက ဈေးနည်းနည်းမြင့်ပြီး အာမို ၁၀း၁၀း၅ က ဈေးနည်းနည်းလျော့ကာ ကျန်မြေသြဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ မြှားကမ္ဘာ-တရုတ်(၁၂း၁၃)အပြာကျပ် ၁၆၀၀၀၊ ဆင် ၁၀း၁၀း၅ ကျပ် ၁၅၇၀၀၊ သီးစုံ (ဝါစိမ်းပြာ) ကျပ် ၁၅၅၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၅၃၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၆၈၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၅၅၀၀၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ကျပ် ၂၃၈၀၀၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ကျပ် ၂၂၅၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၈၂၀၀၊ တီစူပါ ကျပ် ၂၁၀၀၀၊ တောင်သူမ ကျပ် ၁၅၇၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ /နို့မှုန့်

### ဒီတစ်ပတ် နို့ဆီတန်ချိန် ၂၀၀ နီးပါးသာဝင်

ဖေဖော်ဝါရီ ၅ ရက်မှ ၁၁ရက်အထိသီတင်းပတ်အတွင်း ကန်ဒေါ်လာ ၂၂၄၂၂၈ တန်ဖိုးရှိ နို့ဆီ ၁၉၈ ဒသမ ၄၃၂ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာတော့ မလေးရှားနိုင်ငံမှ နို့ဆီတစ်မျိုးသာ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် တင်သွင်း တန်ချိန် ၃၀၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၁၀၀ ကျော် အဝင်လျော့ခဲ့ပါတယ်။

နို့မှုန့်ကဒီတစ်ပတ်မှာ တင်သွင်းမှုမရှိခဲ့ဘူးလို့ သိရပါတယ်။ နယ်စပ်စခန်းဖြစ်တဲ့ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၂၇၀ တန်ဖိုးရှိနို့ဆီ သုည ဒသမ ၃၀ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။



### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၄/၂ မှ ၁၀/၂ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၀/၁ မှ ၃/၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၄၄၇.၂၅ | ၁၄၅.၀၀ | (+) | ၃၀၂.၂၅ |
| ၂။ | လွယ်ဂျယ် | ၈၇၄.၀၀ | ၃၈၅.၀၀ | (+) | ၄၈၉.၀၀ |
| ၃။ | ချင်းရွှေဟော် | ၃၄၅.၂၅ | ၁၀၄.၇၅ | (+) | ၂၄၀.၅၀ |
| ၄။ | ကန်ပိုက်တီး | ၄၂၀၆.၀၀ | ၂၇၉၆.၀၀ | (+) | ၁၄၁၀.၀၀ |
| ၅။ | တာချီလိတ် | ၉၇၅၀.၀၀ | ၁၀၅၀၀.၀၀ | (-) | ၇၅၀.၀၀ |
| ၆။ | မြဝတီ | ၁၄၃၇.၃၅ | ၆၅၈.၁၀ | (+) | ၇၇၉.၂၅ |
| ၇။ | ကော့သောင်း | ၁၁၃၀၀.၀၀ | ၇၈၉၀.၀၀ | (+) | ၃၄၁၀.၀၀ |
| ၈။ | မြိတ် | ၉၀၀.၀၀ | ၃၁၇၅.၀၀ | (-) | ၂၂၇၅.၀၀ |
| | စုစုပေါင်း | ၂၉၂၅၉.၈၅ | ၂၅၆၅၃.၈၅ | (+) | ၃၆၀၆.၀၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၄/၂ မှ ၁၀/၂ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၈/၁ မှ ၃/၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၂၂၉.၈၅၀ | ၃၁၈၇.၆၅၀ | (+) | ၉၀၄၁.၂၀၀ |
| ၂။ | လွယ်ဂျယ် | ၆၅.၀၀၀ | ၃၅.၂၀၀ | (+) | ၂၉.၈၀၀ |
| ၃။ | ချင်းရွှေဟော် | ၁၅၆၈.၀၀၀ | - | (+) | ၁၅၆၈.၀၀၀ |
| ၄။ | ကန်ပိုက်တီး | - | - | | - |
| ၅။ | မြဝတီ | ၆၃၂.၆၈၅ | ၂၁၃၂.၈၂၆ | (-) | ၁၅၀၀.၁၄၁ |
| ၆။ | ကော့သောင်း | ၂၂၀.၂၈၈ | ၁၀၀.၀၀၀ | (+) | ၁၂၀.၂၈၈ |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိုဒ် | ၁၄၀၀.၀၀၀ | ၂၄၀၀.၀၀၀ | (-) | ၁၀၀၀.၀၀၀ |
| | စုစုပေါင်း | ၁၆၁၁၅.၈၂၃ | ၇၈၅၅.၆၇၆ | (+) | ၈၂၆၀.၁၄၇ |

ခင်မိုးသူ

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

## နှမ်း

### ပြည်ဈေးကွက်မှာ နှမ်းဈေးမြင့်လို့ အဝင်များ

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် နှမ်းအဝယ်လိုက်လာသဖြင့် ဈေးပြန်မြင့်လာတာတွေ့ရပါတယ်။ မြန်အောင်နဲ့ ကြံခင်းဘက်မှ တစ်နေ့လျှင် အိတ် ၆၀၀ မှ ၇၀၀ခန့်ဝင်ရောက်လာသဖြင့် ယခင်တစ်ပတ်ထက် ဝင်ရောက်မှုပြန်များလာတာတွေ့ရပါတယ်။ ကုန်သည်များက ဈေးအတက်ကိုစောင့်ပြီး ရောင်းချနေ သဖြင့် ယခုတစ်ပတ်တွင် ဝင်ရောက်မှုများလာတာ တွေ့ရပါတယ်။ နှမ်းနက်နဲ့စမုံနက်နှမ်းကို မန္တလေးဝယ်လက်များက အဝယ်ရှိပြီး နှမ်းနီကို ဆီစက်များက အဝယ်ရှိသဖြင့် ဈေးမြင့်လာတာတွေ့ရပါတယ်။ ယခုတစ်ပတ်နှမ်းဈေးမှာ နှမ်းနီတစ်တင်းလျှင် ကျပ် ၂၈၃၀၀၊ နှမ်းနက်တစ်တင်းလျှင် ကျပ် ၃၃၀၀၀ နှင့်စမုံနက်နှမ်း တစ်တင်းလျှင် ကျပ် ၄၅၀၀၀ ဖြင့် ယခင်တစ်ပတ်ထက်ဈေးပိုလာတာ တွေ့ရပါတယ်။ ဈေးမြင့်လာပေမယ့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ နှမ်းဆီဈေးမှာ နှမ်းဆီရိုးရိုးတစ်ပိဿာလျှင် ကျပ် ၄၃၀၀ မှ ကျပ် ၄၄၀၀၊ နှမ်းဆီစစ်စစ် တစ်ပိဿာလျှင် ကျပ် ၅၀၀၀ရှိကြောင်း သိရှိရပါတယ်။

**ဝေဝေမင်း**

### မြဝတီကုန်သွယ်ရေးဇုန်ရော ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှပါ နှမ်းပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ဖေဖော်ဝါရီ ၄ရက်မှ ၁၀ ရက်အထိ ရက်သတ္တတစ်ပတ်တာကာလတွင် အမေရိကန်ဒေါ်လာ ၇၃၇၁၀ တန်ဖိုးရှိ နှမ်းနက် ၅၆ တန်ကျော် တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ နှမ်းနက်၂၈တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ယခုရက်သတ္တပတ်မှာ မြဝတီမှနှမ်း၂၈တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့တာ တွေ့ရပါတယ်။

အပတ်စဉ် နှမ်းတင်ပို့ခဲ့တဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းကတော့ အမေရိကန်ဒေါ်လာ သုညဒသမ ၈၉၃ သန်းတန်ဖိုးရှိ နှမ်းနက် တန် ၆၅၀ ကျော်နဲ့ နှမ်းဖြူ ၄၈ တန်ကျော် စုစုပေါင်း ၆၉၈ တန် တင်ပို့ခဲ့ပါတယ်။ ယခင် တစ်ပတ်က နှမ်းရောင်စုံ ၄၇၅တန်ကျော် တင်ပို့ခဲ့လို့ ယခုတစ်ပတ် ချင်းရွှေဟော်မှလည်း နှမ်းတန်ချိန် ၂၂၂ တန်ကျော် ပိုမိုတင်ပို့ခဲ့ပါတယ်။ မူဆယ်မှ ဖေဖော်ဝါရီ လဆန်းကတည်းက နှမ်းတင်ပို့မှု မရှိခဲ့ပေမယ့် မူဆယ်ကုန်စည်ဒိုင်ရဲ့ ဖေဖော်ဝါရီ ၄ရက်မှ၁၀ရက်အထိ နှမ်းဖြူတစ်တန်ဈေးက ၁၃၃၉၈၂၅ကျပ်နဲ့ နှမ်းနက်ဈေး ၂၃၁၃၅၃၅ ကျပ်ရှိတယ်လို့သိရပါတယ်။

**မော်မော်အောင်**

## စားအုန်းဆီ



### သုံးလအတွင်း အနိမ့်ဆုံးသို့ ရောက်ရှိခဲ့သော မလေးရှား စားအုန်းဆီဈေးနှုန်း ပို့ကုန်ကိန်းဂဏန်းများ၏ အခြေအနေတိုးတက်မှုကြောင့် ပြန်လည်ဦးမော့လာ

မလေးရှားစားအုန်းဆီ ကြိုရောင်းဈေးမှာ ဖေဖော်ဝါရီ ၁၅ ရက်က ရက်သတ္တနှစ်ပတ်အတွင်း အမြင့်ဆုံးနှုန်းသို့ ရောက်ရှိခဲ့ကြောင်း သည်စတားသတင်းတွင် ဖော်ပြသည်။

စားအုန်းဆီဈေးသည် နေ့အလိုက် နှိုင်းယှဉ်ပါက သုံးလအတွင်း အနိမ့်ဆုံးသို့ ရောက်ရှိခဲ့ပြီး နောက်ပိုင်း ပို့ကုန် ကိန်းဂဏန်းတိုးတက်လာမှုကို အကြောင်းပြု၍ ယခုကဲ့သို့ပြန်လည်မြင့်တက်လာခဲ့ခြင်းဖြစ်သည်။ ဘာဆာမလေးရှားကုန်စည်ဒိုင် (Bursa Malaysia Derivatives Exchange)တွင် ဧပြီလအတွက် ချုပ်ဆိုသော စားအုန်းဆီ အခြေခံစံထားဈေးနှုန်းမှာ သုည ဒသမ ၆ ရာခိုင် နှုန်း မြင့်တက်ပြီး တစ်တန်ကို ၃၀၆၇ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၆၈၉ ဒသမ ၆၈) နှုန်းသို့ ရောက်ရှိခဲ့သည်။ ဖေဖော်ဝါရီ ၁၅ ရက် ညနေတွင် စားအုန်းဆီရောင်းချသော ပမာဏမှာ ၂၅ တန်ရှိ အတွဲပေါင်း ၅၁၉၇၃ တွဲအထိ ရောက်ရှိခဲ့သည်။

“အမေရိကန်ပြည်ထောင်စု ဗဟိုဘဏ်က အတိုးနှုန်းများကို မြှင့်တင်ပေးမယ့် အခြေအနေနဲ့ ပို့ကုန်ကိန်းဂဏန်းများ တိုးတက်ကောင်းမွန်နေတဲ့အချိန်မှာ ရင်းဂစ်တန်ဖိုး ကျဆင်းမှုက စားအုန်းဆီဈေးကွက်ကို ထိန်းထားနိုင်ပေမယ့် ဈေးကွက်မှာတော့ ငြိမ်သက်နေဆဲဖြစ်ပါတယ်။ ဒါပေမဲ့ ဒါလီယံဈေးကွက်မှာ ပဲပုပ်ဆီဈေးကျဆင်းမှုနဲ့ ရေနံစိမ်း ဈေးကျဆင်းမှုက စားအုန်းဆီဈေးမြင့်တက်မှုကို ထိန်းချုပ်ထားပါတယ်”ဟု ကွာလာလမ်ပူ အခြေစိုက် ကြိုရောင်းကြိုဝယ် ကုန်သည်တစ်ဦးက ပြောသည်။

စားအုန်းဆီ ပြည်ပတင်ပို့မှုသည် ဖေဖော်ဝါရီ ၁ ရက်မှ ၁၅ ရက်အတွင်း ၁ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ကုန်စည်စစ်တမ်းကောက်ယူရေးအဖွဲ့ Intertek Testing Services က ပြောသည်။ ဇန်နဝါရီကာလတူနှင့် နှိုင်းယှဉ်ပါက ဖေဖော်ဝါရီ ပထမလဝက်တွင် မလေးရှားစားအုန်းဆီ ပြည်ပတင်ပို့မှုသည် ၃ ဒသမ ၆ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း အခြားကုန်စည်စစ်တမ်းကောက်ယူရေးအဖွဲ့ Societe Generale de Surveilliance ၏ အစီရင်ခံစာတွင် ဖော်ပြသည်။

“ဒီကနေ့ ဈေးကွက်အခြေအနေက ထိုင်းနေပါတယ်။ ပို့ကုန်ကိန်းဂဏန်းတွေ မြင့်တက်နေပေမယ့် ပြည်ပမှာ ဖြစ်ပေါ်နေတဲ့ အကြောင်းတရားတွေထဲမှာလည်း ဈေးကွက်ကို လှုပ်လှုပ်ရှားရှား ဖြစ်စေနိုင်လောက်တဲ့ အကြောင်းတရားတွေ မရှိဘဲ ဖြစ်နေပါတယ်” ဟု အခြားကုန်သည်တစ်ဦးက ပြောသည်။

“ဈေးကွက်ထဲမှာ စားအုန်းဆီ ဈေးနှုန်းက တစ်တန်ကို ၃၀၁၄ ရင်းဂစ်နှုန်းရှိတဲ့အတွက် စားအုန်းဆီ အမြင့်ဆုံးဈေးမှာ တစ်တန်ကို ၃၀၈၉ ရင်းဂစ်အထိ ရှိနိုင်ပါတယ်ဟု ရိုက်တာသတင်းဌာန ကုန်စည်နှင့် စွမ်းအင် စာရင်းဇယားများဆိုင်ရာ ဈေးကွက် လေ့လာဆန်းစစ်ရေးမှူး ဝမ်တောင်းက ပြောသည်။

အခြားစားသုံးဆီတစ်မျိုးဖြစ်သော ပဲပုပ်ဆီဈေး အခြေအနေကို ကြည့်ပါက ချီကာဂိုကုန်သွယ်ရေးဘုတ်အဖွဲ့(Chicago Board of Trade) တွင် မတ်အတွက် ချုပ်ဆိုသော ပဲပုပ်ဆီဈေးမှာ သုညဒသမ ၂ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင်တွင် မေလအတွက် ချုပ်ဆိုထားသောဈေးမှာ သုည ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

**ဉာဏ်တင်**

### ပြည်တွင်းဆီဈေးနှုန်းများ (၁၇-၂-၂၀၁၇) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၁၅၀ | ၂၁၅၀ | □ |
| ရန်ကုန် | ၄၆၀၀ | ၄၆၀၀ | □ | ၃၃၀၀ | ၃၃၀၀ | □ | ၁၉၇၅ | ၁၉၇၅ | □ |
| မန္တလေး | ၃၀၀၀ | ၃၀၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၂၀၅၀ | ၂၀၄၀ | ▽ |
| ပဲခူး | ၄၀၀၀ | ၄၀၀၀ | □ | ၄၈၀၀ | ၄၈၀၀ | □ | ၂၀၂၀ | ၂၀၅၀ | △ |
| မကွေး | ၄၅၀၀ | ၄၀၀၀ | ▽ | ၃၈၀၀ | ၃၈၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |
| မုံရွာ | ၃၆၀၀ | ၃၈၀၀ | △ | ၃၂၀၀ | ၃၄၀၀ | △ | ၂၀၈၀ | ၂၀၆၀ | ▽ |
| စစ်တွေ | ၆၀၀၀ | ၆၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |




### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁၇-၂-၂၀၁၇ US$/Ton

| အမျိုးအစား | ဖေဖော်ဝါရီပထမပတ် | ဖေဖော်ဝါရီဒုတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၇၆၅.၅၀ | ၇၄၅.၀၀ | ▽ |
| RBD P.Olein | ၇၆၇.၀၀ | ၇၆၀.၀၀ | ▽ |
| RBD P.Stearin | ၇၅၃.၀၀ | ၇၅၃.၀၀ | □ |

*Source: bepi.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁၇-၂-၂၀၁၇ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8°CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၇၅၂.၉၇ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၄.၃၈ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၈.၇၆ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၉.၆၃ |
| ဆီကန်သို့လှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%)/612 | ၈၄.၈၈ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၄၅.၁၈ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၆၆ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၉၁၈.၂၆၅ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၁၇-၂-၂၀၁၇နေ့ (CIF ဈေး Cloud Point 8 °C Max ၇၉၀ ဒေါ်လာနှင့် USD ဈေး ၁၃၅၈ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၁၇-၂-၂၀၁၇နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၅၈ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# ပဲစင်းငုံကပြောတယ် .....

# ကျွန်တော်တာဝန်ကျေပါတယ်



မြင့်ဦး (ပခုက္ကူ)

သီးနှံစတင်ပေါ်ခဲ့သည်မှ ယနေ့အထိ ပခုက္ကူကုန်စည်ဒိုင်မှာ ပဲစင်းငုံတစ်တင်းအနိမ့်ဆုံး ကျပ် ၂၄၀၀၀၊ အမြင့်ဆုံး ကျပ် ၂၇၀၀၀ ဈေးနဲ့ အရောင်းအဝယ်ဖြစ်နေတာကို လေ့လာတွေ့ရှိရပါတယ်။ ယခင်နှစ်အလားတူကာလဖြစ်တဲ့ ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှာ အနိမ့်ဆုံးတစ်တင်း ၄၆၉၀၀ ကျပ်၊ အမြင့်ဆုံးတစ်တင်း ကျပ် ၅၁၀၀၀၊ ဖေဖော်ဝါရီလမှာ အနိမ့်ဆုံးတစ်တင်း ၄၁၅၀၀ ကျပ်၊ အမြင့်ဆုံးတစ်တင်း ကျပ် ၄၆၀၀၀ ဈေးတွေဆိုတော့ ယခုနှစ်အနေနဲ့ ယှဉ်ကြည့်ရင် တော်တော်ကွာဟနေတာကို တွေ့ရပါတယ်။ ပဲစင်းငုံသီးနှံအကြောင်းကို လေ့လာကြည့်ရင် ယခင် လယ်ယာကိုင်းကျွန်း ဥယျာဉ်ခြံမြေထွက်ကုန်သွယ်ရေးကော်ပိုရေးရှင်းမှာ တာဝန်ထမ်းဆောင်ခဲ့စဉ်က ကိုယ့်ဌာနကဝယ်ယူခဲ့တဲ့ပစ္စည်း နိုင်ငံခြားကိုရောင်းချရင်လည်း အိန္ဒိယနိုင်ငံတစ်နိုင်ငံတည်းကိုသာ ဦးတည်ရောင်းချခဲ့ရတာမျိုးပါ။ (သူ့နိုင်ငံရောက်မှ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ်ပြုပြင်ပြီး၊ အခြားနိုင်ငံတွေကို ဆက်ပို့တာမျိုးရှိနိုင်ပါတယ်) ဆိုလိုတာက အခြားသီးနှံတွေကို နိုင်ငံအတော်တော်များများက ဝယ်ခဲ့ပေမယ့် ပဲစင်းငုံသီးနှံကတော့ အိန္ဒိယတစ်နိုင်ငံထဲကို တင်ပို့ရတာကို ပြောချင်တာပါ။ နိုင်ငံတစ်နိုင်ငံတည်းကိုသာ ဦးတည်ရောင်းချရတဲ့ ပဲစင်းငုံသူ့နိုင်ငံက စားသုံးတဲ့ လူဦးရေများပြားမှု၊ သူ့နိုင်ငံရဲ့ ရာသီအပေါ်မှာ ပျက်စီးမှု၊ အထွက်နည်းမှုဆိုတာတွေကြောင့် ဈေးကောင်းရခဲ့၊ အကျိုးအမြတ်ကောင်းကောင်းရခဲ့ဖူးလေတော့ --နောက်ထပ်ရလေ-- မြတ်လေ-- အကျိုးရှိလေဦးမလားဆိုပြီး ကိုင်ချင်၊ ဆွဲချင်၊ လှောင်ချင်ကြတယ်။ ယခင်နှစ်က အမြင့်ဆုံးအဖြစ် တစ်တင်း ကျပ် ၅၄၀၀၀ လောက်အထိ ဆွဲကိုင်လှောင်ခဲ့တဲ့ လူတွေ အထိနာခဲ့တာလည်း လောလောလတ်လတ်ပါ။ ယခုအနေအထားကတော့ သိပ် မထိရဲ၊ မတို့ရဲဘဲ ရောင်းဝယ်နေကြတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။

တစ်ခါ 'ထုတ်ကုန်လုံခြုံစိတ်ချရမှု ဈေးကွက်စောင့်ကြည့်မှုနှင့် စားသုံးသူအကာအကွယ်ပေးရေး' ဟောပြောပွဲတွေ နယ်မှာထွက်ရင် ကျောင်းတွေမှာ ကျောင်းသားတွေချည်းပဲ ပြောရတဲ့အခါရှိသလို မူလတန်းကျောင်းတွေမှာဆိုရင် မိဘတွေပါရောပေါင်းပြီး ဟောပြောတဲ့အခါ စိုက်ရေး/ပျိုးရေးထွက်ရှိမှု အကျိုးအမြတ်စတာတွေ မေးမြန်းကြတော့-- လာပြီ ဇာတ်လိုက်ကျော် ပဲစင်းငုံ - ဆရာကျွန်တော်တို့တစ်တွေ ပဲစင်းငုံဈေးကောင်းမရဘူး၊ သိပ်မကိုက်ဘူးပြောကြတယ်၊ ညည်းကြတယ်။

ဟောပြောပွဲအပြီး လူကြီးတွေနဲ့ သီးသန့်စကားဝိုင်းဖွဲ့ပြောကြတဲ့အခါ “ခင်ဗျားတို့ပြောတဲ့ ပဲစင်းငုံမကိုက်ဘူးဆိုတာ ဘာကိုပြောတာလဲ ကျွန်တော်ကိုရှင်းပြကြပါဗျာ ” ဆိုတော့ “ ဒီလိုပါ ဆရာ၊ မနှစ်က ပဲစင်းငုံတစ်တင်းကျပ် ၄၀၀၀၀ ကျော်၊ ကျပ် ၅၀၀၀၀ ကျော်ရတယ်ဗျ၊ ဒါပေမဲ့ ဒီနှစ်ကျတော့ တစ်တင်းကျပ် ၂၅၀၀၀၊ ကျပ် ၂၆၀၀၀ လောက်ပဲရတာဆိုတော့ ယခင်နှစ်ရဲ့ ထက်ဝက်ဈေးလောက်ဖြစ်နေလို့ ဘယ်ကိုက်မလဲ ဆရာ” “ဒါဖြင့် ကျွန်တော့်နဲ့ဒီကတောင်သူတွေနဲ့ ဆွေးနွေးကြည့်ရအောင်” “လုပ်ပါဆရာ ပြောပါ” “ကျွန်တော်မေးမယ် ပဲစင်းငုံသီးနှံဟာ သီးညှပ်သီးနှံလား၊ သီးထပ်သီးနှံလား” “ သီးညှပ်သီးနှံပါ” “ဒါဆိုရင် သူ့အတွက် တစ်ဧက စိုက်ပျိုးသည်မှ ထွက်ရှိသည်အထိ ဘယ်လောက် ကုန်ကျသလဲ ဥပမာ- ပဲစင်းငုံတစ်တင်းကို ဘယ်လောက်ကုန်သလဲ”ဆိုတော့ ဟို- ဟာ-ဒီလို- ဟိုလိုတွေဖြစ်ကုန်ပါတယ်။

ကျွန်တော်တို့တောင်သူတွေရဲ့ အဓိက အားနည်းချက်က တစ်ဧကတစ်တင်း ဘယ်လောက်ကုန်တယ်ဆိုတာ သေသေချာချာ သတ်သတ်မှတ်မှတ် တွက်ချက်မှုမရှိလေတော့ “ ဘယ်ဟာတော့ မပြောတတ်တော့ဘူးဆရာ ” “ကဲ-- ကျွန်တော်ပြောပြမယ် ထယ်ထိုးတယ်၊ ထွန်တယ်၊ ကြောင်းဆွဲတယ်၊ ပဲစင်းငုံအတွက်သီးသန့်လုပ်ဆောင်ရသလား ဒါမှမဟုတ် အခြားသီးနှံဖြစ်တဲ့ မြေပဲ၊ ပဲတီစိမ်း၊ နှမ်းတွေအတွက် ထယ်ထိုး၊ ထွန်၊ ကြောင်းဆွဲတာလားဆိုတော့” စဉ်းစားကြတယ်။

> ”
>
> **နိုင်ငံတစ်နိုင်ငံတည်းကိုသာ ဦးတည်ရောင်းချရတဲ့ ပဲစင်းငုံ သူ့နိုင်ငံက စားသုံးတဲ့ လူဦးရေများပြားမှု၊ သူ့နိုင်ငံရဲ့ရာသီအပေါ်မှာ ပျက်စီးမှု၊ အထွက်နည်းမှု ဆိုတာတွေကြောင့် ဈေးကောင်းရခဲ့၊ အကျိုးအမြတ် ကောင်းကောင်းရခဲ့ဖူးလေတော့ .....**

“ဟုတ်တယ် ဆရာပြောသလို ထွန်၊ ထယ်၊ ကြောင်းဆွဲတာ ပဲစင်းငုံအတွက် မပါတော့ဘူး” မျိုးဖိုး ဘယ်လောက်ကျသလဲ “တစ်ဧကကို ပင်ကြားတန်းကြားအရ မတူတော့ မတူကြပါဘူး။ တကယ်သုံးရင် မျိုးလေးပြည်၊ ခြောက်ပြည်၊ ရှစ်ပြည် အများဆုံးပါပဲဗျာ” “ပဲစင်းငုံအတွက်ထူးပြီးတော့ ပေါင်းလိုက်ခ၊ မြက်နုတ်ခ ကုန်သလား” “ဒါလည်း ထူးမကုန်ပါဘူးဆရာ တန်းကြားထွန်ထယ်လေးသွား၊ ခြောက်သွားဆိုတော့ မကုန်ပါဘူး ဆရာ“ “ဒါဖြင့် ပဲစင်းငုံ အတွက် သွင်းအားစုဖြစ်တဲ့ မြေဆီ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးအတွက် ဘယ်လောက်ကုန်သလဲ” “အဲ ခုနကဆရာကိုပြောသလို ပဲစင်းငုံအတွက် ထူးပြီး မြေဆီမထည့်ရသလို ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးလည်း ပိုမသုံးရပါဘူးဆရာရယ်၊ ချုပ်ပြောရရင် သူ့အတွက် ထူးကုန်တာဆိုလို့ မျိုးစေ့လေးပြည်၊ ခြောက်ပြည်၊ ရှစ်ပြည်ဖိုးပဲ ကုန်တာပါဗျာ” “ဒါဆိုရင် ပဲစင်းငုံ တစ်တင်းကျပ် ၂၅၀၀၀ ကျော် ရတာကို မကိုက်ရတာလည်း ပြောကြပါဦး” “အင်း ဒီလိုဆိုတော့လည်း ဆရာရှင်းပြတော့ ရိုးပြတ်တော အလယ်ခေါင် နွားအုပ်ဝင်လာသလို ရှင်းနေတာပဲကို” “လယ်ပြင်မှာ ဆင်သွားသလို လုပ်စမ်းပါဗျာ” “ကျုပ်တို့အညာသားတွေ ဆင်ဆိုတာ တိရစ္ဆာန်ရုံရောက်မှ ဘုရားပွဲမှာဆပ်ကပ်လာမှ ကြည့်ရတာ ဆိုတော့ ကိုယ့်ဒေသရိုးပြတ်တောထဲ နွားအုပ်ဝင် စားတာကို ဥပမာပေးတာပဲဗျာဟု ” ပြောပြီး ဝါးကနဲ ဝိုင်းရယ်ကြပါတော့တယ်။ ရင်းရင်းနှီးနှီး ပျော်ပျော်ရွှင်ရွှင်နဲ့ပေါ့ဗျာ “ ဒါ့ပြင်ထပ်မေးပါဦးမယ်” အဲဒီပဲစင်းငုံကို ကျွန်တော်တို့လူမျိုးတွေ ဘယ်လိုစားသလဲ” “ ဟုတ်သား မေးမှပြောရဦးမယ် ဗမာတွေ ပဲစင်းငုံကိုမစားကြပါဘူး၊ မစားတတ်ဘူးဆိုတာ ပိုမှန်မယ်ထင်တယ်။ ကျုပ်တို့သိသလောက် ကိုယ်ရောင်းတဲ့သူတွေ စားတာတွေ့ဖူးတယ်။ မြင်းကိုကျွေးတာတွေ့ဖူးတယ်” “ကောင်းရော”

“တကယ်တော့ ပဲစင်းငုံဟာ အိန္ဒိယလူမျိုးတွေစားကြတာ စားတတ်တာမျိုး၊ ကိုယ့်ပြည်တွင်းမှာ စိုက်ပျိုးထွက်ရှိတဲ့သီးနှံ ကိုယ့်လူမျိုးမစားတတ်၊ စားလေ့မရှိတဲ့သီးနှံ ဒီလောက်တန်ဖိုးသင့် ရောင်းရရင် ကျေးဇူးတင်ဖို့မကောင်းဘူးလား” “ဟုတ်တော့ ဟုတ်ပါတယ် ဆရာရယ်- ဒါပေမဲ့ မနှစ်က ဈေးကောင်းရခဲ့လေတော့ ဒီနှစ်ဈေးကောင်းစေချင်၊ ပိုမြတ်ချင်တာပေါ့ဗျာ လူ့အကျင့်ကိုဗျ”

အဲဒီမှာ ဈေးကွက်ရဲ့အကြောင်းကို ပြောရပါတယ်။ ကုန်ပစ္စည်းတစ်ခုရဲ့ စိုက်ပျိုးထုတ်လုပ်ထွက်ရှိမှု၊ ဝယ်ယူစားသုံးသူရဲ့အင်အား၊ အထွက်များသလို စားသုံးသူများရဲ့လား၊ စားသုံးသူများပေမယ့် ရာသီဥတု ဖျက်ဆီးလို့ သီးနှံအထွက်လျော့အားပျက်စီးစေတာ စတာတွေကို ရှင်းပြရပါတယ်။ ဥပမာ ဒီနှစ်မိုးကြက်သွန်(ဥစိုက်) ရေစကြိုမှာ မိုးများလို့ ပျက်စီးတယ်။ ဆိပ်ဖြူနဲ့ပေါက်မှာ ထွန်ယက်မရလို့ အထွက်နည်းခဲ့တယ်။ ပြည်တွင်းမှာဆို တစ်ပိဿာ ကျပ် ၁၅၀၀၊ ကျပ် ၂၀၀၀ ကျော်နေတာ။ ဒါကိုကြည့်ပါ။ ဒါကပြည်တွင်းမှာပင်ဖြစ်တယ်။ နိုင်ငံခြားကို တင်ပို့ရောင်းချတဲ့သီးနှံ၊ သူ့နိုင်ငံထွက်ရှိမှု စားသုံးမှုဝယ်လိုအားစတာတွေကို ရှင်းပြရတယ်။

တစ်ဆက်တည်းမြေဆီ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးဆိုတဲ့ သွင်းအားစုကို အသုံးပြုရင် မသိနားမလည်တာကို တတ်သိနားလည်တဲ့သူတွေဆီမှာ (ဥပမာ- စိုက်ပျိုးရေး) လေ့လာမေးမြန်းအသုံးပြုကြဖို့၊ ဆေးသုံးများတဲ့သီးနှံတွေကို နိုင်ငံခြားတိုင်းပြည်တွေက လက်မခံကြကြောင်း ထပ်ရှင်းပြခဲ့ပါတယ်။ ကိုယ်လည်းမောတယ်၊ သူတို့လည်းသဘောပေါက်ကြပါတယ်။

ဝမ်းလည်းသာတယ် ဆရာ ဒါတွေကို ကျွန်တော်တို့မသိပါဘူး။ အခုလိုရှင်းပြလို့ ကျေးဇူးတင်ပါတယ်။ စားသုံးသူအကာအကွယ်ပေးရေးတွေကိုလည်း တစ်နှစ်သုံးကြိမ်လောက် လာပြီးဟောပြောစေချင်တယ်လို့ တောင်းဆိုကြပါတယ်။ ဟောပြောပွဲပြီးတော့ ပြန်ကြပါတယ်။ လမ်းဘေးဝဲယာမှာ နောက်ကျစိုက်တဲ့ သက်ကြီး မျိုးကိုစိုက်တဲ့ ပဲစင်းငုံခင်းတွေကို တွေ့နေရတုန်းပါ။ ပဲစင်းငုံခင်းတွေ နားဖြတ်နေတုန်းမှာ ပဲစင်းငုံခင်းက ပဲစင်းငုံသီးနှံတွေက ကိုယ့်ကိုကျွန်တော်ကတော့ တောင်သူကိုလည်း အကျိုးပြုပါတယ်။ ရောင်းဝယ်ဖောက်ကားတဲ့ ကုန်သည်တွေကိုလည်း အကျိုးပြုပါတယ်။ နိုင်ငံတော်ဘဏ္ဍာကိုရှာတဲ့ နေရာမှာ၊ တစ်ဖက်တစ်လမ်းက ထမ်းဆောင်နေပါတယ်လို့ လေယူရာယိမ်းရင်း ယိမ်းနွဲ့နေရာက ကျွန်တော်တို့အဖွဲ့ကို ပြောနေသယောင် ခံစားနေ ရတယ်။ ပဲစင်းငုံက ဘာပြောသလဲဆိုတော “ ကျွန်တော် တာဝန်ကျေပါတယ်” တဲ့။

❑

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# အာရှ - ဥရောပ စီးပွားရေးဝန်ကြီးများ အစည်းအဝေးကို ဆိုးလ်မြို့၌ ကျင်းပ

ဒေသတွင်း စီးပွားရေးတိုးတက်မှုအတွက် ဆောင်ရွက်ရန် အစီအမံများနှင့် ပတ်သက်၍ ဆွေးနွေးနိုင်ရန် ရည်ရွယ်၍ အာရှနှင့် ဥရောပနိုင်ငံများမှ ကုန်သွယ်ရေးနှင့် စီးပွားရေးဆိုင်ရာ ဝန်ကြီးများ အပါအဝင် တာဝန်ရှိသူအရာရှိကြီးပေါင်း ၄၀၀ ကျော်ခန့် ပါဝင်မည့် အာရှ-ဥရောပ စီးပွားရေးဝန်ကြီးများ အစည်းအဝေးကို ၂၀၁၇ ခုနှစ် စက်တင်ဘာလအတွင်း တောင်ကိုရီးယားနိုင်ငံ၊ ဆိုးလ်မြို့တွင် ကျင်းပသွားမည်ဖြစ်ပါသည်။ အဆိုပါ အစည်းအဝေးသည် အာရှ-ဥရောပ စီးပွားရေးဝန်ကြီးများ၏ ခုနစ်ကြိမ်မြောက် အစည်းအဝေးဖြစ်ပြီး အစည်းအဝေးကိုလာမည့် စက်တင်ဘာလ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ဆိုးလ်မြို့၌ ကျင်းပသွားမည်ဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံ ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာနက ပြောကြားခဲ့သည်။

အာရှ- ဥရောပ အစည်းအဝေးများ (Asia-Europe Meeting-ASEM) အနေဖြင့် အဆိုပါအစည်းအဝေးများကို စတင်ကျင်းပခဲ့သည့် ၁၉၉၄ ခုနှစ်ကတည်းက စတင်၍ အာရှနိုင်ငံများနှင့် ဥရောပနိုင်ငံများအကြား ဆက်ဆံရေး ပိုမိုခိုင်မာစေရန်အတွက် စီမံဆောင်ရွက်နိုင်မည့် အစီအမံများကို ဆွေးနွေးခဲ့ကြသည်။ ASEM ကို အာဆီယံနိုင်ငံများ၊ ဥရောပသမဂ္ဂအပါအဝင် အာရှနိုင်ငံပေါင်း ၂၂ နိုင်ငံနှင့် ဥရောပနိုင်ငံပေါင်း ၃၀ နိုင်ငံ တို့ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး၊ အဖွဲ့ဝင်နိုင်ငံ စုစုပေါင်းသည် ကမ္ဘာ့လူဦးရေ၏ ၅၉ ရာခိုင်နှုန်းနှင့် ကမ္ဘာ့ကုန်သွယ်မှု၏ ၆၅ ရာခိုင်နှုန်း၊ ကမ္ဘာ့ GDP ၏ ၅၇ ရာခိုင်နှုန်းခန့်ရှိသည်။

ASEM ထိပ်သီးအစည်းအဝေးကို နှစ်နှစ် တစ်ကြိမ်ကျင်းပလျက်ရှိပြီး အခြားသော နိုင်ငံခြားရေးရာ၊ ဘဏ္ဍာရေးဆိုင်ရာ၊ ယဉ်ကျေးမှု၊ ကုန်သွယ်ရေးနှင့် စီးပွားရေးတို့နှင့် ဆက်စပ်သော အစည်းအဝေးများကိုလည်း ကျင်းပလျက်ရှိသည်။ ASEM စီးပွားရေးဝန်ကြီးများ အစည်းအဝေးကို ဒေသတွင်း ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု လျင်မြန်ချောမွေ့ရန်၊ ပိုမိုချဲ့ထွင်ဆောင်ရွက်နိုင်ရန်နှင့် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှု ပိုမို အားကောင်းလာစေရန်အတွက် ဆောင်ရွက်ခဲ့သော်လည်း ၂၀၀၅ ခုနှစ်တွင် နယ်သာလန်နိုင်ငံ၌ (၆) ကြိမ်မြောက်အစည်းအဝေး ကျင်းပပြီးချိန်မှစ၍ ဆက်လက်မကျင်းပဖြစ်တော့ဘဲ ယခုနှစ်မှသာ (၇)ကြိမ်မြောက်အဖြစ် ပြန်လည်ကျင်းပခြင်းဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံတွင် ယခုကဲ့သို့ (၇) ကြိမ်မြောက်အစည်းအဝေးကို ကျင်းပရန်အတွက် အဖွဲ့ဝင်နိုင်ငံများက အားပေးထောက်ပံ့မှုများရရှိပြီးနောက် သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ကျင်းပမည့်နေ့ရက်နှင့် နေရာကို ရွေးချယ်ရန်အတွက် သဘောထားများ ရယူဆောင်ရွက်ခဲ့သည်။ ကမ္ဘာ့ကုန်သွယ်ရေး နှေးကွေးကျဆင်းမှုနှင့် ကိုယ်ကျိုးစီးပွားကာကွယ်သည့်စနစ်များ ကြီးထွားလာသည့် အခြေအနေ၌ အဆိုပါအစည်းအဝေးသည် အာရှနှင့် ဥရောပ တိုက်ကြီး နှစ်ခုအကြား စီးပွားရေး နှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုသည် အရေးပါသည် ဆိုသည့်အချက်ကို ပိုမိုအလေးပေး အာရုံစိုက်မှုရရှိစေရန် ဆွဲဆောင်စည်းရုံးနိုင်ရေးကို မျှော်လင့်သည်။

အစည်းအဝေးတွင် ဒေသတွင်း ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်နိုင်ရေး၊ ကိုယ်ကျိုးစီးပွားကာကွယ်သည့်စနစ်ကြီးထွားလာမှုကို ဟန့်တားနိုင်ရန်အတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုရရှိရေး၊ အီလက်ထရောနစ် ကူးသန်းရောင်းဝယ်ရေးကဲ့သို့သော ဒစ်ဂျစ်တယ်စနစ်ဖြင့် ချိတ်ဆက်ဆောင်ရွက်ရေးများ ပိုမိုအားကောင်းလာစေရန် စသည့် အချက်များကို ထည့်သွင်းဆွေးနွေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။ ရာသီဥတု ပြောင်းလဲမှုနှင့် ဒေသတွင်း အသေးစားနှင့် အလတ်စားလုပ်ငန်းများအတွက် လူ့စွမ်းအားအရင်းအမြစ်တည်ဆောက်ခြင်း၊ 4th Industrial Revolution မှ ဖြစ်ပေါ်လာသည့် အကျိုးဆက်များကို စီမံခန့်ခွဲနိုင်မည့် နည်းလမ်းများရှာဖွေရန် စသည့် ပူးပေါင်းဆောင်ရွက်မှုများအတွက် အစီအစဉ်များကို ထည့်သွင်းဆွေးနွေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာနမှ ပြောကြားခဲ့သည်။

**ခင်မျိုးသော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

# ၂၀၁၇ ခုနှစ်အတွက် ဦးစားပေး လုပ်ငန်းစဉ်များကို AIIB ချမှတ်

အာရှအခြေခံ အဆောက်အအုံရင်းနှီးမြှုပ်နှံမှုဘဏ် (AIIB) ကို ဇန်နဝါရီ ၁၆ ရက်တွင် စတင်တည်ထောင်ခဲ့ပြီး ပထမအကြိမ်နှစ်ပတ်လည် အခမ်းအနားကို ဇန်နဝါရီ ၂၀ ရက်၌ ပေကျင်းတွင် ကျင်းပခဲ့ပါသည်။ ဥက္ကဋ္ဌ Mr.Jin က ဘဏ်စတင်လည်ပတ်ခဲ့သည့် တစ်နှစ်အတွင်း တိုးတက်မှုများစွာ ရှိခဲ့ကြောင်း၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ တာဂျစ်ကစ္စတန်၊ အင်ဒိုနီးရှား၊ မြန်မာအပြင် ပင်လယ်ကွေ့နိုင်ငံတစ် နိုင်ငံဖြစ်သည့် အိုမန်နိုင်ငံအပါအဝင် နိုင်ငံပေါင်းခုနစ်နိုင်ငံ၌ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးမှုစီမံကိန်းပေါင်း ကိုးခု ဆောင်ရွက်ရန် ချေးငွေခွင့်ပြုပေးခဲ့ကြောင်း၊ အများစုမှာ ပို့ဆောင်ရေး၊ စွမ်းအင်၊ မြို့ပြဖွံ့ဖြိုးမှုလုပ်ငန်းများဖြစ်ပြီး စုစုပေါင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၃ ဘီလီယံတန်ဖိုးရှိပြီဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

AIIB အနေဖြင့် ၂၀၁၇ ခုနှစ်အတွက် ဦးစားပေးလုပ်ငန်းစဉ် သုံးခုကိုကြေညာခဲ့ရာ အဖွဲ့ဝင်နိုင်ငံများ၏ ဖွံ့ဖြိုးမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုပန်းတိုင်အတွက် အထောက်အကူဖြစ်စေမည့် Green Infrastructure ကိုအလေးပေးဆောင်ရွက်ရန် ရေကြောင်းလမ်းမကြီး၊ အရှေ့အာရှ၊ အရှေ့တောင်အာရှနှင့် အရှေ့အလယ်ပိုင်း ဒေသတစ်လျှောက် နယ်စပ်ဖြတ်ကျော် ကားလမ်း၊ ရထားလမ်း၊ ဆိပ်ကမ်း၊ တယ်လီကွန်မြူနီကေးရှင်းနှင့် စွမ်းအင်ဖူလုံမှု အခြေခံ အဆောက်အအုံဆက်သွယ်မှု Cross-Border Connectivity ကိုဦးစားပေးရန်နှင့် Multinational Development Bank (MDBs) များ၊ အစိုးရများနှင့် အခြားပုဂ္ဂလိက အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ Private Capital Mobilization ကို တွန်းအားပေးရန် ဖြစ်သည်။

မကြာသေးခင်က တူရကီကို ဖြတ်ကျော်ပြီး အဇာဘိုင်ဂျန်နှင့် ဥရောပတောင်ပိုင်းကို ဆက်သွယ်သည့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းကို ကမ္ဘာ့ဘဏ်အပါအဝင် အခြားဘဏ္ဍာရေးအဖွဲ့အစည်းများက အမေရိကန်ဒေါ်လာ သန်း ၆၀၀ ထောက်ပံ့ကူညီခဲ့ပါသည်။ AIIB ၏ credibility အတွက် အခြား MDBs များနှင့် ပူးပေါင်းဆောင်ရွက်မှုမှာများစွာ အရေးကြီးကြောင်း ဖော်ပြထားပါသည်။

**သန္တာခိုင်၊စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ပေကျင်းမြို့**

# ဟောင်ကောင်တွင် လေထုညစ်ညမ်းမှု လျှော့ချရေးအတွက် လျှပ်စစ်ဘတ်စ်ကားများ ပြောင်းလဲအသုံးပြုရန် သုတေသနပညာရှင်များက တောင်းဆို

ဟောင်ကောင်၏ လက်ရှိလေထုညစ်ညမ်းမှုအဆင့်ကို လျှော့ချနိုင်ရေးအတွက် ဟောင်ကောင်ဒေါ်လာသန်း ၃၀၀ ခန့်တန်ဖိုးရှိ လျှပ်စစ်ဘတ်စ်ကားအစီး ၁၀၀ နှင့် လျှပ်စစ်မီနီဘတ်စ်အစီး ၁၀၀ ခန့်ကို ပြောင်းလဲအသုံးပြုရန် လိုအပ်ကြောင်း Hong Kong Polytechnic University မှ သုတေသနပညာရှင်များက ပြောကြားခဲ့သည်။

လက်ရှိအသုံးပြုနေသည့် အများပိုင်ပို့ဆောင်ရေးယာဉ်များ ဖြစ်သည့် ဒီဇယ်ကားများသည် လေထုညစ်ညမ်းစေသည့် အဓိက ရင်းမြစ်ဖြစ်ပြီး၊ တစ်နှစ်လျှင်အမှုန်တန် ၂၀၀ ခန့် လွင့်မျောနေကြောင်း၊ အများပိုင်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအား လျှပ်စစ်ကားအဖြစ် ပြောင်းလဲနိုင်ပါက အမှုန်များဖြင့် ညစ်ညမ်းမှုမှာ ၁၇ ရာခိုင်နှုန်းခန့် လျှော့ချနိုင်မည်ဖြစ်ကြောင်း လက်ရှိလျှပ်စစ်ဘတ်စ်ကားများမှာ ဟောင်ကောင်နှင့် မသင့်တော်သေးသဖြင့် ဥရောပမှ ကားများနှင့် တရုတ်ပြည်မကြီးမှ ဘက်ထရီများအား တွဲဖက်အသုံးပြုသင့်ကြောင်း အကြံပြုခဲ့သည်။

အစိုးရ၏ အထောက်အပံ့ဖြင့် PolyU အသင်းမှ ရှန်းကျန့်၊ လန်ဒန်၊ ဂျာမနီအပါအဝင် မြို့ပေါင်း ၁၀မြို့သို့ လျှပ်စစ်ဘတ်စ်ကားများနှင့် ပတ်သက်၍ လေ့လာခဲ့ရာ လျှပ်စစ်ဘတ်စ်ကားများမှာ လျှပ်စစ်ဓာတ်အားသွင်းခြင်းတွင် လုံလောက်မှုနှင့် ယုံကြည်စိတ်ချမှုမရှိခြင်း အခက်အခဲများနှင့် ရင်ဆိုင်နေရကြောင်း တွေ့ရှိခဲ့ရသည်။ ဟောင်ကောင်အတွင်း တရုတ်ပြည်မကြီးမှ BYD လျှပ်စစ် ဘတ်စ်ကားများ စတင်အသုံးပြုပြီးကတည်းက ရုတ်တရက်တံခါးပွင့်လာခြင်းကဲ့သို့သော မတော်တဆမှုများရှိခဲ့သဖြင့် ၎င်းဘတ်စ်ကားများအား ယာယီရပ်ဆိုင်းမှု ဖြစ်ခဲ့ရကြောင်း ပြောကြားခဲ့သည်။

အစိုးရအနေဖြင့် လက်ရှိအသုံးပြုနေသော ဒီဇယ်ကားများမှ လျှပ်စစ်ဘတ်စ်ကားသို့ ပြောင်းလဲနိုင်ရေး၊ ဘတ်စ်ကားထုတ်လုပ်သူများ၊ သယ်ယူပို့ဆောင်ရေးကုမ္ပဏီ၊ ဘက်ထရီကုမ္ပဏီ၊ လျှပ်စစ်ဓာတ်အားသွင်းရေးဝန်ဆောင်မှုလုပ်ငန်းများအားလုံးနှင့် အတူတကွ လက်တွဲ၍ လျှပ်စစ်ဓာတ်အားသွင်းခြင်းနှင့် သက်ဆိုင်သည့် အခြေခံ အဆောက်အအုံနှင့် ပတ်သက်၍လည်းကောင်း၊ ၎င်းလျှပ်စစ်ဘတ်စ်ကားများ ဝယ်ယူခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ ငွေကြေး ထောက်ပံ့ပေးရန်နှင့် လိုအပ်သော မူဝါဒများအား ချမှတ်ပေးခြင်း စသည်တို့အား ဆောင်ရွက်ပေးသင့်ကြောင်း ပါမောက္ခ Hung Wingtat က ပြောကြားခဲ့သည်။

ဥရောပမှယာဉ်များကို ၈မိနစ် မှ ၁၀ မိနစ်အတွင်း အားသွင်းရုံဖြင့် ၁၀ ကီလိုမီတာခန့်သွားနိုင်သော Ultra -fast charging ရှိသည့် တရုတ်ပြည်မကြီးမှ ထုတ်လုပ်သည့် ဘက်ထရီနှင့် တွဲဖက်အသုံးပြုသင့်ကြောင်း၊ တရုတ်ပြည်မကြီးမှ ဘက်ထရီများမှာ နှစ်ပေါင်းများစွာ ကတည်းက ထုတ်လုပ်ခဲ့ပြီး သုတေသနကောင်းစွာပြုလုပ်ထားကြောင်း၊ အားပြန်လည်ဖြည့်သွင်းရေးဝန်ဆောင်မှုအား ဘတ်စ်ကားဂိတ်များတွင် ထားရှိနိုင်၍ လျှပ်စစ်ဓာတ်အားသွင်းခြင်း ပြဿနာအား ဖြေရှင်းနိုင်ကြောင်းနှင့် လျှပ်စစ်ဘတ်စ်ကားမှာ ဆူညံမှုနည်း၍ အပူသက်သာသည့်အတွက် တရုတ်ပြည်မကြီးမှ ယာဉ်မောင်းများမှာ ဒီဇယ်ကားထက် လျှပ်စစ်ကားကို ပိုမိုကြိုက်နှစ်သက်ကြကြောင်း ပြောကြားခဲ့သည်။

ဟောင်ကောင် ပို့ဆောင်ရေးဌာန၏ ကိန်းဂဏန်းအချက်အလက်များအရ ၂၀၁၅ ခုနှစ်တွင် တစ်ထပ်ဘတ်စ်ကား ၇၁၉၃ စီး၊ နှစ်ထပ် ဘတ်စ်ကား ၅၇၇၉ စီး၊ မီနီဘတ်စ်ပေါင်း ၇၄၃၁ စီး ရှိကြောင်း သိရှိရပါသည်။

**ဖြူဖြူလှိုင်၊စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၂၀–၂–၂၀၁၇)

ဇော်ဝင်း

## မူဆယ်ဈေးကွက်မှာ ပြောင်းဈေးငြိမ်

ယခုတစ်ပတ် မူဆယ်ဈေးကွက်မှာ ပြောင်းဈေးအတက်အကျမရှိဘဲ ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရပါတယ်။ ပြောင်းဈေးအနေနဲ့ ၅၀ ကီလိုတစ်အိတ်ကို ၆၄ ယွမ်မှ ၆၈ ယွမ်(တစ်တန် ၁၂၈၀ ယွမ်မှ ၁၃၆၀ ယွမ်) နဲ့ တစ်ပတ်အတွင်း တစ်ဖက်နိုင်ငံသို့ တန်ချိန် ၃၇၃၃၅ တန်တင်ပို့နိုင်ခဲ့တာကြောင့် ယခင်တစ်ပတ်ထက် တန်ချိန် ၁၂၃၃၅ ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## တောင်ကြီးဈေးကွက်မှာ စီပီပြောင်းဈေးငြိမ်သော်လည်း အရောင်းအဝယ်သွက်

ယခုတစ်ပတ် တောင်ကြီးဈေးကွက်မှာ စီပီပြောင်းဈေးယခင်တစ်ပတ်အတိုင်း အပြောင်းအလဲမရှိငြိမ်နေသော်လည်း ရန်ကုန်ဝယ်လက်၊ မန္တလေးဝယ်လက် ကြက်မွေးမြူရေးလုပ်ငန်းနဲ့ မြို့ခံအစာစပ်လုပ်ငန်းများက ပုံမှန်အဝယ်ရှိနေကြောင်း သိရပါတယ်။ စီပီပြောင်းတစ်ပိဿာကို ကျပ် ၂၉၀(တစ်တန် ၁၇၇၅၉၃ ကျပ်)နဲ့ တစ်ပတ်အတွင်း ပိဿာချိန် ၄၄၀၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့တာကြောင့် ယခင်တစ်ပတ်ထက် ပိဿာချိန် ၈၀၀၀၀ ခန့် အရောင်းအဝယ်ပိုမိုခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## လားရှိုးဈေးကွက်မှာ ပြောင်းဈေးတက်ရိပ်ပြသလို အရောင်းအဝယ်သွက်

ယခုတစ်ပတ် လားရှိုးဈေးကွက်မှာ ယခင်တစ်ပတ်က ပြောင်းတစ်ပိဿာ ကျပ် ၃၀၀(တစ်တန် ၁၈၃၇၁၇ ကျပ်)ရှိခဲ့ရာက ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၃၁၀ (တစ်တန် ၁၈၉၈၄၀ ကျပ်)နဲ့ ဈေးမြင့်အရောင်းအဝယ်ဖွင့်ခဲ့ပါတယ်။ အရောင်းအဝယ်ဖြစ်မှုမှာလည်း ယခင်တစ်ပတ်က ပိဿာချိန် ၂၁၃၀၆၆၅ ပိဿာသာရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာ ပိဿာချိန် ၂၉၄၂၄၃၀ ပိဿာအထိရှိခဲ့တာမို့ ယခင်တစ်ပတ်ထက် အရောင်းအဝယ်ဖြစ်မှုလည်း ပိုမိုခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ ပဲတီစိမ်းနှင့်နှမ်းမျိုးစုံမှ နှမ်းနက်(စမုံ) နှမ်းဖြူတို့ဈေးတက်

ယခုတစ်ပတ် မကွေးဈေးကွက်မှာ ပဲတီစိမ်းနဲ့ နှမ်းနက်(စမုံ)၊ နှမ်းဖြူတို့ဈေးတက်လာခဲ့ပေမယ့် ပဲစင်းငုံနီကတော့ ဈေးကျခဲ့ပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၁၂၄၀ ကျပ်(တစ်တန် ၇၅၉၃၆၃ကျပ်) နဲ့ဈေးမြင့်ခဲ့တဲ့ ပဲတီစိမ်းက ယခုတစ်ပတ်မှာလည်း တစ်ပိဿာကျပ် ၁၅၀၀ (တစ်တန် ၉၁၈၅၈၅ ကျပ်)အထိ ဈေးမြင့်ခဲ့ပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာကျပ် ၁၂၀၀ (တစ်တန် ၇၃၄၈၆၈ ကျပ်)ရှိခဲ့တဲ့ ပဲစင်းငုံနီ(အသစ်)က ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၁၈၀ ကျပ်(တစ်တန် ၇၂၂၆၂၀ ကျပ်) အထိဈေးကျခဲ့ပါတယ်။ ပဲစင်းငုံနီအသစ်များ ဈေးကွက်အတွင်း အဝင်များလာမှုကြောင့် ရန်ကုန်ဝယ်လက်နဲ့မြို့ခံကုန်သည်များက ဈေးလျှော့ဝယ်ယူခဲ့ကြကြောင်း သိရပါတယ်။ မတ်ပဲကတော့ တစ်ပိဿာကျပ် ၁၅၄၀ (တစ်တန်ကျပ် ၉၄၃၀၈၀ )နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ နှမ်းမျိုးစုံအနေနဲ့ကတော့ နှမ်းနက်(စမုံ)နဲ့ နှမ်းဖြူတို့ဈေးတက်ခဲ့ပြီး နှမ်းနီကဈေးငြိမ်နေခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၂၈၇၀ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၉၅၅ ကျပ်(တစ်တန် ၁၈၀၉၆၁၂ ကျပ်)ဖြင့် မန္တလေးဝယ်လက်နဲ့ လျှောင်လက်များက ဝယ်ယူခဲ့ကြောင်း သိရပါတယ်။ နှမ်းဖြူထိပ်စမှာ ယခင်တစ်ပတ်က တစ်ပိဿာကျပ် ၂၂၀၀ ရှိခဲ့ပြီး ယခုတစ်ပတ်မှာတော့ တစ်ပိဿာကျပ် ၂၃၁၀ ကျပ်(တစ်တန်ကျပ် ၁၄၁၄၆၂၀ ) ထိဈေးမြင့်ခဲ့ပါတယ်။ နှမ်းဖြူထိပ်စကို မြို့ခံနှမ်းလှော်လုပ်ငန်းများက ဝယ်ယူခဲ့ကြောင်း သိရပါတယ်။ နှမ်းနီကတော့ ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း ပြောင်းလဲမှုမရှိ ဈေးငြိမ်နေပြီး တစ်ပိဿာ ၂၀၄၅ ကျပ်(တစ်တန် ၁၂၅၂၃၃၇ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ မတ်ပဲဈေးကျပြီး ပဲတီစိမ်းရွှေဝါ တက်ရိပ်ပြ

ယခုတစ်ပတ် မန္တလေးဈေးကွက်မှာ ရန်ကုန်ဝယ်လက်နှင့် မြို့ခံပဲခွဲစက်များက ဝယ်လိုအားနည်းမှု၊ ရန်ကုန်(ဘုရင့်နောင်ကုန်စည်ဒိုင်)မှာဈေးကျဆင်းမှုတွေကြောင့် မတ်ပဲအရောင်းအဝယ်အေးခဲ့ပြီး ဈေးလျှော့ဝယ်ယူခဲ့ကြကြောင်း သိရပါတယ်။ မတ်ပဲဈေးအနေနဲ့ ယခင်တစ်ပတ်ထက်ဈေးအနည်းငယ်နိမ့်ခဲ့ပြီး မတ်ပဲအသစ် တစ်ပိဿာ ၁၄၆၇ ကျပ်(တစ်တန် ၈၉၈၃၇၆ ကျပ်)နဲ့ မတ်ပဲအဟောင်းတစ်ပိဿာ ၁၆၆၇ ကျပ်(တစ်တန် ၁၀၂၀၈၅၄ ကျပ်)နဲ့ တစ်နေ့အိတ် ၄၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ တရုတ်ဝယ်လက်များက ပဲတီစိမ်း ရွှေဝါကို ဝယ်လိုအားနည်းခဲ့ပေမယ့် အရည်အသွေးပေါ်မူတည်ပြီး ဈေးအနည်းငယ်မြင့်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းရွှေဝါ(အသစ်) အနေနဲ့ ယခင်တစ်ပတ်က တစ်ပိဿာ ၂၀၉၈ ကျပ်(တစ်တန် ၁၂၈၄၇၉၄ ကျပ်) သာရှိခဲ့ပြီး ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၂၁၃၃ ကျပ်(တစ်တန် ၁၃၀၆၂၂၇ ကျပ်) အထိ ဈေးမြင့်ခဲ့ပြီး တစ်နေ့အိတ် ၁၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲတီစိမ်းကြီးထိပ်စအနေနဲ့ အရောင်းအဝယ်မရှိခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကလည်း ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း ဈေးငြိမ်နေပြီး ပဲစင်းငုံနီ(အဟောင်း) တစ်ပိဿာ ၁၁၁၇ ကျပ် (တစ်တန် ၆၈၄၀၃၉ ကျပ်)၊ ပဲစင်းငုံနီ(အသစ်) တစ်ပိဿာ ကျပ် ၁၂၀၀ (တစ်တန် ၇၃၄၈၆၈ ကျပ်)နဲ့ ရန်ကုန်ဝယ်လက်က ဝယ်ယူနေကြောင်း သိရပါတယ်။ နှမ်းမျိုးစုံကို တရုတ်ဝယ်လက်က ပုံမှန် ဝယ်ယူနေတာကြောင့် ပုံမှန်အရောင်းအဝယ်ရှိခဲ့ပြီး ဈေးနှုန်းလည်း တက်ရိပ်ပြခဲ့ပါတယ်။ သိပ္ပံနှမ်းနက်က တစ်ပိဿာ ၃၂၂၂ ကျပ်(တစ်တန် ကျပ် ၁၉၇၃၁၂၀ )၊ နှမ်းဖြူ(ထိပ်စ) တစ်ပိဿာ ၂၃၅၆ ကျပ်(တစ်တန်ကျပ် ၁၄၄၂၇၉၀)၊ နှမ်းဖြူ(ပုံမှန်စ) တစ်ပိဿာ ၂၀၆၇ ကျပ်(တစ်တန်ကျပ် ၁၂၆၅၈၁၀ )နဲ့ နှမ်းနက် ရိုးရိုးတစ်ပိဿာ ၂၃၃၃ ကျပ်(တစ်တန် ၁၄၂၈၇၀၅ ကျပ်)တို့နဲ့ တစ်နေ့ကို နှမ်းမျိုးစုံအိတ် ၁၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ဟင်္သာတဈေးကွက်မှာ မတ်ပဲနဲ့ပဲတီစိမ်းဈေးတက်

ယခုတစ်ပတ် ဟင်္သာတဈေးကွက်မှာ မတ်ပဲ၊ ပဲတီစိမ်းတို့ ယခင်တစ်ပတ်ဈေးနှုန်းထက် တက်ရိပ်ပြခဲ့ပေမယ့် ပဲလွန်းနီ၊ ပဲလွန်းဖြူ ပဲပုပ်(ဆီတိုး)တို့ဈေးကျခဲ့ကြောင်း သိရပါတယ်။ မတ်ပဲအနေနဲ့ ယခင်တစ်ပတ်က တစ်ပိဿာ ၁၅၂၅ ကျပ်အထိဈေးကျခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၅၆၀ ကျပ်(တစ်တန် ၉၅၅၃၂၈ ကျပ်) နဲ့ဈေးမြင့်ခဲ့ကာ တစ်ရက်အိတ် ၂၅၀၀ ခန့် ရန်ကုန်ဝယ်လက်နဲ့ သိုလှောင်သူများက ဝယ်ယူခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ၁၅၅၀ ကျပ်သာရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ် ၁၆၀၀ (တစ်တန် ၉၇၉၈၂၀ ကျပ်) အထိဈေးမြင့်ခဲ့ပါတယ်။ ရန်ကုန်ဝယ်လက်က ပဲတီစိမ်းကို ဝယ်လိုအားကောင်းသလို ဈေးမြှင့်ဝယ်ယူခဲ့ပြီး တစ်နေ့အိတ် ၁၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲလွန်းဖြူနဲ့ ပဲလွန်းနီကတော့ ယခင်တစ်ပတ်ထက်ဈေးနိမ့်ခဲ့ပြီး ပဲလွန်းဖြူတစ်ပိဿာ ကျပ် ၁၄၅၀ (တစ်တန် ၈၈၇၉၆၀ ကျပ်)၊ ပဲလွန်းနီတစ်ပိဿာကျပ် ၁၉၀၀ (တစ်တန်ကျပ် ၁၁၆၃၅၄၀ )နဲ့ ရန်ကုန်ဝယ်လက်များက ပုံမှန်ဝယ်ယူမှုရှိကြောင်း သိရပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့တစ်နေ့ကို ပဲလွန်းဖြူအိတ် ၁၀၀၀နဲ့ ပဲလွန်းနီအိတ် ၁၀၀၀ ခန့်ရှိခဲ့ကြောင်း သိရပါတယ်။ ပဲပုပ်ဆီတိုးကလည်း ယခုတစ်ပတ်မှာ တစ်ပိဿာကျပ် ၁၁၀၀ (တစ်တန်ကျပ် ၆၇၃၆၃၀ ) နဲ့ ယခင်တစ်ပတ်ထက်ဈေးနိမ့်ခဲ့ပြီး တစ်နေ့အိတ် ၆၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ဘုရင့်နောင်ဈေးကွက်မှာ ပဲစင်းငုံနီဈေးဆက်လက်ကျဆင်း

ယခုတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ ပဲစင်းငုံနီဈေးဆက်လက်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီတစ်တန်ကို ကျပ် ၇၇၇၀၀၀ ထိကျဆင်းခဲ့ပြီး ယခုတစ်ပတ်မှာလည်း တစ်တန်ကျပ် ၇၆၂၀၀၀ အထိ ဈေးဆက်လက်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ FAQ (RC) တစ်တန်ကို ကျပ် ၉၃၀၀၀၀ မှ ယခုတစ်ပတ်မှာတစ်တန်ကို ကျပ် ၉၆၀၀၀၀ ဖြစ်ခဲ့တာမို့ တစ်တန်ကိုကျပ် ၃၀၀၀၀ အထိ ဈေးမြင့်တက်လာခဲ့ပါတယ်။ အလားတူမတ်ပဲ SQ(RC) ဈေးကလည်း ယခင်တစ်ပတ်က တစ်တန်ကိုကျပ် ၁၀၇၁၀၀၀ မှ ယခုတစ်ပတ်မှာတစ်တန်ဈေးကျပ် ၁၀၉၇၀၀၀ ဖြစ်ခဲ့တာကြောင့် တစ်တန်ကိုကျပ် ၂၆၀၀၀ အထိ ဈေးမြင့်တက်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ ပဲတီစိမ်းဈေးငြိမ်၊ ပဲစင်းငုံနီ ဈေးကျပြီး သိပ္ပံနှမ်းနက်ဈေးတက်ခဲ့

ယခုတစ်ပတ် အောင်လံဈေးကွက်မှာ ပဲတီစိမ်းကတော့ ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း အပြောင်းအလဲမရှိ ဈေးငြိမ်နေခဲ့ပြီး တစ်ပိဿာ ၁၅၇၅ ကျပ်(တစ်တန်ကျပ် ၉၆၄၅၁၀) နဲ့ မန္တလေး ဝယ်လက်မှဝယ်လိုအားပုံမှန်သာရှိပြီး တစ်နေ့အိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၁၂၅၀ နဲ့ဈေးကျခဲ့တဲ့ ပဲစင်းငုံနီက ယခုတစ်ပတ် မှာလည်း တစ်ပိဿာကျပ် ၁၁၉၀ (တစ်တန်ကျပ် ၇၂၈၇၄၀)နဲ့ ဆက်လက်ဈေးကျခဲ့ပါတယ်။ ရန်ကုန်ဈေးကွက်မှာ ပဲစင်းငုံနီ ဈေးကျလာတာကြောင့် ရန်ကုန်ဝယ်လက်ကလည်း ဈေးလျှော့ ဝယ်ယူခဲ့ကြောင်းသိရပြီး တစ်နေ့အိတ် ၁၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ နှမ်းမျိုးစုံက ယခုတစ်ပတ်မှာ သိပ္ပံနှမ်းနက်ဈေးတက်ခဲ့ပေမယ့် နှမ်းနက်နဲ့ နှမ်းနီကတော့ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေခဲ့ပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၂၈၉၀ ကျပ်ရှိခဲ့တဲ့ သိပ္ပံနှမ်းနက်က ယခုတစ်ပတ်မှာ တစ်ပိဿာကျပ် ၃၀၀၀ (တစ်တန်ကျပ် ၁၈၃၇၁၇၀ ) နဲ့ ဈေးမြင့်ခဲ့ပြီး တစ်နေ့အိတ် ၁၀၀ ခန့်၊ နှမ်းနက်က တစ်ပိဿာ ၂၃၃၅ ကျပ်(တစ်တန်ကျပ် ၁၄၂၉၉၃၀ )နဲ့ နှမ်းနီကတစ်ပိဿာ ကျပ် ၁၇၈၀ (တစ်တန် ၁၀၉၀၀၅၄ ကျပ်)အသီးသီး အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရပါတယ်။

××××××××××××××××

## ပြည်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲတီစိမ်းဈေးတက်

ယခုတစ်ပတ် ပြည်ဈေးကွက်မှာ မတ်ပဲကယခင်တစ်ပတ်ထက်ဈေးမြင့်ခဲ့ကာ တစ်ပိဿာ ကျပ် ၁၅၇၀ (တစ်တန် ၉၆၁၄၅၂ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ မတ်ပဲကို ရန်ကုန်ဝယ်လက်က ပုံမှန်အဝယ်ရှိနေပြီး တစ်နေ့အိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကတော့ ဈေးကွက်အတွင်း ဝင်ရောက်မှုနည်းလာပေမယ့် မန္တလေးဝယ်လက်က ပုံမှန်အဝယ်ရှိခဲ့ပြီး ယခင်တစ်ပတ်ထက် ဈေးမြင့်ခဲ့ကာ တစ်ပိဿာ ၁၆၂၅ ကျပ်(တစ်တန် ၉၉၅၁၃၃ ကျပ်) နဲ့ တစ်နေ့အိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ဖေဖော်ဝါရီဒုတိယပတ်မှစပြီး ပြည်အနီးတစ်ဝိုက်မှ ကုလားပဲ(ဟော်လန်)အသစ်များ စတင်ဝင်ရောက်လာခဲ့ပါတယ်။ ပဲခွဲစက်လုပ်ငန်းရှင်များရဲ့ ဝယ်လိုအားများသလို ရောင်းသူဘက်မှလည်း ရောင်းအားများခဲ့ကြောင်း သိရပါတယ်။ ကုလားပဲ(ဟော်လန်) တစ်ပိဿာ ကျပ် ၂၀၅၀(တစ်တန် ၁၂၅၅၄၀၀ ကျပ်) နဲ့ တစ်နေ့အိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××



# မသိသူကျော်သွား သိသူဖော်စား

(သို့မဟုတ်)

# မဟာဗျူဟာမြောက် စက်မှုသီးနှံ လျှော်ဖြူ

လျှော်ဖြူပင် (ရုက္ခဗေဒအမည်Sterculia Versicolor Wall ) သည် မြန်မာနိုင်ငံအနှံ့အပြား တောတောင်များတွင် သဘာဝ အလျောက်ပေါက်ရောက်လေ့ရှိသည့် နှစ်ရှည်ပင်ဖြစ်ပြီး အသားပွ အပင်ကြီးမျိုးဖြစ်ပါသည်။

မိုးများလွန်းသောဒေသနှင့် အေးလွန်းသော ဒေသများတွင် ဖြစ်ထွန်းမှုနည်းပြီး နေရာဒေသမရွေး၊ မြေအမျိုးအစား မရွေးစိုက်ပျိုးနိုင်ပါသည်။ လက်ပံပင်နှင့် ပုံသဏ္ဍာန်တူပြီး လက်ပံပင်ကဲ့သို့ အပွေး(ဆူး)ပါရှိခြင်း မရှိသည့် အပင်မျိုးဖြစ်ပါသည်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဘုတလင်၊ ကနီ၊ စစ်ကိုင်းမြို့နယ်များရှိ တောတောင်များတွင် လျှော်ဖြူရိုးနီ၊ လျှော်ဖြူရိုးစိမ်း၊ ရိုးနီလက်ကြား၊ ရိုးစိမ်းလက်ကြားဟူ၍ မျိုးကွဲလေးမျိုးခန့် သဘာဝပေါက်ပင်အဖြစ် လေ့လာတွေ့ရှိရသည်။

အပင်သက်ငါးနှစ်သားအရွယ်မှစ၍ ပင်စည်မှ တန်ဖိုးရှိသော လျှော်ဖြူစေး(ခေါ်) ဆေးကုလားမကို ထုတ်ယူရရှိပါသည်။ အပင်သက်တမ်းငါးနှစ်ခန့်တွင် တစ်ရက်လျှင် အပင်တစ်ပင်၏ အစေးထွက်နှုန်းမှာ ငါးကျပ်သားမှ ၁၀ ကျပ်သားခန့်အထိ ထွက်ရှိပြီး နှစ်စဉ် ဇူလိုင်မှ ဒီဇင်ဘာအထိ ပုံမှန်ထုတ်ယူနိုင်မည် ဖြစ်ပါသည်။ အပင်သက်တမ်းကြာမြင့်လာပါက တစ်ပင်တစ်လအစေးတစ်ပိဿာခန့် ထွက်ရှိကြောင်းသိရှိရပါသည်။ မသိသူကျော်သွား၊ သိသူဖော်စားပမာ ဘုတလင်မြို့နယ်၊ ဝွေးပင်ကျင်းကျေးရွာအနီးရှိ ယာတောမှ အပင်သက်တမ်းနှစ် ၅၀ ခန့်ရှိ လျှော်ဖြူပင်တစ်ပင်မှ တစ်ပတ်လျှင် တစ်ပိဿာခန့် လျှော်ဖြူစေးထွက်ရှိပြီး ဝင်ငွေရရှိနေသည်မှာ ၁၀ နှစ်ခန့်ရှိပြီဖြစ်ပါသည်။ ခြံရှင်က အပင်ရှိယာတောတွင် အိမ်ဆောက်၍ ၎င်း၏ကျေးဇူးရှင် လျှော်ဖြူပင်များကို စောင့်ရှောက်နေကြောင်း လေ့လာသိရှိရသည်။

ကမ္ဘာပေါ်တွင် လျှော်ဖြူစေးကို အစားအသောက်၊ သရေစာမုန့်လုပ်ငန်းများ အလှကုန်ပစ္စည်းများ၊ ဆေးဝါး၊ စက္ကူ၊ ရက်ကန်းလုပ်ငန်းများနှင့် ရေနံဓာတုလုပ်ငန်းများ၊ မော်တော်ကားမှန်ထည်လုပ်ငန်းများစသည့် စက်မှု၊ လက်မှုလုပ်ငန်းမျိုးစုံတွင် သုံးစွဲလာကြသဖြင့် နှစ်စဉ်ပြည်တွင်း၊ ပြည်ပဝယ်လိုအားရှိသော စက်မှုကုန်ကြမ်းပစ္စည်းတစ်မျိုး ဖြစ်ပါသည်။

လျှော်ဖြူစေးကို ပြည်တွင်းတွင် ဖျော်ရည်၊ မုန့်လုပ်ငန်း၊ ဆေးဆိုးပန်းရိုက်လုပ်ငန်းများတွင် အများဆုံး အသုံးပြုကြောင်း သိရှိရပါသည်။ ပြည်ပဝယ်လိုအားရှိသဖြင့် ပုံမှန် ဈေးကွက်ရှိနေပြီး ဈေးနှုန်းများမှာလည်း နှစ်စဉ်တိုးမြင့်လျက် ရှိနေပြီး လက်ရှိပေါက်ဈေးမှာ A (ရှယ်)အဆင့်တစ်ပိဿာ ကျပ် ၃၅၀၀၀၊ ကျပ်၄၀၀၀၀၊ B အဆင့်တစ်ပိဿာ ကျပ် ၂၅၀၀၀၊ ကျပ်၃၀၀၀၀၊ C အဆင့်တစ်ပိဿာ ကျပ် ၁၅၀၀၀၊ ကျပ် ၂၀၀၀၀ ဈေးရရှိကာ ယခင်နှစ်များထက် တစ်ပိဿာ ကျပ် ၁၅၀၀၀ ခန့် ဈေးမြင့်တက်ခဲ့ကြောင်း သိရှိရသည်။

လျှော်ဖြူပင်စိုက်ပျိုးနည်းစနစ်မှာ ပျိုးသက်သုံး-လေး လသားအရွယ် အရွက်လေးရွက်မှ ခြောက်ရွက်အရတွင် ပျိုးပင်များကို မြေချစိုက်ပျိုးနိုင်ပါသည်။ စိုက်ပျိုးပြီးလျှင် ပေါင်းမြက်ရှင်းပေးခြင်း၊ ကြားထွန်ဝင်ပေးခြင်း၊ ပင်ခြေဖုံး အုပ်ခြင်းစသည့် အစိုဓာတ်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ပေးပြီး ဓာတုမြေသြဇာအထူး မလိုအပ်ဘဲ သဘာဝမြေသြဇာသုံးစွဲပေးရုံဖြင့် လုံလောက်သည်။ လျှော်ဖြူပင် စိုက်ပျိုးခြင်းကို စိုက်ပျိုးစရိတ်အနည်းငယ်ဖြင့် လွယ်ကူစွာ လုပ်ဆောင်နိုင်သည့်အပြင် အပင်ငယ်စဉ် အခြားဝင်ငွေ ရရှိနိုင်သည့် ကြားသီးနှံကိုပါ ထည့်သွင်းစိုက်ပျိုးနိုင်ပါသည်။ တစ်ဧကပင်ကြား၊ တန်းကြား၊ ၁၂ပေနှုန်းဖြင့် စိုက်ပျိုးလျှင် တစ်ဧကလျှင် အပင်၃၀၀ ခန့်ဝင်ဆံ့အောင် စိုက်ပျိုးနိုင် ကြောင်း သိရှိရသည်။

မိုးရေချိန် ၃၀ လက်မအောက် လျော့နည်းသော စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းရှိ မြို့နယ်များတွင် သဘာဝပေါက်ပင်တောများအဖြစ် ဧက ၃၀၀ကျော်၄၀၀ ခန့် ယခင်ကရှိခဲ့ရာမှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ ယခင်အခေါ် ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနတိုင်းဒေသကြီး ဦးစီးမှူး(ယခု-ဒုတိယညွှန်ကြားရေး မှူးချုပ်-၂) ကိုယ်တိုင်ကြီးကြပ်၍ လျှော်ဖြူစေး အသုံးဝင်ပုံ၊ ဈေးကွက်နှင့် စိုက်ပျိုးသင့်သောမဟာဗျူဟာမြောက် စက်မှုသီးနှံအဖြစ် လက်ကမ်းစာစောင်များပြုစု၍ ဝေငှပေးခြင်း၊ ဟောပြောပွဲများကို ခရိုင်အလိုက် ကျင်းပစေခြင်း၊ မြန်မာ့ရုပ်မြင်သံကြားမှတစ်ဆင့် ထုတ်လွှင့် ပြသခြင်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးခဲ့ပါသည်။ ထို့ပြင် ကသာခရိုင်အတွင်းရှိ ကြံစိုက်ခင်းများကိုလည်း သီးနှံ၊ သစ်တော ရောနှောစိုက်ခင်းများအဖြစ် လျှော်ဖြူပင် အပင်ရေ ၂၀၀၀၀ ကျော်ကို စိုက်ပျိုးဆောင်ရွက်ခဲ့ခြင်း စသည့်ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ယခုအခါ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၀၁၃ ခုနှစ်မှ ၂၀၁၆ ခုနှစ် အတွင်း မြို့နယ်ပေါင်း ၁၄ မြို့နယ်၊ စိုက်ပျိုး ဧက ၂၇၀၀ ကျော်တွင် စီးပွားဖြစ် လျှော်ဖြူစိုက်ခင်းများ စိုက်ပျိုးထားပြီးဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် ဆီထွက်သီးနှံပဲမျိုးစုံနှင့် ဆန်စပါးစိုက်ပျိုး၍ မရနိုင်သော ကျောက်စရစ်ကုန်းများ၊ တောင်စောင်းများ၊ ပလပ်မြေများ၊ စီးပွားဖြစ် အခြားသီးနှံ စိုက်ပျိုးမရနိုင်သော မြေလွတ်မြေရိုင်းများတွင် လျှော်ဖြူပင် စိုက်ခင်းများအား တိုးချဲ့စိုက်ပျိုးခြင်း၊ အထူးသဖြင့် ကျေးလက်ဒေသများတွင် ခြံစည်းရိုးပင်၊ လေကာပင်များအဖြစ် အိမ်ခြံဝင်း၊ ယာခင်းများတွင် တစ်ပိုင်တစ်နိုင်စိုက်ခင်းများအဖြစ် စိုက်ပျိုးခြင်းဖြင့် လျှော်ဖြူပင်များမှ အစေးထုတ်ယူရချိန်တွင် နေ့စဉ်မိသားစု စရိတ်ရရှိမည်ဖြစ်၍ နိုင်ငံတော်မှ မူဝါဒချမှတ်လျက် စီမံဆောင်ရွက်နေသော ကျေးလက်ဒေသ ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်များကို များစွာ အထောက်အကူပြုနိုင်သည့် စိုက်ပျိုးရေးနည်းလမ်းတစ်ခု ဖြစ်ပါကြောင်း ရေးသား တင်ပြလိုက်ရပါသည်။

**အောင်မင်း(တန့်ဆည်)**

# ukdGfESm;ol;kdtumtuGfy;a&;EdIf,SOfvmol;kdyfm0,f

ဖိုးသာအောင်သည် မြန်မာ့လယ်ယာထွက်ကုန် ပစ္စည်းရောင်းဝယ်ရေး၊ ကုန်သွယ်မှုမြှင့်တင်ရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာ၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ၊ စားသုံးသူရေးရာစသည်ဖြင့် အဆင့်ဆင့် ပြောင်းလဲသွားသော သဘောသဘာဝများကို အနီးကပ် လေ့လာခွင့်ရခဲ့သည်။ ကုန်သွယ်ရေးကတော့ ဖိုးသာအောင်တို့ မမွေးခင်ကတည်းက သန္ဓေတည်ခဲ့သော်လည်း စားသုံးသူအကာအကွယ်ပေးရေးကတော့ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်ပြီးတဲ့ နောက်ပိုင်းမှ မြန်မာနိုင်ငံတွင် သန္ဓေတည်ခဲ့သည်ဟု ဆိုရပါမည်။ သမိုင်းကြောင်းကိုတော့ ဒီလောက်ပဲ တင်ပြလိုပါသည်။ မြင်လွယ်အောင်ပြောရရင်တော့ အတွေ့အကြုံရင့်ကျက်သော အဖိုးနဲ့ဆယ်နှစ်သားခန့်ရှိတဲ့မြေးကို မျက်လုံးထဲမှာ မြင်ရင်လုံလောက်ပါပြီ။

ကုန်သွယ်ရေးနဲ့ပတ်သက်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပို့ကုန်၊ သွင်းကုန်ဇယား နှိုင်းယှဉ် ချက်မှ ၂၀၁၆ခုနှစ် ဇန်နဝါရီလ ၁ ရက် နဲ့ ၂၀၁၇ခုနှစ် ဇန်နဝါရီလ ၂၇ ရက် ကာလတူ ပို့ကုန်၊ သွင်းကုန် အခြေအနေလေးကို လေ့လာခွင့်ရခဲ့ပါသည်။

၎င်းဇယားထဲမှ အချိုမှုန့်နဲ့စားအုန်းဆီ၊ သွင်းကုန်ဇယားကာလတူနှိုင်းယှဉ်ချက်ကို တွေ့တဲ့အခါ အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၁၉၉ သန်းတန်ဖိုးရှိ အချိုမှုန့်နဲ့ အမေရိကန်ဒေါ်လာ ၄၁ ဒသမ ၇၃ သန်းတန်ဖိုးရှိ စားအုန်းဆီတို့ကို ယခင် နှစ်ထက် ပိုမိုလျော့နည်းတင်သွင်းခဲ့တယ်လို့ တွေ့ခဲ့ရပါတယ်။ နှစ်ခုပေါင်းဆိုရင် အမေရိကန်ဒေါ်လာ ၆၀ ဒသမ ၉၂၉ သန်း လျော့နည်းသွင်းခဲ့တယ်ဆိုတာ တွေ့ရပါတယ်။ ယခု အမေရိကန်ဒေါ်လာဈေး ၁၃၆၆ ကျပ်ခန့်နဲ့ မြှောက်ကြည့်မယ်ဆိုရင် မြန်မာငွေနဲ့ဘယ်လောက်အထိ တန်ဖိုးရှိနိုင်မလဲဆိုတာ တွက်ကြည့်လို့ရပါတယ်။

ဖိုးသာအောင်လည်း စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ ရန်ကုန်တိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်စတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အတွင်းမှာရှိတဲ့ တက္ကသိုလ်၊ အထက်တန်းကျောင်း၊ တပ်မတော်တပ်ရင်း၊ တပ်ဖွဲ့၊ ပြည်သူလူထုတို့ကို စားသုံးသူရေးရာဦးစီးဌာနက ဟောပြောတဲ့ပုံရိပ်တွေကို အနီးကပ်လေ့လာခွင့်ရခဲ့တဲ့ အခြေအနေများကို နားထဲမှာ ကြားယောင်မိလာပါတယ်။

ဌာနတွင်းက ဟောပြောဆွေးနွေးသူတွေဟာ စားသုံးသူရေးရာဦးစီးဌာန ပေါ်ပေါက်လာပုံ၊ ဥပဒေမူကြမ်းပြုစုခဲ့ပုံ၊ ၂၀၁၄ မတ်လ ၁၄ မှာ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၁၀)အဖြစ် အတည်ပြုခဲ့ပုံ၊ ယခုလည်း ပိုမိုပြည့်စုံကောင်းမွန်တဲ့ ဥပဒေသစ်(မူကြမ်း)ကို ပြန်လည် ပြုစုရေးဆွဲပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ဒီဇင်ဘာလကုန်ကတည်းက တင်ပြထား ပုံ၊ အချိုမှုန့်ကိုလိုတာထက် စားသုံးပါကရင်ဆိုင်ကြုံတွေ့ရမယ့် ဘေးထွက်ဆိုးကျိုးတွေ၊ ဆိုးဆေးများရဲ့ အန္တရာယ်၊ မုန့်မျိုးစုံနဲ့ မှိုဆိပ်၊ ပြည့်ဝဆီနဲ့မပြည့်ဝဆီ နှိုင်းယှဉ် စားသုံးဖို့၊ စားအုန်းဆီ၊ မြောင်းဆီ၊ ပြန်ကြော်ဆီ၊ ရောဆီတို့ရဲ့ အန္တရာယ်စသည်တို့ရဲ့ အကြောင်းကို မမောနိုင် မပမ်းနိုင် ပညာပေးဟောပြောပွဲများ ပြုလုပ်သည့် မြင်ကွင်း၊ သင်တန်းတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေ ကျင်းပခြင်း၊ ကျောင်းမုန့်ဈေးတန်းနဲ့ စည်ပင်သာယာဈေးတွေ၊ ဒေသအလိုက် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များက ကွင်းဆင်းစစ်ဆေးတဲ့ မြင်ကွင်းတွေ စတာတွေကို အခန်းဆက် ကြည့်နေရသကဲ့သို့ မြင်ရပါတယ်။

ဒါကြောင့်လည်း အစိုးရအဆက်ဆက်က စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနဲ့ စားသုံးသူအကာအကွယ်ပေးရေးကို တွဲထားခဲ့တာပါလားလို့ စဉ်းစားမိခဲ့ပါတယ်။ ပိုမိုပြည့်စုံကောင်းမွန်တဲ့ ဥပဒေသစ်တစ်ရပ်ကိုသာ အတည်ပြုနိုင်ခဲ့ရင် တော့ ယခုထက်ပင် စားသုံးသူများ အကျိုးရှိလာနိုင်တယ်လို့လည်း စဉ်းစားမိပါတယ်။

မြန်မာနိုင်ငံရဲ့သဘာဝပတ်ဝန်းကျင်အနေအထားအရ စီးပွားရေး၊ နိုင်ငံရေးအင်အားကြီးသလို လူဦးရေထူထပ်များပြားတဲ့ နိုင်ငံကြီး နှစ်နိုင်ငံရဲ့ကြားထဲမှာ မဟာဗျူဟာကျကျတည်ရှိနေတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တာကို တွေ့ရမှာဖြစ်ပါတယ်။ အဲဒီအင်အားကြီးနိုင်ငံနှစ်နိုင်ငံအနက် တရုတ်နိုင်ငံဟာ မြန်မာနိုင်ငံရဲ့ နယ်နိမိတ်ထိစပ်မှုများပြားတဲ့နိုင်ငံတစ်နိုင်ငံအဖြစ်တည်ရှိနေတာကို အားလုံးသိကြမှာပါ။

ဒါကြောင့် အဲဒီနိုင်ငံကြီးတွေရဲ့ ဈေးကွက်ကြီးတစ်ခုအဖြစ်အသွင်သဏ္ဍာန်ရှိနေတဲ့ မြန်မာနိုင်ငံဟာ အဲဒီနိုင်ငံကြီးတွေရဲ့ နည်းပညာကြွယ်ဝမှု၊ တီထွင်မှုများရဲ့အစမ်းသပ်ခံမဖြစ်ဖို့အတွက် ပိုမိုပြည့်စုံကောင်းမွန်တဲ့၊ အားကောင်းတဲ့ ဥပဒေတစ်ရပ် အမြန်ပေါ်ထွန်းဖို့ လိုအပ်လာတာကို စဉ်းစားမိပါတယ်။ ဒါမှလည်း နိုင်ငံ့ဝန်ထမ်းတွေက ဥပဒေအကာအကွယ်နဲ့ပြည်သူကို ပိုမိုထိရောက်စွာကာကွယ်နိုင်မှာဖြစ်ပါတယ်။ ခေတ်မီလာတာနဲ့အမျှ စားသောက်ကုန်၊ လူသုံးကုန်အမျိုးမျိုး၊ ဝန်ဆောင်မှု အဖုံဖုံတွေကလည်း တိုးတက်ပြောင်းလဲလာသလို ပြည်သူလူထုကို ပိုမို ခြိမ်းခြောက်လာတာတွေ့ရပါတယ်။ ဒီ အကျိုးဆက်တွေကြောင့် ရောဂါဆန်းများဘေးမှ လျော့ပါးပြီး လိမ်လည်မှုမျိုးစုံမှ ရှောင်တိမ်းနိုင်ကာ ငြိမ်းချမ်းသော အနာဂတ် မြန်မာနိုင်ငံကို လှမ်းမျှော်ကြည့်ရင်း ဖိုးသာအောင်တို့ စားသုံးသူတွေအနေနဲ့လည်း အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ ပူးပေါင်း ပါဝင်ဖို့ လိုအပ်နေပါတယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

**ဖိုးသာအောင်**

Vol: 17, No.8 Monday February 20 2017

# မြန်မာ့ဖရဲများ တရုတ်နိုင်ငံတွင် ဈေးကောင်းရ

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅) ကုန်သွယ်ရေးဇုန်၊ ချင်းရွှေဟော်နဲ့ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းများမှ ဖေဖော်ဝါရီ ၄ ရက်မှ ၁၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၆၇ သန်းတန်ဖိုးရှိ ဖရဲသီး ၃၀၉၀၆ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုမှာ မူဆယ်မှ ၂၉၉၀၀တန်၊ ကန်ပိုက်တီမှ တန် ၁၀၀၀ နဲ့ ချင်းရွှေဟော်မှ ခြောက်တန်ခွဲ ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က အဆိုပါစခန်းသုံးခုပေါင်းမှ ၂၂၃၆၂ တန်သာ တင်ပို့ခဲ့လို့ ယခုတစ်ပတ်တရုတ်နိုင်ငံသို့ ဖရဲသီး ၈၅၄၄ တန် ခွဲ ပိုမိုတင်ပို့နိုင်ခဲ့တာတွေ့ရပါတယ်။

တရုတ်သစ်သီးကုန်သည်တွေရဲ့ ဝယ်လိုအားကြောင့် ဖရဲသီး တစ်တန်လျှင် တရုတ်ယွမ်ငွေ ၅၀၀ ဝန်းကျင်သို့ ဈေးမြင့်တက်ခဲ့ကြောင်း၊ ဈေးကွက်အတွင်း ဝင်ရောက်လာတဲ့ ဖရဲသီးများမှာ အရည်အသွေး ကောင်းမွန်တာကြောင့် တရုတ်ကုန်သည်တွေ အကြိုက်တွေ့ပြီး ဝယ်လိုအားမြင့်တက်ခဲ့ကြောင်း၊ ဖရဲသီးအဝင်က တစ်နေ့ကို ပျမ်းမျှကားစီးရေ ၈၀ မှ ၉၀ လောက်အထိဝင်တော့ ဈေးကွက်ဝယ်လိုအားနဲ့ ညီမျှတဲ့ အနေအထားကြောင့်ယခုလိုဈေးကောင်းရတဲ့ အခြေအနေ ဖြစ်လာတာပါဟု မူဆယ်သစ်သီးဝလံကုန်စည်ဒိုင်မှ သိရပါတယ်။

**မော်မော်အောင်**

# မူဆယ်မှ ရေထွက်ကုန်တင်ပို့မှု တန်ချိန်ရော တန်ဖိုးပါပိုမို

မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဖေဖော်ဝါရီ ၄ ရက်မှ ၁၀ ရက်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၄၄ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၁၂၅၅ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က အမေရိကန်ဒေါ်လာ သုညဒသမ ၉၁၀ သန်း တန်ဖိုးရှိ ရေထွက်ကုန် တန်ချိန် ၃၆၀ ကျော် တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၃၄ သန်း၊ တန်ချိန်အားဖြင့် ၈၉၄ တန်ကျော် ပိုမိုတင်ပို့ခဲ့ပါတယ်။

ယခုသီတင်းပတ်မှာ ငါးခြောက်၊ ငါးလေးခြောက်၊ ကင်းမွန်ခြောက်၊ ငါးပူတင်းအရေခွံခြောက်၊ ငါးမျိုးစုံ၊ ငါးဆားနယ်နဲ့ ငါးမြစ်ချင်းစီဖောင်းတို့ကို ပိုမိုတင်ပို့ပြီး ယခင်တစ်ပတ်က တင်ပို့မှုမရှိတဲ့ ငါးမှုန့်၊ ပုစွန်ဖွဲ့၊ ပုစွန်ခြောက်နဲ့ ငါးစီဖောင်းတို့ကိုပါ တင်ပို့နိုင်ခဲ့တာကြောင့် ရေထွက်ပစ္စည်း တင်ပို့မှုပိုမိုရခြင်းဖြစ်ကြောင်း၊ တစ်ဖက်နိုင်ငံယွမ်ဈေးအနေဖြင့် ငါးရှဉ့်တစ်တန် ၃၁၀၀၀ ယွမ်နဲ့ ကဏန်းတစ်တန် ၅၃၃၈၁ ယွမ်ဈေးရှိကြောင်း မူဆယ်ရေထွက်ကုန်ဒိုင်မှ သိရပါတယ်။

**မော်မော်အောင်**

# တရားမဝင်သယ်ဆောင်လာတဲ့ ကျောက်စိမ်းတုံးများ ကန်ပိုက်တီကုန်သွယ်ရေးစခန်း OSS အဖွဲ့မှ ထပ်မံတွေ့ရှိ



မြစ်ကြီးနားမှ ထွက်ခွာလာသည့် Honda Oddesey (အဖြူရောင်) ယာဉ်အမှတ် MON 6D xxxx နှင့် Oddesey (အဖြူရောင်)ယာဉ်အမှတ် YGN 2J/xxxx တို့ကို ကန်ပိုက်တီစခန်းတွင် OSS အဖွဲ့မှ တားဆီးရှာဖွေစစ်ဆေးခဲ့ရာကား ဝမ်းဗိုက်အတွင်း မီးသွေးအိတ်များဖြင့် ဖုံးအုပ်သယ်ဆောင်လာသော ကျောက်စိမ်းဟုယူဆရသည့် ကျောက်တုံးများကို ရှာဖွေတွေ့ရှိခဲ့သဖြင့် ပစ္စည်းနှင့်မော်တော်ယာဉ်ကို သိမ်းဆည်းခဲ့ပါသည်။

အဆိုပါသိမ်းဆည်းရမိ ကျောက်စိမ်းတုံးများမှာ ကျောက်တုံးကြီးသေးရောရာ ၁၀၅ တုံးနှင့် ကျောက်စိမ်းတုံးကြီးရောရာ ၂၈၃ တုံးဖြစ်ပါသည်။

ဖမ်းဆီးရမိပစ္စည်းများကို ကန်ပိုက်တီစခန်းတွင် ချိန်တွယ်စစ်ဆေးရန် အခက်အခဲရှိသဖြင့် ဖမ်းဆီးရမိပစ္စည်းများနှင့် မော်တော်ယာဉ်နှစ်စီးကိုမြို့နယ် အကောက်ခွန်ဦးစီးဌာန (မြစ်ကြီးနား) သို့လည်းကောင်း၊ ယာဉ်မောင်းနှစ်ဦးကို ဝိုင်းမော်ရဲစခန်းသို့လည်းကောင်း၊ ဖေဖော်ဝါရီ ၁၆ ရက် ၁၄ : ၃၀ ချိန်တွင် OSS အဖွဲ့နှင့်အတူ ပို့ဆောင်ပေးခဲ့သည်။

အဆိုပါ ကျောက်စိမ်းတုံးများကိုမြစ်ကြီးနားအကောက်ခွန်ဦးစီးဌာနတွင် ဖေဖော်ဝါရီလ ၁၇ ရက်နေ့က အသေးစိတ် ဖွင့်ဖောက်စစ်ဆေး ချိန်တွယ်ခဲ့ရာ မော်တော်ယာဉ်နှစ်စီးပေါ်မှ ကျောက်စိမ်းဟုယူဆရသော ကျောက်တုံးစုစုပေါင်း ၃၈၈ တုံး၊ အလေးချိန် ၃၈၃ ကီလိုဂရမ်၊ တန်ဖိုးအားဖြင့် ၅၅သိန်း ကျော်ကို စစ်ဆေးတွေ့ရှိခဲ့သည်။

ပစ္စည်းသယ်ဆောင်သူ ယာဉ်မောင်း အောင်မြတ်စိုးနှင့် သက်ဇော်မြင့်တို့ကို အမှုအမှတ် (ပ-၃/ ၂၀၁၇)၊ (ပ-၄/ ၂၀၁၇) တို့ဖြင့် ဝိုင်းမော်ရဲစခန်းတွင် အမှုဖွင့်လှစ်၍ အရေး ယူဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

မော်မော်အောင်

# ဘင်္ဂလားဒေ့ရှ်နယ်စပ်မှ ရေထွက်ကုန်မျိုးစုံ တန် ၂၇၀ ကျော်တင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေး စခန်းနဲ့ မောင်တော ကုန်သွယ်ရေးစခန်းများမှ ဖေဖော်ဝါရီလ ၄ ရက်မှ ၁၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ သုညဒသမ ၂၅၇ သန်း တန်ဖိုးရှိ ရေထွက်ကုန်မျိုးစုံ ၂၇၄ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၄၆ တန်သာ တင်ပို့ခဲ့တာမို့ ယခုတစ်ပတ်မှာ ၁၂၈ တန် ပိုမိုတင်ပို့နိုင်တာ တွေ့ရပါတယ်။ ယင်းသို့ ပိုမိုရခြင်းမှာ ယခုတစ်ပတ်မှာ စစ်တွေကုန်သွယ်ရေးစခန်းရော မောင်တောကုန်သွယ်ရေးစခန်းကပါ ရေထွက်ကုန်များ ပိုမိုတင်ပို့နိုင်ခြင်းကြောင့် ဖြစ်တယ်လို့ သိရပါတယ်။

တင်ပို့မှုကိုကြည့်ပါက စစ်တွေကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၉၃ သန်း တန်ဖိုးရှိ ရေချိုငါးမြစ်ချင်း ၈၃ တန်နဲ့ မောင်တောကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၁၆၄ သန်း တန်ဖိုးရှိ ရေငန်ပုစွန်၊ ငါးနီတူခြောက်၊ ငါးမျိုးစုံ၊ ငါးစုံလေးခြောက်၊ ငါးသလောက်၊ ကျောက်ငါး၊ ငါးပါးနီ၊ ကုန်းညှိုခြောက် စုစုပေါင်း ၁၉၁ တန်တင်ပို့နိုင်တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# ထိုင်းနယ်စပ်မှ ရေထွက်ကုန် တင်ပို့မှုကျဆင်း

မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများနဲ့ ကုန်သွယ်ရေးဇုန်များမှ ဖေဖော်ဝါရီ ၄ ရက်မှ ၁၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၉၉၇ သန်းတန်ဖိုးရှိ ရေထွက်ကုန်မျိုးစုံကို တန်ချိန်ပေါင်း ၄၈၆၀ ခန့် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၆၅၄၂ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၆၈၂ တန် လျော့နည်းတင်ပို့ ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ မြဝတီကုန်သွယ်ရေးဇုန်မှ ရေထွက်ကုန်များ ပိုမိုတင်ပို့ခဲ့ပေမယ့် ကော့သောင်းကုန်သွယ်ရေးစခန်းနဲ့ မြိတ်ကုန်သွယ်ရေးစခန်းတို့မှ ရေထွက်ကုန်များ တင်ပို့မှုလျော့နည်းခဲ့တဲ့အတွက်ကြောင့် ဖြစ်တယ်လို့ သိရပါတယ်။

တင်ပို့မှုအခြေအနေကို ကြည့်ပါက မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုညဒသမ ၁၃၉ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ကဏန်း၊ ပုစွန်တို့ကို ၁၀၉ တန်၊ ကော့သောင်း ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၀၇ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ကင်းမွန်နဲ့ အခြားရေထွက်ကုန်ဖြစ်တဲ့ ပုစွန်၊ ကဏန်း၊ ရေဘဝဲတို့ကို အမေရိကန်ဒေါ်လာ ၂၉၃၄ တန်၊ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၅၁ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ပုစွန်၊ ကဏန်းပျော့၊ ငါးမှုန့်တို့ကို ၁၈၁၆ တန် တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# ထိုင်းနိုင်ငံသို့ လက်ဖက်ခြောက်တင်ပို့

ဖေဖော်ဝါရီ ၄ ရက်မှ ၁၀ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂၉၂၅၂ တန်ဖိုးရှိ လက်ဖက်ခြောက် ၇၅ တန်နီးပါးကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က တာချီလိတ်မှ လက်ဖက်ခြောက် တင်ပို့ခဲ့ခြင်းမရှိဘဲ မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ လက်ဖက်ခြောက် ၁၆ တန်ခွဲ တင်ပို့ခဲ့တာ တွေ့ရပါတယ်။

စက်ရုံများမှ ထုတ်လုပ်တဲ့ လက်ဖက်ခြောက်မှာ မိရိုးဖလာနည်းနဲ့ ထုတ်လုပ်တဲ့ လက်ဖက်ခြောက်ထက်အနံ့၊ အရသာကွာခြားသည့်အပြင် သန့်ရှင်းသပ်ရပ်မှု ပိုမိုကောင်းမွန်တာကြောင့် ကျန်းမာရေးနဲ့လည်း ကိုက်ညီပြီး ပြည်ပသို့ တင်ပို့နိုင်သည်အထိ ဆောင်ရွက်နိုင်သဖြင့် ဈေးပိုမိုရရှိတယ်လို့ Myanmar Green Tea လက်ဖက်လုပ်ငန်းမှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

# အိန္ဒိယနယ်စပ်မှ ကွမ်းသီးများပိုမိုတင်ပို့

မြန်မာ-အိန္ဒိယနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဖေဖော်ဝါရီ ၄ ရက်မှ ၁၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၅၁၉ သန်း တန်ဖိုးရှိ ကွမ်းသီး ၆၃၂ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တန်ချိန် ၅၉၀ တင်ပို့ခဲ့တာမို့ ယခုတစ်ပတ်မှာ ၄၂ တန်ပိုမိုတင်ပို့နိုင်တာတွေ့ရပါတယ်။ ယင်းသို့ ပိုမိုရခြင်းမှာ ယခင်တစ်ပတ်က တင်ပို့နိုင်ခြင်းမရှိတဲ့ တမူးကုန်သွယ်ရေး စခန်းမှ ကွမ်းသီး ပြန်လည်တင်ပို့လာခြင်းကြောင့် ဖြစ်တယ်လို့ သိရပါတယ်။

တင်ပို့မှုကိုကြည့်ပါက တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၃၇သန်း တန်ဖိုးရှိ ကွမ်းသီး ၄၂ တန်နဲ့ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ သုညဒသမ ၄၈၂ သန်း တန်ဖိုးရှိ ကွမ်းသီး ၅၉၀ တန် တင်ပို့နိုင်တယ်လို့ သိရပါတယ်။



တမူးကုန်သွယ်ရေးစခန်းမှ ကွမ်းသီးအပြင် အမေရိကန်ဒေါ်လာ သုညဒသမ ၃၃၀ သန်း တန်ဖိုးရှိ နန့်ဖာလုံ အမယ်စုံနဲ့ စီးကရက်တို့ကို ၂၅ တန် တင်ပို့နိုင်ပြီး ရိဒ် ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၁၂၀ သန်း တန်ဖိုးရှိ စီးကရက်၊ မုန့်မျိုးစုံ၊ ရေချိုငါးတို့ကို ၉၁ တန် တင်ပို့နိုင်တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ်တို့၏ (၂/၂၀၁၇)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းစဉ်များ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေး လုပ်ငန်းကော်မတီ၊ ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီတို့၏ (၂/၂၀၁၇)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဖေဖော်ဝါရီလ ၁၄ ရက်က ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ (၃)၌ ကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ်တို့မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ စုစုပေါင်း ၃၂ ဦး တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးမြင့်ချိုက ယခင်လအစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ မိတ်ဖက်ဌာနများနှင့်ပူးပေါင်း၍ အခြေခံပညာကျောင်း၊ ဈေး၊ တက္ကသိုလ်၊ ကောလိပ်၊ ရပ်ကွက်/ကျေးရွာ ပြည်သူလူထုများနှင့် စက်မှုဇုန်များမှ စီးပွားရေးလုပ်ငန်းရှင်များအား အသိပညာပေးဟောပြောပွဲနှင့် ကွင်းဆင်းဆောင်ရွက်မှုများ၊ ခရိုင်လေးခုမှ FDA နှင့် ပူးပေါင်း၍ ထုတ်ကုန်လုံခြုံစိတ်ချရမှုအတွက် မြို့နယ်များသို့ကွင်းဆင်းစစ်ဆေးဆောင်ရွက်နေမှုများ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့မှ တိုင်ကြားမှုဖြစ်သော ဘက်ထရီ၊ တီဗွီ၊ ဖုန်းစသည့် အသုံးအဆောင်ပစ္စည်းများနှင့် ပတ်သက်သော ကိစ္စရပ်များကိုလည်း နှစ်ဦးနှစ်ဖက် ပြေလည်အောင် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့မှုနှင့် MCC ခန်းမတွင် ကျင်းပပြုလုပ်မည့် FDA ၏ အသိပညာပေးပြခန်းတွင် ပူးပေါင်းပါဝင်ပြသရန် စီစဉ်ဆောင်ရွက်နေမှုများကို တင်ပြဆွေးနွေးခဲ့ပါသည်။

တက်ရောက်လာကြသည့် အဖွဲ့ဝင်များက ပြဋ္ဌာန်းထားသည့်ဥပဒေ စည်းမျဉ်းစည်းကမ်းများကို စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်လာအောင် ပညာပေးရေး၊ ထုတ်ကုန်များအား ကုန်အမှတ်တံဆိပ်ပြည့်စုံပြီး စံချိန်စံညွှန်းနှင့်ညီအောင် ထုတ်လုပ်စေရေး၊ FDA ၏ ခွင့်ပြုထောက်ခံချက်ဖြင့်သာ စားသောက်ကုန်များ ထုတ်လုပ်ရေး၊ ယနေ့ဈေးကွက် အတွင်း ခေါက်ဆွဲနှင့် မုန့်ဖတ်များ၌ ဖော်မလင်ဆေးအပြင် လက်ချားကို အသုံးပြုနေမှုနှင့် ဆောင်ရွက်ထားရှိမှုများ၊ ဓာတုအနံ့ရောထားသည့်ရောဆီများ၊ ပြန်ကြော်ဆီများ အကြောင်းတို့ကို ညှိနှိုင်းဆွေးနွေးကြပြီး ရှေ့ဆက်လက်ဆောင်ရွက်မည့် စားသုံးသူ ကာကွယ်ရေးလုပ်ငန်းများကို ဆုံးဖြတ်ခဲ့ကြောင်း သတင်းရရှိပါသည်။



**စိုးစိုးဦး (စားသုံးသူ) ရန်ကုန်**

## MPT နှင့် ကမ္ဘာ့ရတနာဘဏ်တို့ပူးပေါင်း၍ ဆင်းမ်ကတ်များ မှတ်ပုံတင်ခြင်းကို ဘဏ်ကွန်ရက်မှတစ်ဆင့် ကျယ်ပြန့်စွာ ဝန်ဆောင်မှုပေးမည်

MPT သုံးစွဲသူများအား မတ်လ ၃၁ ရက်မတိုင်မီ ဆင်းမ်ကတ်များ အချိန်မီ မှတ်ပုံတင်ပြီးစီးနိုင်စေရန်အတွက် ကမ္ဘာ့ရတနာဘဏ်နှင့်ပူးပေါင်း ၍ ဝန်ဆောင်မှုများပေးသွားမည်ဖြစ်ကြောင်း MPT ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ကမ္ဘာ့ရတနာဘဏ် အနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ၎င်း၏ ဘဏ်ခွဲပေါင်း ၁၁၉ ခုတွင် ဖေဖော်ဝါရီလ ၉ ရက်မှစတင်ကာ အဆိုပါဆင်းမ်ကတ် မှတ်ပုံတင်ခြင်းကို လုပ်ဆောင်နိုင်ပြီဖြစ်ကြောင်း သိရသည်။

MPT-KSGM Joint Operations ၏ Chief Commercial Officer ဖြစ်သူ မစ္စတာကိုအိချိကာဝါဆဲက "အခုလို ကမ္ဘာ့ရတနာဘဏ်နဲ့ ပူးပေါင်းလိုက်တဲ့အတွက် သုံးစွဲသူတွေဟာ ဆင်းမ်ကတ် မှတ်ပုံတင်ခြင်းကို မြန်မာ နိုင်ငံတစ်ဝန်းက နောက်ထပ်နေရာ ပေါင်း ၁၀၀ ကျော်မှာ မှတ်ပုံတင်နိုင်မှာ ဖြစ်ပါတယ်။ ဆင်းမ်ကတ်မှတ်ပုံတင်ခြင်းဟာ အနာဂတ်မှာ အရေးပါလာမှာ ဖြစ်တာကြောင့် သုံးစွဲသူတွေအနေနဲ့ မတ်လ ၃၁ ရက်နေ့ မတိုင်မီ မှတ်ပုံတင်ကြဖို့ ကျွန်တော်တို့က လေးလေးနက်နက် တိုက်တွန်းလိုပါတယ်"ဟု ပြောကြားခဲ့သည်။

ကမ္ဘာ့ရတနာဘဏ်မှ ဒုတိယ အုပ်ချုပ်မှုဒါရိုက်တာ ဦးဇော်မင်းကလည်း "MPTနဲ့အတူ ပူးပေါင်းပြီး MPT သုံးစွဲသူတွေကို ကျွန်တော်တို့ရဲ့ ကမ္ဘာ့ရတနာ ဘဏ်မှာ ဆင်းမ်ကတ်မှတ်ပုံတင်နိုင်အောင် ဝန်ဆောင်မှုပေးနိုင်ခဲ့တဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ ကမ္ဘာ့ရတနာဘဏ်ရဲ့ ကွန်ရက်ဟာ သုံးစွဲသူတွေနဲ့ အနီးနားမှာရှိတဲ့အတွက် ကျေးလက်နဲ့ နယ်ဘက်က သုံးစွဲသူတွေလည်း ဆင်းမ်ကတ်မှတ်ပုံတင်ခြင်း ဝန်ဆောင်မှုကို ရယူနိုင်မှာဖြစ်တဲ့အပြင် ကျွန်တော်တို့ ပေးအပ်နေတဲ့ ဝန်ဆောင်မှုတွေကိုပါ ရယူနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် လူထုအတွက်ရော၊ MPT အတွက်ရော၊ ကမ္ဘာ့ရတနာဘဏ်အတွက်ရော အကျိုးရှိမယ့် ဝန်ဆောင်မှု တစ်ခုလို့ဆိုနိုင်ပါတယ်"ဟု ပြောကြားခဲ့သည်။

MPT သည် ဆင်းမ်ကတ်မှတ်ပုံတင်ခြင်း ဝန်ဆောင်မှုအတွက် ကမ္ဘာ့ရတနာဘဏ် GTB နှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိသည့်အပြင် CB ဘဏ်၊ KBZ ဘဏ်နှင့် AYA ဘဏ်တို့နှင့်လည်း လက်တွဲလုပ်ဆောင်လျက်ရှိပြီး Bestone မိုဘိုင်းဖုန်းဆိုင်များ၊ စာတိုက်များ စသည့်နေရာများတွင်လည်း ဆင်းမ်ကတ်မှတ်ပုံတင်ခြင်းကို ဆောင်ရွက်ပေးလျက်ရှိသည်။

MPT အသုံးပြုသူများအနေဖြင့် ဆင်းမ်းကတ်မှတ်ပုံတင်ခြင်းကို MPT Customer Service Call Center ၏ ဖုန်းနံပါတ် ၁၀၆ သို့ခေါ်ဆို၍ အွန်လိုင်းမှတစ်ဆင့် ဆင်းမ်ကတ်မှတ်ပုံတင်နိုင်မည့် လုပ်ငန်းစဉ်များကို သိရှိနိုင်ပြီး၊ MPT4U အက်ပလီကေးရှင်း(သို့)self-care ဝက်ဘ်ဆိုက်စာမျက်နှာကို အသုံးပြု၍ဆောင်ရွက်နိုင်ကြောင်း သိရသည်။

**မယ်သီတာ**

## MyJobs.com.mm က ကြီးမှူး၍ အလုပ်အကိုင်ခေါ်ယူပွဲကြီးကို ကျင်းပမည်

MyJobs.com.mm က ကြီးမှူး၍ အလုပ်အကိုင်ခေါ်ယူပွဲကြီးကို ဖေဖော်ဝါရီလ ၂၆ ရက်တွင် ရန်ကုန်မြို့ အထက်ပန်းဆိုးတန်းလမ်းရှိ Rose Garden ဟိုတယ်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအလုပ်အကိုင်ခေါ်ယူပွဲကြီးတွင် မြန်မာနိုင်ငံမှ ထိပ်တန်းကုမ္ပဏီပေါင်း ၄၀ ခန့်တွင် လစ်လပ်နေသည့် အလုပ်အကိုင်နေရာများကို ခေါ်ယူသွားမည်ဖြစ်ပြီး တိုက်ရိုက်အင်တာဗျူးအစီအစဉ်များလည်း ပါဝင်မည်ဖြစ်သည်။

MyJobs.com.mm မှ အမှုဆောင်အရာရှိချုပ်ဖြစ်သူ Hans van Beek က "ပြီးခဲ့တဲ့နှစ်က MyJobs. com.mm အနေနဲ့ ရန်ကုန်မြို့မှာ အလုပ်အကိုင်ခေါ်ယူပွဲပြုလုပ်ခဲ့ရာမှာ အလုပ်ရှာဖွေသူပေါင်း ၁၀၀၀၀ မှ ၂၀၀၀၀ အကြား လာရောက်အလုပ် လျှောက်ထားခဲ့ကြပါတယ်။ နိုဝင်ဘာလတုန်းက မန္တလေးမှာပြုလုပ်ခဲ့တဲ့ပွဲတုန်းကလည်း အလုပ်ရှာဖွေသူပေါင်း ၄၀၀၀ ကျော် လာရောက်ခဲ့ကြပါတယ်။ ကျွန်တော်တို့အနေနဲ့ အခုကျင်းပမယ့်အလုပ် အကိုင်ပြပွဲမှာလည်း အလုပ်အကိုင်သစ်တွေ ခေါ်ယူနေတဲ့ကုမ္ပဏီအဖွဲ့အစည်းတွေ၊ NGOs တွေနဲ့ အလုပ်ရှာဖွေသူတွေကို ချိတ်ဆက်ပေးနိုင်ဖို့ မျှော်လင့်ပါတယ်" ဟု ပြောကြားခဲ့သည်။

အဆိုပါပြပွဲတွင် ဆရာလင်းသိုက်ညွန့်(မြန်မာ့မြေ)က "My Job, My Choice, Success in Life" ခေါင်းစဉ်ဖြင့် ပြပွဲနေ့တွင် ဟောပြောပေးသွားမည်ဖြစ်သည်။

ပြပွဲတွင် အူရီဒူး၊ ကားလ်စ်ဘတ်နှင့် နက်စ်လေတို့အပြင် MPT, Blue Ocean, YOMA, KIA, Friesland Campina, British American Tobacco အစရှိသည့် ကုမ္ပဏီများစွာက အလုပ်အကိုင်နေရာများကို ခေါ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

## ပုသိမ်မြို့တွင် "4th Ayeyar Trade Fair 2017"ကုန်စည်ပြပွဲ ကျင်းပမည်

မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့နှင့် ဧရာကုန်သွယ်မှုဗဟိုဌာနတို့ ပူးပေါင်း၍ 4th Ayeyar Trade Fair 2017 ကုန်စည်ပြပွဲကို ပုသိမ်မြို့၊ မြို့တော်ခန်းမတွင် မတ်လ ၁ ရက်မှ ၃ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ကုန်စည်ပြပွဲကို ပို့ကုန်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသတွင်း ကုန်ထုတ်လုပ်မှု တိုးတက်လာပြီး ပြည်ပပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရန် သာမက ပြည်ပဈေးကွက်အလားအလာရှိသော ကုန်စည်များ နိုင်ငံတကာ ဈေးကွက်သို့ ထိုးဖောက်နိုင်ရန် ရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်သည်။

အဆိုပါကုန်စည်ပြပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးထုတ်လုပ်သူ စီးပွားရေးလုပ်ငန်းရှင်များအတွက် နည်းပညာ၊ ငွေကြေးအရင်းအနှီး၊ ဈေးကွက်နှင့် အခွင့်အလမ်းကောင်းများရရှိစေရန်နှင့် တိုင်းဒေသကြီးမှထွက်ရှိသော ပြည်တွင်း/ပြည်ပထွက် ကုန်စည်အမျိုးမျိုး၊ စက်မှုဝန်ကြီးဌာနအောက်ရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းများ၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့ကြီးများရှိ ကုမ္ပဏီကြီးများ ရန်ကုန်မြို့အခြေစိုက်ဂျပန်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံမှ ကုမ္ပဏီများ၏ စားသောက်ကုန်နှင့် လူသုံးကုန်များ၊ အဝတ်အထည်များ၊ လျှပ်စစ်နှင့် လူသုံးကုန်ပစ္စည်းများ၏အရောင်းပြခန်းများ၊ အခြားပြခန်းများအပါအဝင် ပြခန်းပေါင်း ၉၀ ကျော် ပါဝင်ပြသနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထပ်မံပါဝင်ပြသလိုသော ကုမ္ပဏီကြီးများ၊ စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့်လည်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ မြန်မာကုန်သွယ်မှုဗဟိုဌာန၊ ရန်ကုန်မြို့ရှိ ဖုန်း ၀၁-၂၅၄၀၂၄ Email: itpic.moc@gmail.com သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း ဧရာကုန်သွယ်မှုဗဟိုဌာန ပုသိမ်မြို့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**မင်းမင်းဦး(ပုသိမ်)**




# MULTINETS GLOBAL CO., LTD.

SHIPPING & LOGISTIC SERVICES

*(for your valued cargo)*

*Sea & Air Freight Forwarding*


*Door Services & Custom Clearance*

*Special Cargo Handling*

*Heavy & Project Cargo Handling*

**No. 106 (B), Yone Phyu Lay Condo,**
**Corner of 50th Street & Anawrahtar Road,**
**Botahtaung Township, Yangon.**
**Tel : 01 9010488, 09 43083120**
**Fax : 01 9010488**
**Email : marketing@multinetsglobal.com**






Exclusive Distributor : Kaung Myat Co,.Ltd.
Sale Contacts:01-704896,09-73236363,09-31557621,02-61332 ,067-420799.

UNIQUE BROTHERS CO., LTD.

(EXPORT- IMPORT)

AGENT & DISTURIBUTOR OF

M.J Biopharm Pvt.Ltd.

No.100-102,52th Street,Yangon,Myanmar.
Tel: 01-290055,9010243 Fax:0951-290055
E-mail:ubwin@mptmail.net.mm




No. (22), 5-A, 5th Floor, Khat Tar Street, Thiri Khay Mar Quarter, Sanchaung Township, Yangon, Myanmar.
Tel:95-1-2305562, 2305563, HP : 09 4210 12997, 09 4207 83644, 09 508 8730, 09 2543 18752
Fax : 95-1-2305563, Internet Phone: 070 7458 0852-0853
E-mail: searoadmyanmar@gmail.com, searoadmm@gmail.com

## ဝါ

# မူဆယ်မှ ဝါဂွမ်းလျော့နည်းတင်ပို့



မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဖေဖော်ဝါရီ ၄ ရက်မှ ၁၀ ရက်အတွင်း အမေရိကန်ဒေါ်လာ ၃၅၂၀၀၀ တန်ဖိုးရှိ ငွေချည်-၆ ဝါဂွမ်း တန် ၁၆၀ တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ၂၀၂ တန်ခွဲ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဝါ ၄၂ တန်ခွဲ လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။

တရုတ်နိုင်ငံက ယခုလို ပုံမှန်ဝယ်ယူတာကြောင့် ဝါစိုက်တောင်သူတွေအတွက် အခြေအနေကောင်းလာတာလို့ တံတားဦးမြို့မှ ဝါစိုက်တောင်သူတစ်ဦးက ပြောပါတယ်။ ငွေချည်-၆-ဝါ တစ်တန်ကို လိုင်စင်ဈေး အမေရိကန်ဒေါ်လာ ၂၂၀၀ ရှိပါတယ်။

**မော်မော်အောင်**

## ပြောင်း

# ယခုတစ်ပတ်အတွင်း လွိုင်ကော်မြို့မှ ပြောင်းဖူးစေ့တန် ၂၀၀၀ ကျော် တင်ပို့

ကယားပြည်နယ်ရဲ့အဓိကစိုက်ပျိုးသီးနှံဖြစ်တဲ့အစေ့ထုတ်ပြောင်းကို စိုက်ဧက ၅၂၇၆၆ စိုက်ပျိုးခဲ့ရာတန်ချိန် တစ်သိန်းခွဲကျော်ထွက်ရှိခဲ့ပါတယ်။ လွိုင်ကော်မြို့ရဲ့လက်ရှိပြောင်းတစ်ပိဿာဈေးနှုန်းမှာကျပ် ၂၇၀ ဖြစ်ပါတယ်။ နေ့စဉ်မန္တလေး-မူဆယ် ဈေးကွက်သို့တင်ပို့လျက် ဖေဖော်ဝါရီလ ၃ ရက်မှ ၁၅ ရက်အထိ စုစုပေါင်း ၂၁၉၃ ဒသမ ၉၀ တန်တင်ပို့နိုင်ခဲ့ကြောင်း သိရှိရပါတယ်။

ယခုနှစ်တွင် ပြောင်းစိုက်တောင်သူများဟာ ယခင်နှစ်ကဲ့သို့ပြောင်းဈေးကောင်းရမယ်လို့ခန့်မှန်းပြီး စိုက်ဧကတိုးစိုက်ခြင်းဖြစ်သော်လည်း ကမ္ဘာ့ပြောင်းဈေးနှုန်းကျဆင်းခဲ့တဲ့အတွက် မှန်းချက်နဲ့ နှမ်းထွက်မကိုက်ဖြစ်ခဲ့ကြောင်းသိရှိရပါတယ်။

**ဇင်မာစိုး (ငွေတောင်ပြည်)**

# တရုတ်နယ်စပ် ကုန်သွယ်ရေးစခန်းများမှ ပြောင်းတန်ချိန် လေးသောင်းနီးပါးတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီ စခန်းစုံမှ ဖေဖော်ဝါရီ ၄ ရက်မှ ၁၀ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၆၃၁ သန်း တန်ဖိုးရှိ ပြောင်းတန်ချိန် ၃၉၇၂၀ တန်ကျော် တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ ၃၅၀၃၂ တန်ကျော်၊ လွယ်ဂျယ်မှ တန် ၁၁၀၀ ကျော်၊ ချင်းရွှေဟော်မှ ၃၅၆၇ တန်နဲ့ ကန်ပိုက်တီမှ တန် ၂၀ ဖြစ်ပါတယ်။ ယခင်တစ်ပတ်က ကန်ပိုက်တီမှ ပြောင်းတင်ပို့မှုမရှိခဲ့ဘဲ ကျန်စခန်းသုံးခုပေါင်းမှ ၁၇၃၇၈ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ပြောင်းတန်ချိန် ၂၂၃၄၁ တန်ကျော် ပိုမိုတင်ပို့နိုင်တာ တွေ့ရပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ဇန်နဝါရီ ၂၈ ရက်မှ ဖေဖော်ဝါရီ ၃ ရက်အထိ သီတင်းပတ်အတွင်း ပြောင်းတစ်တန်ကို၂၂၅၂၄၃ ကျပ် မှ ဖေဖော်ဝါရီ ၄ ရက်မှ ၁၀ ရက်အထိ သီတင်းပတ်အတွင်း၂၂၅၉၀၁ ကျပ်သို့ ဈေးအနည်းငယ်မြင့်တက်ခဲ့ပါတယ်။ သယ်ယူစရိတ်မှာ တစ်ပိဿာ ကျပ် ၇၀-၇၃ ကျပ်ရှိပြီး ပြောင်းကားစီးရေ ၁၂၇၈ စီးဝင်ရောက်ခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## ရော်ဘာ

# နိုင်ငံတကာ ရော်ဘာပေါက်ဈေး တစ်တန်လျှင် ဒေါ်လာ ၁၀၀ ကျော် မြင့်တက်

ဖေဖော်ဝါရီ ၄ ရက်မှ ၁၀ ရက်အထိ သီတင်းပတ်အတွင်း မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၄၃၄ သန်းဖိုးရှိ ရော်ဘာအဆင့်စုံ ၂၅၆၈ တန်ကျော် တင်ပို့ခဲ့ရာ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ RSS1 ၃၆ တန်ခန့်၊ RSS3 ၁၄၇၆ တန်ခန့်၊ RSS 5 တန် ၁၈၀၊ MSR 20 ၂၀၄ တန်ကျော်၊ MSR 50 ၁၁၆ တန်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ RSS3 ၅၅၆ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ကုန်သွယ်ရေးစခန်းများမှ ရော်ဘာ ၂၄၇၁ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၉၇ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာပေါက်ဈေးမှာ RSS3 တစ်တန်ကိုကျပ် ၂၆ ဒသမ ၃၂၅ သိန်း၊ RSS5 တစ်တန်ကို ကျပ် ၂၅ ဒသမ ၃၆၂ သိန်း ဖြစ်ပြီး ယခင်တစ်ပတ်ဈေးထက် တစ်တန်ကို ကျပ် ၁၃၅၀၀ ပိုမိုရရှိကြောင်း သိရပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ရော်ဘာ တင်ပို့မှုမှာ ဖေဖော်ဝါရီ ၅ ရက်မှ ၁၁ ရက်အထိ ကာလအတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၅၃၂ သန်းဖိုးနဲ့ တန်ချိန် ၅၆၆ ကျော်ဖြစ်ပါတယ်။ မလေးရှား နိုင်ငံသို့ RSS3 တန် ၃၀၀ နဲ့ စင်ကာပူနိုင်ငံသို့ MSR 20 (TSR 20) ၂၆၆ တန်ကျော် တင်ပို့တာဖြစ်ပါတယ်။ ယခင်တစ်ပတ်က ရော်ဘာတန် ၈၂၀ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၂၅၄ တန်လျော့နည်း တင်ပို့ခဲ့ပါတယ်။

ယခုတစ်ပတ် နိုင်ငံတကာ ရော်ဘာပေါက်ဈေးအနေနဲ့ တစ်တန်လျှင် ဒေါ်လာ ၁၀၀ ကျော် ဈေးတက်ခဲ့ပါတယ်။ နိုင်ငံတကာ ရော်ဘာဈေးတက်တာနဲ့အတူ မြန်မာ့ရော်ဘာ FOB ဈေးကိုလည်း တစ်တန်လျှင် ဒေါ်လာ ၁၀၀ တိုးပြီး မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများအသင်းက ဈေးနှုန်းထုတ်ပြန်ခဲ့ပါတယ်။

| | | |
|---|---|---|
| RSS 1 | တစ်တန်လျှင်ဒေါ်လာ | ၂၅၀၀-၂၆၀၀၊ |
| RSS 2 | တစ်တန်လျှင်ဒေါ်လာ | ၂၄၅၀-၂၅၅၀၊ |
| RSS 3 | တစ်တန်လျှင်ဒေါ်လာ | ၂၄၀၀-၂၅၀၀၊ |
| RSS 4 | တစ်တန်လျှင်ဒေါ်လာ | ၂၃၅၀-၂၄၅၀၊ |
| RSS 5 | တစ်တန်လျှင်ဒေါ်လာ | ၂၃၀၀-၂၄၀၀၊ |
| MSR 3L | တစ်တန်လျှင်ဒေါ်လာ | ၂၆၅၀-၂၇၅၀၊ |
| MSR 10 | တစ်တန်လျှင်ဒေါ်လာ | ၂၄၀၀-၂၅၀၀၊ |
| MSR 20 | တစ်တန်လျှင်ဒေါ်လာ | ၂၃၅၀-၂၄၅၀၊ |
| MSR 50 | တစ်တန်လျှင်ဒေါ်လာ | ၂၂၅၀-၂၃၅၀၊ |
| Crepe Rubber | တစ်တန်လျှင်ဒေါ်လာ | ၂၂၀၀-၂၃၀၀ |

**ယဉ်ယဉ်အေး**

# မူဆယ်မှ သကြားပိုမိုတင်ပို့၊ မြဝတီမှ သကြားလျော့နည်းတင်သွင်း

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဖေဖော်ဝါရီ ၄ ရက်မှ ၁၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၂ ဒသမ ၂၃၉ သန်း တန်ဖိုးရှိRe-export သကြား ၅၂၈၉၇ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ၃၉၉၈၄ တန်ကျော် တင်ပို့ခဲ့လို့ ယခု တစ်ပတ်မှာ မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ သကြား ၁၂၉၁၂ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ချင်းရွှေဟော်မှ ယခင်တစ်ပတ်က သကြားတင်ပို့ခြင်းမရှိဘဲ ယခုတစ်ပတ်မှာတော့ အမေရိကန်ဒေါ်လာ သုညဒသမ ၀၃၄ သန်းတန်ဖိုးရှိ သကြားဖြူ ၅၂ တန်ခွဲ တင်ပို့ခဲ့တာ တွေ့ရပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ဇန်နဝါရီ ၂၈ ရက်မှ ဖေဖော်ဝါရီ ၃ ရက် သီတင်းပတ်အတွင်း သကြားတစ်တန်ကို ၉၆၂၂၄၀ ကျပ်ရှိခဲ့ရာမှ ဖေဖော်ဝါရီ ၄ ရက်မှ ၁၀ ရက်သီတင်းပတ်တွင် ၉၈၆၇၀၀ ကျပ်သို့ ဈေးမြင့်တက်လာပြီး တစ်ဖက်နိုင်ငံတွင် ၅၀ ကီလိုတစ်အိတ်လျှင် ၂၅၂-၂၅၃ ယွမ်ဈေး ရရှိခဲ့တယ်လို့ သိရပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ယခုတစ်ပတ်တွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၅၈ သန်း တန်ဖိုးရှိ Re-export သကြား ၅၁၉၇ တန် တင်သွင်းခဲ့ရာ ယခင်တစ်ပတ်က ၅၅၄၈ တန်ခွဲခဲ့နဲ့ နှိုင်းယှဉ်ပါက ၃၅၁ တန်ခွဲ ပိုမိုတင်သွင်းလာခဲ့ပါတယ်။ ဘုရင့်နောင်ကုန်စည်ဒိုင်မှာ ဖေဖော်ဝါရီ ၁၀ ရက်က သကြားတစ်ပိဿာကို ကျပ် ၁၄၂၀-၁၄၄၀ ဈေးရှိတယ်လို့ သတင်းရရှိပါတယ်။ **မော်မော်အောင်**

# တစ်သျှူးငှက်ပျော တန်ချိန်ခြောက်ထောင်နီးပါး တင်ပို့

ဖေဖော်ဝါရီ ၄ ရက်မှ ၁၀ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ကန်ပိုက်တီနဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၇၃၂၇၉၈ တန်ဖိုးရှိ တစ်သျှူးငှက်ပျော ၅၇၅၆ တန် တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့ခဲ့တာကတော့ ကန်ပိုက်တီမှ တန်ချိန် ၅၅၀၀ နဲ့ လွယ်ဂျယ်မှ ၂၅၆ တန်ဖြစ်ပါတယ်။ ယခင်တစ်ပတ်က ကန်ပိုက်တီမှ ၁၅၅၀ တန်နဲ့ လွယ်ဂျယ်မှ ၁၁၆၄ တန်ကျော် စုစုပေါင်း ၂၇၁၄ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် တရုတ်နိုင်ငံသို့ တစ်သျှူးငှက်ပျော တန်သုံးထောင်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မြန်မာ-ထိုင်း နယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ယခင်တစ်ပတ်က တန် ၃၀ တင်ပို့ခဲ့ပြီး ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ ၆၆၂၇၁ တန်ဖိုးရှိ တစ်သျှူးငှက်ပျော တန် ၂၀၀ တင်ပို့ခဲ့တာ တွေ့ရပါတယ်။

ကချင်ပြည်နယ်တွင် တစ်သျှူးငှက်ပျော စိုက်ခင်းများကို မြစ်ကြီးနား၊ ဝိုင်းမော်၊ မိုးမောက်၊ မံစီ၊ ဗန်းမော်နဲ့ ရွှေကူမြို့နယ်တို့တွင် အများဆုံးစိုက်ပျိုးကြကြောင်း၊ ငှက်ပျောစိုက်ခင်းများတွင် တရုတ်နိုင်ငံမှ စိုက်ပျိုးရေးပညာရှင်တွေ လာရောက်လုပ်ကိုင်ကြကြောင်း သိရပါတယ်။

**မော်မော်အောင်**

# ပရဆေးကုန်ကြမ်း တန်ခုနစ်ရာနီးပါးတင်ပို့

ဖေဖော်ဝါရီ ၄ ရက်မှ ၁၀ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုညဒသမ ၅၇၁ သန်းတန်ဖိုးရှိ ပရဆေးကုန်ကြမ်းအမယ် ၁၅ မျိုး၊ တန်ချိန်အားဖြင့် ၆၈၉ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က ၄၆၉ တန်ကျော် တင်ပို့ခဲ့လို့ ယခုတစ်ပတ်မူဆယ်မှ ပရဆေး တန် ၂၀၀ ကျော် ပိုမိုတင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ ပရဆေးအမယ်များမှာ ကွမ်းသီးခွံ၊ မိကျောင်းကွမ်းဖတ်စေ့၊ နေလဲစေ့၊ ကြောင်ပန်းစေ့၊ ကြောင်လျှာစေ့၊ မာလာဥ၊ မာလာဥခေါင်း၊ မုတ်ခါး၊ နန္ဒင်းတက်၊ တောချင်း၊ တောဂျုံးမြစ်၊ ဆီးဆန်၊ ဆေးမြင်းခွာ၊ ဒရင်ကောက်မြစ်နဲ့ ချဉ်ပေါင်ဖာလာတို့ ဖြစ်ပါတယ်။ ယခုတစ်ပတ်မှာ ဒရင်ကောက်မြစ်နဲ့ မာလာဥခေါင်းကို ယခင်တစ်ပတ်ထက် ပိုမိုတင်ပို့ခဲ့ပြီး ယခင်တစ်ပတ်က တင်ပို့မှုမရှိခဲ့တဲ့ ဆေးမြင်းခွာနဲ့ မာလာဥတို့ တင်ပို့နိုင်ခဲ့တာကြောင့် ပရဆေးကုန်ကြမ်း တင်ပို့မှု ပိုမိုရတာဖြစ်ပါတယ်။

**မော်မော်အောင်**

# မူဆယ်မှ ပျားရည်ပိုမိုတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဖေဖော်ဝါရီ ၄ ရက်မှ ၁၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၂၄၇၀ တန်ဖိုးရှိ ပျားရည် ၃၂ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်း ပတ်က တရုတ်နိုင်ငံသို့ ပျားရည် တင်ပို့မှုမရှိဘဲ ယခုတစ်ပတ်မှ ပြန်လည်တင်ပို့နိုင်ခဲ့တာ ဖြစ်ပါတယ်။

ပျားရည်ကို ပြည်တွင်းမှာ ဆေးဝါးအဖြစ်သာ အသုံးပြုကြပြီး ပြည်ပနိုင်ငံတွေမှာတော့ ပျားရည်ကို သကြားအစား အသုံးပြုခြင်းနဲ့ အအေးပိုင်းနိုင်ငံတွေမှာ အများအပြား သုံးစွဲနေကြတာကြောင့် ယခုလို ပြည်ပဈေးကွက်သို့ တင်ပို့နေရတာ ဖြစ်ပါတယ်။ ပျားရည်တစ်တန်ကို လိုင်စင်ဈေး အမေရိကန်ဒေါ်လာ ၇၀၀ ရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

# အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်း၊ အလှကုန်၊ လူသုံးကုန်များ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ပြပွဲနှင့် လူထုပညာပေးပြပွဲ ကျင်းပမည်




အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်း၊ အလှကုန်၊ လူသုံးကုန်များ ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ ပြပွဲနှင့် လူထုပညာပေးပြပွဲကို ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၃ ရက်အထိ မြန်မာကွန်ဗင်းရှင်းစင်တာတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ပံ့ပိုးကူညီပြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက ဦးဆောင်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ယင်းပြပွဲကို အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို အများပြည်သူသိရှိပြီး ပူးပေါင်းဆောင်ရွက်ရန်၊ အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်း၊ အလှကုန်၊ လူသုံးကုန်များ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် စပ်လျဉ်းသော သတင်းအချက်အလက်များကို အများပြည်သူ သိရှိနားလည်စေရန်နှင့် ဗဟုသုတများရရှိစေရန်၊ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများ၏သိရှိနားလည်မှုမြင့်တက်လာစေရန်၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေရန်၊ ပြပွဲနှင့်အတူ ကျင်းပမည့် အသိပညာပေးပွဲ၊ ဟောပြောပွဲများမှတစ်ဆင့် ကျန်းမာဖွံ့ဖြိုးသော လူမှုဝန်းကျင်ဖြစ်လာစေရန်၊ သက်ဆိုင်ရာ ပညာရှင်များနှင့်တွေ့ဆုံ၍ အသိပညာများ၊ အတွေ့အကြုံများ ဖလှယ်နိုင်ရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် ပြုလုပ်ရခြင်းဖြစ်ကြောင်း သိရသည်။

ယင်းပြပွဲသို့ အစိုးရဌာနများ၊ အသင်းအဖွဲ့များနှင့် ပြည်တွင်းကုမ္ပဏီများက ပြခန်းပေါင်း ၁၀၀ ကျော်ဖြင့် လာရောက်ပြသကြမည်ဖြစ်သည်။

ပြပွဲတွင် ဟောပြောပွဲအစီအစဉ်များ၊ ပညာပေးဖျော်ဖြေရေး အစီအစဉ်များ၊ ဉာဏ်စမ်းပဟေဠိ အစီအစဉ်များ၊ ပျော်ရွှင်စရာ ဂိမ်းအစီအစဉ်များ၊ ဆေးဝါးနှင့် ကုန်ပစ္စည်းများ ပြသခြင်းနှင့် လက်တွေ့အသုံးချပြသမှုများ၊ ကျန်းမာရေး အသိပညာပေး ဟောပြောပွဲများ၊ အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် ဆေးဝါးအတုအပတိုက်ဖျက်ရေး အသိပညာပေးပွဲများ အစရှိသည်တို့ကိုပါ ကျင်းပသွားမည်ဖြစ်သည်။

ထို့ပြင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက ပြပွဲအတွင်း "အခမဲ့စစ်ဆေးနိုင်ခြင်း"အစီအစဉ်ကို ထည့်သွင်းထားကြောင်း သိရသည်။

ပြပွဲကာလအတွင်း ဓာတ်ခွဲဌာနခွဲမှ အများပြည်သူ စားသုံးနေသော မုန့်ဟင်းခါး၊ မုန့်ဖတ်၊ ပဲပြား၊ ချင်းချဉ်၊ လက်လုပ်ချဉ်၊ ခေါက်ဆွဲခြောက်၊ ကြာဆန်၊ သစ်သီးခြောက်များ၊ ငရုတ်သီးမှုန့်၊ အရောင်တင်မှုန့်၊ နနွင်းမှုန့်၊ ငရုတ်ဆီ၊ မျှစ်၊ ငါးပိ၊ လက်ဖက်၊ ပဲကြီးလှော်၊ အရောင်ပါသောအချိုရည်များ၊ ဂျယ်လီများ၊ ယိုစုံများကို Screening Method (ကနဦးလျင်မြန် စစ်ဆေးခြင်းနည်း) များဖြင့် အခမဲ့စစ်ဆေးပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အများပြည်သူ သုံးစွဲနေသော အလှကုန်များဖြစ်သည့် Whitening Cream, Lotion, Makeup, Foundation များကိုလည်း Screening Method နည်းဖြင့် အလားတူ အခမဲ့စစ်ဆေးပေးမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြပွဲသို့ လာရောက်သည့် ပြည်သူများအနေဖြင့် အထက်ဖော်ပြပါ ပစ္စည်းအမျိုးအမည်များကိုစစ်ဆေးလိုပါက အစားအသောက် အနည်းဆုံး ပမာဏ ငါးကျပ်သားနှင့် အလှကုန်ပစ္စည်း အနည်းဆုံးပမာဏ တစ်ဘူး/ ငါးဂရမ်ကို ယူဆောင်လာရမည်ဖြစ်သည်။

အဆိုပါပြပွဲသည်အစိုးရ၊ အသင်းအဖွဲ့များနှင့် ပုဂ္ဂလိက လုပ်ငန်းရှင်များ အတူလက်တွဲပူးပေါင်းပါဝင်ပြီး ပြည်သူလူထုတို့အား ကျန်းမာရေးအသိပညာပေးခြင်းနှင့် လူထုလှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ကြမည့် ထူးခြားသည့် ဟောပြောပွဲ၊ အသိပညာပေးပွဲနှင့် ပြပွဲအကြောင်းအရာသုံးခုကို တစုတစည်းတည်း ပြုလုပ်ကြမည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

# MINI အမှတ်တံဆိပ် ကားများအတွက် Service Center ကို ရန်ကုန်မြို့တွင် စတင်ဖွင့်လှစ်

Prestige Automobiles Co., Ltd. က ရန်ကုန်မြို့တွင် MINI Car Service Center ကိုစတင်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း သိရသည်။



အဆိုပါ MINI Service Center ကို အမှတ်(၄၈၅)၊ ပြည်လမ်းနှင့် နာနတ်တောလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

"မြန်မာနိုင်ငံတွင်းမှာ ရှိနေတဲ့ MINI အမှတ်တံဆိပ် ကားပိုင်ရှင်များအနေနဲ့ ကျွန်တော်တို့ရဲ့ Service Center မှာ ကားရဲ့ Performance အမြင့်ဆုံးပေးနိုင်မယ့် Software တွေကို Update လုပ်ထားပြီးပါပြီ။ဒါကြောင့် ကျွန်တော်တို့ Service Center မှာ MINI အမှတ်တံဆိပ်ကားတွေကို စနစ်တကျ စစ်ဆေးနိုင်ပါပြီ။ ဒါ့အပြင် MINI ကားပိုင်ရှင်တွေအတွက် ယာဉ်စစ်ဆေးမှု ၅၁ ချက်ကို မတ်လ ၁၄ ရက်အထိ အခမဲ့စစ်ဆေးပေးမှာဖြစ်ပါတယ်"ဟု Prestige Automoblie Co., Ltd. မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးချမ်းမြက ပြောကြားခဲ့သည်။

MINI Service အနေဖြင့် MINI ကားများ၏ စွမ်းဆောင်ရည်ကို အမြင့်မားဆုံးဖြစ်စေရန် Software နှင့် Programme Update ပြုလုပ်နိုင်ပြီး KDS Alignment စစ်ဆေးမှုကိုပါ ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် MINI ကားပိုင်ရှင်များအတွက် ဝန်ဆောင်ခပေးရန်မလိုသည့် ယာဉ်စစ်ဆေးမှု ၅၁ ချက်ကို ဖေဖော်ဝါရီ ၁၄ ရက်မှ မတ် ၁၄ရက်အထိ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် MINI အရောင်းပြခန်း မဖွင့်လှစ်သေးမီ ကာလအတွင်း MINI အသစ်များကို ဝယ်ယူလိုသည့် မိတ်ဆွေများအား Prestige Automobile Co., Ltd. ကMINI Asia Pacific နှင့်ဆက်သွယ်၍ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

# အူရီဒူးမြန်မာက တက္ကသိုလ်များ၊ ဝန်ကြီးဌာနများနှင့် စာကြည့်တိုက်များ လုပ်ငန်းဌာနပတ်ဝန်းကျင် ပိုမို ကောင်းမွန်လာစေရန် ပရိဘောဂများ၊ ရုံးသုံးနှင့် မီးဖိုချောင်သုံးပစ္စည်းများအား လှူဒါန်း

အူရီဒူးမြန်မာသည် မြန်မာကျပ်ငွေသိန်းပေါင်း ၁၄၀၀ ကျော်တန်ဖိုးရှိသည့် ပရိဘောဂများ၊ ရုံးသုံးနှင့် မီးဖိုချောင် အသုံးအဆောင်များကို ဝန်ကြီးဌာန လေးခု၊ တက္ကသိုလ်ရှစ်ခုနှင့် ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်အပါအဝင် စာကြည့်တိုက်ပေါင်း ၂၀ သို့ လှူဒါန်းခဲ့ကြောင်း အူရီဒူးမြန်မာ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

အူရီဒူးမြန်မာအနေဖြင့် ပညာရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီးပွားရေးတက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်၊ ရန်ကုန်အဝေးသင်တက္ကသိုလ်၊ လူထုကျန်းမာရေးဌာန၊ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်နှင့် Beyond Access စာကြည့်တိုက်များသို့ စုစုပေါင်းတန်ဖိုး ကျပ်ငွေသိန်းပေါင်း ၁၄၀၀ တန်ဖိုးရှိသည့် ပရိဘောဂများ၊ ရုံးသုံးနှင့် မီးဖိုချောင် အသုံးအဆောင်ပစ္စည်းများအား လှူဒါန်းခဲ့ကြောင်း သိရသည်။

ရန်ကုန်အဝေးသင်တက္ကသိုလ်၊ ဥပဒေရေးရာဌာန ပါမောက္ခဌာနမှူး ဒေါက်တာဒေါ်တင်မေထွန်းက "အူရီဒူးမြန်မာက ထောက်ပံ့လှူဒါန်းလိုက်တဲ့ ကျောင်းသုံးပရိဘောဂများ၊ ရုံးသုံးနဲ့ မီးဖိုချောင်သုံးပစ္စည်းများအားလုံးက ကျွန်မတို့ရဲ့ လိုအပ်ချက်နဲ့ကိုက်ညီပါတယ်။ အခုဆိုရင် ကျွန်မတို့ ရုံးခန်းတွေမှာသာမက ကျောင်းစာကြည့်တိုက်မှာပါ ပိုမိုကောင်းမွန်တဲ့အသုံးအဆောင်ပစ္စည်းတွေရှိနေပါပြီ။ ကျောင်းသူ၊ ကျောင်းသားတွေအနေနဲ့လည်း ဌာနမှာပဲ သန့်ရှင်းကောင်းမွန်တဲ့ ရေအေးစက်၊ ရေခဲသေတ္တာတွေရှိနေပြီဖြစ်လို့ ကျောင်းစာသင်ခန်းအဝေးမှာရှိတဲ့ ကင်တင်းကိုသွားဖို့ အချိန်ပေးစရာမလိုတော့ဘဲ အစားအသောက်များကို သန့်ရှင်းသပ်ရပ်စွာ သုံးဆောင်လို့ရနေပါပြီ။ အူရီဒူးမြန်မာရဲ့ ထောက်ပံ့လှူဒါန်းမှုကိုကျေးဇူးအထူးတင်ရှိပါတယ်"ဟု ပြောကြားခဲ့သည်။

ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်၏ စာကြည့်တိုက်မှူးဖြစ်သူ ဒေါက်တာဒေါ်လှိုင်လှိုင်ကြီးက "ပရိဘောဂနဲ့ ရုံးသုံးပစ္စည်းတွေရဲ့ အရည်အသွေးကအတော်ကို ကောင်းတာပါ။ ယခုအခါ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်အသုံးအဆောင်တွေနဲ့ အပြင်အဆင်က ပိုပြီးကြည့်ကောင်းလာပါတယ်။ စာကြည့်တိုက်မှာ အရည်အသွေးမြင့်ပန်ကာတွေ ပိုမိုတပ်ဆင်နိုင်ပြီဖြစ်လို့ လေဝင်လေထွက်စနစ် ပိုမိုကောင်းမွန်လာတဲ့အတွက် စာပေလာရောက်လေ့လာတဲ့ ဆရာ/ဆရာမတွေနဲ့ ကျောင်းသား၊ ကျောင်းသူတွေအတွက် ပိုမိုအဆင်ပြေစေပါတယ်။ ကျောင်းပွဲတွေရှိတဲ့အခါမျိုးမှာ စားပွဲတွေကို ထုတ်ယူအသုံးပြုပြီး ပွဲပြီးသွားတဲ့အခါမှာလည်း ပြန်ခေါက်ပြီး သိမ်းလို့ရတဲ့အတွက် နေရာအတွက် ပူစရာမလိုတော့ဘဲပိုမိုအဆင်ပြေပါတယ်။ ဖိုင်တွဲသိမ်းဖို့ ဗီရိုတွေကလည်း စာအုပ်တွေကို နေရာလုံလောက်စွာနဲ့ စနစ်တကျထားနိုင်တဲ့အတွက် အလွန်အသုံးဝင်ပါတယ်။ အူရီဒူးရဲ့ ပံ့ပိုးလှူဒါန်းမှုကြောင့် ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်အတွက် အများကြီးအထောက်အကူပြုပါတယ်။ အူရီဒူးမြန်မာကို ကျေးဇူးအထူးတင်ရှိပါတယ်"ဟု ပြောကြားခဲ့သည်။

အူရီဒူးမြန်မာအနေဖြင့် မြန်မာလူထု တိုးတက်ဖွံ့ဖြိုးရေးအတွက် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးကဏ္ဍများနှင့် လူမှုရေးကဏ္ဍများတွင် ဆက်လက်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**မယ်သီတာ**

# ပုသိမ်ခရိုင်တွင် အခြေခံမော်တော်ဆိုင်ကယ်ပြင် သင်တန်းအမှတ်စဉ် (၁၄) ၂/ ၂၀၁၇ ဖွင့်လှစ်မည်

ဧရာဝတီတိုင်းဒေသကြီး၊ အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်၊ ကန်ရွာကျေးရွာတွင် အခြေခံမော်တော်ဆိုင်ကယ်ပြင် သင်တန်းအမှတ်စဉ်(၁၄)(၂/၂၀၁၇)ကို ဖေဖော်ဝါရီ ၁၆ ရက်မှ မတ်လ ၁၅ ရက်နေ့အထိ အခမဲ့ ဖွင့်လှစ်သင်ကြားပို့ချပေးမည်ဖြစ်သည်။

အဆိုပါသင်တန်းကို အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမြင့်ဆန်းနှင့်အတူ နည်းပြ ဦးကျော်မျိုးဇင်တို့က သင်ကြားပို့ချပေးမည်ဖြစ်သည်။ ယင်းသင်တန်းသို့ ကန်ကြီးထောင့်မြို့ပေါ်မှ လူငယ်လူရွယ်များ၊ ကန်ရွာကျေးရွာနှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှ စိတ်ပါဝင်စားသူ လူငယ်လူရွယ် ၄၀ ဦးမှ ၅၀ ဦးအထိ တက်ရောက်ကြမည်ဖြစ်ကြောင်း တိုင်းဦးစီးမှူး ဦးစိုးနိုင်ထူးက ပြောကြားခဲ့သည်။

လူငယ်များအနေဖြင့် ဆိုင်ကယ်များအား တွင်တွင်ကျယ်ကျယ် အသုံးပြုလာကြသဖြင့် မိမိကိုယ်တိုင် ပြင်ဆင်သုံးစွဲနိုင်ရန်သာမက ကိုယ်ပိုင်ဆိုင်ကယ်ပြင်လုပ်ငန်းများ ထူထောင်လာနိုင်ပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရေး၊ ပြည်တွင်း တွင်အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရေးအတွက် ယခုသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း တိုင်းဦးစီးမှူးက ပြောပါသည်။

သင်တန်းတွင် မော်တော်ဆိုင်ကယ်အစိတ်အပိုင်းများ အလုပ်လုပ်ပုံ၊ ဆိုင်ကယ် အဖုံးများဖြုတ်/တပ်ခြင်း၊ အင်ဂျင်ဟက်နှင့် အင်ဂျင်ဘလောက်များ ဖြုတ်/တပ်ခြင်း၊ ဂီယာဘောက်ဖွဲ့စည်းပုံနှင့် အင်ဂျင်နှိုးရန် မီးပေးစနစ်လုပ်ဆောင်မှုများအပြင် ဆိုင်ကယ်မီးပေးစနစ်ပိုင်းဆိုင်ရာ ချိတ်ဆက်အလုပ်လုပ်ပုံများနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်မည့် နည်းစနစ်များကို သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**မင်းမင်းဦး (ပုသိမ်)**

# ထည့်သွင်းကောက်ခံသွားမည့် မော်တော်ယာဉ်အခွန်ကိစ္စများကြောင့် စလစ်ဈေးတန်းမြင့်တက်ပြီး အရောင်းအဝယ်ရှိလာ

ရန်ကုန်မြို့ ကားဈေးကွက်အတွင်းသာမက မန္တလေး၊ မုံရွာ၊ မော်လမြိုင်၊ တောင်ကြီး စသည့်နယ်မြို့ကြီးများ၏ ဈေးကွက်များတွင် လာမည့်ဘတ်ဂျက်နှစ်အတွင်း မော်တော်ယာဉ်နှင့်ပတ်သက်သည့် အခွန်တိုးမြှင့်ကောက်ခံမည့် သတင်းများကြောင့် အရောင်းအဝယ်အေးနေရာမှ ဈေးကွက်အနည်းငယ်ပြန်လည်လှုပ်ရှားလာကြောင်း သိရသည်။

ရှေ့လာမည့် ဘတ်ဂျက်နှစ်အတွင်း ကားများနှင့်ပတ်သက်၍ အထူးကုန်စည်ခွန် ကောက်ခံပေးသွင်းသွားရမည်ဖြစ်သဖြင့် စလစ်ကပ်ကားများလည်း ဝင်ငွေခွန်ပေးဆောင်ရမည့်သတင်းများကြောင့် ရန်ကုန်နှင့်နယ်မြို့များရှိ ကားဈေးကွက်များအတွင်း ယာဉ်ဟောင်းအပ်နှံစလစ်များ ဈေးတန်းတက်သွားသလို ယခုနှစ် ဧပြီ ၁ ရက်မတိုင်မီ လုပ်ဆောင်ရန်အတွက် ဝယ်ယူမှုများရှိလာသဖြင့် နှစ် ၂၀ ကားစလစ်များနှင့် အခြားစလစ်များရှိရင်းဈေးမှ ခုနစ်သိန်း ရှစ်သိန်းခန့်မြင့်တက်လာပြီး အပ်ကား (နှစ် ၂၀) ဈေးတန်းများမှာလည်း လိုက်လံမြင့်တက်လာကြောင်း လှိုင်မြို့နယ်ယာဉ်ရောင်းဝယ်ရေးစခန်းမှ ဝါရင့်ယာဉ်ဝယ်ရောင်းကိုမြင့်ကျော်မှ ပြောသည်။

ယာဉ်များဝယ်ယူမှုနှင့်ပတ်သက်၍ အခွန်များ သတ်မှတ်ကောက်ခံရာတွင် ယခင်မကောက်ခံဖူးသေးသည့် အခွန်များအား ယခုနှစ်ဧပြီလမှစတင် ကောက်ခံသွားမည်ဖြစ်သောကြောင့် ကားဈေးကွက်တစ်ခုလုံးလှုပ်လှုပ်ရှားရှား ဖြစ်နေပြီး ဆက်လက်ဖြစ်ပေါ်လာမည့် အခြေအနေများအား မှန်းဆကာ စလစ်ကပ်ကားများနှင့်နံပါတ်ကျပြီး ကားလေးများ၊ တစ်နှစ်နှစ်နှစ်သုံးပြီး အကွာရာအနိမ့်ကားများ အရောင်းအဝယ်အနည်းငယ်ရှိကာ ဈေးကွက်ပြန်လည်လှုပ်ရှားလာကြောင်း သိရသည်။

ဈေးကွက်ပြန်လည်လှုပ်ရှားလာရာတွင် အဓိကအားဖြင့် ထပ်မံထည့်သွင်းကောက်ခံလာမည့် အခွန်ကောက်ခံမှုစနစ်များကြောင့် ကားဈေးတန်းပိုမိုမြင့်တက်ရန် သေချာသလောက်ရှိနေသည့် စလစ်ကပ်ကားများမှာ ထိပ်ဆုံးမှာရှိနေပြီး ယင်းအခွန်စနစ်စတင်ပါက ဈေးတန်းမြင့်တက်ရန် သေချာနေသည့် အင်ဂျင်ပါဝါ ၁၃၀၀ နှင့် အောက်ကားများပါ လတ်တလောအရောင်းအဝယ်ဖြစ်လာကြောင်း ကိုမြင့်ကျော်မှပြောသည်။

စလစ်ဈေးတန်းမှာ ယခင် ၁၀၄ သိန်းကျပ်၊ ၁၀၅ သိန်းကျပ်မှ ယခု ၁၁၂ သိန်း၊ ၁၁၃ သိန်းခန့်ပေါက်ဈေးရှိနေပြီး အပ်ကားများသည် လက်တင်မောင်းရသောကားများမှာ ကျပ် ၁၀၅ သိန်းဖြစ်ပေါ်နေပြီး၊ အပ်ကားထဲမှ အသင့်အတင့်ရုပ်ခံရှိကားများ ကျပ်သိန်း ၁၀၀ ကျော်၊ ကျပ် ၁၀၃ သိန်းခန့် ဖြစ်ပေါ်နေကြောင်း၊ လုပ်ငန်း ဆောင်ရွက်ရန် တစ်လကျော်အချိန်ကျန်ရှိသေးသည့်အတွက် မတ်လကုန်ခါနီးထိ စလစ်ဈေးမြင့်တက်ကာ အရောင်းအဝယ်သွက်နိုင်ကြောင်း ၎င်းမှ ပြောသည်။

**SN**

# မုံရွာ-ရန်ကုန် ကုန်စည်ပို့ဆောင်ခ အနည်းငယ်တက်လာ

မုံရွာမှထွက်ရှိသော ပဲစင်းငုံနီများကို ရန်ကုန်ဝယ်လက်သို့ တင်ပို့လျက်ရှိသဖြင့် မုံရွာ-ရန်ကုန် ကုန်စည်ပို့ဆောင်ခ အနည်းငယ်တက်လာကြောင်း မုံရွာမြို့ရှိ ကုန်စည်ပို့ဆောင်ရေးအသင်းထံမှ သိရှိရပါတယ်။

ဒီဇင်ဘာ၊ ဇန်နဝါရီလများတွင် မုံရွာ-ရန်ကုန် ကုန်စည်ပို့ဆောင်ခမှာ တစ်ပိဿာလျှင် ၃၇ ကျပ်မှ ၃၈ ကျပ်မျှသာရှိခဲ့ရာမှ ဖေဖော်ဝါရီပထမပတ်မှစ၍ ကုန်စည်ပို့ဆောင်ခမှာ တစ်ပိဿာလျှင်ကျပ် ၄၀ မှ ၄၂ကျပ်အထိ ရောက်ရှိခဲ့တယ်လို့ သိရပါတယ်။ ယခုအခါ ရန်ကုန်သို့ ပဲစင်းငုံနှင့် ပဲမျိုးစုံတစ်နေ့လျှင် အိတ်ရေ ၃၀၀၀ ကျော်ခန့် ပုံမှန်တင်ပို့နေတယ်လို့ ကုန်သည်တစ်ဦးကလည်း ပြောပြပါတယ်။

**အောင်မင်း(တန့်ဆည်)**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အကွာရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ပရိုဘောက် | | ၁၅၅ သိန်း | |
| ၂။ | ပါဆို (၂၀၁၁) | ယာယီ | ၁၂၅ သိန်း | 1.3 ဓာတ်ဆီ/နယ် |
| ၃။ | ဒီမီယို (၂၀၁၁) | ယာယီ | ၁၂၀ သိန်း | 1.3 ဓာတ်ဆီ/နယ် |
| ၄။ | ဝှ်ရှ် (၂၀၀၃) | 5J | ၂၂၀ သိန်း | 1.8 ဓာတ်ဆီ |
| ၅။ | ဗီလ်ဒါ (၂၀၀၇) | ယာယီ | ၂၀၅ သိန်း | 1.5 ဓာတ်ဆီ/နယ် |
| ၆။ | ဟွန်ဒါဖစ် (၂၀၁၁) | ယာယီ | ၁၆၅ သိန်း | 1.3 ဓာတ်ဆီ/နယ် |
| ၇။ | အက်ဇီယို (၂၀၁၃) | ယာယီ | ၂၁၀ သိန်း | 1.3 ဓာတ်ဆီ/နယ် |
| ၈။ | ရက်တစ် (၂၀၁၁) | ယာယီ | ၁၅၅ သိန်း | 1.3 ဓာတ်ဆီ |
| ၉။ | ဘယ်လ်တာ (၂၀၁၀) | ယာယီ | ၁၅၈ သိန်း | 1.3 ဓာတ်ဆီ၊ နယ် |
| ၁၀။ | အပ်ကား(နှစ် ၂၀) | - | ၁၀၅ သိန်း | ကားကောင်း |

# ပုသိမ်ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ထုတ်ကုန်လုံခြုံမှုရှိစေရေးအတွက် ကွင်းဆင်းစိစစ်အသိပညာပေး

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်စားသုံးသူရေးရာဦးစီးဌာနက ပုသိမ်မြို့ပေါ်ရှိ ရေခဲချောင်းစက်များ၊ မုန့်ဟင်းခါးဖိုများ၊ ဂျုံခေါက်ဆွဲလုပ်ငန်းများ၊ ရယ်ဒီမိတ်ငါးပိငါးခြောက်လုပ်ငန်းများ၊ ငရုတ်ဆီနှင့် တရုတ်ပဲငံပြာရည် လုပ်ငန်းများ၊ မုန့်မျိုးစုံလုပ်ငန်းများသို့ အသေးစားတိုင်းစက်မှုလက်မှုလုပ်ငန်း တိုင်းဦးစီးမှူး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များနှင့်အတူ ဖေဖော်ဝါရီ ၁၃ ရက်က စားသုံးကုန်ပစ္စည်းများ ထုတ်ကုန်လုံခြုံမှုရှိစေရန်အတွက် အသိပညာပေးလုပ်ငန်းများကို ကွင်းဆင်း စိစစ်ဆောင်ရွက်ခဲ့ပါတယ်။



ဆောင်ရွက်ရာတွင် စားသုံးသူရေးရာဦးစီးဌာနမှ ရေခဲချောင်းလုပ်ငန်းများအား ဆိုးဆေးများ လုံးဝ မသုံးစွဲဘဲ လူအများ စားသောက်ရန် တရားဝင်ခွင့်ပြုထားသောဆိုးဆေးများအား နည်းစနစ် မှန်ကန်စွာသုံးစွဲနိုင်ရေး၊ မုန့်ဟင်းခါး၊ ဂျုံခေါက်ဆွဲများတွင်လည်း ဆိုးဆေးများ၊ ဖော်မလင်များ မသုံးစွဲရေး၊ ရယ်ဒီမိတ်ငါးပိ၊ ငါးခြောက်များ၊ ငရုတ်ဆီနှင့် တရုတ်ပဲငံပြာရည်များ မုန့်မျိုးစုံများတွင် ဆိုးဆေးများ မသုံးစွဲရေးတို့ကို ရှင်းလင်းအသိပညာပေးခဲ့သည်။ ထို့နောက်တိုင်းအသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန တိုင်းဦးစီးမှူးက စားသုံးသူများ အန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်ရေးအတွက် မိမိတို့ဌာနမှ သစ်သီးဝလံ အခြေခံစားသောက်ကုန်ထုတ်လုပ်မှုနည်းပညာ ပေးသင်တန်းအား ဖွင့်လှစ်သင်ကြားမည်ဖြစ်သဖြင့် တက်ရောက်ရန်၊ သို့မှသာမိမိတို့ ထုတ်လုပ်သော ပစ္စည်းများနည်းစနစ်မှန်ကန်စွာ ထုတ်လုပ်နိုင်မည်ဖြစ်ပြီး မိမိတို့ဌာနမှလည်း လိုင်စင်များ ထုတ်ပေးခြင်း၊ ထုတ်ကုန်များအားဓာတ်ခွဲစစ်ဆေးပေးခြင်းများကို ဆောင်ရွက်ပေးမည်ဖြစ်ရာ ဈေးကွက်တွင် မိမိတို့ထုတ်လုပ်သော ပစ္စည်းများအား စားသုံးသူများက စိတ်ချယုံကြည်စွာ စားသုံးနိုင်မည်ဖြစ်ကြောင်း အသိပညာပေးဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**မောင်ပုသိမ်**

# မြိတ်ခရိုင် စားသုံးသူရေးရာဦးစီးဌာနတွင် ထုတ်ကုန်လုံခြုံစိတ်ချရမှုနှင့် ဈေးကွက်စောင့်ကြည့်စစ်ဆေးမှု (ဆင့်ပွား) သင်တန်းဖွင့်လှစ်

မြိတ်ခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနဦးစီးမှူးရုံးတွင် ထုတ်ကုန်လုံခြုံစိတ်ချရမှုနှင့် ဈေးကွက်စောင့်ကြည့်စစ်ဆေးမှု (ဆင့်ပွား) သင်တန်းကို ဖေဖော်ဝါရီ ၁၅ ရက်က ဖွင့်လှစ်ပို့ချခဲ့ရာ မြိတ်ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ စုစုပေါင်း ၁၁ ဦး တက်ရောက်ခဲ့ပါသည်။

အဆိုပါသင်တန်းတွင် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးအေးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး၊ တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးဇော်မင်းလတ်က နေပြည်တော်တွင်တက်ရောက်ခဲ့သည့် ထုတ်ကုန်လုံခြုံစိတ်ချရမှုနှင့် ဈေးကွက်စောင့်ကြည့်စစ်ဆေးမှုသင်တန်းမှ ထုတ်ကုန်လုံခြုံစိတ်ချရမှုနှင့် ဈေးကွက်စောင့်ကြည့်လေ့လာရေးစနစ် ကျွမ်းကျင်သူ ဘယ်လ်ဂျီယံပညာရှင် Mr.Jan Deconinck ၏ ပို့ချချက်များကို မြိတ်ခရိုင် ဦးစီးမှူးနှင့် ဝန်ထမ်းများအား ထပ်ဆင့်ပြန်လည်ပို့ချခဲ့ကြောင်း သတင်းရရှိပါသည်။

**ညိုညိုစန်း (မြိတ်)**

# ချောင်းဦးမြို့နယ်မထိသာရွာတွင်ဖရဲ၊ သခွားမွေးတန်ဖိုးမြှင့်ကွင်းဆက် စီမံကိန်းချမှတ်အကောင်အထည်ဖော်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

မြန်မာ့စိုက်ပျိုးရေးကဏ္ဍ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ USAID ၏ ငွေကြေးစိုက်ထုတ်ပံ့ပိုးမှု၊ WINROCK အဖွဲ့အစည်း၏ စာရင်းဇယားပြုစု အကောင်အထည်ဖော်မှုနှင့်အတူ မြန်မာနိုင်ငံသစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းတို့ ပူးပေါင်းပြီး 'မြန်မာနိုင်ငံ အပူပိုင်းဒေသ ဖရဲ၊ သခွားမွေး တန်ဖိုးမြှင့်ကွင်းဆက် စီမံကိန်း' ၂၀၁၇-၂၀၁၉ စီမံကိန်းအစီအစဉ်များ ချမှတ်အကောင်အထည်ဖော်ရေးအလုပ်ရုံဆွေးနွေးပွဲကို မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ မထိသာကျေးရွာ၊ မိုးကောင်းဓမ္မာရုံတွင် ဖေဖော်ဝါရီ ၁၄ ရက်မှ ၁၅ ရက်အထိ ကျင်းပရာ ဆက်စပ်ဌာနဆိုင်ရာမှ တာဝန်ရှိသူများ ဒေသစုံမှ ဖရဲ၊ သခွားမွေး တောင်သူများ၊ လေ့လာသူများ စုစုပေါင်း ၇၀ဦးခန့် တက်ရောက်ခဲ့ကြကြောင်း သိရပါသည်။

ပြီးခဲ့သည့် ၂၀၁၅-၁၆ ရာသီ တစ်နှစ်တာစီမံကိန်းဆောင်ရွက်မှု အောင်မြင်ခဲ့သောကြောင့် ယခုလို သုံးနှစ် စီမံကိန်းကို ဆက်လက်ဖော်ဆောင်ခြင်းဖြစ်ကြောင်း ဦးဆောင်အဖွဲ့၏ တာဝန်ရှိသူများထံမှ သိရပါသည်။ ယခုဆွေးနွေးပွဲသို့ ဒေသခံတောင်သူများအပြင် ကျောက်ဆည်၊ တပ်ကုန်း၊ မိတ္ထီလာ၊ မြစ်သား၊ ငါန်းဇွန်၊ စစ်ကိုင်း၊ မြောင်၊ ဝက်လက်၊ ဘုတလင်၊ မုံရွာမြို့နယ်များမှ ဖရဲ၊ သခွားမွေး စိုက်ပျိုးသူများ ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြသည်။


ဆွေးနွေးပွဲတွင် စားသုံးသူရေးရာဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူး ကိုယ်စားမုံရွာခရိုင်ဦးစီးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်အောင်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ဖရဲ၊ သခွားမွေးအစုအဖွဲ့ ဥက္ကဋ္ဌ ဦးနိုင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးဆန်းလင်းနှင့် တာဝန်ရှိသူ များ၊ WINROCK International မှ Mr.Campbell Dunlop က စီမံကိန်းထပ်မံတိုးမြှင့်ရသည့် အခြေခံအကြောင်းများကို အသီးသီး ရှင်းလင်းပြောကြားခဲ့ကြပြီး



အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပခဲ့ကြောင်း သတင်းရရှိပါသည်။ **ထွန်းလှိုင်(မုံရွာ)**

# စက်မှုသီးနှံကြံကို ချက်လုပ်ရောင်းချပါက ပိုမိုအကျိုးရှိ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်သည် စက်မှုသီးနှံဖြစ်တဲ့ကြံကို ဧကနှစ်သိန်းကျော်စိုက်ပျိုးပြီး စက်မှုသီးနှံကြံအများဆုံး စိုက်ပျိုးတဲ့ဒေသဖြစ်ပါတယ်။ ကြံတောင်သူများက ကြံကိုအချောင်းလိုက် တန်ချိန်နဲ့ သကြားစက်များကိုရောင်းချသလို သကာရည်ချက်လုပ်ပြီး မန္တလေးဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပါတယ်။ သကာအဖြစ် ချက်လုပ်ပြီးရောင်းချသည်က အကျိုးအမြတ် ပိုမိုရှိတယ်လို့ ကြံတောင်သူများထံမှ သိရပါတယ်။



၂၀၁၅-၂၀၁၆ ခုနှစ်က ကြံတစ်တန်ကို ကျပ် ၅၀၀၀၀၊ သကာသားတစ်ပိဿာကို ကျပ် ၈၈၀၊ သကာရည် တစ်ပိဿာ ကျပ် ၈၅၀ ဈေးရှိပါတယ်။ ကြံတောင်သူများက ကြံစိုက်ပျိုးထုတ်လုပ်ရာမှာ မျိုးသန့်မျိုးပွားဆင်းရွှေလီမျိုးနဲ့ ၉၅/၈၄ မျိုးသန့်ကို စိုက်ပျိုးကြပါတယ်။ အထွက်နှုန်းပျမ်းမျှ တစ်ဧကတန် ၃၀ နဲ့ ၄၀ ကြား ထွက်ပြီး တစ်ဧက ကုန်ကျ စရိတ်ကျပ်ငါးသိန်းရှိပါတယ်။ ဒီနှစ်မှာ ကြံတစ်တန်ကို ကျပ် ၅၀၀၀၀ ဈေးနဲ့ ရောင်းရလို့ တစ်ဧက ကျပ် ၁၅ သိန်းကျော်ရပါတယ်။ ကုန်ကျစရိတ် ငါးသိန်းနှုတ်ပြီး ၁၀သိန်း အကျိုးအမြတ်ရပါတယ်။ ကြံအချောင်းလိုက် မရောင်းဘဲ သကာခဲချက်ရောင်းတဲ့ တောင်သူများလည်းရှိပါတယ်။ လုပ်သားခပိုသလို အကျိုးအမြတ်လည်း ပိုရကြောင်း သိရပါတယ်။ ကြံတစ်တန်ချက်ပါက သကာခဲ ၈၅ ပိဿာနဲ့ ပိဿာ၉၀ကြား ထွက်ရှိပါတယ်။ တစ်ဧက အထွက်တန် ၃၀ ချက်ပါက သကာခဲပိဿာ ၂၂၅၀ ရပါတယ်။ ယနေ့သကာခဲ ပေါက်ဈေးက တစ်ပိဿာ ကျပ် ၈၈၀ နဲ့ သိန်းနှစ်ဆယ် ကျော်ရပါတယ်။ စိုက်ပျိုးစရိတ် လုပ်သားခခြောက်သိန်း ကျော်နှုတ်ပါက ကျပ် ၁၄ သိန်း အကျိုးအမြတ်ရှိပါတယ်။ ကြံသီးနှံကို ကုန်ကြမ်းထက် တန်ဖိုးမြှင့်သကာခဲ ထုတ်လုပ်ရောင်းချပါက အကျိုးအမြတ် ပိုရှိတယ်လို့ ကသာကြံဇုန် အသင်းအတွင်းရေးမှူးထံက သိရပါတယ်။

**ကြည်နိုင်ဦး (အင်းတော်)**

# မွန်ပြည်နယ်ကုန်သွယ်မှုလုပ်ငန်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

မွန်ပြည်နယ်အတွင်းရှိကုန်သည်လုပ်ငန်းရှင်များနှင့် မွန်ပြည်နယ်အစိုးရအဖွဲ့ဝင်စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ကြီးတို့၏ကုန်သွယ်မှုလုပ်ငန်းဆိုင်ရာညှိနှိုင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၆ရက်က မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးတွင်ကျင်းပခဲ့သည်။ အဆိုပါညှိနှိုင်းဆွေးနွေးပွဲသို့ပြည်နယ်စီမံကိန်း၊ဘဏ္ဍာရေး၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ကြီး ဦးဝဏ္ဏကျော်၊ မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာနပြည်နယ်ဦးစီးမှူး ဦးစိုးသန်းအေး၊ မွန်ပြည်နယ်အကောက်ခွန်ဦးစီးဌာနပြည်နယ် ဦးစီးမှူးဦးစိုးညွန့်အောင်၊ မော်လမြိုင်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူး ဦးတင်ထွန်းသူ၊ မွန်ပြည်နယ်ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှအတွင်းရေးမှူး ဦးထင်အောင်ကျော်နှင့် ကုန်သည်လုပ်ငန်းရှင်များနှင့် သတင်းမီဒီယာများ တက်ရောက်ခဲ့ကြပါသည်။

ရှေးဦးစွာပြည်နယ်ဝန်ကြီးကအဖွင့်အမှာစကားပြောကြားပြီးအကောက်ခွန်ဦးစီးဌာနပြည်နယ်ဦးစီးမှူးက ဌာန၏လုပ်ထုံးလုပ်နည်းများ၊ မူဝါဒများကိုလည်းကောင်း၊ မြို့နယ်မှူးက အခွန်အကောက်ဆိုင်ရာမူဝါဒများ၊ တည်ဆဲဥပဒေနှင့်အညီဆောင်ရွက်နေမှုများကိုရှင်းလင်းတင်ပြခဲ့ပါသည်။ ဆက်လက်၍ စားသုံးသူရေးရာဦးစီးဌာနပြည်နယ်ဦးစီးမှူးက ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်များစောင့်ထိန်းလိုက်နာသင့်သည့်ကျင့်ဝတ်စည်းကမ်းများ၊ ITCနှင့်သက်ဆိုင်သော ကိစ္စရပ်များ၊ ကုမ္ပဏီထူထောင်ရေး၊ ပို့ကုန်/သွင်းကုန် လိုင်စင်ပြုလုပ်ရေးကိစ္စများနှင့်ပတ်သက်၍ နေ့ချင်းပြီးကူညီ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပါသည်။ ထို့နောက်တက်ရောက်လာသောလုပ်ငန်းရှင်များက ကုန်သွယ်မှုလမ်းကြောင်းပေါ်၌ တွေ့ကြုံရသောအခက်အခဲများကို တင်ပြခဲ့ကြပြီးအကောက်ခွန်ဦးစီးဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။ **အောင်လွင်(မော်လမြိုင်)**

## နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Complaint Center (CCC) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံးရှေ့၊ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနဗြဲရပ်၊ မီးရထားသံလမ်းနှင့် ပိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |


စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
## ၂၀-၂-၂၀၁၇ မှ ၂၆-၂-၂၀၁၇ ရက်နေ့ထိ


ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)




**တနင်္ဂနွေသားသမီးများအတွက်** ပရဟိတလုပ်ငန်းများကြောင့် မအားမလပ်ဖြင့် ပင်ပန်းမှုများရှိနေတတ်ပါသည်။ စီးပွားရေးတွင် ဓာတ်သတ္တုလုပ်ငန်း၊ သိုးမွေးထည်ဆေးဆိုးလုပ်ငန်းများ အကျိုး ပေးအားကောင်းနေတတ်ပါသည်။ ပညာရေးတွင် လုံ့လဝီရိယ ထက်မြက်မှုရှိနေမည်။ ကျန်းမာရေးအနေဖြင့် သည်းခြေလွန်ကဲခြင်း၊ အရိုးအဆစ် နာကျင်သောဝေဒနာ ခံစားရမှုရှိနေတတ်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေး၊ လူမှုရေးတို့တွင် ဦးစီးဆောင်ရွက်ရခြင်းများလည်း ရှိနေတတ်ပါသည်။ **ယတြာ။ ။အရဟံဂုဏ်တော်ပုတီးစိပ်ပါ။**



**တနင်္လာသားသမီးများအတွက်** စိတ်အေးချမ်းသာစွာရှိနေမည်။ စီးပွားရေးလုပ်ငန်းများတွင် လယ်ယာကိုင်းကျွန်း၊ ဥယျာဉ်ခြံမြေတို့နှင့်ပတ်သက်သော လုပ်ငန်းများ အကျိုးပေး အားကောင်းနေတတ်ပါသည်။ လူမှုရေးအလည်အပတ် သွားလာသောခရီးများ မျှော်လင့်သည်ထက် အခက်အခဲကြန့်ကြာမှုရှိတတ်သည်။ ပညာရေးတွင် အောင်မြင်နိုင်သော အနေအထားရှိနေမည်။ ကျန်းမာရေးအနေဖြင့် သွေးကိုအုပ်စိုး၍ လေသလိပ် လွန်ကဲသောဝေဒနာ သတိရှိသင့်ပါသည်။ အချစ်ရေးတွင် နူးညံ့ပျော့ပျောင်းမှုရှိနေ မည်။
**ယတြာ။ ။ဘုရား၊ ကျောင်းကန်၊ ဇရပ်တို့တွင် ကျောက်ပြားအခင်းလှူပါ။**



**အင်္ဂါသားသမီးများအတွက်** ဘဝတက်လမ်းများကို ရှာဖွေကြံဆ၍ ဖွံ့ဖြိုးစွာဖြင့် မဖြစ်မနေဆောင်ရွက်နိုင်စွမ်းရှိနေတတ်သည်။ မြေနှင့်ပတ်သက်သောလုပ်ငန်း၊ ရွှေတွင်းတူးသောလုပ်ငန်းများ အကျိုးပေးဖြောင့်ဖြူးနေမည်။ ပညာရေးတွင် ဉာဏ်ရည်ထက်မြက်မှုရှိနေမည်။ ကျန်းမာရေးအနေဖြင့် ရေငတ်သောရောဂါ၊ သွေးနှင့် သည်းခြေမှဖြစ်သောရောဂါ၊ သွား၊ လျှာ၊ လည်ချောင်းတို့တွင်ဖြစ်သော ရောဂါတို့ သတိထားသင့်ပါသည်။ အချစ်ရေးတွင် မတင် မကျ တကျက်ကျက်ဖြစ်နေ တတ်ပါသည်။ **ယတြာ။ ။ဒိသာဖရဏမေတ္တာပွားပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** ချစ်ခင်ကြင်နာစွာ ပြောဆိုတတ်ပြီး၊ အရောင်းအဝယ်ကုန်သွယ်မှုတို့တွင် ကျွမ်းကျင်မည်။ စာရေးဆရာ၊ သတင်းထောက်အယ်ဒီတာလုပ်ငန်းများ အကျိုးပေး ကောင်းနေမည်။ ဘာသာရေးစာပေရေးသားခြင်းပိုမိုအကျိုးရှိနေမည်။ ကျန်းမာရေးအနေဖြင့် သွေးအားနည်းသောရောဂါ၊ အားကုန်ခန်း ဆုတ်ယုတ်သောရောဂါ သတိရှိသင့်ပါသည်။ အချစ်ရေးတွင် မျှော်လင့်မထားသူနှင့် ရင်းနှီးရတတ်သည်။ အိမ်ထောင်ရေးသင့်တင့်နေမည်။
**ယတြာ။ ။ဓာရဏပရိတ်ရွတ်ဖတ်ပါ။**



**ကြာသပတေးသားသမီးများအတွက်** အလုပ်ကိစ္စလုပ်ရာတွင် ကျွမ်းကျင်စွာ လွယ်လင့်တကူဆောင်ရွက်တတ်သည်။ ပညာ သင်ကြားခြင်းလုပ်ငန်း၊ ဘဏ်လုပ်ငန်းများ အကျိုးခံစားခွင့် အားကောင်းလိမ့်မည်။ အကြီးအကဲတို့၏ ချစ်ခင်မြတ်နိုး မြှောက်စားမှုခံရတတ်သည်။ ကျန်းမာရေးအနေဖြင့် အစာအိမ်ရောဂါ၊ အူထုံးသောရောဂါ၊ အစိုးရိမ်လွန်၍ ဖြစ်သောရောဂါတို့ဖြစ်တတ် ပါသည်။ အချစ်ရေးတွင် တစ်ဦးနှင့်တစ်ဦး မာန်မာနထားခြင်း၊ အနိုင်မခံ အရှုံးမပေး ဖြစ်နေတတ်သည်။ အိမ်ထောင်ရေးတွင် ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ နေရတတ်သည်။ **ယတြာ။ ။ဓဇဂ္ဂသုတ်ရွတ်ဖတ်ပူဇော်ပါ။**



**သောကြာသားသမီးများအတွက်** စရိတ်စကကို ထိန်းချုပ်ခြင်းမရှိ ရက်ရက်ရောရော လှူဒါန်းပေးကမ်းနေတတ်သည်။ မိတ်ဆွေ အပေါင်းအသင်းများနှင့် သူတို့၏အတွေ့အကြုံကို ရယူတတ်သည်။ အမွေးနံ့သာ၊ ရေမွှေးလုပ်ငန်း၊ လက်ဝတ်တန်ဆာ၊ ပိုးထည်၊ ချည်ထည်လုပ်ငန်းများ အောင်မြင်မှုရရှိနေမည်။ ပညာရေး ကောင်းမွန်နေမည်။ ကျန်းမာရေးအနေဖြင့် လေ၊ သလိပ်၊ ထုံကျင်ခြင်းရောဂါတို့ သတိရှိသင့်ပါသည်။ အချစ်ရေးတွင် အစွဲအလန်းကြီးနေမည်။ အိမ်ထောင်ရေး သာယာနေတတ်ပါသည်။
**ယတြာ။ ။ပဋ္ဌာန်းဒေသနာရွတ်ဖတ်ပူဇော်ပါ။**



**စနေသားသမီးများအတွက်** အလုပ်သမားများစွာကို အုပ်ချုပ် နိုင်စွမ်းရှိနေမည်။ ဩဇာအာဏာ ကြီးမြင့်နေတတ်သည်။ ပဲ၊ ပြောင်း၊ နှမ်း၊ စားသောက်ကုန်လုပ်ငန်းများ အကျိုးပေးမှုအားကောင်းလိမ့်မည်။ ပညာရေးတွင် ကြိုးစားမှုပေါ် မူတည်ပြီး အောင်မြင်မှုရရှိလိမ့်မည်။ ကျန်းမာရေးအနေဖြင့် ပင်ပန်းမောဟိုက်သော ရောဂါ၊ နှလုံးရောဂါ၊ လေရောဂါတို့ကို သတိထားသင့်ပါသည်။ အချစ်ရေးတွင် ငယ်ချစ် ဟောင်းနှင့်ပြန်လည်ဆုံတွေ့ရတတ်သည်။ အိမ်ထောင်ရေးတွင် တူညီစွာလုပ် ကိုင်နေရတတ်သည်။ **ယတြာ။ ။သရဏဂုံ ရွတ်ဖတ်ပူဇော်ပါ။**

# ဇရောပုသိမ်ဖွံ့ဖြိုးမှု အများနှင့်သက်ဆိုင်သောကုမ္ပဏီမှ ပုသိမ်မြို့နယ်အတွင်းရှိ နွေစပါးစိုက်တောင်သူများကို သွင်းအားစုများ ပံ့ပိုးပေးလျက်ရှိ

ဇရောပုသိမ် ဖွံ့ဖြိုးမှုအများနှင့် သက်ဆိုင်သော ကုမ္ပဏီအနေဖြင့် ၂၀၁၇ ခုနှစ်၊ နွေစပါးရာသီ၌ ပုသိမ်မြို့နယ်အတွင်းရှိ နွေစပါး စိုက်ပျိုးလျက်ရှိသော ကျေးရွာအုပ်စု ၅၇ အုပ်စုရှိ တောင်သူဦးရေ ၂၈၈ ဦး၏ စိုက်ဧက ၃၆၀၀ ကျော် အတွက် လယ်ယာသုံးစက်ကိရိယာနှင့် ဓာတ်မြေဩဇာ၊ စက်သုံးဆီ၊ သွင်းအားစုများအတွက် ပံ့ပိုးငွေကျပ်သိန်းပေါင်း ၂၁၀၅ သိန်း ပံ့ပိုးပေးနိုင်ခဲ့ကြောင်း ဇရောပုသိမ်ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောပါသည်။

၂၀၁၆-၂၀၁၇ မိုးစပါးရာသီက ပုသိမ်မြို့နယ် အတွင်းရှိ ကျေးရွာအုပ်စု ၅၉ အုပ်စုရှိ တောင်သူဦးရေ ၃၃၅ ဦး၏ လယ်စိုက်ဧက ၄၀၀၀ ကျော်အား ပံ့ပိုးငွေကျပ်သိန်းပေါင်း ၁၇၀၀ ကျော် ပံ့ပိုးပေးနိုင်ခဲ့ပြီး ယခုအချိန်တွင် တောင်သူများက ပံ့ပိုးချေးငွေများအား ပြန်လည်ပေးဆပ်လျက်ရှိရာ ရာခိုင်နှုန်းအားဖြင့် ပံ့ပိုးချေးငွေ ၉၀ ရာခိုင်နှုန်းကျော် ပြန်လည်ကောက်ခံရရှိပြီးကြောင်း ဇရောပုသိမ်ဖွံ့ဖြိုးမှု အများနှင့်သက်ဆိုင်သော ကုမ္ပဏီထံမှ သိရပါသည်။

ပုသိမ်မြို့ပေါ်ရှိ ဒေသခံစက်ပိုင်များ၊ ကုန်သည်များ၊ တောင်သူများ ပါဝင်ဖွဲ့စည်းထားသော ဇရောပုသိမ်ဖွံ့ဖြိုးမှု အများနှင့်သက်ဆိုင်သော ကုမ္ပဏီသည် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ဈေးကွက်ဝင်သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် ကုမ္ပဏီစတင်ထူထောင်သည့် ၂၀၀၈-၂၀၀၉ခုနှစ်မှစ၍ ပုသိမ်မြို့နယ်အတွင်းရှိ နှစ်စဉ် မိုးစပါး၊ နွေစပါး စိုက်ပျိုးထုတ်လုပ်လျက်ရှိသော ဒေသခံတောင်သူများနှင့်ပူးပေါင်းကာ မျိုးသန့်စပါးများ စိုက်ပျိုးထုတ်လုပ်ခြင်း၊ အကျိုးတူစိုက်ပျိုးခြင်း၊ ကန်ထရိုက် လယ်ယာစနစ်ဖြင့် စိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး တောင်သူများကို စိုက်ပျိုးစရိတ်ချေးငွေ၊ ဓာတ်မြေဩဇာ၊ စက်သုံးဆီများပံ့ပိုး ပေးလျက် လယ်ယာသုံးစက်ကိရိယာများကိုလည်း အရစ်ကျစနစ်ဖြင့် ရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိပါသည်။

**မင်းမင်းဦး(ပုသိမ်)**

# ကသာမြို့ ရပ်ကွက် (၄)ရှိ ကုန်စုံဆိုင်များနှင့် အ.ထ.က (၃)၊ အ.မ.က (၁)၊ အ.မ.က (၂)ကျောင်းဈေးများတွင် ကွင်းဆင်းစစ်ဆေး

ကသာခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့၊ ကျန်းမာရေးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများသည် ကသာမြို့ ရပ်ကွက်(၄)မှ ကုန်စုံဆိုင် ခြောက်ဆိုင်နှင့် ကျောင်းမုန့်ဈေးတန်းများတွင် ဖေဖော်ဝါရီ ၉ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။

ထိုသို့ စစ်ဆေးခဲ့ရာတွင် အ. ထ. က (၃)၊ အ. မ. က (၁)၊ အ. မ. က(၂) ကျောင်းဈေးတန်းတွင် ရောင်းချနေသော မာလာငါးအစပ်ပြား၊ ဟိတ်-ပုဇွန် အသားကပ်ကြော်၊ အီတလီခေါက်ဆွဲထုပ်၊ မာလာခေါက်ဆွဲထုပ်၊ ဂျပန်ခေါက်ဆွဲထုပ်၊ အစပ်ပြား၊ ကြက်အူချောင်း၊ Oishii မုန့်များအား မိမိတို့ ဝယ်ယူသည့် ပွဲရုံများသို့ ပြန်လည်ပေးသွင်းရန်၊ ဖြန့်ဖြူး ရောင်းချခြင်းမပြုရန်နှင့် POP-SODA အချိုရည်၊ 440- energy drink အချိုရည်၊ Asia အချိုရည်၊ Rosy YRees - ဂျယ်လီခဲ၊ Fun-O POWER ဘီစကစ်၊ MI GUO GUO ဘီစကစ်မုန့်များအနက် စားသုံးရန်မသင့်သည့် သက်တမ်းကုန်ဆုံးနေသည့် စားသောက်ကုန်များကိုတွေ့ရှိရ၍ ပစ္စည်းဖြန့်သောကုမ္ပဏီသို့ ပြန်လည်လဲလှယ်ရန် ညွှန်ကြားပြီး၊ FDA မှ စားသုံးရန်မသင့်ကြောင်း တရားဝင်ထုတ်ပြန်ထားသော တရုတ်စာတမ်းပါ ခေါက်ဆွဲအစိမ်းထုပ်ခြောက်ထုပ်အား သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိပါသည်။

**လှလှခိုင်(ကသာ)**

# ရေဦးမြို့နယ်၊ ကွမ်းအုံ အလက(ခွဲ) တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြော

ရွှေဘိုခရိုင်၊ ရေဦးမြို့နယ်၊ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ စခန်းတာဝန်ခံ၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးမှူးတို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၀ ရက်က ကွမ်းအုံကျေးရွာအုပ်စု၊ ကွမ်းအုံကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် ဆရာ၊ ဆရာမများ၊ ကျောင်းသား/ ကျောင်းသူများနှင့် ကျောင်းဈေးသည်များ စုစုပေါင်း ၂၄၉ဦးတို့အား စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲ ဆောင်ရွက်ခဲ့ကြသည်။

ဟောပြောပွဲတွင် စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်တာဝန်ခံက စားသုံးသူ အကာအကွယ်ပေးရေးဥပဒေအကြောင်း၊ အန္တရာယ်ရှိ စားသောက်ကုန်များ၊ လူသုံးကုန်များနှင့်ဝန်ဆောင်မှုများအကြောင်းကို လည်းကောင်း၊ မြို့နယ်မီးသတ်တပ်ဖွဲ့စခန်း တာဝန်ခံက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအကြောင်းကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူးက စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကိုလည်းကောင်း အသီးသီးဟောပြောခဲ့ကြသည်။

ရေဦးမြို့နယ်အနေဖြင့် ဖေဖော်ဝါရီလ ဒုတိယပတ်အထိ ပညာပေးဟောပြောပွဲ ခြောက်ကြိမ်၊ ဈေးတန်းစစ်ဆေးခြင်း တစ်ကြိမ်၊ ဆောင်ရွက်ပြီးဖြစ်ကြောင်း ဆရာ/ဆရာမများ အပါအဝင် ကျောင်းသူ/သားများ၊ လုပ်သားပြည်သူများ စုစုပေါင်း ၁၇၉၃ ဦးတို့အား စားသုံးသူအကာအကွယ်ပေးရေး ဆိုင်ရာသိကောင်းစရာများအား ဟောပြောပြီးဖြစ်ကြောင်း သိရှိရပါသည်။

**အောင်ညွှန့်(ရေဦး)**

# မြိတ်မြို့ပေါ်ရှိ အခြေခံပညာကျောင်းများတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများ ပညာပေးဟောပြော

ကျောင်းသား/ကျောင်းသူများအား ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် အစားအစာများ ရွေးချယ်စားသုံးတတ်စေရန် ရည်ရွယ်၍ စားသုံးရန်မသင့်သော အစားအစာများ၊ ထုပ်ပိုးမှုအရည်အသွေး မပြည့်မီသော ပစ္စည်းများ မသုံးစွဲမိစေရန်နှင့် စားသုံးသူများ လုံခြုံစိတ်ချရမှုရှိစေရန်အတွက် မြိတ်ခရိုင်စားသုံးသူရေးရာဦးစီးဌာနက ဖေဖော်ဝါရီ ၆ ရက်မှ ၁၀ ရက်အထိ အခြေခံမူလွန်/အလက/အထက (ခွဲ) ၁၆ ကျောင်း ၌ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများ အသိပညာပေးဟောပြော ဆွေးနွေးခဲ့ပါသည်။

ဟောပြောဆွေးနွေးရာတွင် တိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ခံဦးစီးမှူး ဦးဇော်မင်းလတ်က စားသုံးသူရေးရာ ဦးစီးဌာနပေါ်ပေါက်လာပုံနှင့် လုပ်ငန်းဆောင်ရွက်မှုများအား လည်းကောင်း၊ မြိတ်ခရိုင်ဦးစီးမှူး ဦးမျိုးအေးက ခွင့်မပြုဓာတုဆိုးဆေး၊ လုံခြုံစိတ်ချရမှုမရှိသော စားသုံးရန်/သုံးစွဲရန်မသင့် တားမြစ်ထားသော စားသောက်ကုန်ပစ္စည်းများ၏ ဆိုးကျိုးများအကြောင်းကိုလည်းကောင်း ဟောပြောဆွေးနွေးခဲ့ရာ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၅၅၆၉ ဦး တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**ညိုညိုစန်း(မြိတ်)**



# မြို့ကြီးများ၏ ၂၀-၂-၂၀၁၇ မှ ၂၄-၂-၂၀၁၇ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၂၀-၂-၂၀၁၇) | အင်္ဂါ(၂၁-၂-၂၀၁၇) | ဗုဒ္ဓဟူး(၂၂-၂-၂၀၁၇) | ကြာသပတေး(၂၃-၂-၂၀၁၇) | သောကြာ(၂၄-၂-၂၀၁၇) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၅°C/၉၅°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၆°C/၉၆°F | နေသာ ၃၆°C/၉၆°F |
| ရန်ကုန်မြို့ | နေသာ ၃၅°C/၉၅°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၆°C/၉၆°F |
| မန္တလေးမြို့ | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၅°C/၉၅°F |
| မြစ်ကြီးနား | တိမ်အသင့်အတင့် ၂၉°C/၈၄°F | နေသာ ၂၉°C/၈၄°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၀°C/၈၆°F |
| လားရှိုး | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၄°F | နေသာ ၃၀°C/၈၆°F | နေသာ ၃၀°C/၈၆°F | နေသာ ၃၀°C/၈၆°F |
| ကျိုင်းတုံ | နေသာ ၃၀°C/၈၆°F | နေသာ ၃၀°C/၈၆°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၈°F |
| လွိုင်ကော် | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၅°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၈°F |
| တောင်ကြီး | နေသာ ၂၅°C/၇၅°F | နေသာ ၂၅°C/၇၇°F | နေသာ ၂၆°C/၇၉°F | နေသာ ၂၆°C/၇၉°F | နေသာ ၂၇°C/၈၀°F |
| မော်လမြိုင် | နေသာ ၃၃°C/၉၁°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၅°C/၉၅°F |
| ဘားအံ | နေသာ ၃၄°C/၉၄°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၆°C/၉၆°F |
| တောင်ငူ | နေသာ ၃၃°C/၉၃°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၃°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၆°C/၉၆°F |
| မုံရွာ | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၅°C/၉၅°F |
| ပုသိမ် | နေသာ ၃၃°C/၉၁°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၃°F | နေသာ ၃၄°C/၉၄°F |
| မြိတ် | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၃°F |
| စစ်တွေ | နေသာ ၂၉°C/၈၅°F | နေသာ ၃၀°C/၈၆°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၃°C/၉၁°F |
| မကွေး | နေသာ ၃၄°C/၉၄°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၀°C/၉၀°F | နေသာ ၃၇°C/၉၇°F |
| ဖလမ်း | နေသာ ၂၅°C/၇၄°F | နေသာ ၂၄°C/၇၆°F | နေသာ ၂၆°C/၇၉°F | နေသာ ၂၆°C/၇၉°F | နေသာ ၂၆°C/၇၉°F |

# နယူးဇီလန်နိုင်ငံတွင် တောမီးများ အကြီးအကျယ်လောင်ကျွမ်းလျက်ရှိ

နယူးဇီလန်နိုင်ငံ၏ တတိယအကြီးဆုံးမြို့ဖြစ်သည့် ခရစ္စချတ်မြို့တွင် ဖေဖော်ဝါရီ ၁၆ ရက်မှစတင်ကာ တောမီးများအကြီးအကျယ် လောင်ကျွမ်းလျက်ရှိရာ မြို့ဧရိယာကိုပင် ခြိမ်းခြောက်လျက်ရှိကြောင်း AOL သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

တောမီးလောင်ကျွမ်းမှုသည် သစ်တောဧရိယာပေါင်း ၄၄၄၇ ဧကကို လောင်ကျွမ်းခဲ့ပြီးဖြစ်သည်ဟု ဆိုသည်။

တောမီးလောင်ကျွမ်းမှုကြောင့် နေအိမ် ၁၁ လုံး မီးလောင်ကျွမ်းခံခဲ့ရပြီး လူပေါင်း ၁၀၀၀ ကျော်မှာ ၎င်းတို့၏နေအိမ်များကို စွန့်ခွာ၍ ထွက်ပြေးနေကြကြောင်း ခရစ္စချတ်မြို့မှမြို့တော်ဝန်က ပြောကြားခဲ့သည်။

ဖေဖော်ဝါရီ ၁၄ ရက်ကတည်းက တောအုပ်အတွင်းမှ မီးခိုးများအူနေသည်ကို တွေ့ရှိခဲ့ရပြီးနောက် တောမီးများ ပျံ့နှံ့လာခြင်းဖြစ်သည်ဟုဆိုသည်။ နယူးဇီလန်နိုင်ငံဝန်ကြီးချုပ် ဘီလ်အင်္ဂလိပ်ချ်က "ခရစ္စချတ်နဲ့ တောင်ပိုင်းမှာရှိတဲ့ ကျွန်းတွေရဲ့ မြို့တွေနဲ့လေကြောင်း အဆက်အသွယ်တွေအားလုံးကို ဖြတ်တောက်ထားလိုက်ပါပြီ။တောမီးလောင်ကျွမ်းနေတာကို မထိန်းချုပ်နိုင်ခင်အထိ လေကြောင်းသွားလာမှုတွေကို ကန့်သတ်သွားမှာပါ"ဟု သတင်းထောက်များအား ပြောကြားခဲ့သည်။

တောမီးလောင်ကျွမ်းရာသို့ မီးသတ်ရဟတ်ယာဉ် ၁၀ စင်းဖြင့် ငြိမ်းသတ်လျက်ရှိပြီး မီးသတ်သမားပေါင်း ၁၀၀၀ ကျော်ကလည်း တောမီးကိုဝိုင်းဝန်းငြိမ်းသတ်လျက်ရှိသည်ဟု ဆိုသည်။

နောက်ဆုံးရရှိသည့် သတင်းတစ်ပုဒ်အရ မီးသတ်ရဟတ်ယာဉ် တစ်စင်း ပျက်ကျကာ လေယာဉ်မှူးတစ်ဦးသေဆုံးခဲ့ရသည်ဟု သတင်းများတွင် ဖော်ပြထားသည်။

အဆိုပါ တောမီးစတင်လောင်ကျွမ်းရသည့် အကြောင်းရင်းကို မသိရှိရသေးဘဲ စုံစမ်းစစ်ဆေးလျက်ရှိသည်ဟုဆိုသည်။ တောမီးလောင်ကျွမ်းမှုသည် နေရာနှစ်နေရာမှ စတင်ခဲ့ခြင်းဖြစ်ရာ ယင်းဖြစ်ရပ်ကို သေချာစွာ စုံစမ်းစစ်ဆေးရန် ဝန်ကြီးချုပ်က ညွှန်ကြားခဲ့သည်ဟုဆိုသည်။

တောမီးလောင်ကျွမ်းမှုကြောင့် မြို့တော်ခရစ္စချတ်သို့ မီးခိုးပြာများ၊ မီးဖွားများ လွင့်စင်ကျရောက်လျက်ရှိသဖြင့် တစ်ဦးနှင့်တစ်ဦး တစ်နေရာနှင့်တစ်နေရာ ကြည့်ရှုစောင့်ရှောက်ကြရန်လိုအပ်ကြောင်း ခရစ္စချတ်မြို့တော်ဝန်က ပြောကြားခဲ့သည်။

**မယ်သီတာ**



# အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ်တွင် အချိန်အနည်းငယ်ခြားကာ အင်အားပြင်းငလျင် နှစ်ကြိမ်လှုပ်ခတ်

အင်ဒိုနီးရှားနိုင်ငံ အနောက်မြောက်ပိုင်းရှိ အာချေးပြည်နယ်တွင် ဖေဖော်ဝါရီ ၁၆ ရက်က အင်အားပြင်းငလျင်နှစ်ခု အချိန်အနည်းငယ်သာခြားကာ လှုပ်ခတ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

ငလျင်လှုပ်ခတ်မှုကြောင့် နေအိမ်နှစ်လုံး ပြိုကျပျက်စီးခဲ့ကာလူကိုးဦးသေဆုံးခဲ့သည်ဟု ကနဦးသတင်းများတွင် ဖော်ပြထားသည်။

ရစ်ချ်တာစကေး ၅ ဒသမ ၅ အဆင့်ရှိ အင်အားပြင်းငလျင်သည် နံနက် ၂ နာရီ ၄၇မိနစ်တွင် စတင်လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး မိနစ်ပိုင်းမျှအကြာ နံနက် ၃ နာရီတွင် နောက်ထပ်အင် အားရစ်ချ်တာစကေး ၅ ဒသမ ၁ အဆင့်ရှိ အင်အားပြင်းငလျင် လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်ဟု အမေရိကန် ဘူမိဗေဒတိုင်းတာရေးဗဟို၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ပထမအကြိမ်လှုပ်ခတ်ခဲ့သည့် ငလျင်သည် ပက်ဒီဂျာယားဒေသ၏ မြေအောက်အနက် ၁၄ ကီလိုမီတာအကွာကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး ဒုတိယအကြိမ်လှုပ်ခတ်ခဲ့သည့် ငလျင်သည် ပက်ဒီဂျာယားဒေသမှ ကိုးကီလိုမီတာအကွာအဝေးရှိသည့်ဒေသတွင် မြေအောက်အနက် ၃၅ ကီလိုမီတာကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

တစ်ချိန်တည်း ငလျင်နှစ်ကြိမ် ဆက်တိုက်လှုပ်ခတ်ခဲ့သဖြင့် အာချေးပြည်နယ်မှ ပြည်သူများမှာ ထိတ်လန့်တုန်လှုပ်ခဲ့ကြရသည်ဟု ဆိုသည်။

ငလျင်လှုပ်ခတ်မှုကြောင့် ပြိုကျခဲ့သည့်နေအိမ်၏အပျက်အစီးများအောက်မှ ဒဏ်ရာရရှိသူများအား ကယ်တင်လျက်ရှိကြောင်း၊ လောလောဆယ်တွင် လူကိုးဦး သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက သတင်းထုတ်ပြန်ခဲ့သည်။

ငလျင်နှစ်ကြိမ်ဆက်လှုပ်ခတ်မှုကြောင့် အာချေးပြည်နယ်တွင် လျှပ်စစ်မီးများ ဖြတ်တောက်ထားခဲ့သော်လည်း ဖေဖော်ဝါရီ ၁၇ ရက်တွင်မူ လျှပ်စစ်မီးများ ပြန်လည်ပေးထားပြီးဖြစ်သည်ဟု ဆိုသည်။

အာချေးပြည်နယ်တွင် ပြီးခဲ့သည့် ၂၀၁၆ခုနှစ် ဒီဇင်ဘာလအတွင်းက အင်အားရစ်ချ်တာစကေး ၆ ဒသမ ၉ အဆင့်ရှိသည့် အင်အားပြင်းထန်သည့် ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် လူ ၁၀၁ ဦး သေဆုံးခဲ့ရပြီး လူပေါင်း ၆၀၀ ကျော် ဒဏ်ရာရရှိခဲ့သည်။ နေအိမ်ပေါင်း ၁၂၀၀၀ ကျော်ပျက်စီးဆုံးရှုံးခဲ့ကာ လူပေါင်း ၈၄၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။

**မယ်သီတာ**




## ထိုင်းနိုင်ငံ TCEB နှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များ အသင်းတို့ပူးပေါင်း၍ Thailand MICE Roadshow Myanmar 2017 ကို ကျင်းပ

ထိုင်းနိုင်ငံ The Thailand Convention and Exhibition Bureau(TCEB) နှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များ အသင်း (UMTA) တို့ပူးပေါင်း၍ Thailand MICE Roadshow Myanmar 2017 ကို ဖေဖော်ဝါရီ ၁၆ ရက်က ရန်ကုန်မြို့ရှိ Melia ဟိုတယ်တွင်ကျင်းပခဲ့သည်။

"အခုပြပွဲဟာ ဒီတစ်ကြိမ်ပါနဲ့ဆိုရင် သုံးကြိမ်ရှိပါပြီ။ အထူးသဖြင့် MICE လို့ခေါ်တဲ့ Meeting, Incentive, Convention and Exhibition ကို အဓိကထားပြီး ဖော်ဆောင်တဲ့ပွဲပါ။ အခုဆိုရင် မြန်မာနိုင်ငံကခရီးသွား ငါးသိန်းလောက်က ထိုင်းနိုင်ငံကို သွားနေကြပါပြီ။ အခုဆိုရင် ဗီဇာကလည်း ၁၄ ရက်ဗီဇာကနေ နောက်ပိုင်းဆိုရင် သုံးလဗီဇာအထိ ဖြစ်သွားနိုင်ပါတယ်။ Bilateral Agreement အရဆိုရင်ပေ့ါ။ မြန်မာနိုင်ငံရဲ့ လူဦးရေ သန်း ၆၀ မှာ ခြောက်သန်းလောက်က ပြည်တွင်းခရီးတွေ သွားနေကြတယ်။ အဲဒီအထဲမှာ သုံးသန်းလောက်က ပြည်ပကို သွားနေကြတယ်။ အဓိကသွားတာကတော့ ထိုင်းပါ။ ထိုင်းနိုင်ငံဟာ ကျွန်တော်တို့ မြန်မာနိုင်ငံသားတွေ သွားပြီးလေ့လာသင့်တဲ့နိုင်ငံပါ။ ဒီနေ့လုပ်တဲ့ပွဲကတော့ သူတို့ဆီကို လာမယ်ဆိုရင် ဟိုတယ်တို့၊ သူတို့ရဲ့ဝန်ဆောင်မှုတွေ ပေးတာတွေနဲ့ပတ်သက်လို့ လာပြီးပြသကြတာပါ။ ဒီပွဲမှာ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းမှာ တိုးအော်ပရေတာပေါင်း ၂၀၀၀ လောက်ရှိနေပါပြီ။ အဲဒီအထဲမှာ Outbound အော်ပရေတာက ၄၀၀ လောက်ရှိနေပါပြီ။ ဒီနေ့ပွဲမှာ ကျွန်တော်တို့ဘက်က အော်ပရေတာ ၇၀ လောက်နဲ့ သူတို့ဘက်က လုပ်ငန်းရှင် ၂၀ လောက်နဲ့ B2B ဆွေးနွေးကြမယ့်ပွဲပါ"ဟု မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးခင်စိုးက ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံသည် MICE (Meeting, Incentive, Convention and Exhibition) စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုး တက်ရေးအတွက် ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုတွင် စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ကျွမ်းကျင်သောပုဂ္ဂိုလ်ရေးလဲလှယ်မှုဖြင့် ယှဉ်ပြိုင်နိုင်သော ပူးပေါင်းဆောင်ရွက်မှုနှင့်အတူ စီးပွားရေးအခွင့်အလမ်း တိုးမြှင့်ရန်အတွက် နှစ်နိုင်ငံ နှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်မှုပေးရန် TCEB နှင့် UMFCCI တို့အကြား နားလည်မှုစာချွန်လွှာကို ၂၀၁၄ ခုနှစ်က လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း သိရသည်။

**မယ်သီတာ**

## Vietjet က ၂၀၁၆ ခုနှစ်အတွင်း လေကြောင်းခရီးသည် စုစုပေါင်း ၁၄ သန်းကျော် ပို့ဆောင်ပေးနိုင်ခဲ့ပြီး ဝင်ငွေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော်ရရှိ

Vietjet အနေဖြင့် ၂၀၁၆ခုနှစ်အတွင်း အကောင်းဆုံးဖွံ့ဖြိုးတိုးတက်မှုရလဒ်များနှင့်အတူ ခရီးသည် ၁၄ သန်းကျော်ကို ပို့ဆောင်ပေးနိုင်ခဲ့ပြီး စုစုပေါင်း ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၁ ဘီလီယံကျော်ရရှိခဲ့ပြီး အကျိုးအမြတ်အဖြစ် အမေရိကန်ဒေါ်လာ ၁၀၅ သန်းရရှိခဲ့ကြောင်း Vietjet ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

Vietjet လေကြောင်းလိုင်းသည် လေကြောင်း ခရီးသွားလာခြင်းအား ပိုမို တောင်းဆိုလာစေရေးအတွက် ဆောင်ရွက်ခဲ့သဖြင့် ခရီးသည်ပေါင်း ၁၄ သန်းကျော်ကို ပို့ဆောင်ပေးနိုင်ခဲ့ရာ ရာခိုင်နှုန်းအရ ၈၈ ဒသမ ၉ ရာခိုင်နှုန်းခန့်ကို သယ်ယူပို့ဆောင်ပေးနိုင်ခဲ့သည်။

ထို့ကြောင့် ဗီယက်နမ်၏ လေကြောင်းပို့ဆောင်ရေးကဏ္ဍအတွက်သာမက စီးပွားရေးကဏ္ဍအတွက်ပါ များစွာအကျိုးပြုသည့်အပြင် လေကြောင်းလိုင်းပြေးဆွဲနေသည့် အခြားသော အရှေ့တောင်အာရှနိုင်ငံများအတွက်ပါ အကျိုးပြုစေခဲ့သည်။

Vietjet လေကြောင်းလိုင်းသည် ခရီးသွားပြည်သူများ၏ အသက်အန္တရာယ်လုံခြုံမှုအပိုင်းအား အမြင့်မားဆုံး လုပ်ဆောင်ပေးနိုင်ခဲ့သောကြောင့် အခြားသော အာရှ-ပစိဖိတ်ဒေသမှ လေကြောင်းလိုင်များနှင့် နှိုင်းယှဉ်ပါက ယုံကြည်စိတ်ချမှုအပိုင်းတွင် အပြည့်အဝ မှတ်တမ်းတင်နိုင်ခဲ့သည်ဟု Vietjet ၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့ကြောင့် Vietjet သည် လွန်ခဲ့သည့်နှစ်အတွင်း ခရီးစဉ်ပေါင်း ၈၄၅၃၅ ခုအား ပျံသန်းပြေးဆွဲချိန် စုစုပေါင်း ၁၂၁၂၁၃ နာရီဖြင့် ပျံသန်းပြေးဆွဲခဲ့သည်။ A320/A321လေယာဉ်အမျိုးအစားသုံး အခြားသော ဒေသတွင်းမှ လေကြောင်းလိုင်းနှင့်မဆို နှိုင်းယှဉ်ပါက Vietjet လေကြောင်းလိုင်း၏ နည်းပညာပိုင်းဆိုင်ရာ ဘေးကင်းလုံခြုံစိတ်ချရမှုမှာ ၉၉ ဒသမ ၅၆ ရာခိုင်နှုန်းဖြင့် အမြင့်ဆုံးအဆင့်တွင်ရှိသည်။ တစ်နှစ်ပတ်လုံး အချိန်တိကျမှုအပိုင်းတွင်လည်း ၈၃ ဒသမ ၆ ရာခိုင်နှုန်းအဆင့်တွင် ရပ်တည်နေသည်ဟု ဆိုသည်။

ထို့အပြင် လေကြောင်းလိုင်း၏ လေ့ကျင့်ရေးစင်တာကို လွန်ခဲ့သော ၂၀၁၅ ခုနှစ်အစောပိုင်းက ဖွင့်လှစ်ခဲ့ရာ လက်ရှိအချိန်အထိ သင်တန်းအပတ်စဉ်စုစုပေါင်း ၆၅၅ခုမှ ဝန်ထမ်းပေါင်း ၈၂၈၇ ဦးအား နာရီပေါင်း ၂၅၂၄၉ ဖြင့် သင်ကြားပို့ချပေးခဲ့ရာ သင်တန်းဆင်းလက်မှတ် စုစုပေါင်း ၃၃၅၁ ကို ချီးမြှင့်ပေးနိုင်ခဲ့သည်။

ယခုကဲ့သို့ လေ့ကျင့်သင်ကြားမှုတို့ကြောင့် လေကြောင်းလိုင်းအနေဖြင့် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် ကျွမ်းကျင်သော လူ့စွမ်းအားအရင်းအမြစ်များကို ဖော်ဆောင်ကာ လေကြောင်းလိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုကို ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်သည်။

Vietjet သည် ၂၀၁၆ခုနှစ်အတွင်း ဗီယက်နမ်ပြည်တွင်းခရီးစဉ်များကိုသာမက နိုင်ငံတကာခရီးစဉ်များကိုလည်း ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့ပျံသန်းပြေးဆွဲနိုင်ခဲ့သည်။ လက်ရှိတွင် လေကြောင်းခရီးစဉ် ၆၃ ခု (ပြည်တွင်း ၃၇ ခု၊ ပြည်ပ ၂၆ခု) အား ၃ နှစ် ၄ လ သက်တမ်းရှိ နောက်ဆုံးပေါ် ခေတ်မီ လေယာဉ် အစင်းပေါင်း ၄၄ စီးဖြင့် ပျံသန်းပြေးဆွဲလျက်ရှိကြောင်း သိရသည်။

**မယ်သီတာ**

## အူရီဒူးမြန်မာက နောက်လအထိ ဆက်လက်အသုံးပြုနိုင်သည့် ပိုကောင်းပိုတန်သည့် ပေါင်းကူးဒေတာ Packs များအား မိတ်ဆက်

အူရီဒူးမြန်မာသည် နောက်လအထိ ဆက်လက်အသုံးပြုနိုင်သည့် ပိုကောင်း ပိုတန်သည့် ပေါင်းကူးဒေတာ Packs များအားမိတ်ဆက်လိုက်ပြီဖြစ်သည်။

အဆိုပါပေါင်းကူး ဒေတာအစီအစဉ်ကြောင့် အူရီဒူးသုံးစွဲသူများအနေဖြင့် ယခုလတွင်သုံး၍မကုန်ဘဲ ကျန်ရှိနေသည့်ဒေတာများကို နောက်လအထိ ဆက်လက်အသုံးပြုနိုင်သည့် ဝန်ဆောင်မှုဖြစ်သည်။ ထို့ကြောင့် အသုံးမပြုရသေးသောဒေတာများမှာ ဆုံးရှုံးမှုမရှိဘဲ ဆက်လက်အသုံးပြုနိုင်မည်ဖြစ်သည်။

အဆိုပါ လစဉ်အသုံးပြုနိုင်သော ပေါင်းကူးဒေတာ packs များကို အမျိုးအစား ရှစ်မျိုးဖြင့် ရရှိနိုင်မည်ဖြစ်ပြီး၊ တစ်လအတွက် အသုံးပြုနည်းသည့် အနည်းဆုံး ဒေတာပမာဏ ၈၀၀ MB အတွက် ကျသင့်ငွေ ၉၉၉ ကျပ် မှ ဒေတာပမာဏအများဆုံး ၁၃၀ GB အထိ ဝယ်ယူအသုံးပြုနိုင်မည်ဖြစ်ပါသည်။ အဆိုပါ အင်တာနက် Pack များအတွက် ရက် ၃၀ ကြာ အသုံးပြုနိုင်မည်ဖြစ်သည်။

အူရီဒူးသုံးစွဲသူများအနေဖြင့် *140# သို့ခေါ်ဆိုကာ ယင်းလစဉ်သုံးအင်တာနက်အစီအစဉ်ကို စာရင်းသွင်းရယူနိုင်မည်ဖြစ်သည်။

အူရီဒူးမှ ဆောင်ရွက်ခဲ့သည့် အဆိုပါဒေတာအစီအစဉ်သစ်များကြောင့် သုံးစွဲသူများအနေဖြင့် မသုံးဖြစ်သော ဒေတာများအား ဆုံးရှုံးမှုမရှိဘဲ နောက်လသို့ ဆက်လက်ယူဆောင်အသုံးပြုနိုင်မည်ဖြစ်သည်။ သုံးစွဲသူများအနေဖြင့် အဆိုပါပေါင်းကူးဒေတာ pack အား ရက် ၃၀ အတွင်း အသုံးပြု၍မကုန်လျှင် ယင်းဒေတာ pack ကုန်ဆုံးရက်ပြီးနောက် ခုနစ်ရက်အတွင်း နောက်ထပ်ဒေတာ pack တစ်ခုအား ထပ်မံဝယ်ယူလိုက်ပါက လက်ကျန်ဒေတာအား ဆက်လက်သယ်သွားကာ မိမိဝယ်ယူလိုက်သော အင်တာနက် အစီအစဉ်အသစ်နှင့်အတူ ထပ်မံအသုံးပြုနိုင်မည်ဖြစ်သည်။ ပေါင်းကူး ဒေတာ pack ကို အသုံးပြုလျက် နောက်ထပ်ဒေတာ pack အသစ်တစ်ခု ထပ်မံဝယ်ခြင်းဖြင့် အလိုလျောက် သက်တမ်းတိုးသွားပြီး လက်ရှိအသုံးပြုနေသောဒေတာ pack မှ လက်ကျန်ဒေတာများကို ဆက်လက်အသုံးပြုနိုင်မည်ဖြစ်ပါသည်။

ယခုဝယ်ယူရရှိထားသော ဒေတာဖြင့် မည်သည့်ဝန်ဆောင်မှုကို ဒေတာမည်မျှအသုံးပြုရမည်ဟု ကန့်သတ်ထားခြင်းမရှိဘဲ သုံးစွဲသူများ စိတ်ကြိုက် Facebook မှစပြီး Clash of Clans အထိ အူရီဒူး၏ "ပေါင်းကူး" ဒေတာ pack ဖြင့် ကန့်သတ်ချက်မရှိ အသုံးပြုနိုင်မည်ဖြစ်ရာ ယင်းမှာ ဆန်းသစ်သော်ငြားလည်း အလွယ်တကူ ဝယ်ယူအသုံးပြုနိုင်သည့် အင်တာနက်အစီအစဉ်မျိုးဖြစ်သည်။

လစဉ်သုံးပေါင်းကူးဒေတာ pack အား စာရင်းသွင်းရယူ အသုံးပြုခြင်းဖြင့် အူရီဒူးသုံးစွဲသူများအတွက် ထပ်ဆောင်းအကျိုးရလဒ်များ ရရှိနိုင်မည်ဖြစ်သည်။ သုံးစွဲသူများအနေဖြင့် ဖုန်းငွေဖြည့်သွင်းလိုက်သည်နှင့် တစ်ပြိုင်နက် အခမဲ့ Facebook, Viber, Bee Talk နှင့် အူရီဒူးအချင်းချင်း အခမဲ့ ဖုန်းခေါ်ဆိုခွင့်များ ရရှိမည်ဖြစ်ပါသည်။ ထို့နောက်သုံးစွဲသူများအနေဖြင့် ၎င်းဖြည့်သွင်းလိုက်သည့်ငွေဖြင့် ပေါင်းကူးဒေတာအစီအစဉ် ဝယ်ယူအသုံးပြုနိုင်သည့်အပြင် အခြားသော အူရီဒူးဝန်ဆောင်မှုများကိုပါ အသုံးပြုနိုင်ကြောင်း သတင်းရရှိသည်။

**မယ်သီတာ**



## ဗီးနပ်စ်ဝီလျံကESPN ၏ စီစဉ်တင်ဆက်သူဟောင်း ဒေါက်အဒဲလာကို တရားစွဲဆို

အမေရိကန်တင်းနစ်ချန်ပီယံ ဗီးနပ်စ်ဝီလျံသည် ESPN ၏အစီအစဉ်တင်ဆက်သူဟောင်း ဒေါက်အဒဲလာကို တရားစွဲဆိုသွားမည်ဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ESPN ၏အစီအစဉ်တင်ဆက်သူဟောင်း ဒေါက်အဒဲလာသည် ဗီးနပ်စ်ဝီလျံကို ဂေါ်ဇီလာထက်ကြီးသည့် ပျောက်ကျားတပ်သားဟု ဆိုကာ ခိုင်းနှိုင်းခဲ့သဖြင့် ESPN က ၎င်းကို အစီအစဉ်တင်ဆက်သူအဖြစ်မှ ထုတ်ပယ်ခဲ့သည်။

ယင်းကဲ့သို့ ထုတ်ပယ်ခဲ့ပြီးမှ ဗီးနပ်စ်ဝီလျံက တရားစွဲဆိုရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။ ဩစီအိုးပင်းပြိုင်ပွဲ၏ ဒုတိယအဆင့်ပြိုင်ပွဲတွင် အဒဲလာက ဂေါ်ဇီလာဟူသည့်စကားလုံးကို သုံးနှုန်း၍ ခိုင်းနှိုင်းခဲ့ကြောင်း၊ ယင်းကဲ့သို့ ခိုင်းနှိုင်းခဲ့ခြင်းသည် လူမျိုးရေးခွဲခြားသည့်သဘောသို့ သက်ရောက်နေကြောင်း ကြည့်ရှုသူများကစွပ်စွဲပြောဆိုခဲ့သည်။

အဒဲလာက “ဗီးနပ်စ်ရဲ့လှုပ်ရှားမှုတွေကို ကြည့်ရတာဟာ ဂေါ်ဇီလာတစ်ကောင် လှုပ်ရှားသွားလာနေတာထက် ပျောက်ကျားစစ်သားတစ်ယောက်ရဲ့ သွားလာလှုပ်ရှားနေပုံနဲ့တူပါတယ်။ သူ့ရဲ့တင်းနစ်ဘောလုံးကို အနုတ်အသိမ်းတွေက တော်တော်လေးကို ကြည့်ရကောင်းလို့ အခုလိုခိုင်းနှိုင်းလိုက်တာပါ”ဟု တောင်းပန်စကားဆိုခဲ့သည်။

သို့သော် ၎င်း၏တောင်းပန်စကားမထွက်ပေါ်မီမှာပင် ESPN က အဒဲလာကို ထုတ်ပယ်ခဲ့သည်။ ၎င်း၏ရှေ့နေဖြစ်သူ ဒေးဗစ်အမ်ရင်းက အဒဲလာပြောဆိုခဲ့သည့် "guerilla tennis" ဆိုသည့်စကားစုမှာ အားကစားလောကဆိုင်ရာ အသုံးအနှုန်းတစ်ခုဖြစ်ပြီး အခက်အခဲအကျပ်အတည်းဖြစ်နေသည့်ပွဲစဉ်တွင်သာ ဖော်ပြသုံးနှုန်းခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါအသုံးအနှုန်းသည် အင်ဒရေအဂ္ဂါဆီနှင့် ပီတာဆမ်းပရတ်စ်တို့ ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲစဉ်မှ အစပြုပေါ်ပေါက်လာခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ အဒဲလာသည် ESPN အားကစားရုပ်သံလွှင့် အစီအစဉ်တွင် ၂၀၀၈ ခုနှစ်ကတည်းက တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

## မြန်မာအမျိုးသားဘောလုံးအကယ်ဒမီ(ရန်ကုန်)ကို ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ အင်ဖန်တီနို လာရောက်ဖွင့်လှစ်



မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ ဖွင့်လှစ်သည့် အမျိုးသားဘောလုံး အကယ်ဒမီ(ရန်ကုန်)ကို ဖေဖော်ဝါရီ ၁၇ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီဖြစ်သည်။ ယင်းဖွင့်ပွဲသို့ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ အင်ဖန်တီနိုကိုယ်တိုင် တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

အမျိုးသားဘောလုံး အကယ်ဒမီ (ရန်ကုန်) ဖွင့်ပွဲအခမ်းအနားအပြီးတွင် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ အင်ဖန်တီနိုကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများက အမျိုးသားဘောလုံးအကယ်ဒမီ (ရန်ကုန်) အဆောက်အဦအတွင်းသို့ လိုက်လံပြသခဲ့သည်။ အမျိုးသားဘောလုံး အကယ်ဒမီ (ရန်ကုန်) ဖွင့်ပွဲအခမ်းအနားအပြီးတွင် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌတို့သည် သုဝဏ္ဏလူငယ်လေ့ကျင့်ရေးအားကစားကွင်းနှင့် ရန်ကင်းကလေးဆေးရုံတို့ကို သွားရောက်ကြည့်ရှုခဲ့ကြသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ အင်ဖန်တီနိုက “မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နဲ့ဥက္ကဋ္ဌ ဦးဇော်ဇော်ရဲ့ကြိုးစားမှုတွေကို ကျွန်တော်တို့ မြင်တွေ့ခဲ့ရပါပြီ။ ဘောလုံးတိုးတက်ဖို့ တစ်စိတ်တစ်ပိုင်းဖြစ်မယ့် အနာဂတ်စီမံကိန်းတွေကို ဆက်ပြီးလုပ်သွားရပါမယ်။ ဒီကြိုးပမ်းမှုတွေကို ဖီဖာအနေနဲ့ မြှင့်တင်ပေးသွားရပါမယ်။ အိပ်မက်တွေ အကောင်အထည်ဖော်လာနိုင်ဖို့အတွက် အကယ်ဒမီတစ်ခုတည်း၊ လိဂ်ပြိုင်ပွဲတစ်ခုတည်းနဲ့ မရပါဘူး။ တခြားလူငယ်ဖွံ့ဖြိုးရေးတွေကိုလည်း ကြိုးစားလုပ်ဆောင်ရပါမယ်”ဟု အင်ဖန်တီနိုက ပြောကြားခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံရှိ ပြည်သူများသည် ဘောလုံးကို ရူးသွပ်စွာ အားပေးကြသူများဖြစ်သော်လည်း အခြေခံအဆောက်အအုံ နည်းပါးနေကြောင်း၊ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်မှ လူငယ်ဖွံ့ဖြိုးရေးစီမံကိန်းများအတွက် နှစ်စဉ် ဒေါ်လာသန်းနှင့်ချီကာ သုံးစွဲရန် ရှိနေခြင်းကြောင့် မြန်မာနိုင်ငံတွင် လိုအပ်နေသည့် လူငယ်ဖွံ့ဖြိုးမှုအတွက် ထောက်ပံ့သွားရန်ရှိကြောင်း အင်ဖန်တီနိုက ဆက်လက်ပြောကြားခဲ့သည်။

မြန်မာအမျိုးသား ဘောလုံး အကယ်ဒမီသည် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကတည်ဆောက်သည့် တတိယမြောက် ဘောလုံးအကယ်ဒမီဖြစ်ပြီး အမေရိကန်ဒေါ်လာ နှစ်သန်းကျော် အကုန်အကျခံကာ တည်ဆောက်ခဲ့သည့် ဘောလုံးအကယ်ဒမီ ကျောင်းတစ်ကျောင်းဖြစ်သည်။

## အာရှယူ-၂၃ ချန်ပီယံရှစ်ခြေစစ်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် နီးစပ်နေ


အာရှဘောလုံးအဖွဲ့ချုပ်ကဦးဆောင်ကျင်းပမည့် အသက် ၂၃နှစ်အောက် အာရှချန်ပီယံရှစ် ပြိုင်ပွဲ၏ခြေစစ်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် နီးစပ်နေပြီဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှသိရသည်။ အဆိုပါခြေစစ်ပွဲကို ဇူလိုင် ၁၅ ရက်မှ ၂၃ ရက်အထိကျင်းပရန် စီစဉ်ထားရှိသည်။ ခြေစစ်ပွဲများအနက် မြန်မာအသင်းယှဉ်ပြိုင်ကစားမည့် အုပ်စုပွဲစဉ်များကို အိမ်ရှင်အဖြစ်လက်ခံကျင်းပခွင့်ရရှိရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြိုးပမ်း နေခြင်းဖြစ်သည်။

အဆိုပါ ခြေစစ်ပွဲများကို အိမ်ရှင်အဖြစ် ဒုတိယအကြိမ်မြောက်လက်ခံကျင်းပခွင့်ရရှိမည်ဆိုပါက ရန်ကုန်မြို့ရှိ သုဝဏ္ဏအားကစားကွင်း၌ ကျင်းပရန် စီစဉ်ထားရှိကြောင်း သိရသည်။

ယင်းခြေစစ်ပွဲကို အာရှအရှေ့ပိုင်းဇုန်မှ ၂၂ သင်းနှင့် အာရှအနောက်ပိုင်းဇုန်မှ ၂၄ သင်းတို့ အပါအဝင် အာရှချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲကို လက်ခံကျင်းပမည့် တရုတ်အသင်းလည်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ တရုတ်အသင်း၏ရလဒ်ကိုမူ ထည့်သွင်းတွက်ချက်မည်မဟုတ်ဟု အာရှဘောလုံးအဖွဲ့ချုပ်၏ ထုတ်ပြန်ချက်အရ သိရသည်။ ပထမဆုံးအကြိမ်ကျင်းပသည့် အာရှယူ-၂၂ ပြိုင်ပွဲ၏ ခြေစစ်ပွဲစဉ်များကိုလည်း မြန်မာနိုင်ငံအနေဖြင့် အိမ်ရှင်အဖြစ်လက်ခံကျင်းပခွင့်ရရှိခဲ့သည်။

ယင်းအချိန်က ခြေစစ်ပွဲအောင်မြင်ခဲ့သော်လည်း နောက်ဆုံးအဆင့်အုပ်စုတွင်းပြိုင်ပွဲတွင်မူ တောင်ကိုရီးယား၊ အိုမန်နှင့် ဂျော်ဒန်အသင်းတို့ကို ရှုံးနိမ့်ခဲ့သဖြင့် အုပ်စုအဆင့်မှပင် ထွက်ခွာခဲ့ရပြီး ၂၀၁၆ခုနှစ်ကျင်းပခဲ့သည့် အာရှယူ-၂၃ ပြိုင်ပွဲတွင်မူ ခြေစစ်ပွဲပင်မအောင်မြင်ခဲ့ပေ။

## သုံးလအတွင်း ဝင်ငွေစံချိန်တင်ခဲ့သည်ဟု မန်ချက်စတာယူနိုက်တက်အသင်းက ထုတ်ဖော်ကြေညာ



မန်ချက်စတာ ယူနိုက်တက်အသင်းသည် ၂၀၁၆-၁၇ ဘဏ္ဍာနှစ်၌ သုံးလအတွင်း ဝင်ငွေများ စံချိန်တင်ရရှိခဲ့ကြောင်း ဘီဘီစီသတင်းတွင် ရေးသားဖော်ပြထားသည်။

ပရီးမီးယားလိဂ်၏ ရုပ်သံထုတ်လွှင့်မှုအစီအစဉ်မှ ရရှိငွေမှာ ၂၀၁၆ ခုနှစ်၏ အောက်တိုဘာလမှ ဒီဇင်ဘာလအထိ ၄၀ ဒသမ ၈ ရာခိုင်နှုန်းကျော်ရှိခဲ့ပြီး နေ့စဉ်ရရှိငွေမှာ ၂၇ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်ဟု ဆိုသည်။

လွန်ခဲ့သည့်နှစ်က စုစုပေါင်းရရှိခဲ့သည့်ဝင်ငွေမှာ ပေါင် ၁၃၃ ဒသမ ၈ သန်းရှိခဲ့ပြီး ယခုနှစ်တွင် ပေါင် ၁၅၇ ဒသမ ၉ သန်းရရှိခဲ့သဖြင့် ၁၈ ရာခိုင်နှုန်းတိုးတက်ခဲ့သည်ဟုဆိုသည်။

မန်ချက်စတာယူနိုက်တက်အသင်းသည် ပရီးမီးယားလိဂ် ဇယားတိုင်တွင် အဆင့် (၆)နေရာတွင် ရပ်တည်လျက်ရှိသည်။

“ကျွန်တော်တို့စီးပွားရေး ပုံစံတွေရဲ့ခိုင်မာမှုက ကျွန်တော်တို့ရဲ့ ဘဏ္ဍာနှစ် သုံးလပတ်အတွင်းမှာ ဆက်လက်တည်ရှိနေလိမ့်မယ်လို့ ထင်ပါတယ်။ ဒီနှစ်ထဲမှာ ကျွန်တော်တို့ရဲ့ ဝင်ငွေက စံချိန်တင်ခဲ့တာဟာ မှတ်တမ်းတစ်ခုအဖြစ် တင်ကျန်နေရစ်ခဲ့ပါပြီ” ဟု မန်ချက်စတာယူနိုက်တက် အသင်း၏ ဒုတိယ ဥက္ကဋ္ဌဖြစ်သူ အက်ဒ်ဝုဒ်ဝ့ဒ်က ပြောကြားခဲ့သည်။

မန်ချက်စတာယူနိုက်တက်အသင်းသည် ရုပ်သံထုတ်လွှင့်ခြင်းနှင့် ယှဉ်ပြိုင်ကစားသည့်နေ့တိုင်းတွင် ရရှိခဲ့သည့်ဝင်ငွေများမှာ ဝင်ငွေရရှိမှုကိုခိုင်ခိုင်မာမာ ဦးဆောင်စေခဲ့ကြောင်း၊ ကုန်သွယ်မှုဆိုင်ရာမှ ရရှိခဲ့သည့်ဝင်ငွေမှာ ကြီးကြီးမားမားပြောင်းလဲခဲ့ရာ ပေါင် ၆၆ ဒသမ ၈ သန်းအထိ ရရှိခဲ့သည်ဟုဆိုသည်။ ယင်းကဲ့သို့ ဝင်ငွေများ တိုးတက်လာရခြင်းမှာအဲဒီးဒတ်စ်နှင့် ဂျာစီဝတ်စုံစပွန်ဆာစာချုပ် ချုပ်ဆိုနိုင်ခဲ့သည့်အတွက် ယခင်နှစ်ကာလတူကထက် ဝင်ငွေများ ပိုမိုမြင့်တက်လာခဲ့ခြင်းဖြစ်သည်။

ထို့ပြင်မန်ချက်စတာယူနိုက်တက်အသင်းသည် ယခုဘဏ္ဍာနှစ်သုံးလအတွင်း နောက်ထပ် စပွန်ဆာစာချုပ်ကို ချုပ်ဆိုခဲ့ပြီးဖြစ်သည်။ မန်ယူအသင်းနှင့် ထပ်မံစာချုပ်ချုပ်ဆိုခဲ့သည့်ကုမ္ပဏီများမှာ Deezer, Mlily နှင့် Concha Y Toro တို့ပင်ဖြစ်သည်။

## နန္ဒလင်းကျော်ချစ်နှင့် အောင်ကျော်နိုင်တို့ကို စင်ကာပူလိဂ်ကလပ် Balestier Khalsa အသင်းက ခေါ်ယူ

စင်ကာပူလိဂ်ကလပ် အသင်းတစ်သင်းဖြစ်သည့် Balestier Khalsa အသင်းသည် မြန်မာနေရှင်နယ်လိဂ်ကလပ် ရတနာပုံအသင်းမှ ကွင်းလယ်ကစားသမား နန္ဒလင်းကျော်ချစ်နှင့် နေပြည်တော်အသင်းမှ ကွင်းလယ်ကစားသမား အောင်ကျော်နိုင်တို့ကို ဖေဖော်ဝါရီ ၁၄ ရက်က စာချုပ်ချုပ်ဆို ခေါ်ယူလိုက်ပြီဖြစ်သည်။ နန္ဒလင်းကျော်ချစ်နှင့်အောင်ကျော်နိုင်တို့ နှစ်ဦးစလုံးသည် စင်ကာပူနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် AFF Suzuki Cup 2014 ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်ကစားသမားများ အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အောင်ကျော်နိုင်သည် စင်ကာပူနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် (၂၈)ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရ မြန်မာ့လက်ရွေးစင်ယူ-၂၃ အသင်းတွင် ပါဝင်ကစားခဲ့သူဖြစ်သည်။ ၎င်းတို့နှစ်ဦးစလုံးကို Balestier Khalsa အသင်းက တစ်နှစ်စာချုပ်ချုပ်ဆို၍ ခေါ်ယူခဲ့ခြင်းဖြစ်သည်။



## မြောင်မြို့နယ်ရှိ စာသင်ကျောင်းများတွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြော

မြောင်မြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၂ ရက်မှာ ရွှေပန်းကျွန်းကျေးရွာမူလွန်နဲ့ ကျားအိုကျေးရွာ အ. မ. ကတို့တွင်လည်းကောင်း၊ ဖေဖော်ဝါရီ ၈ရက်မှာ ကံတောကျေးရွာ အ. မ. ကနဲ့ မယ်ဇလီကုန်းကျေးရွာ အ. မ. ကတို့တွင်လည်းကောင်း စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲများ ကျင်းပခဲ့ပါတယ်။

အဆိုပါ ဟောပြောပွဲများတွင် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေဆိုင်ရာ သိကောင်းစရာများ၊ စားသုံးသူများ၏ အခွင့်အရေးနှင့် တာဝန်များအကြောင်း၊ အစားအသောက်များတွင် ပါဝင်တဲ့ဓာတုဆိုးဆေးများနှင့် ဖော်မလင်၏ဆိုးကျိုးများအကြောင်း၊ FDA မှ အသိပေးထုတ်ပြန်ထားတဲ့ စားသုံးရန်မသင့်တဲ့ ကုန်အမှတ်တံဆိပ်များအကြောင်းကို အသိပညာပေးဟောပြောခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပါတယ်။ ဆွေးနွေးဟောပြောပွဲများသို့ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ လေ့လာသူ စုစုပေါင်း ၄၁၇ ဦးတက်ရောက်ခဲ့ပါတယ်။

**ခင်ချိုမြင့်(မြောင်)**

## အလုံဈေးနှင့် ကြည့်မြင်တိုင် ကမ်းနားဈေးများတွင် ထုတ်ကုန်လုံခြုံစိတ်ချရမှုမရှိသော ထုတ်ကုန်ပစ္စည်းများ ရောင်းချမှု ရှိ/မရှိ စစ်ဆေး

ရန်ကုန်အနောက်ပိုင်းခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဖေဖော်ဝါရီ ၁၆ ရက်က အလုံဈေးနှင့် ကြည့်မြင်တိုင်မြို့နယ်ရှိ ကမ်းနားဈေးတို့တွင် FDA မှ ထုတ်ကုန်လုံခြုံစိတ်ချရမှု မရှိသော ထုတ်ကုန်ပစ္စည်းများအဖြစ် ကြေညာထားသော ငရုတ်သီး၊ အရောင်တင်မှုန့်များ၊ မဆလာများ၊ အချိုရည်၊ မုန့်နှင့် ယိုစုံများ၊ FDA ထောက်ခံချက်မပါသော သောက်ရေသန့်များအား ရောင်းချမှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။

အလုံဈေးတွင်ဆိုင် ၁၃ ဆိုင်နှင့် ကမ်းနားဈေးတွင် ဆိုင် ၁၂ ဆိုင် စုစုပေါင်းဆိုင် ၂၅ ဆိုင်ကို ကွင်းဆင်းစစ်ဆေးခဲ့ရာ FDA မှတားမြစ်ထားသော စူပါဆေးမန်ကျည်းနှင့် မက်မန်းယိုစုံတို့ကို စစ်ဆေးတွေ့ရှိသဖြင့် ဆက်လက်ရောင်းချခြင်းမပြုရန် စည်ပင်သာယာဈေး တာဝန်ခံအား အဆိုပါပစ္စည်းများကို သိမ်းဆည်းရန်မှာကြားခဲ့ပါသည်။ ထို့နောက်ဈေးများအတွင်းစစ်ဆေးစဉ် စားသုံးရန်မသင့်သော အစားအသောက်များနှင့်ပတ်သက်၍ သိကောင်းစရာများကို ဟောပြောအသိပေးဆွေးနွေးခဲ့ပါသည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့တွင် ရန်ကုန်အနောက်ပိုင်းခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များဖြစ်သည့် ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးမှူး၊ ခရိုင်ဥပဒေအရာရှိ၊ ခရိုင်စည်ပင်သာယာအုပ်ချုပ်ရေးမှူးတို့၏ ကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင် ကိုယ်စားလှယ်၊ စားသုံးသူများ ကိုယ်စားလှယ်၊ ရန်ကုန်အနောက်ပိုင်းခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူးရုံး၊ ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဌေးနှင့် ဝန်ထမ်းများ၊ စံတော်ချိန်သတင်းဌာနမှ သတင်းမီဒီယာသမားများပါဝင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**သန်းအေး(စားသုံးသူ)**

## ဖျာပုံမြို့နယ် ထလွန်ကျေးရွာ(အ-လ-က)နှင့် ကံကြီးကုန်းကျေးရွာ(အ-မ-က)တို့တွင် ကျောင်းမုန့်ဈေးတန်းစစ်ဆေးခြင်းနှင့် စားသုံးသူအသိပညာပေးဟောပြောပွဲများကျင်းပ



ဖျာပုံမြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစိုးမင်းထိုက်နှင့်ဝန်ထမ်းများသည် ကျောင်းမုန့်ဈေးတန်းကြီးကြပ်ရေးအဖွဲ့နှင့် ကျောင်းစားသုံးသူရေးရာအဖွဲ့တို့ ပူးပေါင်း၍ ဖေဖော်ဝါရီ ၈ ရက်က ထလွန်ကျေးရွာ အ. လ. ကရှိကျောင်းမုန့်ဈေးအား ကွင်းဆင်းစစ်ဆေးခြင်းနှင့် စားသုံးသူအသိပညာပေးဟောပြောပွဲကို ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။ အခမ်းအနားတွင် မြို့နယ်ဦးစီးမှူးက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယမြို့နယ်ဦးစီးမှူး ဦးမင်းဇော်က ကုန်စည်နှင့် ဝန်ဆောင်မှုအကြောင်း၊ စားသုံးသူ၏ အခွင့်အရေးနှင့်တာဝန်များ စီးပွားရေးလုပ်ငန်းရှင်၏ အခွင့်အရေးနှင့် တာဝန်များအကြောင်းကို လည်းကောင်း၊ ဒုတိယဦးစီးမှူး ဒေါ်ကေသွယ်ဝင်းက စားသောက်ဖွယ်ရာမုန့်များအား ကျောင်းသားများ ရွေးချယ်စားသောက်တတ်စေရန် သင်ကြားခြင်းနှင့် အပြန်အလှန် ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ပါသည်။ အဆိုပါအခမ်းအနားသို့ ဆရာ၊ ဆရာမများ၊ ကျောင်းဈေးသည်များ၊ ကျောင်းသားမိဘများ၊ ကျောင်းသားများ စုစုပေါင်း ၄၁၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

ထို့အပြင် အဆိုပါအဖွဲ့သည် ဖေဖော်ဝါရီ ၁၀ ရက် ကံကြီးကုန်းကျေးရွာ အ. မ. ကတွင် စားသုံးသူအသိပညာပေးဟောပြောပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။ အခမ်းအနားတွင် တက်ရောက်လာသူများအား လက်ကမ်းစာစောင်များ၊ ဆန်းစစ်ချက်များကောက်ယူပြီး နိုင်ငံပိုင်သတင်းစာများ၌ ထုတ်ပြန်ကြေညာထားသည့် အစားအစာများ၊ စားဆီများ၊ အလှကုန်ပစ္စည်းများ စသည့် တားမြစ်ထားသော အချက်အလက်ပါစာအုပ်အား ကျောင်းအုပ်ဆရာမကြီးထံသို့ ပေးအပ်ခဲ့သည်။

ထိုအခမ်းအနားသို့ ကျောင်းဆရာမများ၊ ကျောင်းသားများ၊ ဈေးသည်များ၊ ရပ်မိရပ်ဖများ စုစုပေါင်း ၂၁၃ ဦး တက်ရောက်ကြောင်း သတင်းရရှိသည်။

**မင်းဇော်မွန်(ဖျာပုံ)**

## သာပေါင်းမြို့နယ် ကံကုန်း၊ ဖဲကုန်း၊ အုတ်ပုံကုန်း၊ ရွာသစ်ကုန်းကျေးရွာများရှိ အ.မ.က ကျောင်းများတွင် စားသုံးသူအကာကွယ်ပေးရေးဟောပြောပွဲများကျင်းပ

သာပေါင်းမြို့နယ်၊ စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးထွန်းမင်းလတ်နှင့် ဝန်ထမ်းများသည် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကျန်းမာရေး၊ စည်ပင်သာယာရေး ပူးပေါင်းအဖွဲ့များပါဝင်လျက် ဖေဖော်ဝါရီလဒုတိယပတ်နှင့် တတိယပတ်တို့တွင် မြို့နယ်အတွင်းရှိကံကုန်းကျေးရွာ အ. မ. က ကျောင်းရှိ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ကျောင်းသူ ၁၀၉ ဦး၊ ဖဲကုန်းကျေးရွာ အ. မ. က ကျောင်းရှိဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ ၄၆ ဦး၊ အုတ်ပုံကုန်းကျေးရွာ အ. မ. က ကျောင်းရှိ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ ၉၀ ဦးနှင့် ရွာသစ်ကုန်းကျေးရွာ အ. မ. ကကျောင်းရှိ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ ၉၄ ဦးတို့အား စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကို ပြုလုပ်ခဲ့ပါသည်။

အဆိုပါ ဟောပြောပွဲများတွင် စားသုံးသူ အကာအကွယ်ပေးရေးနှင့် ပတ်သက်၍ အစားအသောက်များကို သဘာဝအတိုင်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းမပြုလုပ်ဘဲ အလွယ်တကူ ဈေးဝယ်ယူရရှိသော ဓာတုဆိုးဆေးများ အသုံးပြုခြင်း၊ အရောင်၊ အနံ့၊ အရသာများကို ပြုပြင်ပြောင်းလဲကာ အလှအပဖြစ်အောင် ပြုလုပ်ရောင်းချခြင်းဖြင့် ရေရှည်ကျန်းမာရေး ထိခိုက်မှုများနှင့် ဖြစ်ပွားတတ်သော ရောဂါများအကြောင်းသာမက သတိပြုဆင်ခြင်စားသောက်နိုင်ရေးနှင့် FDA မှ တားမြစ်ထားသော စားသောက်ကုန်၊ လူသုံးကုန်များအကြောင်း ဟောပြောဆွေးနွေး၍ အဆိုပါကျောင်းများ ရှိကျောင်းမုန့်ဈေးတန်းများတွင်လည်း ဒေသတွင်း မြန်မာ့ရိုးရာ အစားအစာများ ရောင်းချနိုင်ရေး၊ ကျန်းမာရေးနှင့် ညီညွတ်သော မုန့်များကိုသာ ရောင်းချ၍ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တရားဝင်တားမြစ်ထားသောမုန့်များ၊ သက်တမ်းလွန်မုန့်များ၊ စားသုံးရန်မသင့်သော အန္တရာယ်ဖြစ်စေနိုင်မည့် အစားအစာများရောင်းချခြင်းမပြုရန် ကွင်းဆင်းစိစစ်ကာ စားသုံးသူအသိပညာပေး လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရပါတယ်။

**မြစိန်(ပုသိမ်)**

## မွန်ပြည်နယ်၌ ဖေဖော်ဝါရီလဒုတိယပတ်အတွင်း စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများဆောင်ရွက်

မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယပြည်နယ်ဦးစီးမှူး ဦးခင်အောင်သွင်သည် သထုံခရိုင်ဦးစီးမှူးရုံးမှ ဝန်ထမ်းများနှင့်အတူ ဖေဖော်ဝါရီ ၁၀ ရက်တွင် ဘီးလင်းမြို့ အမှတ်(၄၄) ခြေမြန်တပ်မဌာနချုပ်လက်အောက်ခံ ရှေ့တန်း တာဝန်ထမ်းဆောင်နေသော ခလရ(၈) ဘီးလင်းတွင် ဌာနချုပ်တပ်ခွဲမှူး ဗိုလ်မှူးချစ်မင်းသူနှင့် နောက်ချန်စစ်သည် မိသားစုဝင်များအားလည်းကောင်း၊ ဖေဖော်ဝါရီ ၁၄ ရက်တွင် သထုံမြို့နယ်၊ ခလရ(၂၀၆) တပ်ရင်း၊ ကြာပန်းကျေးရွာ၊ တပ်ရင်းခန်းမ၌ လည်းကောင်း၊ ဖေဖော်ဝါရီ ၁၅ ရက်တွင် မော်လမြိုင်မြို့ရှိ သူနာပြုသင်တန်းကျောင်းတွင်လည်းကောင်း စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများ အသိပညာပေးဆွေးနွေးပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲများတွင် ဒုတိယပြည်နယ်ဦးစီးမှူး ဦးခင်အောင်သွင်နှင့်တာဝန်ရှိသူများက စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဆွေးနွေးပွဲပြုလုပ်ရခြင်း၏ အကြောင်းကိုလည်းကောင်း၊ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများအား လည်းကောင်း၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ သိကောင်းစရာများအားလည်းကောင်း အသီးသီး ဆွေးနွေးဟောပြောခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲများသို့ စုစုပေါင်း ၃၆၄ ဦး တက်ရောက်ခဲ့ကြပြီး စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဥပဒေစာအုပ်နှင့် လက်ကမ်းစာစောင်များအား သက်ဆိုင်ရာ တာဝန်ရှိသူများထံသို့ ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

**မိုးမိုး(မွန်)**

# ပုသိမ်မြို့ စားသုံးသူရေးရာဦးစီးဌာန အနောက်တောင်တိုင်းစစ်ဌာနချုပ် ရောဝတီခန်းမတွင် စားသုံးသူအသိပညာပေး ဟောပြောပွဲကျင်းပ

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးခင်မောင်လှိုင်၊ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနိုင်နှင့် ဦးစီးအရာရှိ ဦးစောမိုက်ကယ်တို့သည် အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ ဧရာဝတီခန်းမတွင် စစ်ဦးစီးပထမတန်း(ရိက္ခာ/စစ်ဝတ်)မှ ဒုတိယဗိုလ်မှူးကြီးမြတ်ဖော်လင်းနှင့် တပ်မတော်အရာရှိများ တပ်ရင်းတပ်ဖွဲ့ ၁၈ ဖွဲ့မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည် မိသားစုဝင် ၃၀၀ ဦးအား ဖေဖော်ဝါရီ ၁၄ ရက်က စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးခဲ့ပါသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီးတိုင်းဒေသကြီးဦးစီးမှူး ဦးခင်မောင်လှိုင်က အဖွင့်အမှာစကား ပြောကြားပြီး ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးသိန်းနိုင်က စားသုံးသူ အကာအကွယ်ပေးရေးဥပဒေဆိုင်ရာ သိကောင်းစရာများအား လည်းကောင်း၊ ဦးစီးအရာရှိ ဦးစောမိုက်ကယ်က စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ၊ လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဟောပြောဆွေးနွေးခဲ့ကြောင်း သိရပါသည်။

**မင်းမင်းဦး(ပုသိမ်)**

# ဖျာပုံမြို့နယ် မြို့မဈေးရုံကြီးရှိ ကုန်ခြောက်ဆိုင်နှင့် မုန့်မျိုးစုံလက်ကားဆိုင်ကြီးများတွင် FDA မှခွင့်မပြုသော အစားအစာများ ရောင်းချမှု ရှိ၊ မရှိစစ်ဆေး



ဖျာပုံမြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးဦးဆောင်သော ဝန်ထမ်းများနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပါဝင်သည့် ပူးပေါင်းအဖွဲ့တို့သည် မြို့မဈေးရုံကြီးအတွင်းရှိ ကုန်ခြောက်ဆိုင်များနှင့် မုန့်မျိုးစုံလက်ကားဆိုင်ကြီးများသို့ ဖေဖော်ဝါရီ ၁၃ ရက်က သွားရောက်ကာ FDA မှ တားမြစ်ထားသောကုန်စည်များရောင်းချခြင်း ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မုန့်မျိုးစုံလက်ကားအရောင်းဆိုင် လေးဆိုင်တွင် စီးကရက်ပုံစံမုန့်နှင့် ပြိုင်ရှားရှောက်ပေါင်း (အစပ်)အား ရောင်းချခြင်းရှိမရှိ စစ်ဆေးရာ မတွေ့ရှိရဘဲ ရောင်စုံတုတ်ထိုးသကြားလုံး၊ အပြား၊ အချောင်း ပုံစံအမျိုးမျိုး ထုတ်လုပ်ထားသည်ကို တွေ့ရှိရသည်။ ထိုပစ္စည်းများမှာ အရည်အသွေးအာမခံချက်မရှိ၊ အမှတ်တံဆိပ်မပါ၊ လိပ်စာဖော်ပြထားခြင်း မရှိသည့်အတွက် ရောင်းချခြင်းမပြုဘဲ သိမ်းဆည်းထားရန်နှင့် နောက်နောင်လည်း မရောင်းချရန် အဖွဲ့က သတိပေးတားမြစ်ခဲ့ကြောင်း သိရသည်။ မြို့နယ် စားသုံးသူရေးဦးစီးဌာနမှ ဈေးကွက်အတွင်း တွေ့ရှိချက်များအား ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့သို့ ဆက်လက်တင်ပြဆောင်ရွက်သွားမည်ဖြစ်ပြီး ကွင်းဆင်းစစ်ဆေးမှုများအား အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**မောင်ဖျာပုံ**

# ဝေါမြို့နယ်အတွင်းရှိ ကျုံသင်ကျေးရွာ၊ ကံမြင့် ကျေးရွာနှင့် မဲဇလီကျေးရွာများ၌ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများ ကျင်းပ

ပဲခူးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး၏ကြီးကြပ်မှုဖြင့် ဝေါမြို့နယ်အတွင်းရှိ ကျေးရွာများနှင့် အခြေခံပညာမူလတန်း (လွန်)ကျောင်းများ၌ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများ ဖေဖော်ဝါရီလ ဒုတိယပတ်အတွင်းမှာ ကျင်းပခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယဦးစီးမှူး ဦးသိန်းဆွေနှင့်မိတ်ဖက်အဖွဲ့များမှ တာဝန်ရှိသူများပူးပေါင်း၍ ဖေဖော်ဝါရီ ၁၀ ရက်က ဝေါမြို့နယ်၊ ကျုံသင်ကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် လည်းကောင်း၊ ဖေဖော်ဝါရီ ၁၃ ရက်က ဝေါမြို့နယ်၊ ကံမြင့်ကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်းနှင့် မဲဇလီကျေးရွာရှိ အခြေခံပညာ မူလတန်းလွန်ကျောင်းတို့၌ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာအသိပညာပေးဟောပြောပွဲများ ကျင်းပခဲ့ပါသည်။

ဟောပြောဆွေးနွေးပွဲများတွင် ပဲခူးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယဦးစီးမှူးဦးသိန်းဆွေက စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူပြည်သူများကို အကာအကွယ်ပေးရန် စားသုံးသူ အကာအကွယ်ပေးရေးဥပဒေကို ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ ကျေးလက်ဒေသများဖြစ်သည့်အတွက် ဟင်းသီး/ဟင်းရွက်များ စိုက်ပျိုးရာတွင် လည်းကောင်း၊ စားသုံးရာတွင် လည်းကောင်း ပိုးသတ်ဆေးအန္တရာယ်ရှိသည့်အတွက် ပိုးသတ်ဆေးများသုံးစွဲရာတွင်လည်း အညွှန်းအတိုင်းသုံးစွဲရန်နှင့် ဟင်းသီးဟင်း ရွက်များ စားသုံးရာတွင်လည်း စနစ်တကျ ဆေးကြောချက်ပြုတ်စား သုံးရန်ဟောပြောခဲ့ပြီး၊ ကုန်စည်/ဝန်ဆောင်မှုများနှင့်ပတ်သက်၍ နစ်နာဆုံးရှုံးမှုများရှိလျှင် တိုင်ကြားလိုပါက မြန်မာနိုင်ငံအနှံ့တွင်ရှိသည့် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်/တိုင်း/ခရိုင်ရုံးများ၏ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့သို့ လူကိုယ်တိုင်ဖြစ်စေ၊ စာဖြင့်ဖြစ်စေတိုင်ကြားနိုင်ကြောင်း၊ တိုင်ကြားလာမှုများကိုလည်း စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ တာဝန်ရှိသူများက စေ့စပ်ညှိနှိုင်းဖြေရှင်းပေးမည်ဖြစ်ကြောင်း အသိပညာပေးဟောပြောဆွေးနွေး၍ လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ပါသည်။

ဟောပြောဆွေးနွေးပွဲများသို့ ကျေးရွာများမှ ကျောင်းအုပ် ဆရာ/ဆရာမကြီးများ၊ ကျောင်းသား/ကျောင်းသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာသူ/ကျေးရွာသားများ စုစုပေါင်း ၄၈၀ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**မဇူလိုင်(ပဲခူး)**

# မြိတ်မြို့ ကန်ခေါင်းရပ်၊ သားဖွားသင်တန်းကျောင်း၌ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲပြုလုပ်

မြိတ်ခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနသည် မြိတ်မြို့ ကန်ခေါင်းရပ်၊ ဆေးရုံဟောင်းသားဖွားသင်တန်းကျောင်း၌ ဖေဖော်ဝါရီ ၁၄ ရက်က စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲကျင်းပခဲ့သည်။

အခမ်းအနားတွင် မြိတ်ခရိုင်ဦးစီးမှူး ဦးမျိုးအေးက ဌာန၏ လက်ရှိလုပ်ငန်းဆောင်ရွက်နေမှုများနှင့် စားသုံးသူ အကာအကွယ်ပေးရေး အကြောင်းအရာများအား ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဦးစီးမှူးဦးဇော်မင်းလတ်က ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ သိကောင်းစရာများအကြောင်း၊ လုံခြုံမှုမရှိသော ထုတ်ကုန်များ၏ ဘေးဥပဒ်အန္တရာယ်အကြောင်း ပြောကြားခဲ့ပြီး အစားအသောက်နှင့်ဆေးဝါး ကြီးကြပ်ကွပ်ကဲရေးဦးစီးဌာန FDA မှ ဒုတိယကြီးကြပ်ရေးမှူးက ခွင့်မပြု ဓာတုဆိုးဆေးနှင့်ပတ်သက်၍ စားသုံးရန်၊ သုံးစွဲရန်မသင့်စားသောက်ကုန်ပစ္စည်းများအကြောင်းတို့ကို ဟောပြောဆွေးနွေးခဲ့ရာ ကျောင်းအုပ်၊ ဆရာ၊ ဆရာမများ၊ သင်တန်းသူ၊ သင်တန်းသားစုစုပေါင်း ၁၂၀ ဦးတက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**ညိုညိုစန်း(မြိတ်)**

# ပုသိမ်မြို့ မြက်တို အ·လ·က (ခွဲ)နှင့် အ·မ·က (၁၆)တို့တွင် စားသုံးသူ အကာအကွယ်ပေးရေးဟောပြောပွဲ ကျင်းပ



ပုသိမ်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဖေဖော်ဝါရီ ပထမပတ်အတွင်း ပုသိမ်မြို့၊ အခြေခံပညာ အလယ်တန်းကျောင်းခွဲ(မြက်တို)နှင့် အမှတ် (၁၆) အခြေခံပညာမူလတန်းကျောင်းတို့တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများကို ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ ဟောပြောပွဲသို့ ကျောင်းသား၊ ကျောင်းသူ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား မိဘများ စုစုပေါင်း ၄၀၀ ဦးခန့် တက်ရောက်ခဲ့ကြသည်။ ဆွေးနွေးပွဲတွင် ပုသိမ်ခရိုင်ဦးစီးမှူး ဦးစိုးဦးက စားသုံးသူအကာအကွယ်ပေးရေး သိကောင်းစရာများကို ဆွေးနွေးဟောပြောခဲ့ကာ ဒုတိယဦးစီးမှူး ဦးမြင့်အောင်က ကျောင်းသား၊ ကျောင်းသူများ နေ့စဉ်စားသုံးနေသော အစားအသောက်များနှင့် မုန့်များတွင်ပါရှိသော ဆိုးဆေးများအကြောင်း၊ FDA မှတားမြစ်ထားသောမုန့်များအကြောင်း၊ ကျောင်းသူ၊ ကျောင်းသားများ စားသုံးရာတွင် ဆင်ခြင်တုံ အသိတရားဖြင့် စားသုံးနိုင်ကြရန်နှင့် ကျောင်းမုန့်ဈေးတန်းအား ဆရာ၊ ဆရာမများမှလည်း ကြပ်မတ်ဆောင်ရွက်ပေးရန် လိုအပ်ပုံတို့ကို အသိပညာပေးပြောကြားခဲ့ပါသည်။

ဆက်လက်၍ ပုသိမ်ခရိုင်စားသုံးသူရေးရာ ဦးစီးဌာနနှင့် ကျောင်းမုန့်ဈေးတန်း စားသုံးသူရေးရာအဖွဲ့မှ ဆရာ၊ ဆရာမများသည် ကျောင်းမုန့်ဈေးတန်းများကို လိုက်လံစစ်ဆေးကြည့်ရှုခဲ့ပြီး FDA က တားမြစ်ထားသောမုန့်များ၊ ရက်လွန်မုန့်များအား ရောင်းချခြင်း ရှိ၊ မရှိ စစ်ဆေးပြီးနောက် အဆိုပါအန္တရာယ်ရှိနိုင်သော အစားအသောက်မုန့်များအား ရောင်းချခြင်းမပြုရန် ကျောင်းမုန့်ဈေးတန်းတွင် ရောင်းချနေသော ဈေးသည်များအား အသိပညာပေး ဟောပြောခဲ့ကြောင်း သိရပါသည်။

**မောင်ပုသိမ်**

# ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးပြောင်းလဲမှု ကွင်းဆက်များတွင် အရေးပါလျက်ရှိသော အာရှ SMEs များ




| သိန်းမြင့်ဝေ |

ကမ္ဘာလုံးဆိုင်ရာငွေရေးကြေးရေးအကျပ်အတည်း (Global Financial Crisis) မှ စတင်၍ ဖွံ့ဖြိုးဆဲ အာရှတိုက်ရှိ လုပ်သားတစ်ဦးချင်း၏ ထုတ်လုပ်မှုစွမ်းအား (Labour productivity) ကျဆင်းလျက်ရှိသည်။ နှေးကွေးသော ကမ္ဘာလုံးဆိုင်ရာ အရင်းအနှီးစီးဆင်းမှုများ (Global capital flows) ကလည်း ဖွံ့ဖြိုးဆဲ အာရှတိုက်အတွင်း အရင်းအနှီး စုဆောင်းမှုကို တဖြည်းဖြည်း ကျဆင်းစေသည်။ ထို့ပြင် အာရှတိုက်နိုင်ငံများ၏ အလုပ်လုပ်နိုင်သော လူဦးရေ ကျဆင်းတော့မည် ဖြစ်သောကြောင့်လုပ်သားအင်အား စုဆောင်းမှု(Labour force accumulation) သည်လည်း တဖြည်းဖြည်း ကျဆင်းလာမည်ဖြစ်သည်။ ထို့ကြောင့် လုပ်သားတစ်ဦးချင်း၏ ကုန်ထုတ်လုပ်မှုစွမ်းအားကို မြှင့်တင်ခြင်းသည် အာရှတိုက်၏ စီးပွားရေးရေရှည်တိုးတက်မှုအတွက် အလွန် အရေးပါလျက်ရှိသည်။

အာရှတိုက်အတွင်း လုပ်သားထုတ်လုပ်မှုစွမ်းအား ကျဆင်းနေသော်လည်း အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (Small and medium sized enterprises - SMEs) မှာ တိုးတက်နေသည်။ SMEs များသည် အာရှတိုက်နိုင်ငံများ၏ စီးပွားရေးအတွက် သော့ချက်ကျသော မောင်းနှင်အားများ (Key drivers) ဖြစ်ကြသည်။ ၎င်းတို့သည် အာရှတိုက်ရှိ စီးပွားရေးလုပ်ငန်းအားလုံး၏ ၉၆ ရာခိုင်နှုန်းရှိပြီး အမျိုးသား လုပ်သားအင်အား (National Labour force) ၏ ၆၂ ရာခိုင်နှုန်းရှိပါသည်။ သို့သော်လည်း ၎င်းတို့၏ ပါဝင်မှုမှာ အမျိုးသား ဂျီဒီပီ (National GDP) တွင် ၅၀ ရာခိုင်နှုန်းပင်မရှိကြပေ။

**လုပ်သားထုတ်လုပ်မှုစွမ်းအားနှင့် တန်ဖိုးပြောင်းလဲမှုကွင်းဆက်များ**

ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးပြောင်းလဲမှုကွင်းဆက်များ (Global Value Chains-GVCs) သည် SMEs များ အတွက် စီးပွားရေးအခွင့်အလမ်းများကို ဖွင့်လှစ်ပေးရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ GVCs အတွင်း SMEs ၏ ပါဝင်မှုက အမျိုးသား ကုန်ထုတ်လုပ်မှုစွမ်းအား (National Productivity) ကို ဆက်လက် တိုးတက်စေနိုင်ပါသည်။

စီးပွားရေးပေါင်းစည်းမှု အစီအစဉ်များကြောင့် ဖြစ်ပေါ်လာသော ကုန်သွယ်ရေး ဖြေလျှော့မှုနှင့် ရင်းနှီးမြှုပ်နှံမှု များက SMEs ၏လုပ်ငန်းပုံစံ (Business model) ကို တိုးတက်ပြောင်းလဲစေပါသည်။ SMEs သည် ပြည်တွင်းကိုသာ အာရုံစိုက်ခဲ့ရာမှ ယခုအခါ ကမ္ဘာလုံးဆိုင်ရာ ယှဉ်ပြိုင်နိုင်ရေးကို ဦးစားပေးလာသည်။ စီးပွားရေး ပေါင်းစည်းမှုအစီအစဉ်အဖြစ် အာဆီယံစီးပွားရေး အသိုက်အဝန်း (ASEAN Economic Community - AEC) ကို တွေ့မြင်နိုင်သည်။ ဤတွင် ပေါ်လစီချမှတ်သူများ ထည့်သွင်းစဉ်းစားရမည့်အချက်မှာ ပြည်တွင်း SMEs များ GVCs သို့ ဝင်ရောက်ရေးအတွက် ကောင်းမွန်သော၊ လုပ်သာကိုင်သာရှိသော ပတ်ဝန်းကျင် (Enabling environment) ကို ဖန်တီးပေးရန် ဖြစ်သည်။

GVCs အတွင်း ပါဝင်ခြင်းသည် SMEs များအတွက် ကောင်းကျိုးများဖြစ်ထွန်းစေနိုင်သည်။ အဘယ်ကြောင့်ဆိုသော် GVCs အတွင်းဝင်ရောက်ခြင်းက SMEs အတွက် စီးပွားရေးလုပ်ငန်း အချိတ်အဆက်များ (Business Linkages) ပိုမိုရရှိပြီး SMEs ၏ ယှဉ်ပြိုင်နိုင်စွမ်း (Competitiveness) ကို တိုးတက်စေသောကြောင့် ဖြစ်ပါသည်။ ထို့ပြင် နည်းပညာရရှိမှု (Technology transfer) ကြောင့် SMEs ၏ ထုတ်ကုန်အရည်အသွေးကို တိုးတက်ကောင်းမွန်စေသည်။ ထိုမျှသာမက SMEs ဈေးကွက်ကို ပြည်ပဈေးကွက်နေရာများ (Oversea market places) သို့ တိုးချဲ့နိုင်ပြီး အလုပ်အကိုင်ဖန်တီးမှု (Job creation) ကိုလည်း ဖြစ်စေနိုင်ပါသည်။

သို့သော်လည်း အခြားတစ်ဘက်တွင် SMEs လုပ်ငန်းများ ရှေ့ဆက်တက်လှမ်းမှုကို တုံ့နှေးစေသော ကန့်သတ်ချက်များ (Constraints) ရှိနေပြန်ပါသည်။ ၎င်းတို့မှာ လုပ်သားဈေးကွက် ဥပဒေနှင့် စည်းမျဉ်းများ တင်းကျပ်ခြင်း (Labour market rigidity)၊ နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံလုပ်ထုံးလုပ်နည်းများမတူညီခြင်း (Cross- Country regulations)၊ အကောက်ခွန်မဟုတ်သော အတားအဆီးများ (Non-tariff barriers)၊ အချို့ထုတ်ကုန်များအတွက် စံချိန်စံညွှန်းနှင့် အရည်အသွေးမပြည့်မီခြင်း (Quality and standards)၊ စီမံခန့်ခွဲမှုဆိုင်ရာ ကန့်သတ်ချက်များနှင့် ချေးငွေရရှိမှုခက်ခဲခြင်း (Lack of access to credit) တို့ဖြစ်ကြပါသည်။ အဆိုပါ ကန့်သတ်ချက် သို့မဟုတ် အခက်အခဲများအားလုံးကို ပေါ်လစီပိုင်းဆိုင်ရာနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းမှုများ ပြုလုပ်ခြင်းဖြင့် ပြေလည်အောင် ဆောင်ရွက်နိုင်ပါသည်။

GVCs သည် ဒေါင်လိုက်စီးပွားရေးလုပ်ငန်းချိတ်ဆက်မှုများ (Vertical business Linkages) ကို အသုံးပြု လေ့ရှိသည်။ ဒေါင်လိုက်စီးပွားရေးလုပ်ငန်းချိတ်ဆက်မှုဆိုသည်မှာ နိုင်ငံစုံစီးပွားရေးလုပ်ငန်း (Multinational firm) က အထွေထွေထုတ်လုပ်မှုကွန်ရက် (Overall production network) ကို ဦးဆောင်ခြင်းဖြစ်ပါသည်။ အဓိက ကျသော လုပ်ငန်းဆောင်တာများကို နိုင်ငံစုံစီးပွားရေးလုပ်ငန်းကြီးက တာဝန်ယူလုပ်ဆောင်ခြင်းဖြစ်သည်။

> ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးပြောင်းလဲမှု ကွင်းဆက်များ (Global Value Chains-GVCs) သည် SMEs များအတွက် စီးပွားရေးအခွင့်အလမ်းများကို ဖွင့်လှစ်ပေးရာတွင် အရေးပါသော အခန်းကဏ္ဍမှ ...

နိုင်ငံစုံ လုပ်ငန်းကြီးက အဓိကတာဝန်ယူ လုပ်ဆောင်သော နယ်ပယ်များမှာ ထုတ်ကုန်များကို နောက်ဆုံးတပ်ဆင်ခြင်း (Final assembly of products)၊ ဈေးကွက်ဖော်ဆောင်ခြင်း (Marketing)၊ ရောင်းချခြင်း (Sales)၊ ကုန်စည် ပို့ဆောင်ခြင်း (Logistics) နှင့် ကုန်ပစ္စည်းများ တင်ပို့တင်သွင်းခြင်းတို့ဖြစ်သည်။ နိုင်ငံစုံစီးပွားရေးလုပ်ငန်းသည် ထုတ်လုပ်မှုကွန်ရက်အတွင်း SMEs နှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ပါသည်။ ထိုကဲ့သို့ ပူးပေါင်းချိတ်ဆက်ရာတွင် SMEs အား end-tier suppliers အဖြစ်လည်းကောင်း၊ low-tier suppliers အဖြစ်လည်းကောင်း ထားရှိဆောင်ရွက်ပါသည်။ ဥပမာအားဖြင့် SMEs ကို ကုန်ကြမ်းပေးသွင်းသူများ (Raw material suppliers) သို့မဟုတ် အပိုပစ္စည်းနှင့် အစိတ်အပိုင်းပေးသွင်းသူများ (First-tier suppliers of parts and compoments) အဖြစ် ချိတ်ဆက်အသုံးပြုခြင်းဖြစ်ပါသည်။

**အာရှတိုက်ရှိ အလျားလိုက်ချိတ်ဆက်မှုများ**

တန်ဖိုးပြောင်းလဲမှုကွင်းဆက် (Value chain mechanism) အတွင်း SMEs ကို ပိုမို အကျိုးဖြစ်ထွန်းစေသော နောက်ထပ်ပူးပေါင်းမှုမှာ အလျားလိုက် စီးပွားရေးလုပ်ငန်း ချိတ်ဆက်ဆောင်ရွက်မှုများ (Horizontal firm linkages) ဖြစ်ပါသည်။ အလျားလိုက်လုပ်ငန်းချိတ်ဆက်မှုများသည် စီးပွားရေးဖွံ့ဖြိုးဆဲ အာရှတိုက်နိုင်ငံများအတွက် အရေးကြီးသော GVCs ပုံစံတစ်ခုဖြစ်ပါသည်။ အထူးသဖြင့် ပို့ကုန်ဦးတည်သော လယ်ယာစိုက်ပျိုးရေးလုပ်ငန်း (Export-oriented agri-business)၊ စားသောက်ကုန်ထုတ်လုပ်သောလုပ်ငန်း (Food processing) နှင့် လက်မှုပစ္စည်း ထုတ်လုပ်သောလုပ်ငန်းစုများ (Handicraft industries) အတွက် အရေးကြီးသော တန်ဖိုး ပြောင်းလဲမှု ကွင်းဆက်ပုံစံတစ်ခု ဖြစ်ပါသည်။

အဆိုပါလုပ်ငန်းများ၏ ထုတ်လုပ်မှုကွင်းဆက် (Production chain) တစ်လျှောက်တွင် SMEs ပါဝင်ဆောင်ရွက်နိုင်သော လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကုန်ပစ္စည်းထုတ်လုပ်သည့် စက်ရုံ သို့မဟုတ် ကုမ္ပဏီထံသို့ကုန်ကြမ်းများပေးသွင်း ခြင်း

(ခ) ဦးဆောင်ကုမ္ပဏီ သို့မဟုတ် ထုတ်လုပ် သူ (Lead firm or producer)နှင့် ချိတ်ဆက်ခြင်း

(ဂ) ထုပ်ပိုးသိုလှောင်သောလုပ်ငန်းများ (Packaging and storage firms)

(ဃ) ဈေးကွက်ရှာဖွေရေး ကိုယ်စားလှယ်များ (Marketing agents)

(င) လက်ကားရောင်းချသူများနှင့် လက်လီ ရောင်းချသူများ (Wholesalers and retailers)

(စ) ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များ (Exporters and importers)

GVCs အတွင်း ပါဝင်ခြင်းက SMEs အတွက် ဖောက်သည်အမျိုးမျိုးကို ရရှိစေပါသည်။ ထို့ပြင် ကုမ္ပဏီကြီးများထံမှ စီးပွားရေးအခွင့်အလမ်းများကို သင်ယူရရှိနိုင်သည်။ နောက်ထပ်ကောင်းကျိုးများအဖြစ် SMEs ၏ ထုတ်လုပ်မှုစွမ်းအား (Productivity) တိုးတက်ခြင်းနှင့် အလုပ်အကိုင်ဖန်တီးခြင်း (Job creation) တို့ကို တွေ့မြင်နိုင်သည်။

ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးပြောင်းလဲမှု ကွင်းဆက်များ (GVCs)အတွင်း ဝင်ရောက်ရာတွင် SMEs အတွက် အရေးကြီးသော အချက် နှစ်ချက်လိုအပ်ပါသည်။ ပထမအချက်မှာ ဈေးကွက်အတွင်း ယှဉ်ပြိုင်နိုင်စွမ်း (Competitiveness) ဖြစ်သည်။ ဒုတိယအချက်မှာ ခေတ်မီဆက်သွယ်ရေးနည်းပညာအသုံးပြုပြီး သတင်းအချက်အလက် ဖလှယ်ချိတ်ဆက်နိုင်မှု (Connectivity) ဖြစ်ပါသည်။ အထူးသဖြင့် တူညီသော စီးပွားရေးလုပ်ငန်း အမျိုးအစားကို အုပ်စုဖွဲ့ထားသည့် လုပ်ငန်းအစုအဖွဲ့ ဖွံ့ဖြိုးတိုးတက်ရေး (Business cluster development) သည် အလျားလိုက်လုပ်ငန်းချိတ်ဆက်ဆောင်ရွက်မှုပုံစံအတွက် အဓိကကျပါသည်။ GVCs အတွင်း အောင်အောင် မြင်မြင်ပါဝင်နိုင်ရေးအတွက် SMEs သည် အရည်အသွေးထိန်းချုပ်ခြင်း (Product quality control)၊ ကျွမ်းကျင် လုပ်သား (Skilled labour) နှင့် လုပ်ငန်းရှင်၏ ပညာအရည်အချင်း (Owner's education) စသည့်အချက်များ ပြည့်စုံကောင်းမွန်ရန်လိုအပ်သည်။

**Soruce: brinknews**

# အိန္ဒိယပဲ ရက်သတ္တပတ်

အဂရီဝပ်ချ်က ဖေဖော်ဝါရီ ၁၃ ရက်တွင် ထုတ်ပြန်သော ပဲမျိုးစုံရက်သတ္တပတ် အစီရင်ခံစာတွင် အိန္ဒိယနိုင်ငံ၏ ပဲမျိုးစုံစိုက်ပျိုးမှု အခြေအနေ၊ ပြည်ပမှ အိန္ဒိယနိုင်ငံသို့ ပဲမျိုးစုံတင်သွင်းမှုနှင့် ပဲမျိုးစုံ ဈေးနှုန်း အခြေအနေတို့ကို တင်ပြထားသည်။ ဆောင်းရာသီပဲ မျိုးစုံ စိုက်ပျိုးမှု အခြေအနေမှာ အားလုံးစိုက်ပျိုးပြီးစီး လုနီးပါးဖြစ်သည့်အတွက် အဂရီဝပ်ချ်တွင် တင်ပြထားသော ဆောင်းရာသီပဲမျိုးစုံ စိုက်ပျိုးမှု အခြေအနေမှာ ယခင်ရက်သတ္တပတ်က တင်ပြထားသည့်အတိုင်း ဆက်လက်တင်ပြထားသည်ကို တွေ့ရသည်။

## ပဲမျိုးစုံတင်သွင်းမှု

၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၁၅ ရက်အထိ အိန္ဒိယတောင်ပိုင်းရှိ ပဲမျိုးစုံကြိတ်ခွဲရေး စက်ရုံများမှ တင်သွင်းမှုမှာ ပဲမျိုးစုံကုန်သေတ္တာ ၁၅၅ လုံး ရှိပြီး ဇန်နဝါရီ ၃၁ ရက်တွင် ကုန်ဆုံးသော ရက်သတ္တပတ်အတွင်း တင်သွင်းမှုနှင့် နှိုင်းယှဉ်ပါက ၇ ဒသမ ၁၈ ရာခိုင်နှုန်း ပိုမိုခဲ့သည်။ တင်သွင်းလာသော ပဲမျိုးစုံအနက် မတ်ပဲနှင့် ပဲနီလေးမှာ ပမာဏအများဆုံးဖြစ်သည်။ စုစုပေါင်းတင်သွင်းသော ပဲများအနက် မတ်ပဲက ကုန်သေတ္တာ ၆၉ လုံး၊ ပဲနီလေးက ၃၉ လုံး နှင့် ကုလားပဲက ၂၉လုံးရှိသည်။

လောလောဆယ်တွင် မြန်မာနိုင်ငံမှ တင်သွင်းသော မတ်ပဲတစ်တန်ကို CIF တန်ဖိုး အမေရိကန်ဒေါ်လာ ၈၃၀ ဖြင့် ရောင်းချသည်။ ပဲစင်းငုံ ပေါက်ဈေးမှာ တစ်တန်ကို အမေရိကန်ဒေါ်လာ ၆၂၅၊ ပဲတီစိမ်းက အမေရိကန်ဒေါ်လာ ၆၆၅ နှုန်းရှိသည်။ ဖေဖော်ဝါရီတွင် ဖြန့်မည့် ဩစတြေးလျ ကုလားပဲဈေးမှာ တစ်တန်ကို အမေရိကန်ဒေါ်လာ ၇၇၀ နှုန်းရှိသည်။

ယခုနှစ်မှာ အစားအစာ အရန်သိုလှောင်မှုအဖြစ် ပဲမျိုးစုံ မက်ထရစ်တန် နှစ်သန်း ထားရှိနိုင်ရေးအတွက် ကြိုးပမ်းမှုအဖြစ် အိန္ဒိယအစားအစာကော်ပိုရေးရှင်း (Food Corporation Of India) အပါအဝင် အစိုးရ အေဂျင်စီများက ပဲမျိုးစုံ မက်ထရစ်တန် ၁၀ သိန်းဝန်းကျင်ဝယ်ယူထားပြီးဖြစ်သည်။ အိန္ဒိယနိုင်ငံတွင် ပဲတီစိမ်းနှင့် ပဲစင်းငုံတို့၏ ဈေးမှာ အစိုးရ၏ အနိမ့်ဆုံးထောက်ပံ့ဈေးနှုန်းအောက်သို့ ကျဆင်းလျက်ရှိသည်။ သို့ဖြစ်ရာ ဆောင်းစိုက်သီးနှံ ဖြစ်ထွန်းမည့် အလားအလာများအရ အစိုးရသည် အရန်သိုလှောင်မှုအတွက် လိုအပ်သည့် ပမာဏ၏ ၇၅ ရာခိုင်နှုန်းကို ပြည်တွင်းဈေးကွက်မှ ဝယ်ယူရရှိမည်ဟု ခန့်မှန်းရသည်။

အရန်သိုလှောင်မှုအဖြစ် ထားရှိမည့် ပဲမျိုးစုံကို ဝယ်ယူရန် အစိုးရက ခွင့်ပြုထားပြီးဖြစ်သည်။ ယခုအခါ FCI၊ အိန္ဒိယအမျိုးသားလယ်ယာစိုက်ပျိုးရေး သမဝါယမဈေးကွက် ရှာဖွေရေးဖက်ဒရေးရှင်း (NAFED) နှင့် လယ်ယာစိုက်ပျိုးရေးစီးပွားရေးအသင်းတို့က MSP ဈေးဖြင့် အရန်သိုလှောင်မှု ပဲမျိုးစုံကို ဝယ်ယူဖြည့်တင်းနိုင်ရေးကို ဆောင်ရွက်လျက်ရှိသည်။

## ပဲမျိုးစုံဈေးနှုန်း

ကုလားပဲထုတ်လုပ်မှုကို မူလက မက်ထရစ်တန် သန်း ၉၀ ရှိမည်ဟု ခန့်မှန်းထားသည်။ သို့သော်လည်း ရာသီဥတုအခြေအနေကောင်းမွန်မှုကြောင့်အထွက်နှုန်းကို ငါးရာခိုင်နှုန်း ပိုမိုလာမည်ဟု ခန့်မှန်းထားသည်။ အသစ်ရောက်ရှိ လာမည့် ပဲများ၏ အရည်အသွေးမှာလည်းကောင်း မွန်မည်ဟုသိရှိရသည်။ အမ္ဗရာဝတီ၊ ယူဂျင်း၊ ဘာစီ၊ အာမက်နေဂါနှင့် ဟာဒါတို့မှ ပဲသစ်များမှာလည်း စတင်ဝင်ရောက်လာနေသည်။ အမ္ဗရာဝတီဈေးကွက်သို့ ကုလားပဲအိတ် ၁၂၀၀ ဝင်လာပြီး တစ်ကွင်တယ်ကို ရူပီး ၄၉၀၀ ဖြင့် ရောင်းဝယ်လျက်ရှိသည်။ ဘာစီဈေးကွက်တွင် ကုလားပဲတစ်ကွင်တယ်ကို ရူပီး ၄၄၀၀ နှုန်းဖြင့် ရောင်းဝယ်လျက်ရှိသည်။

ဂူလ်ဘာဂါဒေသသို့ အန်နာဂီရိမှ ပဲအိတ် ၃၀၀၀ ဝင်ရောက်ပြီး တစ်ကွင်တယ်ကို ရူပီး ၅၃၀၀ ဈေးရှိသည်။

မွမ်ဘိုင်းဈေးကွက်တွင် ပဲစင်းငုံနီဈေးက တစ်ကွင်တယ်ကို ရူပီး ၄၃၅၀၊ မတ်ပဲ FAQ တစ်ကွင်တယ်ကို ရူပီး ၅၀ မြင့်တက်ပြီး ရူပီး ၅၂၀၀ နှုန်းရှိခဲ့သည်။ မွမ်ဘိုင်းဈေးကွက်တွင် ပြည်ပမှ တင်သွင်းလာသော ကုလားပဲဈေးမှာ သီတင်းတစ်ပတ်အတွင်း ရူပီး ၃၀၀ မှ ၄၀၀ အကြား ကျဆင်းပြီး တစ်ကွင်တယ်ကို ရူပီး ၅၀၅၀ နှုန်းရှိခဲ့သည်။ မကြာမီအတွင်း တစ်ကွင်တယ်ကို ရူပီး ၄၅၀၀ မှ ၄၆၀၀ အထိ ရောက်ရှိမည်ဟု ခန့်မှန်းသည်။ မန္ဒရာဆိပ်ကမ်းတွင်မူ တစ်ကွင်တယ်ကို ရူပီး ၅၀၀၀ နှုန်းရှိသည်။ တန်ဇန်နီးယား ကုလားပဲမှာ တစ်ကွင်တယ်ကို ရူပီး ၅၂၀၀ နှင့် ၅၂၅၀ ကြားတွင် ရှိသည်။ ပဲနီလေး ထုတ်လုပ်မှုအလားအလာမှာ ကောင်းနေသည့်အတွက် ဈေးနှုန်းကျလာမည့် အလားအလာရှိသည်။

## အပြည်ပြည်ဆိုင်ရာဈေးကွက်

အမေရိကန်ပြည်ထောင်စုမှ နောက်ဆုံးထုတ်ပြန်သော အစီရင်ခံစာအရ ကုလားပဲထုတ်လုပ်မှုသည် ၂၀၁၅ ခုနှစ်က ၁၁၅၃၅၀ တန်ရှိခဲ့ရာမှ ၂၀၁၆ ခုနှစ်တွင် ၂၄၇၀၄၇ တန်ရှိခဲ့သည်။ ထုတ်လုပ်မှုမြင့်မားရခြင်းမှာ စိုက်ဧရိယာ ပိုမိုခြင်းနှင့် အထွက်နှုန်းမှာလည်း သာမန်ထက်ပိုမိုထွက်ရှိသောကြောင့်ဖြစ်သည်။ ကုလားပဲ လုံးကြီး ထုတ်လုပ်မှုမှာ ၇၂၈၉၆ တန်မှ ၁၅၉၁၆၇ တန် သို့လည်းကောင်း၊ ကုလားပဲလုံးသေး ထုတ်လုပ်မှုမှာ ၄၂၄၅၇ တန်မှ ၈၇၉၀၇ တန်သို့လည်းကောင်း အသီးသီးမြင့်တက်ခဲ့သည်။ ထုတ်လုပ်မှုပမာဏ မြင့်တက်လာသည်နှင့်အမျှ ပို့ကုန်ပမာဏမှာလည်း ယခုနှစ်တွင် ၁၅ ရာခိုင်နှုန်းမှ ၁၆ ရာခိုင်နှုန်းအထိ မြင့်တက်မည်ဟု ခန့်မှန်းထားသည်။

ကနေဒါသီးနှံကော်မရှင်(Grain Commission) က နောက်ဆုံးထုတ်ပြန်သော အစီရင်ခံစာအရ ၂၀၁၆ ခုနှစ်ကာလတူက တင်ပို့မှုမှာ တန်ချိန် ၅၄၈၁၀၀ အထိသာ ရှိခဲ့သည့်အတွက် ၂၀၁၇ ခုဇန်နဝါရီအထိ ကနေ ဒါနိုင်ငံမှ ပဲနီလေးတင်ပို့မှုမှာ ၅ ဒသမ ၁၈ ရာခိုင်နှုန်း မြင့်တက်ပြီး တန်ချိန် ၅၇၈၁၀၀ အထိရောက်ရှိခဲ့သည်။ ကနေဒါအနောက်ပိုင်းဒေသတွင် ပဲနီလေးဈေးမှာ တစ်ပေါင်ကို ၆၂ ဆင့်မှ ၆၅ ဆင့် အကြားတွင် ရှိနေ သည်။ ယခုနှစ်ထွက်ရှိသော ပဲနီလေးအသစ်ဈေးမှာ ဆင့် ၄၀ အထိ ကျဆင်းခဲ့သည်။ ပဲနီလေးဝယ်လိုအား ထက်ရောင်းလိုအားက ပိုမိုနိုင်သည့် အနေအထားရှိသည့်အတွက် လာမည့်ရက်သတ္တပတ်များတွင် ပေါက်ဈေးနှုန်း ကျဆင်းမည်ဟု ခန့်မှန်းကြသည်။ ကုလားပဲ လုံးဖြူဈေးမှာ တစ်ပေါင်ကို ကနေဒါဒေါ်လာ ၆၄ ဆင့် မှ ၆၅ ဆင့်အကြားရှိနေသည်။ စားသုံးသူတို့က ဟင်းသီးဟင်းရွက်များကို ပိုမိုစားသုံးလာကြသည့်အတွက် အိန္ဒိယ ပြည်တွင်းဈေးကွက်များတွင် ဝယ်လိုအား ကျဆင်းနေသည့်အတွက် ပဲနီလေးနှင့် ကုလားပဲဈေးများ ကျဆင်းသည့် အလားအလာများရှိနေသည်။

ဩစတြေးလျ စာရင်းရုံး (Australian Bureau of Statistic -Abare ) မှ ထုတ်ပြန်သော အစီရင်ခံစာ အရ ၂၀၁၆-၁၇ ခုနှစ်အတွက် ဩစတြေးလျနိုင်ငံ၏ ကုလားပဲထုတ်လုပ်မှုမှာ တန်ချိန်ထောင်ပေါင်း ၁၂၂၇ ရှိမည်ဖြစ်သည့်အတွက် ၂၀၁၅-၁၆ ခုနှစ်က ထုတ်လုပ်မှုဖြစ်သော တန်ချိန်ထောင်ပေါင်း ၁၀၁၃ ထက် ပိုမိုခဲ့သည်ကို တွေ့ရသည်။ စိုက်ဧရိယာမှာလည်း ဟက်တာ ထောင်ပေါင်း ၆၆၁ မှ ၇၈၉ အထိ မြင့်တက်ခဲ့သည်။ ပဲနီလေးစိုက်ဧရိယာနှင့် ထုတ်လုပ်မှုမှာလည်း မြင့် တက်မည်ဟု ခန့်မှန်းထားသည်။

ဩစတြေးလျနိုင်ငံက ပဲနီလေး တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၇၅ နှုန်းဖြင့် တင်ပို့လျက်ရှိပြီး ကနေဒါနိုင်ငံက တစ်တန်ကို အမေရိကန်ဒေါ်လာ ၇၅၀ ဖြင့် ကမ်းလှမ်းထားသည်။ ဩစတြေးလျမှ ပဲနီလေး၏ ဈေးနှုန်းချိုသာမှုက ကနေဒါပဲနီလေး ပေါက်ဈေးကို အဟန့်အတားဖြစ်စေနိုင်သည်။

ပဲမျိုးစုံ ဈေးနှုန်းအခြေအနေကို ခြုံကြည့်ပါက ပုံမှန်ဈေးမှတစ်ဆင့် အနည်းငယ်ကျဆင်းမည့် အခြေအနေရှိကြောင်း ဖော်ပြထားသည်။

## အိန္ဒိယငရုတ်သီး ဝယ်လိုအားနှင့် ပို့ကုန်အခြေအနေ ကျရိပ်သန်း

အိန္ဒိယနိုင်ငံတွင် ငရုတ်သီးအများ ဆုံး စိုက်ပျိုးထုတ်လုပ်ရာ ဒေသများတွင် သီးနှံအထွက်နှုန်း မြင့်မားသည့်အတွက် လောလောဆယ်၌ ငရုတ်သီးပြည်ပ တင်ပို့မှုတွင် အခက်အခဲများရှိနေကြောင်း ကွန်မိုဒီတီ အွန်လိုင်းသတင်းတွင် ဖော်ပြသည်။

ပြည်တွင်းနှင့် ပြည်ပဝယ်လိုအား ကျဆင်းမှုကြောင့် တောင်သူလယ်သမားများမှာ အဆိုးရွားဆုံး အခြေအနေနှင့် ရင်ဆိုင်တွေ့ကြုံနေရပြီး တောင်သူများ၏ ထွက်ကုန်များအတွက် လုံလောက်သော အကျိုးအမြတ်မရရှိသည့် အဖြစ်နှင့်လည်း တွေ့ကြုံနေရသည်။

ယခင်နှစ်က ဈေးကောင်းရရှိခဲ့သည့်အတွက် ယခုနှစ်တွင် ငရုတ်တောင်သူတို့က စိုက်ဧကတိုးချဲ့စိုက်ပျိုးခဲ့သည်။ သို့သော်လည်း လက်ရှိအချိန်တွင် ဈေးနှုန်းနှင့် ဝယ်လိုအားမှာ ကျဆင်းလျက်ရှိသည်။

လက်ငင်းရောင်းချသော ဈေးကြီးများသို့ ငရုတ်အသစ်များ ဝင်ရောက်လျက်ရှိပြီး ထုတ်လုပ်မှုက ယခင်နှစ်ကထက် ပိုမိုမည်ဟု ခန့်မှန်းထားသည်။ ၂၀၁၅-၁၆ ခုနှစ် သီးနှံရာသီတွင် အိန္ဒိယနိုင်ငံက ငရုတ်သီးတန်ချိန် ၁၃ ဒသမ ၈၉ သိန်း ထုတ်လုပ်ခဲ့ရာမှ ယခုနှစ်တွင် တန်ချိန် ၁၆ သိန်းထုတ်လုပ်နိုင်မည်ဟု ခန့်မှန်းထားသည်။

## အိန္ဒိယဈေးကွက်အတွင်းသို့ နနွင်းအဝင်များပြီး ဈေးကျ

အိန္ဒိယနိုင်ငံ တောင်ပိုင်းဒေသရှိ ‘အီရုတ်’ (Erode) ဈေးကွက်အတွင်း ဖေဖော်ဝါရီ ၁၄ ရက်က နနွင်း အရောင်းအဝယ်တိုးတက် များပြားလျက်ရှိပြီး ဈေးနှုန်းများက အကျဘက်သို့ ဦးတည်နေကြောင်း ဘိဇနက်လိုင်းသတင်း တွင် ဖော်ပြသည်။

“ဈေးကွက်ထဲကို နနွင်းအဟောင်း အဝင်နည်းသွားပါပြီ။ ဝယ်လက်တွေကလည်း နနွင်းအသစ်တွေကိုသာ ပိုပြီး စိတ်ဝင်စားကြပါတယ်” ဟု ကုန်သည်တစ်ဦးဖြစ်သူ အာကေဗွိရာဗီရှန်ကာက ပြောသည်။

ဈေးကွက်ထဲသို့ နနွင်းသစ်များ ဝင်ရောက်မှု ပိုမိုလာကြောင်း သူကပြောသည်။ ဖေဖော်ဝါရီ ၁၄ ရက်က ဈေးကွက်အတွင်းသို့ နနွင်း အိတ်၃၀၀၀ ဝင်ရောက်ခဲ့သည့် အနက်အိတ် ၆၀၀ မှာ နနွင်းအသစ်များဖြစ်သည်။

အီရုတ်နနွင်းကုန်သည်များအသင်းသို့ ရောက်ရှိလာသော နနွင်းအိတ် ၁၉၄၂ အိတ် အနက် ၉၀၅ အိတ်ကိုသာ ရောင်းချနိုင်ခဲ့သည်။

## ပဲမျိုးစုံ ပြည်ပတင်ပို့မှုတားမြစ်ချက်ကို ဖယ်ရှားပေးရန် အိန္ဒိယကုန်သွယ်မှုအဖွဲ့က တင်ပြ

အိန္ဒိယနိုင်ငံ၏ ဈေးကွက်များတွင် ပဲမျိုးစုံဈေးနှုန်းများမှာ အစိုးရ၏ အနိမ့်ဆုံးထောက်ပံ့ဈေးနှုန်း(Minimum Support Price) အောက်ကျဆင်းနေပြီး ရောင်းလိုအားလည်း မြင့်မားနေသည်ကို တွေ့ရသည်။ သို့ဖြစ်ရာ လက်ရှိကျင့်သုံးနေသော ပဲမျိုးစုံ ပြည်ပတင်ပို့မှုတားမြစ်ချက်ကို ပြန်လည်သုံးသပ်ပြီး ဖယ်ရှားပေးရန် အိန္ဒိယပဲမျိုးစုံနှင့် သီးနှံအသင်း (India Pulses and Grain Association) က အစိုးရထံတင်ပြထားကြောင်းသည် ဟိန္ဒူဘိဇနက်လိုင်း သတင်းတွင် ဖော်ပြသည်။

၂၀၁၆-၁၇ ခုနှစ်က အိန္ဒိယနိုင်ငံတွင် ပူပြင်းခြောက်သွေ့မှု အခြေအနေများ ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း ပဲမျိုးစုံ ပြည်ပတင်ပို့မှုကို ပိတ်ပင်ထားခဲ့သည်။

ပဲစင်းငုံ၏ MSP ဈေးနှုန်းမှာ တစ်တန်ကို ရူပီး ၅၀၅၀၀ နှုန်းဖြစ်သော်လည်း မဒ္ဒရာ ပရာဒေ့ရှ်၊ ကာနာတာကာ နှင့် မဟာရသျှတ္တရာပြည်နယ်တို့တွင် တစ်တန်ကို ရူပီး ၃၅၀၀၀ နှင့် ၄၇၀၀၀ ကြားတွင်သာ ရှိသည်။ ပဲတီစိမ်း၏ MSP ဈေးမှာ တစ်တန် ကို ရူပီး ၅၂၂၅၀ နှုန်းရှိသော်လည်း ပေါက်ဈေးမှာ ရူပီး ၄၅၀၀၀ နှင့် ၅၀၀၀၀ ကြားတွင်သာ ရှိသည်။

ပို့ကုန်တားမြစ်ချက်ကို ဖယ်ရှားပေးခြင်းဖြင့် လယ်သမားများအတွက် ဝင်ငွေပိုမို ရရှိနိုင်မည့် အရင်းအမြစ်များ ပိုမိုရရှိနိုင်မည်ဟု IPGA က ခန့်မှန်းထားသည်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# ၂၀၁၇ ခုနှစ်တွင် အခွင့်အလမ်းများ ပေါ်ထွက်လာလိမ့်မည်ဟု ဗီယက်နမ်စီးပွားရေးလုပ်ငန်းများက ခန့်မှန်း

ဖုန်ဒင်းစကာဗီ ကုမ္ပဏီသည် ဟွေးမြို့တော် ဖုန်ဒင်းစက်မှုဇုန်တွင် ချည်ထည်နှင့် အထည်ချုပ်လုပ်ငန်းကို အထူးပြုဆောင်ရွက်သော စက်မှုစင်တာတစ်ခုကို တည်ဆောက်နေသည်ဟု ကုမ္ပဏီဥက္ကဋ္ဌ ထရန်ဗန်မိုင်က ပြောကြောင်း ဗီယက်နမ်နယူးစ် သတင်းတွင် ဖော်ပြသည်။

ယခုစက်ရုံမှာ ဗီယက်နမ်နိုင်ငံတွင် ပထမဆုံး တည်ဆောက်သော စက်ရုံဖြစ်ပြီး ၂၀၁၅ ခုနှစ် ၂၀၁၆ ခုနှစ်တို့တွင် စမ်းသပ်လည်ပတ်ခဲ့ပြီးဖြစ်သည်။ ဤစက်ရုံကို ယခုနှစ် ဒုတိယသုံးလပတ်တွင် စတင်လည်ပတ်တော့မည်ဖြစ်ကြောင်းနှင့် စက်ရုံကို စမ်းသပ်လည်ပတ်လိုက်ခြင်းအားဖြင့် ပူးတွဲအထောက်အကူပြု လုပ်ငန်းများ၊ ဒီဇိုင်းလုပ်ငန်းစသည့် အထည်ချုပ်လုပ်ငန်းနှင့် ဆက်စပ်နေသော အစိတ်အပိုင်းများလည်း ပါဝင်လာမည် ဖြစ်သည့်အပြင် နောက်ဆုံးတွင် ပြည်ပတင်ပို့မည့် ကုန်ချောများကို ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း မိုင်ကပြောသည်။

ယခုထုတ်လုပ်မှု ကွင်းဆက်ကို ဆောင်ရွက်သည့်အတွက် ပို့ကုန်လုပ်ငန်းများ ပိုမိုတိုးတက်လာခြင်းအားဖြင့် ကမ္ဘာ့ဈေးကွက်တွင် ဗီယက်နမ် အထည်ချုပ်လုပ်ငန်းများ၏ ကုန်အမှတ်တံဆိပ်နှင့် ဂုဏ်သိက္ခာကို ပိုမိုတိုးတက်လာအောင် အထောက်အကူပေးနိုင်ရုံသာမက လက်ရှိဆောင်ရွက်နေသော အတိုင်းအတာထက် ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

ဗီယက်နမ်အထည်ချုပ်လုပ်ငန်းများတွင် အထူးသီးသန့်ပုံစံဒီဇိုင်းများ ရှိသည့်အတွက် နိုင်ငံခြားချည်ထည်ထုတ်လုပ်ရေးလုပ်ငန်းများက ဗီယက်နမ် အထည်ချုပ်လုပ်ငန်းကို စိတ်ဝင်စားလျက်ရှိရာ ယခုကဲ့သို့ ဆောင်ရွက်နိုင်ခြင်းအားဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နိုင်မည်ဖြစ်သည်။

Viet Nam VP9 ကုမ္ပဏီကလည်း အထူးသဖြင့် အင်တာနက်အခြေပြု တယ်လီဗီးရှင်းကင်မရာများကို ထုတ်လုပ်လျက်ရှိရာ နည်းပညာဆိုင်ရာ ထုတ်ကုန်များ ရောင်းချခြင်းအားဖြင့် ကုမ္ပဏီအတွက် ရောင်းရငွေ အမေရိကန်ဒေါ်လာ သန်း ၃၀၀ အထိ ရောက်ရှိမည်ဟု ခန့်မှန်းထားသည်။

ဗီယက်နမ်သည် အန်းဒရွိုက်ကို အသုံးပြုသော အန်းဒရိုက်အပလီကေးရှင်းများစွာကို တပ်ဆင်သော စမတ် ကင်မရာများကို တီထွင်ရာတွင် ကမ္ဘာ၌ ပထမဆုံးနိုင်ငံဖြစ်ကြောင်းနှင့် ထိုသို့အသုံးပြုခြင်းဖြင့် Internet of Things ကို အသုံးပြုနိုင်ခဲ့ကြောင်း သူကပြောသည်။

အန်းဒရွိုက်သုံး စမတ်ဖုန်းများကို ယခုအခါ ကမ္ဘာ့ဈေးကွက်တွင် ဝယ်လိုအားမြင့်တက်လျက်ရှိကြောင်းနှင့် အမေရိကန်ပြည်ထောင်စု၊ ဥရောပနှင့် ဂျပန်တို့ကဲ့သို့သော ဈေးကွက်ကြီးများသို့ တင်ပို့နိုင်တော့မည်ဖြစ်ကြောင်း သူကပြောသည်။

# ၂၀၂၁– ၂၂ ခုနှစ်တွင် အိန္ဒိယလယ်သမားများ၏ ဝင်ငွေနှစ်ဆမြင့်တက်အောင် အစိုးရက စီမံကိန်းချ



အိန္ဒိယနိုင်ငံ အမျိုးသား နမူနာစစ်တမ်းကောက်ယူရေးရုံးဖြစ်သောNational Sample Survey Office (NSSO) သည် လက်ရှိတွင် တောင်သူလယ်သမားများ၏ ဝင်ငွေစစ်တမ်းကို ၁၀ နှစ်တစ်ကြိမ်ကောက်ယူလျက်ရှိရာမှ ငါးနှစ်တစ်ကြိမ် ကောက်ယူသွားရန် အစိုးရက တိုက်တွန်းထားကြောင်း ဘိဇနက်စတန်းဒတ် သတင်းတွင် ဖော်ပြသည်။ အစိုးရသည် လယ်သမားများ၏ ဝင်ငွေကို ၂၀၂၁-၂၂ ခုနှစ်တွင် နှစ်ဆတိုးမြှင့်အောင် ဆောင်ရွက်ပေးသွားရန် ရည်မှန်းထားရာ ယခုအစီအစဉ်က အဆိုပါ ရည်မှန်းချက်ကို တစ်စိတ်တစ်ပိုင်းအဖြစ် အကောင်အထည် ဖော်ခြင်းဖြစ်သည်။

ငွေကြေးဖောင်းပွမှုနှင့် ညှိနှိုင်းတွက်ချက်ထားသော လယ်သမားများ၏ အမှန်တကယ်ဝင်ငွေ (Real Income )ကို တိုးတက်အောင် ဆောင်ရွက်ပေးရန် ရည်မှန်းထားကြောင်း အကြီးတန်းအရာရှိ တစ်ဦးက ပြောသည်။ မတ်လတွင် ကုန်ဆုံးမည့် ၂၀၁၆-၁၇ ဘဏ္ဍာနှစ်ကို အခြေခံနှစ်အဖြစ် သတ်မှတ်ထားသည်။

NSSO သည် ၂၀၁၂-၁၃ ခုနှစ်က တစ်ကြိမ်စစ်တမ်းကောက်ယူခဲ့သည်။ ဤစစ်တမ်းအရ ငွေကြေးဖောင်းပွမှုနှုန်းဖြင့် ညှိနှိုင်းတွက်ချက်ခြင်းမရှိသော တောင်သူလယ်သမားများ၏ အမည်ခံဝင်ငွေ (Norminal Income) သည် ခြောက်နှစ်တစ်ကြိမ် နှစ်ဆမြင့်တက်ခဲ့သည်။ တောင်သူလယ်သမားများ၏ ဝင်ငွေ ၂၀၂၁-၂၂ ခုနှစ်တွင် နှစ်ဆမြင့်တက်စေရန် လယ်ယာစိုက်ပျိုးရေးနှင့် မဟာမိတ်များ၏ ပူးပေါင်းဆောင်ရွက်မှုကို လက်ရှိဖြစ်ထွန်းနေသော နှုန်းထားထက် ပိုမိုလျင်မြန်စွာ ဆောင်ရွက်သွားရန် လိုအပ်သည်။

အစိုးရက လယ်ယာစိုက်ပျိုးရေးဝင်ငွေကို နှစ်ဆမြှင့်တင်ဆောင်ရွက်မည်ဆိုပါက သီးနှံကဏ္ဍအတွက်သာမဟုတ်ဘဲ လယ်သမားများ ပါဝင်ပတ်သက်နေသော စီးပွားရေးကဏ္ဍကြီးတစ်ခုလုံးကို ဆိုလိုကြောင်း အရာရှိက ရှင်းလင်းပြောကြားသည်။

လယ်ယာစိုက်ပျိုးရေးနှင့် မဟာမိတ်လုပ်ရှားမှုနှင့်ဆိုင်သော စုစုပေါင်းပြည်တွင်းထုတ်လုပ်မှု (ဂျီဒီပီ) ကိန်းဂဏန်းအချက်အလက်များကို ကြည့်ခြင်းအားဖြင့် လယ်သမားများ၏ ဝင်ငွေနှင့် ပတ်သက်ပြီး ကောင်းမွန်သော အကြံအစည်တစ်ခုကို ထုတ်ဖော်ပြသပေးနိုင်ရန်နှင့် ဖွံ့ဖြိုးတိုးတက်မှု သို့မဟုတ် ပြောင်းလဲမှုရှိအောင် ဆောင်ရွက်နိုင်မည်ဟု ယူဆထားသည်။

ရည်မှန်းချက်များကို ရရှိအောင် ဆောင်ရွက်နိုင်ရေးအတွက် NSSO က ကော်မတီတစ်ရပ်ကို ဖွဲ့စည်းပြီး လယ်ယာစိုက်ပျိုးရေးဌာနမှ အတွင်းဝန်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည်ဖြစ်သည်။ လယ်သမားများ၏ ဝင်ငွေကိုငါးနှစ်တစ်ကြိမ် နှစ်ဆမြင့်တက်စေရန် ကော်မတီက ဆောင်ရွက်သွားမည်ဖြစ်သည်။

# အာဆီယံနှင့် အက်ဖ်တီအေ စေ့စပ်ညှိနှိုင်းမှုများကို တောင်ကိုရီးယားနိုင်ငံက အရှိန်အဟုန်မြှင့်ဆောင်ရွက်

ကုန်သွယ်မှုတွင် ကိုယ်ကျိုးစီးပွား ကာကွယ်မှုကြောင့် စိုးရိမ်နေချိန်တွင် လွတ်လပ်စွာ ကုန်သွယ်မှု သဘောတူစာချုပ် (အက်ဖ်တီအေ) များ အဆင့်မြှင့်တင်ရေး စေ့စပ်ညှိနှိုင်းမှုများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန် တောင်ကိုရီးယားနှင့် အရှေ့တောင်အာရှနိုင်ငံတို့က သဘောတူညီခဲ့ကြသည်ဟု တောင်ကိုရီးယား ကုန်သွယ်ရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၁၄ ရက်က ပြောကြားကြောင်း ယွန်းဟပ်သတင်းတွင် ဖော်ပြသည်။

တောင်ကိုရီးယားနှင့် အာဆီယံတို့ အက်ဖ်တီအေစေ့စပ်ညှိနှိုင်းမှုများကို ၂၀၀၇ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ထိုအချိန်က ကိုရီးယားအာဆီယံ အက်ဖ်တီအေ အကောင်အထည်ဖော်ရေး ကော်မတီတွင် စင်ကာပူက ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေချိန်ဖြစ်သည်။ ထိုအချိန်မှစ၍ တောင်ကိုရီးယားအစိုးရသည် အာဆီယံ ၁၀ နိုင်ငံနှင့် အက်ဖ်တီအေ ဆွေးနွေးမှုများ တိုးတက်ကောင်းမွန်ရေးအတွက် စေ့စပ်ဆွေးနွေးလျက်ရှိသည်။

အက်ဖ်တီအေ သဘောတူစာချုပ်ကို ချုပ်ဆိုနိုင်သည့်အတွက် တောင်ကိုရီးယားနှင့် အာဆီယံတို့၏ ကုန်သွယ်မှုသည် လွန်ခဲ့သော ဆယ်နှစ်အတွင်း နှစ်ဆနီးပါး မြင့်တက်ခဲ့ပြီး ၂၀၀၆ ခုနှစ်က အမေရိကန်ဒေါ်လာ ၆၂ ဘီလီယံရှိခဲ့ရာမှ ၂၀၁၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၁၉ ဘီလီယံ အထိ ရောက်ရှိခဲ့သည်။

တောင်ကိုရီးယား ကုန်သွယ်ရေးဝန်ကြီး ဂျူးဟွန်ဝှမ်သည် ဖေဖော်ဝါရီ ၁၀ ရက်က စင်ကာပူကုန်သွယ်ရေးဝန်ကြီး လင်ဟောင်ကျန်းနှင့် စင်ကာပူနိုင်ငံတွင်တွေ့ဆုံပြီး စေ့စပ်ညှိနှိုင်းဆွေးနွေးမှုများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဆွေးနွေးခဲ့ကြောင်း ကုန်သွယ်ရေး၊ စက်မှုလုပ်ငန်းနှင့် စွမ်းအင်ဝန်ကြီးဌာနက ပြောသည်။ မေတွင် ဝန်ကြီးအဆင့် ဆွေးနွေးပွဲများကို ထပ်မံကျင်းပရန် ဝန်ကြီးနှစ်ဦးက သဘောတူညီခဲ့ကြသည်။

ဖေဖော်ဝါရီ ၁၃ ရက်က ကျင်းပသော သီးခြားဆွေးနွေးပွဲတွင် တောင်ကိုရီးယားနှင့် ဖိလစ်ပိုင် နိုင်ငံတို့သည် ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership) သဘောတူစာချုပ်ကို အမြန်ဆုံး ချုပ်ဆိုနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် သဘောတူခဲ့ကြသည်။ RCEPသဘောတူစာချုပ်တွင် အာဆီယံ ၁၀ နိုင်ငံနှင့် တောင်ကိုရီးယား၊ တရုတ်၊ ဂျပန်၊ ဩစတြေးလျ၊ နယူးဇီလန်နှင့် အိန္ဒိယနိုင်ငံတို့ ပါဝင်သည်။

RCEP သဘောတူစာချုပ်ကို ၂၀၁၂ ခုနှစ်က စတင် ဆွေးနွေးညှိနှိုင်းခဲ့ခြင်းဖြစ်သည်။

## အာဘေး-ထရမ့် တွေ့ဆုံ ဆွေးနွေးပွဲကို ဂျပန်လူမျိုး ရာခိုင်နှုန်း ၇၀ ကျော် ကျေနပ်



ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့ မကြာသေးမီက တွေ့ဆုံဆွေးနွေးပွဲနှင့် ပတ်သက်၍ ဖေဖော်ဝါရီ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ကျိုဒိုသတင်းဌာနက စစ်တမ်းကောက်ယူခဲ့ရာ ဂျပန်လူမျိုး ၇၀ ဒသမ ၂ ရာခိုင်နှုန်းက ကျေနပ်နှစ်သက်မှု ရှိပြီး ၁ ဒသမ ၅ ရာခိုင်နှုန်းက ကျေနပ်နှစ်သက်မှုမရှိဟု ပြန်ကြားခဲ့ကြောင်း သိရသည်။

ဂျပန်တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပြုလုပ်သောစစ်တမ်းအရ အာဘေး၏ အစိုးရအဖွဲ့ကို ထောက်ခံအားပေးသူမှာ ၆၁ ဒသမ ၇ ရာခိုင်နှုန်းရှိခဲ့ရာ ယခင် ကောက်ယူခဲ့သော စစ်တမ်းနှင့် နှိုင်းယှဉ် ပါက ၂ ဒသမ ၁ ရာခိုင်နှုန်း ပိုမိုမြင့်တက်ခဲ့သည်။ အစိုးရအဖွဲ့ကို ထောက်ခံမှုမပေးသော ရာခိုင်နှုန်းမှာ ၂၇ ဒသမ ၂ ရာခိုင် နှုန်းရှိသည်။

အာဘေးနှင့် ထရမ့်တို့၏ ပထမဆုံး တရားဝင်ဆွေးနွေးပွဲများကိုဝါရှင်တန်နှင့် Palm Beach တို့တွင် ဖေဖော်ဝါရီ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးပွဲများတွင် နှစ်နိုင်ငံ မဟာမိတ်ဖွဲ့စည်းမှု ခိုင်မာရေးနှင့် ကုန်သွယ်ရေး၊ မက်ခရို စီးပွားရေးမူဝါဒ၊ အခြေခံအဆောက်အအုံနှင့် စွမ်းအင်စီမံကိန်းများနှင့်ပတ်သက်၍ အဆင့်မြင့်ဆွေးနွေးပွဲများ ကျင်းပရန် အတည်ပြုပေးခဲ့ကြသည်။

ထိပ်သီး ဆွေးနွေးပွဲမတိုင်မီက ထရမ့်သည် ဂျပန်စီးပွားရေးနှင့် ငွေကြေးမူဝါဒများကို တိုက်ခိုက်ဝေဖန်ခဲ့သော်လည်း ဖေဖော်ဝါရီ ၁၀ ရက်က ဝါရှင်တန်တွင် ကျင်းပသော ထိပ်သီးဆွေးနွေးပွဲတွင် အမေရိကန်နှင့် ကုန်သွယ်ရာတွင် ဂျပန်နိုင်ငံက ကုန်သွယ်မှုပိုငွေပမာဏ အဆမတန် မြင့်မားမှုကို ဝေဖန်ခြင်း၊ ငွေကြေးပြဿနာကို ဝေဖန်ခြင်း ဂျပန်နိုင်ငံ၏ မော်တော်ကားရောင်းဝယ်မှုတို့ကို တိုက်ခိုက် ဝေဖန်ခြင်း မပြုတော့ကြောင်း ဂျပန် အရာရှိများက ပြောသည်။

အမေရိကန်နိုင်ငံ ဒုက္ခသည် အစီအစဉ်နှင့် မူဆလင်အများစု နေထိုင်သော နိုင်ငံခုနစ်နိုင်ငံမှ နိုင်ငံသားများကို ပြည်ဝင်ခွင့် ယာယီပိတ်ပင်မှု အမိန့်များကို ထရမ့်က ဘာကြောင့် ထုတ်ပြန်သည်ကိုနားမလည်ကြောင်း စစ်တမ်းတွင် ပြောကြားသူ ၇၅ ဒသမ ၅ ရာခိုင်နှုန်းရှိပြီး နားလည်ကြောင်း ပြောကြားသူက ၁၆ ဒသမ ၉ ရာခိုင်နှုန်းရှိသည်။

ဘာသာပြန်-စုစည်းတင်ပြသည်



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

အမေရိကန်ပြည်ထောင်စုဗဟိုဘဏ်က နောက်တစ်ကြိမ်အတိုးနှုန်းတိုးမြှင့်ရေးနှင့် ပတ်သက်၍ မရေရာမှုများရှိနေသည့်အတွက် ဖေဖော်ဝါရီ ၁၆ ရက်မှာ အဓိကငွေကြေးများနှင့်ဖလှယ်ရာ၌ ဒေါ်လာတန်ဖိုးကျဆင်းခဲ့သည်။ အမေရိကန်ဗဟိုဘဏ်ကနောက်တစ်ကြိမ်တွင် ကျင်းပမည့် အစည်းအဝေး၌ အတိုးနှုန်းမြှင့်တင်ရေးကိစ္စနှင့်ပတ်သက်၍ ပြတ်ပြတ်သားသားပြောကြားခြင်းမရှိသည့်အတွက် လာမည့်တစ်လအတွင်း အမေရိကန်ဗဟိုဘဏ်အတိုးနှုန်းကို တိုးမြှင့်ပေးလိမ့်မည်မဟုတ်ဟု ရင်းနှီးမြှုပ်နှံသူတို့က လျှော့ချခန့်မှန်းကြသည်။

ဖေဖော်ဝါရီ ၁၅ ရက်က ကွန်ဂရက်ကြားနာစစ်ဆေးမှုတွင် ယယ်လင်က ပြောကြားရာ၌ တိုင်းပြည် စီးပွားရေးကောင်းမွန်လာပြီး အလုပ်အကိုင်ရရှိမှုမြင့်မားကာ ဈေးနှုန်းများ တည်ငြိမ်လာသည့်အတွက် ယခုနှစ်အတွင်းအတိုးနှုန်းကို နှစ်ကြိမ်ကျော် တိုးမြှင့်ပေးမည့် လက္ခဏာကို ပြသခဲ့သည်။

ဖေဖော်ဝါရီ ၁၇ ရက်နေ့တွင်မူ တောင်ကိုရီးယားဝမ်၊ အင်ဒိုနီးရှားရူပြားနှင့်မလေးရှားရင်းဂစ်တို့ တန်ဖိုးအနည်းငယ်ကျဆင်းခဲ့သည်။ ပို့ကုန်မြင့်တက်မှုနှင့် ဒေါ်လာတန်ဖိုးကျဆင်းနေမှုတို့ကြောင့် စင်ကာပူဒေါ်လာမှာမူ တန်ဖိုးမြင့်တက်ခဲ့သည်။

### တရုတ်ယွမ်

တရုတ်ဗဟိုဘဏ်က ယွမ်တန်ဖိုးကို စတုတ္ထမြောက်နေ့အဖြစ် မြှင့်တင်သတ်မှတ်ခဲ့သော်လည်း ဖေဖော်ဝါရီ ၁၇ ရက်တွင် ဈေးကွက်အတွင်း၌ ယွမ်ငွေကြေးတန်ဖိုးကျဆင်းခဲ့သည်။ ရှန်ဟဲတွင်ရောင်းချသော Onshore ယွမ်မှာ နံနက် ၁၀ နာရီမိနစ် ၅၀ က သုည ဒသမ ၁၆ ရာခိုင်နှုန်းမြင့်တက်ပြီး အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၈၆၃၁ ယွမ်နှုန်းရှိခဲ့သည်။ ဟောင်ကောင်တွင် ရောင်းချသော Offshore ယွမ်မှာ သုည ဒသမ ဝ၃ ရာခိုင်နှုန်းကျဆင်းပြီး အမေရိကန်တစ် ဒေါ်လာကို ၆ ဒသမ ၈၅၀၆ ယွမ်နှုန်းရှိခဲ့သည်။ တရုတ်ဗဟိုဘဏ်ကမူ ရည်ညွှန်းဖလှယ်နှုန်းကို သုည ဒသမ ၂၅ ရာခိုင်နှုန်းတိုးမြှင့်ပြီး အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၈၄၅၆ ယွမ်နှုန်း သတ်မှတ်ခဲ့သည်။

### အိန္ဒိယရူပီး

သွင်းကုန်လုပ်ငန်းရှင်များက အမေရိကန် ဒေါ်လာကို ဝယ်ယူမှုကြောင့် ဖေဖော် ဝါရီ ၁၇ ရက် နံနက်ပိုင်းတွင် အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာ၌ ရူပီးတန်ဖိုးက သုည ဒသမ ဝ၈ရူပီးနှုန်းကျဆင်းပြီး တစ်ဒေါ်လာကို ၆၇ ဒသမ ၁၅ ရူပီးနှုန်းရှိခဲ့သည်။ စတော့ဈေးကွက်တွင် ပြည်တွင်းရှယ်ယာ ဈေးနှုန်းများမြင့်တက်မှုနှင့် ပြည်ပဈေးကွက်များတွင် အချို့ငွေကြေးများနှင့် ဖလှယ်ရာတွင် ဒေါ်လာတန်ဖိုးကျဆင်းမှုတို့က ရူပီးတန်ဖိုးကျဆင်းမှုကို သက်သာရာရစေခဲ့ကြောင်း ဝယ်ရောင်းသမားတို့က ပြောသည်။

### ဂျပန်ယန်း

ဖေဖော်ဝါရီ ၁၇ ရက်နံနက်ပိုင်း ဈေးကွက်တွင် ယန်းငွေနှင့်ဖလှယ်ရာ၌ အမေရိကန်ဒေါ်လာ၏တန်ဖိုးမှာ ၁၁၃ ဒသမ ၅ယန်းနှုန်းအောက်တွင်ရှိခဲ့ရာ နယူးယောက်တွင် ယခင်နေ့ကရှိခဲ့သော ငွေကြေးဖလှယ်နှုန်းထက် ဒေါ်လာတန်ဖိုးအနည်းငယ်မြင့်တက်ခဲ့သည်။

အမေရိကန်ဒေါ်လာနှင့်ယန်းငွေဖလှယ်နှုန်းမှာ ဖေဖော်ဝါရီ ၁၆ ရက်ညနေ ၅ နာရီက နယူးယောက်ဈေးကွက်တွင်တစ်ဒေါ်လာကို ၁၁၃ ဒသမ ၂၀ ယန်းနှင့်တိုကျိုဈေးကွက်တွင် ၁၁၃ ဒသမ ၉၄ ယန်းနှုန်းရှိခဲ့ရာမှ နောက်တစ်နေ့ဈေးဖွင့်ချိန်တွင် အမေရိကန်တစ်ဒေါ်လာကို ၁၁၃ ဒသမ ၃၃ ယန်းနှုန်းရှိခဲ့သည်။

ယူရိုငွေကြေးတန်ဖိုးမှာ ဖေဖော်ဝါရီ ၁၆ ရက်ညနေက နယူးယောက် ဈေးကွက်မှာ တစ်ယူရိုကို အမေရိကန်ဒေါ်လာ ၁ ဒသမ ဝ၆၆၇ နှင့် ၁၂၀ ဒသမ ၈၃ ယန်းနှုန်းဖြင့်လည်းကောင်း၊ တိုကျိုဈေးကွက်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ဝ၆၁၁ နှင့် ၁၂၀ ဒသမ ၉၀ ယန်းနှုန်းဖြင့်လည်းကောင်း ရှိခဲ့ရာမှ နောက်တစ်နေ့နံနက်တွင် ၁ ဒသမ ဝ၆၆၉ ဒေါ်လာနှင့် ၁၂၀ ဒသမ ၉၂ ယန်းနှုန်းရှိခဲ့သည်။

### မလေးရှားရင်းဂစ်

ရက်သတ္တပတ်မကုန်ဆုံးမီ ရင်းဂစ်ငွေကြေးဝယ်လိုအားကျဆင်းသည့်အတွက် ဖေဖော်ဝါရီ ၁၇ ရက်က အမေရိကန်ဒေါ်လာနှင့်ဖလှယ်ရာတွင် ရင်းဂစ်တန်ဖိုးအနည်းငယ်ကျဆင်းခဲ့ကြောင်း ဝယ်ရောင်းသမားတစ်ဦးက ပြောသည်။

အမေရိကန်ဒေါ်လာနှင့်ရင်းဂစ်ငွေကြေးဖလှယ်နှုန်းမှာ ဖေဖော်ဝါရီ ၁၆ ရက်က တစ်ဒေါ်လာကို ၄ ဒသမ ၄၅၁၀ ရင်းဂစ်နှုန်းရှိရာမှ နောက်တစ်နေ့နံနက် ၉နာရီတွင် ၄ ဒသမ ၄၅၅၀ ရင်းဂစ်နှုန်းရှိခဲ့သည်။

အခြားထွန်းသစ်စငွေကြေးများနှင့်ဖလှယ်ရာတွင် ရင်းဂစ်ငွေကြေးတန်ဖိုးကျဆင်းခဲ့သည်။

### ကိုရီးယားဝမ်

လာဘ်ပေးလာဘ်ယူမှုအရှုပ်တော်ပုံနှင့်ပတ်သက်၍ ဆမ်ဆောင်းဂရုပ်အုပ်စုခေါင်းဆောင်ကို ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး နောက်ပိုင်း တောင်ကိုရီးယားဝမ် ငွေတန်ဖိုးကျဆင်းခဲ့သည်။ အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာတွင် ဝမ်ငွေကြေးတန်ဖိုးမှာ ဖေဖော်ဝါရီ ၁၆ ရက်က ဖလှယ်နှုန်းအောက် ၄ ဒသမ ၈ ဝမ်နှုန်း ကျဆင်းပြီး တစ်ဒေါ်လာကို ၁၁၄၆ ဒသမ ၃၀ ဝမ် နှုန်းရှိခဲ့သည်။

### ထိုင်းဘတ်

ဖေဖော်ဝါရီ ၁၇ ရက်က အမေရိကန်ဒေါ်လာနှင့်ဖလှယ်ရာတွင် အာရှငွေကြေးအများစု တန်ဖိုးကျဆင်းခဲ့သော်လည်း ရိုက်တာသတင်းဌာနက ပြုစုထားသော စာရင်းများအရ ထိုင်းဘတ်ငွေတန်ဖိုးမှာ နေ့အလိုက်နှိုင်းယှဉ်ပါက အပြောင်းအလဲမရှိဘဲ အမေရိကန်တစ်ဒေါ်လာကို ၃၄ ဒသမ ၉၉ ဘတ်နှုန်းရှိခဲ့သည်။




## နောက်တစ်ကြိမ် အစည်းအဝေးတွင် အမေရိကန်ဗဟိုဘဏ် အတိုးနှုန်းမြှင့်တင်ဖွယ်ရှိ

သမ္မတ ဒေါ်နယ်ထရမ့်၏ အစိုးရအဖွဲ့လက်ထက်တွင် စီးပွားရေးမူဝါဒမရေရာမှုများ အထိုက်အလျောက်ရှိနေသည်ဟု အမေရိကန်ဗဟိုဘဏ် ဥက္ကဋ္ဌ ဂျနက်ယယ်လင်က ပြောကြားလျက်ရှိနေသော်လည်း နောက်တစ်ကြိမ် ကျင်းပမည့် အစည်းအဝေးတစ်ခုခုတွင် ဗဟိုဘဏ်အတိုးနှုန်းကို မြှင့်တင်ပေးနိုင်ဖွယ်ရှိသည်ဟု ယယ်လင်က ဖေဖော်ဝါရီ ၁၄ ရက်တွင် ပြောကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

အတိုးနှုန်းမြှင့်တင်ခြင်းကို ဆောင်ရွက်ရန် ကြန့်ကြာနေမည်ဆိုပါက နောက်ဆုံးတွင် အတိုးနှုန်းကို အလျင်အမြန် တိုးမြှင့်ပေးရမည့် အခြေအနေရှိကြောင်းနှင့် ထိုသို့ ဆောင်ရွက်ရမည်ဆိုပါက စီးပွားရေး ဆုတ်ကပ်နှင့် ကြုံတွေ့ရဖွယ်ရှိကြောင်း ယယ်လင်က ပြောသည်။

ဒီဇင်ဘာက ကျင်းပခဲ့သည့် အစည်းအဝေးတွင် ပြောကြားခဲ့သည့်အတိုင်း ယခုနှစ်အတွင်း ဗဟိုဘဏ်က အတိုးနှုန်းကို သုံးကြိမ်မြှင့်တင်ပေးခြင်းရှိမရှိကိုမူ ပြောကြားခြင်း မရှိပေ။ ယခုနှစ်အတွင်း ပထမအကြိမ် အတိုးနှုန်းမြှင့်တင်မှုကို နောက်တစ်ကြိမ် ကျင်းပမည့် မတ်လအစည်းအဝေး သို့မဟုတ် ဇွန်လ အစည်းအဝေးများအနက် မည်သည့်အစည်းအဝေးတွင် တိုးမြှင့်မည်ဖြစ်ကြောင်း ယယ်လင်က အတိအကျ ပြောကြားခြင်းမရှိခဲ့ပေ။

## တောင်ကိုရီးယားဘဏ်များတွင် ၂၀၁၆ ခုနှစ်အတွင်း ကုမ္ပဏီအပ်နှံငွေမြင့်တက်

တောင်ကိုရီးယားဘဏ်များတွင် ကုမ္ပဏီများ၏ အပ်နှံငွေမှာ နှစ်အလိုက်နှိုင်းယှဉ်ပါက ၂၀၁၆ ခုနှစ်တွင် ၁၀ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ယွန်းဟပ်သတင်းတွင် ဖော်ပြသည်။

တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးကျဆင်းမှုကြောင့် စီးပွားရေးလုပ်ငန်းများက အဓိက ရင်းနှီးမြှုပ်နှံမှုများကို မလုပ်ကြသေးသည့်အတွက် အပ်နှံငွေပမာဏ မြင့်တက်မှုမှာ ခြောက်နှစ်အတွင်း အမြင့်ဆုံးဖြစ်ခဲ့ကြောင်း ဖေဖော်ဝါရီ ၁၃ ရက်က ထုတ်ပြန်သော တောင်ကိုရီးယား ဗဟိုဘဏ်၏ ကြေညာချက်တွင် ဖော်ပြသည်။ ၂၀၁၆ ခုနှစ်တွင် စီးပွားရေးလုပ်ငန်းများ၏ ဘဏ်အပ်နှံငွေမှာ ဝမ် ၃၈၃ ဒသမ ၄ ထရီလီယံ (အမေရိကန်ဒေါ်လာ ၃၃၂ ဒသမ ၄ ဘီလီယံ )ရှိခဲ့သည့်အတွက် ၂၀၁၅ ခုနှစ်အကုန်က ရှိခဲ့သော အပ်နှံငွေနှင့် နှိုင်းယှဉ်ပါက ဝမ် ၃၅ ဒသမ ၄ ထရီလီယံ ပိုမို မြင့်တက်ခဲ့သည်။

၂၀၁၆ ခုနှစ်တွင် မိသားစုများက ဘဏ်များတွင် အပ်နှံငွေမှာ ၃ ဒသမ ၈ ရာခိုင်နှုန်း သို့မဟုတ် ထမ် ၂၁ ဒသမ ၅ ထရီလီယံ ပိုမိုမြင့်တက်ခဲ့သည်။

မကြာသေးမီနှစ်များအတွင်း ဘဏ်များ၌ ကော်ပိုရိတ်စီးပွားရေးလုပ်ငန်းများ၏ အပ်နှံငွေမှာ မိသားစုများ၏ အပ်နှံငွေထက် ပိုမိုခဲ့သည်ကို တွေ့ရသည်။ ဤအခြေအနေကို ကြည့်ခြင်းအားဖြင့် စီးပွားရေး အခြေအနေမရေရာမှုများကြောင့် စီးပွားရေးလုပ်ငန်းများက ဘဏ်များတွင်သာ ငွေကို အပ်နှံထားသည်ကို တွေ့ရမည်ဖြစ်သည်။ ၂၀၁၆ ခုနှစ်တွင် တောင်ကိုရီးယားနိုင်ငံ၏ ဘဏ္ဍာရေး အထောက်အကူပြုလုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံမှုမှာ ၂ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းပြီး ခုနစ်နှစ်အတွင်း အနိမ့်ဆုံး ဖြစ်ခဲ့သည်။

ဉာဏ်တင်-စုစည်းတင်ပြသည်

**Myanmar MOBILE MONEY** *anywhere anytime anyone*

## Myanmar Mobile Money မှ လက်ရှိဝန်ဆောင်မှု

❖ ငွေသွင်းခြင်း၊ ငွေထုတ်ခြင်း၊ တစ်ဦးနှင့်တစ်ဦး ငွေလွှဲခြင်း၊ ဖုန်းပြောခကိုင်တိုင် ဖြည့်သွင်းခြင်း၊ အခြားသူသို့ ဖုန်းပြောခဖြည့်ပေးခြင်း၊ ဈေးဝယ်ခြင်း၊ ဖုန်းခွန်၊ မီးခွန်အစရှိသည့် Bill Paymet များ ပေးချေခြင်း၊ ဝန်ထမ်းလစာပေးချေခြင်း နိုင်ငံဝန်ထမ်း၊ ပင်စင်လစာထည့်သွင်းပေးခြင်း၊ အသေးစားငွေချေးလုပ်ငန်းများအတွက် အထောက်အကူပြုခြင်းတို့ဖြစ်ပါသည်။

## ကိုယ်စားလှယ်ရယူလိုပါက လိုအပ်သောအချက်အလက်များ

❖ Myanmar Mobile Money ၏ Agent Application Form ကို ဖြည့်သွင်းရန်လိုအပ်ပါသည်။

❖ Agent Application Form ထဲတွင်ပါဝင်သော အချက်အလက်များကို ပြည့်စုံစွာဖြည့်စွက်ပြီး Myanmar Mobile Money ရုံးတွင်သာမက အင်းဝဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်၊ ကျေးလက်ဖွံ့ဖြိုးရေးဘဏ်များတွင်လည်း လျှောက်ထားနိုင်ပါသည်။

## ကိုယ်စားလှယ်များအတွက် အကျိုးခံစားခွင့်များ

❖ Myanmar Mobile Money ဝန်ဆောင်မှုလုပ်ငန်းမှ တရားဝင် အသိအမှတ်ပြုထားသော ကိုယ်စားလှယ်များသည် Commissiom ခံစားခွင့်များ ရရှိပါသည်။

❖ ကိုယ်စားလှယ်များအဖြစ် တရားဝင်ရွေးချယ်ပြီးဖြစ်သော လုပ်ငန်းရှင်များအတွက် ဝန်ဆောင်မှုပေးရာတွင် လိုအပ်မည့် အထောက်အပံ့များကို Myanmar Mobile Money မှ ပံ့ပိုးသွားမည်ဖြစ်သည်။

## သုံးစွဲသူ Customer များအနေဖြင့် ရရှိနိုင်သော အကျိုးရလာဒ်များ

❖ Myanmar Mobile Money ၏ ဆောင်ပုဒ်နှင့်အညီ လုံခြုံစိတ်ချရခြင်း၊ အသုံးပြုရရိုးရှင်းလွယ်ကူခြင်း၊ လျင်မြန်ချောမွေ့စွာဖြင့် အသုံးပြုနိုင်ခြင်း၊ နေရာတိုင်း၊ အချိန်တိုင်း၊ လူတိုင်းအသုံးပြုနိုင်ခြင်း။

❖ ငွေစက္ကူအများအပြား ထိန်းသိမ်းရန်မလိုအပ်ခြင်း၊ ငွေအကြွေမလိုတော့ခြင်း။

❖ လုပ်ငန်းပူးပေါင်းဆောင်ရွက်နေသော ဘဏ်များတွင်သာမက နီးစပ်ရာ Agent များထံတွင် ငွေလွှဲခြင်း၊ ငွေသွင်းခြင်း၊ ငွေထုတ်ခြင်းနှင့်ဖုန်းပြောခ ငွေဖြည့်ခြင်းများကို တိုက်ရိုက်ပြုလုပ်နိုင်ခြင်း။

❖ မိမိဖုန်းထဲတွင်ရှိသောငွေဖြင့် ဖုန်းပြောခငွေဖြည့်သွင်းနိုင်ခြင်း၊ ဖုန်းထဲမှ ပိုက်ဆံနှင့် ဈေးဝယ်နိုင်ခြင်း၊ ဘဏ်မရှိသော မိုဘိုင်းလ်ဖုန်းလိုင်းမိသော ကျေးရွာလေးများအထိ ဖုန်းရှိရုံဖြင့် ငွေလွှဲပေးပို့နိုင်ခြင်း၊ ဖုန်းပျောက်ဆုံးသည့်တိုင် ငွေမပျောက်ဆုံးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမှာဖြစ်ပါသည်။

Myanmar Mobile Money ကို အသုံးပြုနိုင်သော Channel(3) ခုရှိပါသည်။ Mobile ဖုန်းကိုအသုံးပြုသူတိုင်း SMS စနစ်ကို အသုံးပြုနိုင်ပါသည်။ USSD စနစ်အား GSM, WCDMA ဖုန်းကိုင်ဆောင်သူများသာ အသုံးပြုနိုင်ပါသည်။ Application စနစ်အား Internet ဖြင့် အသုံးပြုရသောကြောင့် Smart Phone နှင့် Android Phone များတွင်သာ အသုံးပြုနိုင်ပါသည်။

❖ Myanmar Mobile Money ကို ကိုယ်စားလှယ်ရယူထားသော အရေအတွက် (၂၀၀၀) ခန့်နီးပါး ရှိနေပြီး သုံးစွဲသူအရေအတွက် များပြားလာသည်နှင့် ကိုယ်စားလှယ်အရေအတွက်နှင့် ထပ်တိုးဝန်ဆောင်မှုများကိုလည်း တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## Myanmar Mobile Money ၏ ဝန်ဆောင်မှုအားသာချက်များမှာ


❖ ဘဏ်တဲ့သို့ ပိတ်ရက်မရှိ (၂၄/၇) အသုံးပြုနိုင်ခြင်းကြောင့် အချိန်ကုန်သက်သာမည်ဖြစ်သည်။ စိတ်သွားတိုင်းငွေပါ လိုရာရောက်မည်။ ငွေကြေးထိန်းသိမ်းရန်အတွက် လုံခြုံမှုရှိမည်ဖြစ်သည်။ ခရီးစရိတ်သက်သာမည်ဖြစ်သည်။ မည်သည့်နေရာမဆို ဖုန်းလိုင်းမိရုံဖြင့် အသုံးပြုနိုင်ခြင်း၊ မည်သည့်ဖုန်းအမျိုးအစားမဆို အသုံးပြုနိုင်ခြင်း၊ မည်သည့် Hand Set အမျိုးအစားမဆို အသုံးပြုနိုင်ခြင်း၊ ကိုယ်စားလှယ်အဖြစ်ဆောင်ရွက်နေသော ဘဏ်များတွင်သာမက နီးစပ်ရာ Agent များထံတွင် ငွေသွင်းခြင်း၊ ငွေလွှဲခြင်း၊ ငွေထုတ်ခြင်း၊ ဖုန်းပြောခငွေဖြည့်ခြင်းများ ပြုလုပ်နိုင်ပါသည်။ အိမ်/ဆိုင်ဖွင့်ရင်း Agent လုပ်နိုင်သည့်အပြင် မည်သည့်စီးပွားရေးလုပ်ငန်းနှင့်မဆိုတွဲဖက်ဆောင်ရွက်၍ရသည့်အတွက် အပိုဆောင်းဝင်ငွေရရှိမည့် လုပ်ငန်းတစ်ခုဖြစ်ပါသည်။

# DA INTERNATIONAL Co., Ltd.

Office : No.( 105 ), 50 th St (Middle Block), Pazundaung Township, Yangon, Myanmar.


Ph : + 95 95083942

## MAJOR PRODUCT RANGE


U BEAM


H BEAM


WIRE RODS


COLD ROLLED SHEET


HOT ROLLED SHEET


DEFORM BAR


M.S ANGLE


GALVANIZED HOLLOW PIPE







Marketed & Distributed by:
GRACE WIN COMPANY LIMITED

Head Office : No.83, Yae Kyaw Road, Mingalar Taungnyunt T/S, Yangon, Myanmar. Tel: +951-203434, 203082, 297515

Branch Office (1) : No. B-2, Corner of 33rd & 82nd, Chan Aye Thar Zan T/S, Mandalay, Myanmar. Tel: +952-67445, 30730,+959-402627887

Branch Office (2) : No. 8, Yadanar Street, Danyinkone Quarter, Mawlamyine, Myanmar. Tel: +957-24612, +959 964724612

Email : info@gracewinpharma.com
Website : www.gracewinpharma.com
Facebook : www.facebook.com/gracewinpharma

# COMMERCE INTERNATIONAL

## ကမ္ဘာ့ဈေးကွက်သို့ဝင်ရောက်မည့် လုပ်ငန်းသစ် ၁၀၀ ကို ၂၀၂၀ ပြည့်နှစ်အတွင်း ထူထောင်ပေးရန် တောင်ကိုရီးယား ယာယီသမ္မတ ကတိပြု

လုပ်ငန်းသစ်များ ထူထောင်ရန်၊ အလုပ်အကိုင်သစ်များ ဖန်တီးရန်နှင့် စီးပွားရေးပြန်လည်ရှင်သန်လာစေရန် တောင်ကိုရီးယားအစိုးရက ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ၂၀၂၀ ပြည့်နှစ်အတွင်း ကမ္ဘာ့ဈေးကွက်သို့ ဝင်ရောက်နိုင်မည့် ထူထောင်စလုပ်ငန်းသစ် ၁၀၀ ကို ပြုစုပျိုးထောင်ပေးသွားမည်ဟု ယာယီသမ္မတနှင့် ဝန်ကြီးချုပ် ဟွမ်ဂျိုးအမ်းက ကတိပြုခဲ့ကြောင်း ယွန်းဟပ်သတင်းတွင် ဖော်ပြသည်။

ဤရည်မှန်းချက်ကို အောင်မြင်အောင် ဆောင်ရွက်ရန်အတွက် အစိုးရက "မဟာဗျူဟာမြောက် အပြည့်အဝ ပြင်ဆင်ထားပြီးဖြစ်သည့် အကူအညီများ"ကို ပေးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ အကူအညီများတွင် တောင်ကိုရီးယား ထူထောင်စလုပ်ငန်းများအား နိုင်ငံခြားဈေးကွက်များသို့ ဝင်ရောက်နိုင်ရန် သို့မဟုတ် ပြည်ပတွင်လုပ်ငန်းများ သွားရောက်ဆောင်ရွက်နိုင်ရန်အတွက် ဥပဒေရေးရာ အတိုင်ပင်ခံအကူအညီများလည်းပါဝင်သည်။

"လုပ်ငန်းသစ်တွေကို ထူထောင်ပေးပြီးတော့ ကျွန်တော်တို့အစိုးရက စီးပွားရေး ပြန်လည်ရှင်သန်ဖို့နဲ့ အလုပ်အကိုင်သစ်တွေဖန်တီးဖို့ စတင်ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု ထူထောင်စလုပ်ငန်းသစ်များ တိုးမြှင့်ဆောင်ရွက်ရေးကို တာဝန်ယူဆောင်ရွက်မည့် ဝန်ကြီးများနှင့် တွေ့ဆုံသောအစည်းအဝေးတွင် ဟွမ်ကပြောသည်။



ကမ္ဘာပေါ်ရှိ အဓိကကျသည့် ဈေးကွက်များတွင် ဆောင်ရွက်ကြမည့် ထူထောင်စလုပ်ငန်းသစ်များကို အကူအညီပေးရန်အတွက် အစိုးရကအတိုင်ပင်ခံအဖွဲ့များကို ဖွဲ့စည်းပေးသွားမည် ဖြစ်ကြောင်း ယာယီသမ္မတက ပြောသည်။ ထိုအဖွဲ့အစည်းများက ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ရန်၊ စီးပွားရေးလုပ်ငန်းများကို လူသိများလာစေရန်နှင့် ပင်လယ်ရပ်ခြားဒေသတွင် စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရာ၌ လိုအပ်သည့်ဥပဒေရေးရာ အကြံဉာဏ်များကို ပေးသွားရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သူကပြောသည်။

ဉာဏ်တင်-စုစည်းတင်ပြသည်

## အာရှဆန်ဈေးကွက်တွင် ထိုင်းဆန်ဈေးမြင့်ပြီး အိန္ဒိယနှင့် ဗီယက်နမ် ဆန်ဈေးအေး

တရုတ်အစိုးရနှင့် အရောင်းအဝယ်သဘောတူညီမှုရရှိပြီးနောက်ပိုင်း ယခုရက်သတ္တပတ်တွင် ထိုင်းဆန်ဈေးများ မြင့်တက်လာပြီး အိန္ဒိယနှင့် ဗီယက်နမ်တို့၏ ဆန်ဈေးများ ကျဆင်းလျက်ရှိသည်ဟု ဖေဖော်ဝါရီ ၁၆ ရက်က ကုန်သည်များကပြောကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ကမ္ဘာပေါ်တွင် ဆန်ရောင်းချရာ၌ ဒုတိယအကြီးဆုံး ပို့ကုန်နိုင်ငံဖြစ်သော ထိုင်းနိုင်ငံတွင် ငါးမှတ်ဆန်၏ အခြေခံစံထားဈေးမှာ ဗန်ကောက် FOB ဈေးအရ တစ်တန်ကို ယခင်ရက်သတ္တပတ်က အမေရိကန်ဒေါ်လာ ၃၅၅ ရှိရာမှ ယခုအခါ တစ်တန်ကို အမေရိကန်ဒေါ်လာ ၃၅၇ အထိ ရောက်ရှိခဲ့သည်။ ထိုင်းဆန်ဈေးမြင့် တက်ရခြင်းမှာ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့၏ အစိုးရချင်းသဘောတူညီ မှုအရမြင့်တက်ရခြင်းဖြစ်ပြီး လောလောဆယ်တွင်မူ အခြားနိုင်ငံခြား ဝယ်လက်မရှိကြောင်း ဗန်ကောက်မှ ကုန်သည်တစ်ဦးက ပြောသည်။ ထိုင်းဆန် တန်ချိန် ၁၀၀၀၀၀ ကို တရုတ်နိုင်ငံက ဝယ်ယူမည်ဖြစ်ကြောင်း ပြည်တွင်းမီဒီယာများတွင် ဖေဖော်ဝါရီ ၁၂ ရက်က ဖော်ပြသည်။

ဖေဖော်ဝါရီ ၁၄ ရက်အထိရရှိထားသော စာရင်းများအရ ထိုင်းနိုင်ငံက ယခုနှစ်အတွင်း ဆန်တန်ချိန် ၁ ဒသမ ၆ သန်းတင်ပို့နိုင် မည့်အလားအလာရှိရာ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၉ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ ထိပ်တန်းဆန် တင်ပို့နိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံ ငါးမှတ်ပေါင်းဆန်ဈေးမှာ ယခုရက်သတ္တပတ်တွင် အဝယ်ပါးနေသည့်အတွက် တစ်တန်ကို အမေရိကန်ဒေါ်လာ ၃၆၇ နှုန်းထိရောက်ရှိခဲ့သည်။ ထိုင်းဆန်နှင့်အိန္ဒိယဆန်တို့၏ ဈေးကွာဟချက်ကြီးမားသဖြင့် ဝယ်လိုအားကျဆင်းကြောင်း ပို့ကုန်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။ ဗီယက်နမ်နိုင်ငံ၏ ငါးမှတ်ဆန်၏ ဆိုင်ဂုံ FOB ဈေးမှာ ယခင်ရက်သတ္တပတ်က တစ်တန်ကို အမေရိကန်ဒေါ်လာ ၃၅၂ ရှိခဲ့ရာမှ ယခုအခါ အမေရိကန်ဒေါ်လာ ၃၄၅ ဒေါ်လာနှုန်းသို့ ကျဆင်းခဲ့သည်။ ယခုလစောစောပိုင်းနှင့် နောက်လဆန်းတွင် ရိတ်သိမ်းရာသီ ရောက်တော့မည်ဖြစ်သဖြင့် ကုန်သည်တို့က ဈေးအကျကို စောင့်နေကြသည်။


Myanmar MOBILE MONEY
anywhere
anytime
anyone

Cash In

**ငွေသွင်းခြင်း (*Cash In*)**

*Customer* တစ်ဦးသည်တဏ် (သို့) *Agent* ရှိရာတစ်နေရာရာသို့သွားရောက်၍ မိမိ၏ မိုဘိုင်းလ်ဖုန်းအတွင်း၌ ဖုန်းပိုက်ဆံအိတ်အဖြစ်ထည့်သွင်းလိုသောငွေပမာဏကိုအလွယ်တကူဖြည့်သွင်းနိုင်သည်၊

Cash Out

**ငွေထုတ်ခြင်း (*Cash Out*)**

လွှဲပြောင်းရရှိငွေ/ဖုန်းအတွင်း လက်ကျန်ငွေများကို မြန်မာ မိုဘိုင်းလ်မန်းနီးနှင့်ချိတ်ဆက်ထားသော ဘဏ်များတွင်သာမက နီးစပ်ရာ *Myanmar Mobile Money* ကိုယ်စားလှယ် *(Agent)* များထံတွင် အလွယ်တကူထုတ်ယူနိုင်ပါသည်၊

Purchase

**ကုန်ပစ္စည်းဝယ်ယူခြင်း (*Purchase*)**

*Merchant / Market* ဝယ်ယူသည့် ပစ္စည်းတန်ဖိုးအပေါ် အပိုဆောင်းကုန်ကျငွေ ထပ်မံကုန်ကျရန် မလိုဘဲမိုဘိုင်းလ်ဖုန်းဖြင့် အလွယ်တကူ ဝယ်ယူနိုင်ပါသည်၊

P to P Transfer

**ငွေလွှဲပို့ခြင်း (*P to P*)**

ငွေလွှဲပြောင်းလိုသော *Customer* သည် *Myanmar Mobile Money* တွင် မှတ်ပုံတင်ထားသောသူဖြစ်ရန် လိုအပ်ပြီး မိမိလွှဲပြောင်းလိုသည့်ငွေကြေးပမာဏကိုဖြည့်သွင်းပြီးပါက *Myanmar Mobile Money* တွင် မှတ်ပုံတင်ထားသော ဖုန်းသို့ဖြစ်စေ၊ မှတ်ပုံတင်ထားခြင်း မရှိသော ဖုန်းသို့ဖြစ်စေ အချိန်တိုအတွင်း လွယ်ကူစွာ လွှဲပြောင်းပေးနိုင်ပါသည်၊

Top Up

**ဖုန်းပြောစဖြည့်သွင်းခြင်း (*Top Up*)**

ဖုန်းပိုက်ဆံဖြင့် မိုဘိုင်းလ်ဖုန်းပြောစ ငွေဖြည့်ခြင်းကို မိမိဖုန်းသို့ဖြစ်စေ အခြားသူ၏ ဖုန်းသို့ဖြစ်စေ အချိန်မရွေးနေရာမရွေး အလွယ်တကူငွေဖြည့်နိုင်ပါသည်၊

Salary Disbursement

**လစာပေးခြင်း (*Salary Disbursement*)**

တာဝန်ထမ်းဆောင်ဆဲဝန်ထမ်းလစာငွေများ၊ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားလစာငွေများကို ဘဏ်မှ *Myanamar Mobile Money Service* ဖြင့် ယင်းဝန်ထမ်းများ၏ မိုဘိုင်းလ်ဖုန်းသို့ လစဉ်လွှဲပြောင်းပေးခြင်းဖြစ်ပြီး၊ နီးစပ်ရာ ကိုယ်စားလှယ်ထံတွင် ငွေသားထုတ်ယူနိုင်သဖြင့် အချိန်ကုန်ခြင်းနှင့် စရိတ်စရိတ်များကို သက်သာစေပါသည်၊

သုံးစွဲနေစဉ်အတွင်းအခက်အခဲရှိပါကလည်း*Call Center (Hot Line Phone No .1211,1212)*သို့ အချိန်မရွေး ဖုန်းဆက်စုံစမ်းနိုင်ပါသည်၊

အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း--၀၉၄၁၀၀၀၅၃၀၊ ၀၉၄၁၀၀၀၅၃၁၊ ၀၉၄၁၀၀၀၅၃၂ *Website-www.myanmarmobilemoney.com*